
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
# အမှတ်တရ အစီအစဉ်

မမြတ်မြတ်

မမြတ်ရဲ့စာအုပ်တွေက အရမ်းဆွဲဆောင်မှုရှိတယ်။ ဓာတ်အိမ်ဖန်တီးမှုလည်းအရမ်းကောင်းတယ်။ တကယ်ပြောတာနော်။ အရမ်းကြိုက်တဲ့စာအုပ်ကတော့ 'မန္တလေးသားပဲ အခုလို အနယ်နယ်အရပ်ရပ်ကတောင် အားပေးနေတဲ့မမြတ်တစ်ယောက်ဒီ့ထက်မက အောင်မြင်ကျော်ကြားပါစေ ...

ဆုမွန်ကောင်းတောင်းရင်း

အားပေးနေမဲ့

ပိုင်ဖြိုး

ပိုင်ဖြိုး
ကရင်ပြည်နယ်၊ မြဝတီမြို့၊
သဃ်န်းညီနောင်ရွာ
ဗိုလ်ချုပ်အနောက်၊ ရှိင်းကဖီး။


စေတနာစာပေ
၏
အမှတ်တရ အစီအစဉ်


ံလာပါမဆု

နာရီမိနစ်စက္ကန့်နှင့်အမျှ ပျော်ရွှင်မှုများစွာကို မဆုတစ်ယောက် ထာဝရပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်င်ဗျာ။ မဆုရေ ထာဝရသတိရအားပေးလျက်ပါဗျာ။ ၂၀၀၈(၁)လငြိုးကနေစပြီး မဆုရဲ့စာအုပ်တွေနဲ့ ကျွန်တော်အဆက်အသွယ်ဘ်သွားတယ်။ မဆုရဲ့စာအုပ်တွေအမိ ပြန်လိုက်ဖတ်ရတယ်။ မဆုရဲ့ဆက်လက်ထွက်ရှိလာမဲ့စာအုပ်တွေကိုမျှော်လင့်ရင်း ...

တစ်သက်တာထာဝရ

အောင်မြင်ကျော်ကြားမှုတွေပိုင်ဆိုင်နိုင်ပါစေလို့

ဆုတောင်းလျက်

အောင်အောင်

AC Aung Aung
Air 24264
A/C Armament
No.98, Bomber Squadron,
Pathein Air Force.

www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

ချစ်သူ၏နှလုံးသားရပ်ဝန်းတွင်မိုးခေါင်နေသည်

စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၂၉၀၈၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၅၇၇၁၁၀၈

၂၀၀၉ ခုနှစ်၊ ဧပြီလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

BURMESE CLASSIC .com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမြတ်

မမြတ်လို့ပဲ ခေါ်ခွင့်ပြုပါနော်။ ကျွန်တော်ကတော့ ကျောင်းစာလည်းဖတ်ရင်း အပြင်စာအုပ်ကိုလည်း ဖတ်ဖြစ်ပါတယ်။ ကျွန်တော်ကတော့ စာရေးဆရာအကုန်လုံးနီးပါးကို ဖတ်ဖြစ်ပါတယ်။ မမြတ်ရဲ့စာအုပ်တွေကိုကျတော့ ကျွန်တော်မှန်းလို့ကိုမရဘူး။ အဲဒီလိုမျိုး တစ်အုပ်နဲ့တစ်အုပ်ပုံစံမတူအောင် ထုတ်လို့လည်း မမြတ်ရဲ့စာအုပ်တွေကို လူကြိုက်များကြတာထင်တယ်နော်၊ မမြတ်ရေးထားတဲ့စာအုပ်တိုင်းလိုလိုကောင်းပါတယ်။

ညထက်ဝင်းထွန်း
**Second Year (Sic)**
ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ
စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်
ရန်ကုန်

အမှတ်-၃၃၈၃၊
မြေတိုင်းအမှတ်(၆၁)၊
စစ်တောင်းလမ်း၊ ဒဂုံဆိပ်ကမ်း။
တောင်ဒဂုံ။
NRDC ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မရဲ့ထွက်ရှိသမျှစာအုပ်တိုင်းကို အမြဲတမ်းအားပေးနေမဲ့ မရဲ့ပရိသတ်တစ်ယောက်အနေနှင့် စာရေးလိုက်ပါတယ်။ မရဲ့စာအုပ်ထဲမှာ ဇာတ်ကောင်နေရာတွင်ခံစားပြီး ဖတ်နေရတယ်လို့ ကျွန်တော် ထင်မိပါတယ် ... ။ အမြဲတမ်း အောင်မြင်ပါစေလို့ ကျွန်တော်ဆုတောင်းလိုက်ပါတယ်။

မဆုမြတ်ရဲ့
ထာဝရပရိသတ်
သက်ပိုင်

သက်ပိုင်
အမှတ်(၇၅၄)၊ ဆေးရုံကွက်(၄)လမ်း၊
(ခ)ဇော်ဂျီလမ်း၊ ဥတ္တာရပ်ကွက်၊
တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်။

BURMESE CLASSIC .com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

မဆုမြတ်လို့ခေါ်မယ်နော်။ ပထမဆုံးအကြိမ်အဖြစ် မိတ်ဆက်စာရေးဖူးတာမို့ အစီအစဉ်မကျရင် ခွင့်လွှတ်ပါ။ မဆုမြတ်ရဲ့စာအုပ်တွေကိုတော့ လစဉ်တိုင်းမဟုတ်ပေမယ့် တော်တော်များများ ဖတ်ခဲ့ဖြစ်ပါတယ်။ 'တစ်ချက်လောက်ငုံကြည့်မိသွားတာနှင့် တစ်သက်လောက်ခိုင်မြဲသွားစေမည့် ချစ်ခြင်းတွေလည်း ဒီကမ္ဘာမှာ အများကြီးရှိနေနိုင်လေသည်'ဆိုတဲ့စာသားလေးကို ကျွန်တော် အရမ်းသဘောကျမိပါတယ်။ 'နှလုံးသားတစ်ခု အရင်းပြု၍နဲ့ လိမ္မော်ပင်ပျိုလေးရဲ့ကောင်းဘွိုင်'ကိုအနှစ်သက်ဆုံးပါ။ နောင်လည်း အမြဲအားပေးနေမယ်။

ထွန်းလင်းအောင်(ဆင်ခြံ)
C/O မြတ်ရတနာစတိုး
မြင်းခြံလမ်း၊ ဝန်ထမ်းရပ်ကွက်၊
မြစ်သားမြို့၊ မန္တလေး။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
### ၏
## အမှတ်တရအစီအစဉ်

ညီမလေးက မရဲ့ပရိသတ်တစ်ဦးပါ။ မရဲ့စာအရေးအသား တွေကို အရမ်းကြိုက်တယ်။ မရဲ့ဇာတ်လမ်းဇာတ်ကွက်တွေ မဟာအောင်လုပ်နိုင်တယ်နော်။ ဘယ်အချိန်ကကြိုက်သလဲ တော့ ဆိုင်က ဆုမြတ်မွန်မွန်ငှားလို့ပြောတယ်။ အဲဒီမှာ စဖ တော့ အရမ်းကိုကြိုက်သွားတယ်။ စာပေလောကမှာ ငွေကြယ် လေးတစ်ပွင့် ထွန်းလင်းတောက်ပလာတယ်နော်။ မ,ဘဝ ပျော်ရွှင်ချမ်းမြေ့စွာနဲ့ နိုင်ငံ့တာဝန်ထမ်းဆောင်၍ အောင်မြင် ကြားမှုအရှည်တည်တံ့ခိုင်မြဲပါစေ ...

ဆုတောင်းလျက်
မြတ်
မေမြတ်သူ(ခေါ်)မြတ်ဖူး
အမှတ်(၂၂)၊ မေယျာလမ်း
မြို့မ(၇)၊ တာမူးမြို့၊ စစ်ကိုင်း

BURMESE CLASSIC .com

## စေတနာစာပေ
### ၏
## အမှတ်တရအစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

ရင်းနှီးစွာဖြင့် မမဆုလို့ ညီမလေးကိုခေါ်ခွင့်ပြုပါ။ မမဆု စာအုပ်တွေဖတ်ရတာ သုံးအုပ်ပဲရှိပါသေးတယ်။ ဒါပေမဲ့ မမဆု စာအုပ်တွေက အရမ်းဖတ်လို့ကောင်းတယ်။ ညီမလေး တခြား စာအုပ်တွေလည်း ဖတ်ဖူးပါတယ်။ မမဆုစာအုပ်ကို ပိုပြီးတော့ နှစ်သက်ပါတယ်။ စာပေလောကမှာ အမြဲတမ်းအောင်မြင်မှုသရဖူ ကို ဆောင်းနိုင်ပါစေလို့ အမြဲတမ်း ...

ဆုတောင်းနေမယ့်
မမရဲ့
ညီမလေး

ခိုင်ဆုမွန်
ဦးဝင်းမြင့်+ဒေါ်အေးအေးတင့်
အမှတ်(၃)၊ ပျိုင်းကြီးလမ်း၊
ပေါင်းပင်စင်ရပ်ကွက်၊
စလင်မြို့၊ မကွေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

# အမှတ်တရအစီအစဉ်

မဆုလို့ပဲခေါ်ပါရစေ

မမရဲ့စာအုပ်တွေက အရမ်းကောင်းတယ်။ ဆွဲဆောင်မှုလည်း ရှိတယ်။ မမစာအုပ်ကို လသုံးစင်းနှင့်ကခုန်ခြင်းကစဖတ်တယ်။ ကြယ်ကလေးရဲ့နှင်တံနဲ့ မန္တလေးသားကို အရမ်းကြိုက်တယ်။ နာမည်လေးတွေပေးတာလည်း အရမ်းကောင်းတယ်။ မမဒိုသက်မက အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်။

မမရဲ့ထာဝရပရိသတ်
မေဇင်မျိုး

ကိုအောင်ကျော်ဦး+မစန္ဒာ
ကျန်စစ်သားလမ်း၊ ပန်းတနော်မြို့အရှေ့ပိုင်း၊
တစ်ဆင့်
မေဇင်မျိုး

စေတနာစာပေ ၏

အမှတ်တရအစီအစဉ်

မမ

မင်္ဂလာပါနော်

ညီမက မမရဲ့ပရိသတ်တစ်ယောက်ပါ။ ညီမက အသက် (၁၆)နှစ်ရှိပါပြီ။ ဝတ္ထုကိုအခုမှစဖတ်တာပါ။ မမရဲ့ထွက်သမျှစာအုပ်အားလုံးကို မဖတ်ဘူးပေမဲ့ ဖတ်မိတဲ့စာအုပ်တွေကိုတော့ကြိုက်ပါတယ်။ မမကိုခင်ချင်လို့ စာရေးလိုက်ပါတယ်။

ထာဝရပျော်ရွှင်ပါစေ
N.M.Y

မမြင့်ဝင်း (ဒန်အိုးဆိုင်)
ရုံ(ခ)၊ ဆိုင်(၄၀)၊ လှိုင်ရတနာဈေး၊
(၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

စာေပ

စာေတနာစာေပ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်

မဆုမြတ်စာအုပ်တွေက Attraction ရှိတယ်နော်။ လက်က မချနိုင်လောက်အောင်ကို အရမ်းကောင်းတယ်။ ကျောင်းလည်းပြီးပြီဆိုတော့ မဆုမြတ်စာအုပ်တွေကို အေးအေးဆေးဆေးနဲ့ဖတ်လို့ရပြီ။ English လိုညှပ်ရေးတာလေးတွေကိုလည်း သမီးအရမ်းကြိုက်တယ်။ ရိုးသားပြီးဆင်းရဲတဲ့ဇာတ်လမ်းလေးတွေထည့်ရေးပါလား။ မဆုမြတ်ရေးတဲ့စာတွေကတော်တော်ပညာသားပါတယ်နော်။ ဇာတ်ကောင်အမျိုးသမီးရဲ့ နေပုံထိုင်ပုံတွေ ခေတ်ဆန်းဆန်းဝတ်စားတာတွေကိုလည်း သမီးအရမ်းကြိုက်တယ်။ မဆုမြတ်တစ်ယောက် စာပေလောကမှာ ကမ္ဘာကျော်ဆရာမကြီးဖြစ်ပါစေလို့ ဆုတောင်းရင်း ...

စုလွမ်းအိမ်
ဓိးကုန်း

စာေတနာစာေပ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မရဲ့ဝတ္ထုတွေက တစ်အုပ်ပြီးတစ်အုပ် အရမ်းဖတ်လို့ကောင်းတာပဲသိလား။ သမီး 'မ'ရဲ့ပညာကိုလေးစားမိပါတယ်။ အခုထွက်တဲ့အဆင့်မြင့်ရည်းစားစကားဆိုတဲ့စာအုပ်ကို အရမ်းကြိုက်တယ်သိလား။ မမဆုမြတ် စာပေလောကမှာ အောင်မြင်ကျော်ကြားတဲ့ငွေကြယ်ပွင့်လေးဖြစ်ပါစေလို့ အမြဲဆုတောင်းပေးလျက် ...

မရဲ့ထာဝရပရိသတ်
ခင်လပြည့်သူ
ပန်းသခင်စတိုး
မြင်စိုင်းခန်းမအနောက်ဘက်
အ.ထ.က(၁)ကျောင်းတောင်ဘက်
ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

မ

မ့လို့ပဲ တရင်းတနှီးခေါ်ပါရစေနော်။ အောင်က မရဲ့ပင်တိုင်ပရိသတ်တစ်ဦးပါ။ မစာသွားတွေထဲက အင်္ဂလိပ်စာသားလေးတွေက အရမ်းမိတယ်ဗျာ။ ဗဟုသုတလည်း တော့်တော်ရတယ်။ အောင်ကိုလိုဘဝတစ်ဆစ်ချိုး လော်ကသစ်ထဲဝင်ရတော့မယ့် လူငယ်တွေအတွက် 'မ'ရေးတဲ့ပညာပေးစာသားလေးတွေဟာ မီးပြတိုက်တစ်ခုပါပဲ။ ကျေးဇူးပါမ ....

မ့တစ်ယောက် အောင်မြင်မှုတွေဆွတ်ခူးရင်း ဘဝနဲ့ဆန္ဒတစ်ထပ်တည်းကျနိုင်ပါစေ ...

လေးစားလျှက်
ချမ်းမြေ့အောင်
အမှတ်-၁၇/၀၇၃၊ ဈေးလမ်း၊
နာရီစဉ်ရှေ့၊ 'တောင်ငူမြို့'

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

မမဆုမြတ်

မရဲ့စာအုပ်တွေ အရမ်းကောင်းတာပဲ။ ဇာတ်လမ်းဇာတ်အိမ်တွေကို ထိထိမိမိရေးနိုင်တာ စာရေးဆရာမအသစ်လို့တောင် မထင်ရအူးသိလား။ ချစ်သူတို့ရဲ့အခမ်းနားဆုံးအရာနဲ့ မန္တလေးသားစာအုပ်တွေကို အရမ်းသဘောကျတယ်။ ချစ်သူတို့ရဲ့အခမ်းနားဆုံးအရာစာအုပ်ထဲမှာ မိတ္တီလာမြို့ရဲ့အလှအပတွေကို ဖော်ကျူးပေးတဲ့အတွက် မကိုကျေးဇူးတင်တာပဲ။ နောက်လည်း ဒီလိုစာအုပ်လေးတွေရေးပေးပါဦး။ မ့တစ်ယောက် စာပေလောကမှာ ဒီ့ထက်အောင်မြင်တဲ့စာရေးဆရာမဖြစ်ပါစေ။

ထက်မြတ်စိုး
မြင့်သူစာ(ဓာတ်ပုံတိုက်)
အလယ်ဂိတ်
ထီးလှိုင်အနောက်ရွာ
ဝမ်းတွင်းမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမဆုမြတ်

အားပေးမှုတွေနဲ့ မမကို ခင်မင်ချင်လို့ မိတ်ဆက်စာလေး ရေးပို့လိုက်ပါတယ်။ ညီမလေးက ဘယ်စာရေးဆရာကိုမှ မိတ်ဆက်စာမရေးဘူးသေးတော့ အမှားပါရင် ခွင့်လွှတ်ပါ။ မမရဲ့ 'ပန်းတစ်ပွင့်၏မှုပိုင်ရာသီဥတု'ကို အရမ်းကြိုက်တယ်။ မျက်နှာလေးကိုမြင်ကတည်းက အရမ်းခင်ချင်နေတာ။

အေးသန့်ခ၀
စ၃/၁၂/၀၇/First Year
စေတနာဆောင်
ပြည်မြို့၊ ပညာရေးကောလိပ်

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမ

မင်္ဂလာပါ ကျန်းမာပျော်ရွှင်ဖွယ်နေ့သစ်လေးကို ပိုင်ဆိုင်နိုင်ပါစေလို့လည်း ဆုတောင်းပေးလိုက်ပါတယ်။ သမီး မမစာအုပ်တွေအသင့်အတင့်ဖတ်ဖူးပါတယ်။ များများတော့ မဖတ်ဘူး။ သမီးမအားတာလည်းပါတယ်။ ကျောင်းစာကတစ်ဖက်လေ။ အဲဒါကြောင့်မို့လို့ ဖတ်ဖူးသလောက်တော့ သမီးနှစ်သက်တာများတယ်။ မမက ခေတ်အကြိုက်ရေးတတ်တယ်နော်။ မမရဲ့နာမည်အမြဲတည်တံ့ဖို့ကြိုးစားပါမမရယ်။ သမီးမျှော်နေမယ်။ မမ ဒီထက်မက ကျော်ကြားပြီး ပျော်ရွှင်ဖွယ်မိသားစုပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းရင်း ...။

မမရဲ့
လှိုင်းလဲ့လဲ့လှိုင်
အခန်း(၂၄)၊ ပင်မဆောင်၊
ကျောက်ဖြူ၊ ပညာရေးကောလိပ်
ကျောက်ဖြူမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

# အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မမွန်လို့ခေါ်မယ်နော်။ မမွန်ရဲ့စာအုပ်တွေကို မီးအရမ်းကြိုက်ပါတယ်။ မမွန်က အသစ်ဆိုပေမယ့် အရေးအသားက အရမ်းကောင်းတယ်နော်။ မမွန် '17' အုပ် ဖတ်ဖူးတယ်လေ။ အဲဒီထဲကမှ 'မှော်ကဗျာရွှေရုပ်'နှင့် 'လသုံးစင်းနှင့်ကခုန်ခြင်း'ကို အရမ်းကြိုက်တယ်။ မမွန်က စာအရေးအသားကောင်းတာတင်မကဘူး ရုပ်လည်းအရမ်းချောတယ်နော်။ မမွန်စာပေလောကမှာ အမြဲအောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

မမွန်ရဲ့ထာဝရပရိသတ်
မီမီအောင်

မီမီအောင်
နန့်စော်လော်၊ နန်းမားမြို့၊
မိုးညှင်းခရိုင်၊ ကချင်ပြည်နယ်။

စေတနာစာပေ
၏

# အမှတ်တရအစီအစဉ်

မဆု

မဆုရဲ့စာအုပ်တွေ အရမ်းကောင်းကြောင်း အစ်မတစ်ယောက်က ညွှန်းနေတာကြာပြီ။ ခုမှပဲဖတ်ဖြစ်လို့ နောက်တောင်ကျသွားပြီ။ ညီမလေးက တစ်သက်မှာတစ်ခါ တစ်ခါမှာတစ်ယောက်ဆိုတဲ့ခေါင်းစဉ်လေးကို စိတ်ဝင်စားသွားမိပြီး စဖတ်ဖြစ်တာ။ နောက်ဆို မဆုရဲ့ထာဝရပရိသတ်အဖြစ် ရပ်တည်တော့မှာပါ။ မဆုရဲ့ idea တွေက ခေတ်မီဆန်းသစ်ပြီး ဆွဲဆောင်မှုအပြည့်ရှိတယ်။ အချစ်အကြောင်းမဟုတ်ဘဲ ဘဝအသိအမြင်လည်း ရစေတယ်လေ။ ညီမလေးတော့ စွဲနေပြီမဆုရေ ...

ထာဝရ
**Prize Jevel**

ဆုရတနာကျော်
၉၂၊ စည်ပင်လမ်း၊
၂၄-ရပ်ကွက်၊ ဒဂုံတောင်၊
ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

# အမှတ်တရ အစီအစဉ်

မမဆုမြတ်မွန်မွန်

ကျွန်တော် ပထမဦးဆုံး မိတ်ဆက်စာရေးလိုက်ပါတယ်။ မမ၊ မမရဲ့စာအုပ်တွေအားလုံးကို ကြိုက်နှစ်သက်ပါတယ်။ အမြဲလည်း ဖတ်ဖြစ်ပါတယ်။ မမက စာရေးအရမ်းကောင်းတာပဲနော်။ ပရိသတ်တွေဆွဲဆောင်မှုရှိအောင်ပါ။ မမကိုအရမ်းလေးစားပါတယ်။ ဂုဏ်လည်းယူပါတယ်။ နိုင်ငံကမက အောင်မြင်ပါစေလို့ ဆုတောင်းရင်း ...

အမြဲထာဝရအားပေးနေတဲ့
မောင်လေး

မင်းထိုက်စိုး(ခ)ကိုထိုက်
ပျော်ဘွယ်မြို့၊
သရက်တောကျောင်း၊
ရွှေပြည်ရန်အောင်။

## စေတနာစာပေ ၏

# အမှတ်တရ အစီအစဉ်

မဆု

သမီး ခင်မင်ရင်းနှီးစွာဖြင့် ပထမဆုံး မိတ်ဆက်စာရေးပါရစေ။ သမီး မဆုစာအုပ်ကို အရင်ကမဖတ်ဖူးပါဘူး။ ဒါပေမဲ့ မဆုရဲ့စာအုပ်က သမီးတို့ရွာမှာ ရေပန်းအစားဆုံးပဲ။ ဒါနဲ့ သမီးလည်း ဖတ်ဖြစ်သွားတာပေါ့။ မဆုစာအုပ်ကို သမီးအခုမှစဖတ်လို့ နောက်ကျသွားပြီလားလို့၊ ဒါကြောင့် အရင်ကထွက်တဲ့စာအုပ်တွေကို ပြိုင်ဘက်မရှိတစ်ယောက်တည်း ဖတ်နိုင်တာပေါ့။ သမီးကိုလည်း ထာဝရပရိသတ်တစ်ယောက်လို့ အသိအမှတ်ပြုပေးပါလို့ သမီး တောင်းဆိုချင်ပါတယ်။

နေကောင်းပါစေ အားပေးနေမဲ့ ...

မဆုရဲ့ပရိသတ်
မိုးပွင့်ငယ်
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
မြိတ်တပ်မြေစာတိုက်၊
ရွှေပေးကျေးရွာ၊ မြိတ်မြို့၊
တနင်္သာရီတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

သို့

လေးစားရပါသော မဆုမြတ်ရှင့်။ ညီမလေးတို့ကတော့ မဆုမြတ်ရဲ့ပရိသတ်တွေထဲက ပရိသတ်ပါပဲ။ မဆုမြတ်ရဲ့စာအုပ်တွေကိုလည်း မလွတ်တမ်းဖတ်ပါတယ်။ မဆုရဲ့ 'အသက်သွင်းလိပ်ပြာလေးရဲ့ရာဇဝင်'စာအုပ်ကို ပထမဦးဆုံးဖတ်ဖူးတာပါ။ အဲဒီမှာကြိုက်သွားပြီး နောက်ပိုင်းစာအုပ်တွေလည်း ရှာဖတ်၊ ထွက်သမျှလည်း ငှားဖတ်ဖြစ်ပါတယ်။ ကိုယ်ကြိုက်တဲ့စာရေးဆရာနာမည်တွေကိုပဲဖတ်တာ။ မ,က ငယ်ငယ်လေးနဲ့ အောင်မြင်တာတော်တာပဲ။ မ,ကို အပြင်မှာမြင်ဖူးချင်တာပဲ။

မ,ကိုလေးစားတဲ့ပရိသတ်
အိခင်နှင့်စန္ဒာ
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပညာရေးကောလိပ်ရှေ့၊
Album ဓာတ်ပုံဆိုင်

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ပထမဦးစွာ ဇင်လေးက 'မင်္ဂလာပါ'လို့ နှုတ်ခွန်းဆက်ပါတယ်။ ညီမလေးက အစ်မရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ အစ်မရဲ့ ဝတ္ထုတွေကို အမြဲတမ်းကြိုက်နှစ်သက်ပါတယ်။ အထူးသဖြင့် အင်္ဂလိပ်လေးတွေကြားထည့်ပေးတဲ့အတွက် ပိုကြိုက်မိပါတယ်။ အစ်မရဲ့စာပေအရေးအသားက သူ့မတူတဲ့အတွက် ဇင်လေးအတွက်တော့ ပိုပြီးသဘောကျဖတ်မိပါတယ်။ အစ်မက ဝတ္ထုတစ်အုပ်လုံးကို စလယ်အဆုံး မရိုးသွားအောင် ဟာသလေးတွေပေါင်းစပ်ထားတဲ့အတွက် ဇင်လေးတို့လို စာဖတ်ပရိသတ်တွေအတွက် ပညာလည်းရပါတယ်။

အစ်မရဲ့ဘဝတစ်လျှောက်လုံးမှာ ဒီထက်မက အောင်မြင်မှုတွေကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်တောင်းလျက် ...

ဇင်လေး
အမှတ်–၂၅၉(ခ)၊ ၆–လမ်း၊ ၁၅–ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုလို့ပဲခေါ်မယ်နော်။ မဆုစာအုပ်တွေက အရမ်းကောင်းတယ်။ တစ်အုပ်ဖတ်ပြီးရင် နောက်တစ်အုပ် ထပ်ဖတ်ချင်တယ်။ မဆုရဲ့စာအရေးအသားကလည်း အရမ်းကောင်းတယ်။ မဆု အောင်မြင်ကျော်ကြားသည်ထက်ပို၍ ကျော်ကြားနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

မဆုရဲ့ထာဝရပရိသတ်
ဒါဒါ(ခ)မြိုးနန္ဒာဦး
အမှတ်(၁၀)၊ တေဇရပ်ကွက်၊
စည်သူလမ်း၊ ကျုံပျော်မြို့။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမ

မက အရမ်းတော်တာပဲနော်။ လှလည်းလှတယ်။ မသာ ကြယ်လေးတစ်ပွင့်ဖြစ်ရင် အလင်းလက်ဆုံးကြယ်ဖြစ်မှာသေချာတယ်။ ညီမတို့စာအုပ်ဆိုင်က မရဲ့ထွက်ပြီးသမျှဝတ္ထုဆို အကုန်ရှိတယ်။ အရမ်းအငှားသွက်တယ်နော်။ နောက်ပြီး 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ဇာတ်သိမ်းပိုင်းကို အားလုံးက မျှော်လင့်နေကြပြီ။

အမြဲအားပေးမယ့်
စန်းစန်းအေး
ညာဏ်ကျယ်လေးစာပေ
လျှပ်စစ်လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊
ကလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

# အမှတ်တရအစီအစဉ်

မမဆုလို့ပဲခေါ်ပါရစေ

ကျွန်တော်ဟာ မမဆုရဲ့ပရိသတ်တစ်ဦးပါ။ မမလို စာရေးစာတွေးနေတဲ့ ဆရာမတစ်ယောက်ကို ကျွန်တော့်လို ပရိသက်တစ်ဦးက ခင်ချင်ပါတယ်လို့ပြောလိုက်ရင် မမစိတ်မဆိုးလောက်ပါဘူးနော်။ ကျွန်တော့်ရဲ့စိတ်တွေဟာ မမကိုအမြဲခင်ချင်နေတယ်။ နောင်လည်း ဒီ့ထက်မက ကောင်းတဲ့စာအုပ်တွေရေးနိုင်ပြီး အောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

မောင်သန့်ဇင်ထွေး
နေပြည်တော်မြို့မ၊
သပြေကုန်းရပ်ကွက်၊
မစိုးရိမ်တိုက်သစ်။

စေတနာစာပေ
၏

# အမှတ်တရအစီအစဉ်

ဆရာမဆုမြတ်မွန်မွန်

မဆုမြတ်လို့ပဲခေါ်ခွင့်ပြုပါနော်။ မဆုမြတ်ရဲ့စာအုပ်ကို 'လမင်းဝေတ်ကချစ်ခြင်း၏ယဉ်ကျေးမှု'ကနေစပြီး ဖတ်ရပါတယ်။ စာအရေးအသားရော ဇာတ်ကောင်နာမည်တွေကိုလည်း ကြိုက်ပါတယ်။ မဆုမြတ်ရဲ့ဇာတ်လမ်းအဖွင့်ကအစ ဆွဲဆောင်မှုရှိလို့ စာအုပ်ကို လက်ကမချချင်အောင်ဘဲ မဆုမြတ်ဒီ့ထက်မက ကျော်ကြားတဲ့စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းပေးလျက် ...

A1
15/C ကလျာဏီသိမ်လမ်း၊
ဒိုင်ဝန်ကွင်း၊
မော်လမြိုင်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမဆု

ခင်မင်မှုများစွာဖြင့်စာရေးလိုက်တယ်နော်။ မမဆု ဒီလ ထုတ်တဲ့ မန္တလေးသားဆိုတော့ မန္တလေးနောက်ခံတွေဖတ်ရတာ မျက်လုံးထဲမှာမြင်နေတာပဲ။ ဓာတ်လမ်းကလေးက ရိုးရိုးလေးနဲ့ ဖတ်လို့ကောင်းတယ်။ နောက်စာအုပ်တွေကိုလည်း မန္တလေး နောက်ခံနဲ့ရေးပေးပါဦးလို့ တောင်းဆိုပါရစေ။ အခုဖတ်ပြီးပြီးခြင်း မဆုဆီ ကောင်းတဲ့အကြောင်း ချက်ချင်းရေးလိုက်တာ ...

ညီမလေး
ပညာဝတီ

ကိုသိန်းအောင်ကို+မမွန်မွန်ရီ
မြသဇင်ကဖေး၊ အမရပူရဓာတ်ဆီဆိုင်အနီး၊
C/O ပညာဝတီ

စေတနာစာပေ
၏

အမှတ်တရအစီအစဉ်

မဆုမြတ်

ခင်မင်လေးစားစွာနဲ့ စာရေးလိုက်ပါတယ်။ ကျွန်တော်က မဆုမြတ်ရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ မဆုမြတ်ရဲ့ထွက်သမျှ စာအုပ်ကို အမြဲဖတ်ပါတယ်။ မဆုမြတ်ထာဝရ အောင်မြင်ပါစေလို့ ဆုတောင်းလျက် ...

မဆုမြတ်ရဲ့ထာဝရပရိသတ်
အောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

## စေတနာ့စာပေ ၏

## အမှတ်တရအစီအစဉ်

မမဆု

စာအုပ်တိုင်း စကားလုံးလေးတွေက အရမ်းထိမိတယ်။ ဇာတ်ကောင်တွေရဲ့နာမည်လေးတွေကလည်း အရမ်းလှတယ်။ မမဆုဇာတ်လမ်းတိုင်းမှာ ရင်ထဲကို တစ်ခုမဟုတ် တစ်ခုစွဲကျန်ရစ်စေတယ်။ မမရဲ့ထာဝရပရိသတ်အဖြစ် ညီမလေးကို အသိအမှတ်ပြုပေးပါ။ မမဆုရဲ့စာအုပ်တိုင်းမှာ ကဗျာတစ်ပုဒ်ဆီထည့်ပေးပါလို့ တောင်းဆိုချင်ပါတယ်။ မမစာပေလောကထဲကို ငယ်ငယ်ရွယ်ရွယ်နဲ့ ဝင်လာနိုင်တာဂုဏ်ယူမိတယ်။ မမကို ထာဝရအားပေးနေမယ်နော်။ စာပေလောကမှာ အောင်မြင်မှုကို ပန်းပွင့်လေးတွေလို သီကုံးပန်နိုင်စေလို့ ဆုတောင်းလျက် ...

လှဲ့လှဲ့စိုး(ခရေဦးစာပေ)
၃၈–လမ်း၊ အုတ်ဖိုရပ်ကွက်၊
ပေါင်းတည်မြို့။

## စေတနာ့စာပေ ၏

## အမှတ်တရအစီအစဉ်

မမဆုပြတ်မွှန်မွှန်

ညီမမိတ်ဆက်စာ ပထမအကြိမ်ရေးလိုက်ပါတယ်။ အမှားပါရင် ခွင့်လွှတ်ပါနော်။ ညီမက မမရဲ့ပရိသတ်တစ်ဦးပါ။ မမရဲ့စာအုပ်တွေကို အမြဲအားပေးနေပါတယ်။ မမရဲ့စာအုပ်ကိုဖတ်လို့ အရမ်းကောင်းတာပဲ။ နောင်ကို ဒီ့ထက်ကောင်းတဲ့စာသားတွေ ရေးနိုင်ပါစေလို့ ဆုတောင်းပေးနေပါတယ်။ ဒီ့ထက်မက အောင်မြင်ပါစေလို့ ဆုတောင်းနေပါတယ်။

မမရဲ့ထာဝရပရိသတ်
ခင်မာဝင်း
အမှတ်(၃၄၀)၊ လမ်းသွယ်(၄)၊
ကွန်းနောက်ရပ်ကွက်၊
ကျောက်တံခါးမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

# အမှတ်တရအစီအစဉ်

မမွန်

နိုင်ဝင့် မိတ်ဆက်လိုက်ပါတယ်။ ရွှေကျူမြို့လေးကသေးတော့ နူးညံ့ခြင်းပြိုင်ပွဲ၊ ကြယ်ကလေးရဲ့နှင်တံဆိုတဲ့စာအုပ်တွေ ခုထိမဖတ်ခဲ့ရသေးပါဘူး မမရယ်။ အားလုံး(၇)အုပ်ထဲဖတ်ရပါသေးတယ်။ ဖတ်ပြီးသားစာအုပ်အားလုံးကို သမီးအကြိုက်တွေပါတယ်။

ခင်မင်စွာဖြင့်
နိုင်ဝင့်သီဂီထွန်း

နိုင်ဝင့်သီဂီထွန်း
C/O ဒေါ်ကြည်ဝင်း
အမှတ်(၄)၊ ဘောဂဗလရပ်၊
ကချင်မနော့ကွင်းအနီး၊
ရွှေကျူမြို့၊ ကချင်ပြည်နယ်။

စေတနာစာပေ
၏

# အမှတ်တရအစီအစဉ်

မမ

မမက လှသလို စာသားလေးတွေကလည်း အရမ်းမိုက်ပါဘယ်။ မမရဲ့ခံစားချက်တွေက အံ့သြလောက်အောင် ကောင်းနေတော့ ညီမလေး အကြိုက်ဖြစ်ရတာပေ့ါ။ မမရဲ့စာအုပ်တွေထဲမှာ ညီမလေးအကြိုက်ဆုံးစာအုပ်က 'ကြယ်ကလေးရဲ့နှင်တံ'ပါ မမ ဆွက်သမျှ စာအုပ်တွေကိုလည်း မလွတ်တမ်းဖတ်ပါတယ်။ မမရဲ့ စာအရေးအသားတွေ တော်တော်ကြီးကို ကောင်းလာတယ်နော်။ ဆက်ပြီးကြိုးစားပါမမ။ မရဲ့စာအုပ်အနားမှာ ညီမလေးအမြဲတမ်းရှိနေမှာပါ။

ထာဝရထဲကထာဝရ
အမြဲတမ်းအားပေးနေမယ့်
မီးမီး

ခင်ဇင်မွန်(ခ)မီးမီး
ဗလဲတန်းရပ်ကွက်၊ ဝန်းသိုမြို့၊
စစ်ကိုင်းတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မမြတ်ရဲ့ဝတ္ထုတွေကို အားပေးနေတဲ့ ပရိသတ်တစ်ဦးပါ။ မမြတ်ရဲ့စာအုပ်တိုင်းကို ဖတ်ဖြစ်ပါတယ်။ မမြတ်ကို တနိုင်းမြို့ကိုလာလည်ဖို့ဖိတ်ခေါ်ပါတယ်။ တနိုင်းမြို့က ပျော်စရာ(နေ့တက်ရင်)ကောင်းပြီး၊ ရှုခင်းတွေလည်း အရမ်းလှတာ။ မမြတ်ကိုမြင်စေချင်တယ်။ မမြတ် ထာဝရအောင်မြင်မှုသရဖူတစ်သက်လုံး ရယူနိုင်ပါစေ ...

မာမာလွင်(ခေါ်)အငယ်လေး
ကင်ဆာရောဂါရပ်ကွက်၊
ဘောလုံးကွင်းအနောက်ဘက်၊
တနိုင်းမြို့၊ ကချင်ပြည်နယ်။

စေတနာစာပေ
၏

အမှတ်တရအစီအစဉ်

ဘွန်

ရှိသေစွာစာရေးလိုက်ပါတယ်။ ဇော်က မမွန်ရဲ့စာဖတ်ပရိသတ်ပါ။ မမွန်ရဲ့စာအုပ်တွေ အကုန်လုံးဖတ်ပြီးပါပြီ။ လိမ္မော်ပင်ပျိုလေးရဲ့ကောင်းဘွိုင်ထိပေါ့ ... ။ မမွန်ရဲ့စာအုပ်တွေက ဇာတ်ဆောင်အားကောင်းပါတယ်။ လသုံးစင်း၊ အညိုးမြစ်၊ ရင်ခွင်ဆီသို့ အကြိုက်ဆုံးပါ။ မမွန်တစ်ယောက်စာပေလောကမှာ ဆယ်စုနှစ်များစွာတိုင် အောင်မြင်မှုများစွာကိုပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

ဆန်းသစ်အောင်စာပေ
ဈေးအတွင်း၊ သိမ်ဇရပ်၊
C/O
ညီသက်ဇော်၊ ရွှေလွှာဦးရပ်ကွက်၊
သိမ်ဇရပ်၊

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

# အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မဆုမြတ်လို့ပဲ ရင်းနှီးစွာခေါ်မယ်နော်။ မဆုမြတ်ရေးတဲ့ ဝတ္ထုက အရမ်းကိုဖတ်လို့ကောင်းပါတယ်။ မဆုမြတ်ရဲ့ဝတ္ထု အရေးအသားကိုလည်း သဘောကျပါတယ်။ ဇာတ်သိမ်းလည်း ကောင်းပါတယ်။ မဆုမြတ်က ငယ်ငယ်နဲ့သိပ်တော်တာပဲ … ။ မဆုမြတ်ရဲ့ဝတ္ထုကို ထာဝရအားပေးနေတဲ့ပရိသတ်။

သီတာစိုး
အမှတ်(၅၇)၊ စေတနာလမ်း၊
ဗေဿုဇာသီရိ(၃)၊ မြိတ်မြို့။

## စေတနာစာပေ ၏

# အမှတ်တရအစီအစဉ်

မဆုမြတ်

ညီမလေးက မမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။

မမရဲ့စာအုပ်တွေအားလုံးကို ကြိုက်တယ်သိလား။ တစ်ခါ
ဒ မိတ်ဆက်စာမရေးဖူးသေးလို့ အမှားပါရင်ခွင့်လွှတ်ပါနော်။ မမ
ရဲ့စာအုပ်တွေအားလုံးထဲမှာ 'နှုးညံ့ခြင်းပြိုင်ပွဲ' 'အညှို့မြစ်' 'ချစ်
ခြင်းရဲ့ဟန်ဆောင်ခြင်းအတတ်ပညာ'ကို အကြိုက်ဆုံးပဲ။ လိမ္မော်
င်ပျိုလေးရဲ့ ကောင်းဘွိုင်ဆိုတဲ့စာအုပ်ကို ဖတ်လိုက်ရတယ်။
ဆုမြတ်က Idea အရမ်းကောင်းတာပဲ။

မမကို အမြဲတမ်းအားပေးနေမဲ့ ထာဝရပရိသတ်။

ဖင်မာ

ဦးဝင်းမာ + ဒေါ်ရီ
နှံ့အောင်(၂)ရပ်ကွက်၊
ရထားဝန်း၊ စက်ခေါင်းစက်ရုံအနီး
နေပြည်တော်၊ ပျဉ်းမနားမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

# အမှတ်တရအစီအစဉ်

မမဆု

ညီမက မဆုမြတ်ကို ခင်ချင်လို့စာရေးတာပါ။ ညီမက မမဆုရဲ့ မျက်နက်ဝန်းရဲ့မေတ္တာတံချူကစပြီး ထွက်သမျှစာအုပ်အကုန်ဖတ်ပြီးသွားပြီ။ မမဆုရဲ့စာအုပ်တွေကို အရမ်းကြိုက်တယ်။ ဒီ့ထက်မက အောင်မြင်တဲ့သူဖြစ်ပါစေလို့ ဆန္ဒပြုရင်း...

မမရဲ့ညီမလေး(ဟန်နီ)
ပထမနှစ်(သတ္တဗေဒ)
မအူပင်တက္ကသိုလ်။

စေတနာစာပေ
၏

အမှတ်တရအစီအစဉ်

ဗဗွိုန်

သမီးက မကြီးရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ မကြီးရေးတဲ့ဘာအုပ်တွေကို အရမ်းတအားကြိုက်နှစ်သက်တယ်။ သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ၊ ကြွင်းကျန်ရစ်သောသစ္စာ အဲဒီနှစ်အုပ်ကို အကြိုက်ဆုံးပဲ။ မကြီးစာအုပ်တွေထွက်တိုင်း အမြဲအားပေးပါတယ်။

ဆရာကြီး ဦးသိန်းမောင်
ကွင်းကောက်တောင်၊ ဘောလမ်း။
အင်ပူမြို့နယ်၊ ရောဝတီတိုင်း။
C / O
ကြည်သာဖြိုးဝေနဲ့ အိသန္တာခိုင်

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မဆုမြတ်လို့ခေါ်မယ်နော်၊ မဆုမြတ်ရဲ့စာအုပ်က အရမ်းဖတ်လို့ကောင်းတယ်လို့ စာအုပ်ဆိုင်ကအစ်မပြောပြတာနဲ့ ငှားဖတ်မိတယ်၊ အဲဒီမှာ မဆုမြတ်ရဲ့စာအုပ်တွေကို အရမ်းစွဲသွားတော့တာပဲ။ အမြဲတမ်း မဆုမြတ်ရဲ့စာအုပ်ပဲဖတ်ဖြစ်တော့တယ်။ စာအရေးအသားလည်း ကောင်းတယ်။ မဆုမြတ်ရဲ့စာအုပ်တိုင်း ဘာမှဝေဖန်စရာမရှိအောင် အကုန်ကောင်းပါတယ်။ မဆုမြတ် စာပေလောကမှာ ဒီထက်မက အောင်မြင်ပါစေလို့ ဆုတောင်းပေးနေမဲ့ ...

မဆုမြတ်ရဲ့ပရိသတ်တစ်ဦး
အေးမွန်ကျော်
ည/၁၃၆၁၊ အောင်မင်္ဂလာလမ်း၊
ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ(၆)၊
တောင်ကြီးမြို့။

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

လသုံးစင်းနှင့်ကခုန်ခြင်း စာအုပ်က တကယ်ကောင်းပါတယ်။ လက်ကမချချင်အောင်ပါပဲ။ အဲဒါနဲ့ အစ်မရဲ့လစဉ်ထွက်သမျှ စာအုပ်တိုင်းဖတ်ဖြစ်ပါတယ်၊ 'သစ်ရွက်စိမ်းလေးရဲ့ နွေဦးဒဏ္ဍာရီ' စာအုပ်ကိုတော့ မဖတ်ရသေးဘူး။ အားလုံးထဲမှာ 'ချစ်သူတို့၏အခမ်းနားဆုံးအရာ'ကို အကြိုက်ဆုံးပဲ။ English စာလုံးလေးတွေထည့်သုံးတာကိုလည်း အရမ်းသဘောကျတယ်။ အစ်မက စာရေးကောင်းရုံတင်မကဘူး၊ ရုပ်ကလည်းချောတယ်နော်။ အစ်မ ဒီထက်မက အောင်မြင်ကျော်ကြားပါစေလို့ ...

မအိအိစိုး(ခ)စည်သူမိုး
မြို့မ(၁)အောင်စုရပ်ကွက်၊ ပြွန်တန်ဆာမြို့၊
ညောင်လေးပင်မြို့၊ ပဲခူးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
# အမှတ်တရအစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

ဆရာမ စာအုပ်တွေကို အရမ်းကြိုက်ပါတယ်။ (ခဏ)၂ ပြန်ဖတ်လည်းရိုးသွားတယ်မရှိဘူး။ 'မှော်ကဗျာရွှေရုပ်'နဲ့ နူးညံ့ခြင်းပြိုင်ပွဲ အဲဒီနှစ်အုပ်က အကြိုက်ဆုံးပါ။ ကျန်တဲ့စာအုပ် အားလုံးလည်းကောင်းပါတယ်။ ဆရာမစာအုပ်တွေ အကုန်ဖတ်ပြီးပါပြီ။ ပန်းတစ်ပွင့်၏မူပိုင်ရာသီဥတုကိုလည်းအရမ်းကြိုက်ပါတယ်ရှင်။

ထာဝရအားပေးနေပါတယ် ...

မြတ်ပန်းခိုင်

အမှတ်(၄၂)၊ မြေညီအလယ်ခန်း၊

အာသောက၊ တာမွေ။

## စေတနာစာပေ
## ၏
# အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မမရဲ့ ဝတ္ထုထဲမှာ ကျွန်တော် စဖတ်မိတဲ့ ဝတ္ထုက အချစ်ဦးနှင့်လွဲပြီးသည့်နောက်(ဖူးစာ)ကို စဖတ်ရပါတယ်။ အရမ်းကောင်းတယ်။ အခုဆိုရင် ... မရဲ့ဝတ္ထုတွေဖတ်ကောင်းလို့ အဟောင်းတွေကို ပြန်ရှာဖတ်မိတယ်။ အစ်မရဲ့ ဝတ္ထုတိုင်းမှာ ကျွန်တော် သတိထားမိသလောက်က အင်္ဂလိပ်စာအတိုလေးတွေ အမြဲတွေ့ရတယ်။ ကျွန်တော်ဖတ်ခဲ့သမျှ မဆုရဲ့စာအုပ်ကတော့ အမြဲကောင်းတယ်။ ကျွန်တော် အမြဲအားပေးနေမယ်။ ဒီ့ထက်အောင်မြင်ပါစေကွယ် ...

မဆုမြတ်မွန်မွန်ရဲ့ စာဖတ်ပရိသတ်တစ်ဦး

မောင်မင်းကျော်

သက်စမ်းရေ(ဆေးဆိုင်)လီဒိုလမ်း၊

တနိုင်းမြို့၊ ကချင်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမမွန်

ရှိသေလေးမြတ်စွာ မမမွန်လို့ခေါ်လိုက်ပါရစေ ...

မမမွန်ရဲ့စာအုပ်တွေကို အရမ်းကောင်းတယ်ဆိုတဲ့ ပတ်ဝန်းကျင်မှတစ်ဆင့် သိလိုက်ရပြီးတော့ ရက်ပိုင်းအတွင်း သွားပြီး ငှားဖတ်လိုက်တယ်။ ဖတ်ကောင်းလွန်းလို့ဆိုပြီး ကိုယ်ပိုင်စာအုပ် ဝယ်ထားလိုက်တယ်။ ချစ်သူတို့၏အခမ်းနားဆုံးအရာဆိုတဲ့စာအုပ်လေးကိုပါ အရမ်းကောင်းလွန်းတယ်။ မောင်လေး ခုဆို မမမွန်ရဲ့စာအုပ်တွေကို (၁၅) အုပ်မြောက်မှာဖတ်နေဆဲပါ။ မောင်လေးရဲ့အိပ်မပျော်တိုင်းရဲ့ ပျော်ဖြေစေတာ မရဲ့စာအုပ်တွေပါ။

မမမွန်ရဲ့ ထာဝရစာဖိတ်ပရိသတ်
မောင်မောင်(ခ) မောင်နမ်ဝေ

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆု

မဆုရဲ့ဝတ္ထုတွေက အားလုံးကောင်းတယ်။ အနမ်းဆက်ဘိုင်းကို အရမ်းကြိုက်တယ်။ ဓာတ်ကောင်နာမည်လေးတွေကို ကြိုက်တယ်။ မဆု (၁၀)အုပ်မြောက်ထွက်တဲ့ဝတ္ထုက ကျွန်တော်နှစ်သက်မိပြန်ရော ... ။ မဆုတစ်ယောက် စာပေလောကမှာ အထွတ်အထိပ်ရောက်ပါစေလို့ ဆုမွန်ကောင်းတောင်းလျှက် ...

မိုးဝင်း
မိတ္ထီလာရပ်၊ သိမ်ကုန်း၊
ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်း။

www.burmeseclassic.com

## စေတနာစာပေ ၏

# အမှတ်တရအစီအစဉ်

မမွန်

မမွန်ရဲ့ ထာဝရစာဖတ်ပရိသတ်တစ်ဦးပါ။ ထွက်ရှိသမျှ စာအုပ်တိုင်း ဖတ်ဖြစ်ပါတယ်။ မမွန်ရဲ့စာအုပ်ဖတ်ပြီးတိုင်း ရင်ထဲမှာ တစ်ခုခုကျန်နေခဲ့သလိုပဲ။ မမွန်ရဲ့စာအုပ်တွေမှာ ခေါင်းစဉ်လေးတွေကအစ အရမ်းစွဲဆောင်မှုရှိတယ်။ စာသားလေးတွေ ခေတ်မီပြီး ခေတ်လူငယ်အတွက် ဗဟုသုတတွေလည်းရတယ်။ မမွန်က idea အရမ်းတော်တယ်။ သမီးအားကျတယ်။ လစဉ်တိုင်း စာအုပ်အမြဲထွက်ရှိနိုင်ပါစေလို့ ရမ္မာမြေမှ ဆုတောင်းလျက်ပါ မမွန်ရယ် ...

အောင်မြင်မှု သရဖူကို ထာဝရပိုင်ဆိုင်နိုင်ပါစေ ...

ရမ္မာဝတီသူ – နိုင်သူဇင်ဆွေ
No. ၁၂၆၊ အမှတ်(၄)ရပ်ကွက်၊
ကိုယ်ရုံကောင်ဘုရားလမ်း၊ ရမ်းပြဲမြို့၊
ရခိုင်ပြည်နယ်။

စေတနာစာပေ ၏

# အမှတ်တရအစီအစဉ်

မင်္ဂလာပါ မဆုမြတ်

မဆုမြတ်ရဲ့စာအုပ်တိုင်းကို ညီမလေးဖတ်ပြီးပါပြီ။ ဖတ်ချင်းဖတ်ချင်းနဲ့ စာအုပ်ထဲမှာ ဈာန်ကိုမျောသွားတာပဲ။ မဆုမြတ်ရဲ့စာအုပ်ကို လူတိုင်းကြိုက်ကြတယ်။ ဘာလို့လဲဆိုရင် မဆုမြတ်ရဲ့ Idea တွေက အမြဲတမ်းသစ်နေလို့လေ။ မဆုမြတ် ဒီ့ထက်မက အောင်မြင်မှုတွေကို ရရှိပါစေလို့ ဆုတောင်းပေးပါတယ်။

မမရဲ့
ထာဝရ ပရိသတ်
ဝိုင်း

ဝိုင်း
(၆)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊
ပိတောက်မြိုင်အဆောင်၊
ဒဂုံမြို့သစ်မြောက်ပိုင်း။

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ၏

# အမှတ်တရအစီအစဉ်

မဆုမွန်

ညီမ သတိရခြင်းများစွာဖြင့် စာရေးလိုက်ပါတယ်။ မမရဲ့ စာအုပ်တွေကို ညီမက အရမ်းမြတ်နိုးတာ။ မမစာအုပ်တွေဆိုရင် ဆိုင်ကို အရမ်းမှာရတာ။ ကိုယ့်ထက်ဦးတဲ့သူတွေများနေလို့ စာအုပ်တိုင်းမှာပါတဲ့ စာသားတွေက ညီမတို့ ဆယ်ကျော်သက်တွေကို ပညာရစေတယ်နော်။ မမ ကဗျာစာအုပ်လေးတွေလည်း ရေးပါလို့ အကြံပြုချင်တယ်။ မမရဲ့ Idea တွေက အရမ်းသစ်တာပဲနော်။ မမတစ်ယောက် ဒီထက်မက အောင်မြင်ပါစေလို့ ဆန္ဒပြုရင်း ...

ညီမ
မေဖြိုးအိမ်

မေဖြိုးအိမ်
ဦးစိုးမြင့်+ဒေါ်မာတင်
မ/၃၂၄၊ လမ်းမတော်၊ မိုလ်မင်းရောင်ရပ်ကွက်၊
တပ်ကုန်းမြို့၊ နေပြည်တော်။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


www.burmeseclassic.com

www.burmeseclassic.com






# ဆုမြတ်ပွန်ပွန်



## ချစ်သူ၏နှလုံးသားရပ်ဝန်းတွင် မိုးခေါင်နေသည်



စိစဥ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၁။ မျက်နက်ဝန်းရဲ့မေတ္တာတံချူ
၂။ ရင်ခုန်ချစ်ခြင်းနှင့်အတ္တနန်းတော်
၃။ လ,သုံးစင်းနှင့် က,ခုန်ခြင်း
၄။ ကြွင်းကျန်ရစ်သောသစ္စာ
၅။ အနမ်းဆက်တိုင်း
၆။ အသက်သွင်းလိပ်ပြာလေးရဲ့ရာဇဝင်
၇။ နူးညံ့ခြင်းပြိုင်ပွဲ
၈။ မှော်ကဗျာရွှေရုပ်
၉။ အငြိုးမြစ်
၁၀။ အချစ်ဦးနှင့်လွဲပြီးသည့်နောက်(ဖူးတာ)
၁၁။ အချစ်သို့တစ်ချက်ငဲ့ကြည့်စဉ်
၁၂။ သစ်ရွက်စိမ်းလေးရဲ့နွေဦးအတ္တာရီ
၁၃။ ကြယ်ကလေးရဲ့နင်တံ
၁၄။ ရင်ခွင်ဆီသို့လေ့ကားထစ်များ
၁၅။ နှလုံးသားတစ်ခုအရင်းပြု၍
၁၆။ ချစ်ခြင်း၏ဟန်ဆောင်ခြင်းအတတ်ပညာ
၁၇။ ကိုယ်ယောင်ဖျောက်ပွင့်တဲ့ နှင်းဆီတို့ရဲ့သခင်
၁၈။ အကြွင်နာများ ကောင်းကင်ယံသို့ လွှင့်တင်ထားသည်
၁၉။ ချစ်သူတို့၏ အခမ်းအနားဆုံးအရာ
၂၀။ ပန်းတစ်ပွင့်၏မှုပိုင်ရာသီဥတု
၂၁။ လမင်းခေတ်က ချစ်ခြင်း၏ယဉ်ကျေးမှု
၂၂။ လိမ္မော်ပင်ပျိုလေးရဲ့ကောင်းဘွိုင်
၂၃။ မန္တလေးသား
၂၄။ တစ်သက်မှာတစ်ခါ တစ်ခါမှာတစ်ယောက်
၂၅။ အဆင့်မြင့်ရည်းစားစကား
၂၆။ အလွမ်းတိုင်းမရပ်တဲ့ သံယောဇဉ်ရထား
၂၇။ ဖော်ဖော်ဝါရီ(၁၄)



ယခုလဆက်လက်၍



၂၉။ ချစ်သူ၏နှလုံးသားရပ်ဝန်းတွင် မိုးခေါင်းနေသည်

"အချစ်ဆိုတာ"

အချစ်ဆိုတာ
ခဏနိဗ္ဗာန်
လက်တွဲကြာလျှင်
ညှိုးသွေ့ကျော်ရွက်
တစ်သက်နှောင်ရစ်ဖွဲ့
တျွမ်းသည့်စိတ်တွင်။ ။

သူနဲ့နေမည်
မျှော်လင့်စိတ်ကူး
အလွန်ရူးသည်
သို့ပေမဲ့လည်း
သူ စွန့်ပစ်သွား
ထားရစ်ခဲ့သည်
သူ ဖြုတ်သွားခဲ့ဖူးတဲ့
ကိုယ်တို့ရဲ့ တွဲလက်လေးတွေ … …။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ချစ်တယ်လို့
ထင်ခဲ့တာလေ ...။
တကယ်တမ်းကျတော့ ...
ချစ်တယ်လို့ ထင်ရတာ မဟုတ်ဘူး၊
အရမ်း ... အရမ်းကို ...
ချစ်မိသွားပြီလို့ သိလိုက်ရတာပါ၊
ဒါပေမဲ့ ... သူက ...
ကိုယ်ချစ်သလောက် မချစ်ဘူးလို့
သိလိုက်ရတော့ ... ...။

(ချစ်သူ)

မင်းက ... ကိုယ့်ကို
အချစ်ဆုံးလို့ ခေါ်ခဲ့ရင်
ကိုယ်က ... မင်းကို
အချစ်မဆုံးလို့ ခေါ်ချင်တယ်။
ကိုယ့်အချစ်တွေက
မင်းအပေါ်မှာ
ဘယ်တော့မှ ဆုံးသွားမှမဟုတ်တဲ့
မဆုံးတဲ့အချစ်တွေ ဖြစ်နေလို့ပါ။

(မိုးခေါင်)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com








BURMESE CLASSIC .com

"ဟဲ့ ... ချစ်သူ၊ ကား ... ကား"

ချစ်သူသည် လမ်းတစ်ဖက်ကို ဖွတ်ဖြတ်ကူးဖို့ ဟန်ပြင်နေတုန်းမှာပင် အင်ခန့်က လှမ်းသတိပေးသော အသံကြောင့် ခြေလှမ်းတုံ့သွားသော်လည်း အဲဒီကားနှင့် ပွတ်မိမလိုကို ဖြစ်သွားသည်။ ကားက ဘရိတ်ကို ဆောင့်အုပ်ကာ စင်တီယာတိုင်ကို ခွေ့၍ရှောင်လိုက်သော်လည်း ဗွက်ကိုတော့ ရှောင်၍မရတော့ချေ။ ကားဘီးနင်းဖြတ်ရာ ဗွက်အိုင်ထဲမှ ဗွက်တို့က ချစ်သူ့ကို မရှုမလှ စင်သွားစေသည်။

"ဟယ် ... ဒုက္ခပါပဲ"

ဒေါသသံမပါသော ချစ်သူ၏ ညည်းတွားသံကို ကားပေါ်မှလူက မျက်မှောင်ကြုတ်လျက် ဒေါသလွှမ်းနေသော မျက်လုံးတစ်စုံနှင့် ငုံ့ကြည့်ကာ ...

"လမ်းကို ဘယ်လိုကူးလာတာလဲ၊ မဆင်မခြင်နဲ့ကွာ။ တိုက်မိရင် သက်သက်ပြဿနာဖြစ်ဦးမယ်"

တကယ်ဆို ဒီကိစ္စမှာ ကိုယ့်အမှားလည်း ပါသလို သူ့အမှားလည်းပါသည်။ သူကလည်း ကားကိုအရှိန်ပြင်းပြင်းနှင့် မောင်းနှင်လာသောကြောင့် ဒီလို ထိမလို ငြိမလိုတွေ ဖြစ်ကုန်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ ချစ်သူကို ဗွက်တွေပက်ပက်စက်စက် စင်သွားခြင်း ဖြစ်သည်။ သူသာ သာမန်ရှိန်နှုန်းနှင့် မောင်းလာပါက ဒီလိုဖြစ်စရာအကြောင်း သိပ်မရှိပါ။

ချစ်သူသည် ဒေါသရောင်သင့်နေသော လူတစ်ယောက်ကို အံ့သြတကြီး မော့ကြည့်ကာ ဘာမှမပြောနိုင်ခင်မှာပဲ နေရာတကာ နှုတ်သွက် လျှာသွက် အာသွက်ရှိသော ချစ်သူ၏ သူငယ်ချင်းက ချစ်သူ့ကိုယ်စား တရစပ်ဝင်ပြောသည်။

"ဟော့ ... ရှင် ဒီလို တရားလက်လွှတ် မပြောနဲ့၊ ရှင်လည်း ကားကို တရမန်းကြမ်း မောင်းလာတာကိုလည်း ထည့်ပြောဦး ...

သာမန်အရှိန်နဲ့ မောင်းလာရင် ဒီလိုဖြစ်စရာ ဘာအကြောင်းမှမရှိဘူး၊ ခုတော့ ကြည့်ဦး၊ ဗွက်တွေ အားလုံးပေပွကုန်ပြီ ...

ကားပေါ်ကလည်းနေဆေးတယ်၊ ဟိန်းလား ဟောက်လားလည်း လာလုပ်သေးတယ်"

ထိုသူက အင်ခန့်၏စကားကို ဘာမှပြန်မပြောတော့ပဲ စူးစူးဝါးဝါး တစ်ချက်ကြည့်ကာ ကားကို မောင်းထွက်သွားသည်။ အင်ခန့်သည် တက်ကို တစ်ချက်ပြင်းပြင်းခေါက်လျက် ကားနံပါတ်ကို အသေအလဲ လိုက်မှတ်ကာ ...

"တောက် ... အစုတ်ပလုတ်ကား၊ (၂က/----)ဆလွန်း အဖြူအစုတ်စီးလို့သာ တော်တော့တယ်။ ဒီနံပါတ်ကို အရိုးထဲထိ စွဲအောင်မှတ်ထားဦးမှ၊ နောက်တစ်ခါ တွေ့လို့ကတော့ ဆယ်ပြားစေ့နဲ့ခြစ်ပြီး ဘီးကို လေလျှော့ပစ်ခဲ့ဦးမယ်"



"တော်ပါ အင်ခန့်ရယ်၊ ပြောမနေပါနဲ့တော့။ ဒီဗွက်တွေကို ဘယ်လိုဖယ်ရှားရှင်းရမယ် ဆိုတာသာ အကြံပေးစမ်းပါ"

"ရေကြောင့်ဖြစ်သော ရွံ့နွံကို ရေနှင့်သာ ဆေးကြောရ၏တဲ့။ ဒီလိုပဲ စိတ်မှာဖြစ်သော စိတ်၏ကိလေသာ အညစ်အကြေးများကို ..."

"ကဲ ... တော်ပါပြီ၊ တရားအဟောကောင်းလို့ လမ်းလယ်ကောင် ဈာန်နဲ့လည်း ကြွသွားဦးမယ် ...

ဒီနားမှာ ရေက ဘယ်နားက ရမှာလဲ၊ ခက်ကုန်ပြီ"

"မခက်နဲ့ လွယ်လွယ်လေးပဲ။ အဲဒီဗွက်အိုင်ထဲက ဗွက်ရေနဲ့ပဲ ဆေးလိုက်ပေါ့"

အင်ခန့်ရဲ့စကားကြောင့် ချစ်သူက နှာခေါင်းကို အားပါးတရ ရှုံ့မဲ့ပြမိသည်။ ကံကလည်း ဆိုးလိုက်တာ။ ချစ်ရည်းစားနဲ့ လမ်းခွဲပြတ်စဲလာတဲ့နေ့မှာမှ အဆင်မပြေချင်တော့ ဘာတစ်ခုမှ အဆင်မပြေ။ အလုပ်ကိစ္စလည်း အဆင်မချော။ နောက်ဆုံး အပြန်ခရီးမှာတောင် ဗွက်လူးရသည့်အဖြစ်နှင့် ချစ်သူသည် နှာခေါင်းကိုရှုံ့ကာ ပင့်သက်ရှိုက်လိုက်မိသည်။

"ဒီဗွက်ရေနဲ့ ဆေးလို့ကတော့ ပလက်ကင်တွေ ပေါက်မှာပေါ့ဟဲ့"

"ဒါဆိုလည်း ဒီလိုဗွက်ပေကြီးနဲ့ပဲ လာခဲ့လေ။ လောလောဆယ် ပလက်ကင် မပေါက်ပေမယ့် ပါလ်ဆင်နလတီ ညံ့တယ်ဆိုပြီး နင့်ကို ဘယ်ကားသမားကမှ တင်မှာမဟုတ်ဘူး"

"စိတ်ကုန်ပါတယ်ဟာ၊ ကဲ ... မတတ်နိုင်တော့ဘူး၊ ပေါက်လိုကလည်း ပေါက်စေတော့"

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူက အားမတန်၍ မာန်လျှော့လိုက်ရသည့်ပုံစံဖြင့် ဖိနပ်ကို အသာချွတ်ကာ ခြေထောက်ကို လှုပ်ခတ်ပြီးနောက် ရေအိုင်ပေါ်မှာ ရှပ်ပြီးဆေးလိုက်သည်။ ချစ်သူ ရေဆေးနေပုံကို အင်ခန့်က လက်ပိုက်ပြီး စိမ်ပြေနပြေ ပြုံးကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်လျက် ...

"အင်း ... ချစ်သူနဲ့တွေ့တော့မှပဲ မြန်မာစကားပုံကို အနည်းငယ် ပြင်ဆင်ရတော့မယ် ထင်ပါ့။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ မဟုတ်ဘူး ကံဆိုးမသွားရာ ဖွက်လိုက်လို့စင် ...

ဟား ဟား ဟား"

အသံဝါကြီးနှင့် ရယ်မောနေသော အင်ခန့်ကို ချစ်သူက ပြုံးမဲ့မဲ့နှင့် စိုက်ကြည့်မိကာ ...

"ငါ ဒီလိုဖြစ်နေတာတောင် နင် ရယ်နိုင်အားသေးတယ်နော်"

"နင် ဒီလိုဖြစ်လို့ကို ငါ ရယ်တာလေ။ အစက ငါ ရယ်ခဲ့လို့လား၊ နင့်ရည်းစားနဲ့ လုံးဝအတိအလင်း တရားဝင်ပြတ်စဲသွားလို့ကို ငါ ရယ်တာ ...

ဒါ နင့်အတွက် ဝမ်းသာစရာပဲ မဟုတ်ဘူးလား။ နင့်ဘဝကြီး အခုမှ လွတ်မြောက်သွားတာ ...

နို့မို့ဆို အီလည်လည် ဇာတ်မျောထဲမှာ နင် ယက်ကန် ယက်ကန်နဲ့ မျောနေတာ မဟုတ်လား။ လွမ်းတာတွေ ရော နာကြည်းတာတွေရော ရောထွေးပြီး ရှုးမလိုဖြစ်နေတာ၊ ခုတော့ ပီပီပြင်ပြင် လွမ်းခွင့်ရသွားပြီပေါ့"



ချစ်သူက အင်ခန့်ကို နိုင်အောင်မပြောနိုင်တော့ဘူးဟုသော ပုံစံဖြင့် ပခုံးတစ်ချက် တွန့်ပြလိုက်ကာ အနည်းငယ်စင်သွားပြီဖြစ်သော ခြေထောက်ကို ခါဆန့်ပစ်လိုက်သည်။ ဒီလိုပဲ စိတ်ထဲက ဒဏ်ရာဒဏ်ချက်တွေကိုလည်း ဆေးကြောခါဆန့်ပစ်လိုက်လို့ရရင် သိပ်ကောင်းမှာပဲ။ ဒါပေမဲ့ အရာအားလုံးအတွက် အချိန်တစ်ခု လိုအပ်သည်။

ရုပ်ဝတ္ထုပစ္စည်းတွေမှာသာ တည်ဆောက်ဖို့ အချိန်ကာလတစ်ခု ကြာမြင့်သော်လည်း ပျက်စီးဖို့က လွယ်ကူသည်။ အချိန်အများကြီး မလိုပါ။ ဒါပေမဲ့ စိတ်ခံစားမှုနှင့်ဆိုင်သော ကိစ္စတွေမှာတော့ လျှပ်တစ်ပြက်အတွင်းမှာပဲ ကြီးကြီးကျယ်ကျယ် ခံစားသွားနိုင်သလို မေ့ပျောက်ပစ်ဖို့ကြတော့လည်း ထင်သလောက် မလွယ်ချေ။ ဪ ... လွယ်ကိုမလွယ်တာပါ နောင်ခက်ရယ်။ ချစ်သူသည် နောင်ခက်ရဲ့အကြောင်းကို တွေးမိလျှင် ရင်ထဲမှာ နင့်ဟိုက်၍လာသည်။

လူတစ်ယောက်ကို မေ့နိုင်ဖို့ ကြိုးစားတာဟာ အဲဒီလူနဲ့ချစ်ခဲ့တဲ့ အချိန်ထက် ဆယ်ဆလောက် အချိန်ယူရသတဲ့။ ချစ်သူနဲ့ နောင်ခက်ဟာ သုံးနှစ်လောက် ချစ်ခဲ့ကြသူတွေမို့ သူ့ကိုမေ့ဖို့အချိန်ကို ချစ်သူက ဆယ်နှစ်လောက် အချိန်ယူရမည်တဲ့လား။

အိုး ... ဒီအချိန်ကာလကြီးကို ချစ်သူ ဘယ်လိုကျော်ဖြတ်ရမှာပါလိမ့်။ သူ့ကို တစ်ခါ သတိရသွားရင်ကိုပဲ ချစ်သူရဲ့စိတ်မှာ ကျွမ်းရှသွားလေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူ ဘာလုပ်နေတာလဲ၊ သွားမယ်လေ"

အင်ခန့်က ခေါ်သောအခါ ချစ်သူက ဖျတ်ခနဲမော့ကြည့်ခိုက် မိုးလေအေးသည် ဖျတ်ခနဲ တစ်ချက် စိမ့်တိုက်သွားသည်။ ဒီလို လေအေးအေးစိမ့်စိမ့်လေးမှာပဲ ချစ်သူဟာ တစ်စုံတစ်ယောက်ရဲ့မျက်နှာကို စိမ်ပြေနပြေ ငေးကြည့်ခဲ့ဖူးသည်။ သူ့မျက်နှာကို ငေးကြည့်တဲ့အခိုက်မှာ ချစ်သူရဲ့နှုတ်ခမ်းတွေဟာ ကျေနပ်ခြင်းတွေဖြင့် ချိုမြစွာ ပြုံးနေတတ်သည်။ အခုတော့ ဒီမျက်နှာလေးကို ငေးကြည့်နေခွင့်တောင် ...။

"ဟဲ့ ... ချစ်သူ"

"ဗွမ်း"

အင်ခန့်ရဲ့အော်သံနှင့် ကားတစ်စီးက အနားမှာ ခပ်ကြမ်းကြမ်း ဖြတ်မောင်းသွားသံက အချိန်ကိုက်လိုပင်ဖြစ်ကာ ချစ်သူသည် ဒုတိယမ္ဘိ ဗွက်စင်ခြင်းကို ခံလိုက်ရလေသည်။ အတွေးနှင့် ငေးမောနေတာမို့ လုံးဝရှောင်ရှားချိန် မရလိုက်။ ဒီတစ်ခါ ဗွက်စင်တာကတော့ ပိုဆိုးသည်။ ရင်ဘတ်နားအထိပါ တက်စင်တာဖြစ်၍ အပေါ်ပိုင်းတစ်ခုလုံး ဗွက်ရေစက်တွေဖြင့် တော်တော်လုပ်သွားလေသည်။

ချစ်သူက အင်ခန့်ကို ငိုမလိုမျက်နှာထားနှင့် လှည့်ကြည့်လိုက်လျှင် အင်ခန့်က အီလည်လည်ရုပ်ကြီးဖြင့် ပြုံးပြသည်။ ပြီးလျှင် လုပ်နေကျအတိုင်း ပခုံးနှစ်ဖက်ကိုတွန့်ကာ ဘာမှမတတ်နိုင်ဘူးဟူသော ပုံစံဖြင့် ခေါင်းယမ်းပြလျှင် ချစ်သူပါ မနေနိုင်တော့ဘဲ ရယ်မိလေသည်။



ခြော် ... မချိသွားဖြဲဆိုတာမျိုးလား။ အသည်းကွဲ
နေ့မှာတောင် ချစ်သူဆိုသော မိန်းကလေးက အဲဒီလိုရယ်နိုင်
ည် မိန်းကလေးမျိုး ဖြစ်ပါသည်။

❣ ❥ ❣

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှာ သူ့ရင်ဘတ်ပေါ်သို့ လက်ဖဝါးတစ်ဖက် လာတင်လိုက်လျှင် အဲဒီလက်ဖဝါးဟာ အပူရှိန်ကြောင့် ရှံ့ခ… တောင်မြည်ကာ နီရဲကျွမ်းလောင်သွားမည်ဟု ထင်သည်။ အဲဒီ… လောက်ထိကို သူ့ရင်ခွင်တစ်ခုလုံး ပူပြင်းတောက်လောင်လို့ နေ… လေသည်။ လောကမှာ ချစ်သူရည်းစားတွေဟာ ဘယ်လိုပုံစံနဲ့ လမ်းခွဲပြတ်စဲသွားကြတာလဲ။ ချစ်သူတွေချင်း ပြတ်စဲမှုမှာ နည်း… လမ်းများများစားစားတော့ မရှိဘူးဟု ထင်သည်။ အပျင်းပြေထား… သော အပျော်ရည်းစားထားမှုတွေ မပါဝင်ဘဲ တကယ်ကို ချစ်ကြ… သော ချစ်သူရည်းစားတွေရဲ့ ပြတ်စဲမှုမှာ အကြောင်းတရား(၅) မျိုးကြောင့်သာ ဖြစ်နိုင်ပါသည်။

(၁) တစ်ယောက်ယောက်က သစ္စာဖောက်သွားခြင်း။

(၂) မိဘဆွေမျိုးများ၏ အမောင့်ပယောဂကြောင့် ကွဲကွာ ပြတ်စဲသွားရခြင်း။

(၃) မာနပြိုင်လွန်းအားကြီးသောကြောင့် လမ်းခွဲသွားရ ခြင်း။

(၄) တစ်စုံတစ်ယောက်၏ အတ္တကြီးလွန်းမှု၊ တစ်ကိုယ် ကောင်းဆန်လွန်းမှုတို့ကြောင့် သည်းမခံနိုင်တော့၍ ပြတ်စဲလမ်းခွဲသွားရခြင်း။



(၅) တစ်နယ်စီဝေး အခြေအနေမပေး၍ ကံကြမ္မာအရ ဝေးကွာသွားရခြင်း။

စသည့် အကြောင်းတရားငါးမျိုးကြောင့်သာ ဖြစ်နိုင် …သည်။ အဲဒီငါးမျိုးထဲမှာ ကံကြမ္မာကို နောက်ဆုံးက ထည့် …ခြင်းအားဖြင့် ကံကြမ္မာကြောင့် ဝေးကွာရတယ်ဆိုတာကို ချစ်သူတွေ တော်တော်များများက လက်မခံကြသောကြောင့်ဖြစ် …သည်။ ချစ်သူတွေအားလုံးက အချစ်စစ်မှန်ရင် မဝေးဘူးဟူသော …အားကို ယုံကြည်ကြသောကြောင့် ဖြစ်သည်။

ဒါပေမဲ့ အဲဒီအချက် ငါးချက်ထဲတွင် ရင်အနာရဆုံး …မှာ ချစ်သူ၏သစ္စာဖောက်မှုကို ခံရခြင်းပဲ ဖြစ်လေသည်။ …အဖြစ်သည် သစ္စာအဖောက်ခံရတာတောင် ရိုးရိုးအဖောက်ခံရ … မဟုတ်ချေ။ ပိပိရိရိနှင့် လှည့်စားကာ နောက်ကျောကို ဓား …အထိုးခံရသော သစ္စာဖောက်မှုဖြစ်သည်။ သူ့ရဲ့ချစ်ခြင်းတရား …အားလုံးကို စုတ်ပြတ်သတ် ရစရာမရှိအောင် ထိုးနှိက်ချေမွသွားခဲ့ … ဖြစ်လေသည်။

ဒီနေ့ကတော့ သူ့ဘဝတွင် နာကြည်းစရာအကောင်း …နှင့် အခါးသီးဆုံးနေ့တစ်နေ့ပဲ ဖြစ်တော့သည်။ သူ့ရဲ့ချစ်ခြင်း …ရားအားလုံးကိုလည်း မြောင်းထဲ ရောက်သွားအောင် စော်ကား …ကြသော နေ့တစ်နေ့ပဲ ဖြစ်တော့သည်။ သူဟာ အရှုံးတစ်ယောက် … ဆောက်တည်ရာ မဲ့ခဲ့ရသည်။ သူ့ချစ်သူကို တကယ်တမ်း …က်လွှတ်ဆုံးရှုံးရတော့မည်ဟူသော အချိန်တွင် သူ ဘယ်လောက် …န် လှုပ်ချောက်ချားသလဲဆိုလျှင် နောက်ငါးမိနစ်အကြာ၌ သေ… …တော့မည်လူလိုပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မဒီ့ကို သူ အရှုးအမူး အသည်းအသန် ချစ်ခဲ့သော်လည်း အဲဒီကျတော့မှပဲ ဘယ်လောက်ချစ်တယ်ဆိုတာ ပိုသိမြင်နားလည်ခဲ့ရခြင်းဖြစ်သည်။ ချစ်ခဲ့ကြသော ချစ်သက်တမ်းဟာသည်း ငါးနှစ်တည်းဟူသော အတိုင်းအတာမို့ သံယောဇဉ်ထုထည်ကကို မနည်းမနော။ သူတို့နှစ်ယောက်ကြားမှာ အချစ်အပြင်တခြားသမုဒယတွေပါ အများကြီးရှိခဲ့သည်။ သူတို့နှစ်ယောက်ဘယ်လောက်ပြဿနာတွေတက်တက် ဘယ်လောက်ပဲ ရန်တွေဖြစ်ဖြစ် နောက်ဆုံးတော့ ရန်ဖြစ်ပြီးရင် ပြန်ချစ်သည့် System ကိုသာ ကျင့်သုံးခဲ့ကြသည်။

ပတ်ဝန်းကျင် အသိုင်းအဝန်းကလည်း ဒီနှစ်ယောက်ဟာ တစ်နေ့နေ့မှာတော့ လက်တွဲကြမည့် ချစ်သူစုံတွဲတွေအဖြစ်လေးနက်စွာ အသိအမှတ်ပြုပေးခဲ့ကြသည်။ သူကလည်း မဒီ့အပေါ်ကို အတိုင်းထက်အလွန် ယုံကြည်ခဲ့ပါသည်။ မဒီ တစ်ယောက်သူ့အပေါ်မှာ ဘယ်လိုပဲဆိုးဆိုး အနိုင်ကျင့် ဗိုလ်ကျပစေဦး မဒီ့ဆီမှာ သူ့အတွက် ခိုင်မာသည့် ချစ်ခြင်းတစ်ခုရှိသည်ဆိုသော အသိနှင့် အရာရာကို ကျေနပ်နားလည်ခဲ့သည်။ မျက်စိမှိတ်ယုံကြည်ခဲ့သည်။

ဒါပေမဲ့ အဲဒီမှာ သွားတော့တာပဲ ဖြစ်သည်။ သူမဒီ့ကို ယုံကြည်ခဲ့သော ကာလတစ်လျှောက်လုံးမှာ မဒီက သူ့ကိုသစ္စာဖောက်နေခဲ့တာကို သူ မသိခဲ့။ သိခဲ့ရသောအချိန်မှာ အားလုံး နောက်ကျသွားခဲ့ပြီ ဖြစ်သည်။ ဘာမှလုပ်လို့မရတော့။ မဒီသည် သူ့လို အင်ဂျင်နီယာပေါက်စလေးကို ထားပစ်ခဲ့ကာ သူ့ထက် အဆပေါင်းများစွာ ချမ်းသာကြွယ်ဝသော စီးပွားရေးလုပ်



ငန်းရှင်တစ်ယောက်နှင့် လက်ထပ်ဖို့ အားလုံး စီစဉ်ပြီးသွားပြီဖြစ်သည်။

သူဟာ သွေးရှူးတန်းရှူးဖြင့် မဒီ့ကို သွားရောက်ပြောသော်လည်း မဒီက သူ့ဘက်ကို နည်းနည်းမှ ငဲ့မကြည့်တော့ငါးနှစ်လောက် ချစ်လာခဲ့သည့် အချစ်ဦး သံယောဇဉ်တွေမဒီ ဘယ်လိုနှလုံးသားဖြင့် ရက်ရက်စက်စက် ဥပေက္ခာပြုသလဲဆိုတာ သူ ဘယ်လိုမှ လိုက်မမီချေ။ သူရော မဒီရောအပြန်အလှန် အချစ်ဦးသူတွေ ဖြစ်ကြလျက် တစ်ယောက်နှင့်ယောက် လွန်စွာမြတ်နိုးခဲ့ကြသော ချစ်သူတွေ ဖြစ်ခဲ့ကြသည်။

သူက မဒီ့ကို အဆုံးရှုံးမခံချင်သောစိတ်ဖြင့် နောက်ဆုံးနည်းလမ်းကိုသာ ... နောက်ဆက်ကို ထုတ်သုံးခဲ့ပါသည်။

"မဒီ ... မင်းနဲ့ ကိုယ်နဲ့ ချစ်ခဲ့ကြတာ မနေ့တစ်နေ့က ချစ်ခဲ့ကြတာ မဟုတ်ဘူးနော်၊ မင်းနဲ့ ကိုယ်နဲ့ ပတ်သက်ခဲ့ကြတာ အသိုင်းအဝန်းအားလုံး သိတယ်၊ ရင်းနှီးတဲ့လူတိုင်း သိတယ် ...

မင်း ကိုယ့်ကို ဒီလို လွယ်လွယ်နဲ့ ခေါက်ထားခဲ့ဖို့တော့ မစဉ်းစားနဲ့"

"လွယ်လွယ်နဲ့ ခေါက်ထားခဲ့တာ မဟုတ်ပါဘူး မိုးခေါင်။ ဒါပေမဲ့ အိမ်ထောင်ရေး ဆုံးဖြတ်ချက်ဆိုတာ အချစ်နဲ့တွဲပြီး ချသင့်မှ ချရတဲ့ကိစ္စပါ ...

ဘယ်သူမဆို လွတ်လပ်စွာ ဆုံးဖြတ်ခွင့် ရှိတယ်လေ။ မိုးခေါင်နဲ့ ချစ်ခဲ့တိုင်း မိုးခေါင်နဲ့ပဲ လက်ထပ်ရမှာတဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



သူက ပြောထွက်ရက်လွန်းသော မဒီကို နာကြည်းနာနာနဲ့ ကြည့်ကာ ...

"မဒီ ... မင်း ကိုယ့်ကို မချစ်ဘူးလား၊ ပြောစမ်း။ ဘာကြောင့် ကိုယ့်ကို မင်း ဒီလို ရက်စက်သွားရတာလဲ ကိုယ့်မှာ ဘာအပြစ်ရှိလို့လဲ"

သူက မဒီရဲ့မျက်နှာကို အရိပ်အကဲဖမ်းကာ ကြည့်ပြီး မေးလိုက်သော်လည်း မဒီရဲ့မျက်နှာပေါ်တွင် သူ့အတွက် လွမ်းဆွတ်ကြေကွဲ သတိရမှုများကို ရှာမတွေ့ရပါ။ အေးပေါ့လေ ငါးနှစ်လောက် ချစ်လာခဲ့တဲ့ ချစ်သူကိုတောင် ရက်ရက်စက်စက် လက်တွဲဖြုတ်သွားနိုင်သေးတာပဲ။ လွမ်းဆွတ်ကြေကွဲမှုများကို ဘယ်လိုလုပ်ပြီး ရှာတွေ့နိုင်မှာလဲ။

မဒီသည် ခံစားချက်မဲ့သော မျက်လုံးများဖြင့် သူ့ကို အေးစက်စက် တစ်ချက်ကြည့်ကာ ...

"တစ်ယောက်နဲ့ တစ်ယောက် လမ်းခွဲနှုတ်ဆက်ကြတဲ့ ကိစ္စမှာ အပြစ်တွေ ထောက်ပြစရာ အကြောင်းမရှိပါဘူး မိုးခေါင်"

သူက ပညာသားပါပါ ဖြေတတ်လွန်းသော မဒီကို ပြုံးမဲ့မဲ့စိုက်ကြည့်ကာ နာကြည်းခြောက်ကပ်စွာ ရယ်မောမိသည်။ သို့သော် သူ့ရယ်သံဟာ လူသေတစ်ကောင်ရဲ့ ရယ်သံလို အေးစက်ခြောက်ချားပြီးနေသည်။

"ဒါဖြင့်ရင် မင်း ကိုယ့်ကို ထားခဲ့ရတဲ့ အကြောင်းရင်း တစ်ခုလောက်ကိုပဲ ပြောပြခဲ့ပါ မဒီ။ လုပ်ပါ၊ ဒီလောက်တော့ မင်း ကိုယ့်ဘက်ကို ကြည့်ပေးပါဦး"



မဒီက သူ့ထံမှ အကြည့်တို့ကို လွှဲဖယ်ကာ ခေါင်း ...တစ်ချက်ခါယမ်းသည်။ စိတ်ရှုပ်တယ်၊ မပြောဘူးဆိုသော ...သော။ သူက ညစ်ကျယ်ကျယ် တစ်ချက်ပြုံးကာ ...

"မင်းနဲ့ လက်ထပ်မယ့်သူက ကိုယ်နဲ့ မင်းနဲ့အကြောင်းကို မသိဘူးလား မဒီ။ အေးပေါ့လေ ... သိရင်လည်း သိမှာပေါ့။ ဒါပေမဲ့ ကိုယ့်ဆီမှာရှိတဲ့ မင်းပေးထားတဲ့ ဓာတ်ပုံတွေ၊ စာတွေ၊ ပို့စကတ်တွေ၊ ကိုယ်တို့ အတူတူတွဲရိုက်ထားတဲ့ ဓာတ်ပုံတွေ စသဖြင့် ဒါတွေကို မြင်တွေ့ရရင်တော့ စိတ်ကူးပြောင်းသွားမလားပဲ"

မဒီက သူ့ကို စူးစူးရှရှ တစ်ချက်ကြည့်ကာ ...

"ချစ်သူတစ်ယောက် ရှိခဲ့တဲ့ ဘယ်လူတိုင်းမှာမဆို အဲဒီပစ္စည်းမျိုးတွေက အနည်းနဲ့အများ ရှိနေနိုင်တာပဲ မိုးခေါင်။ ဒါဟာ သိပ်ဆန်းတဲ့ကိစ္စ မဟုတ်ပါဘူး ...

ဒါပေမဲ့ အဲဒီပစ္စည်းတွေက မိုးခေါင်အတွက် အသုံးမဝင်တော့တဲ့ ပစ္စည်းတွေပါ။ တို့ကို ပြန်ပေးပါ"

သူက နာကြည်းစွာ ပြုံးလိုက်ကာ ...

"မပေးနိုင်ဘူး မဒီ။ အဲဒီအတွက် ကိုယ် စိတ်မကောင်းပါဘူး"

မဒီက သူ့ကို ခပ်နက်နက် စိုက်ကြည့်ပြီးနောက် ...ထပ်မပြောတော့ချေ။ သူ့ကို အဲဒီကိစ္စအတွက် ထပ်လည် ...ဆက်သွယ်တော့ပါ။ အဲဒီလိုနှင့် တစ်ပတ်လောက်ကြာသောအ... သူ့ကို ဆက်သွယ်လာသူက သူ လုံးဝမျှော်လင့်မထားသော ...ခင်ပွန်းလောင်း ဖြစ်လို့နေသည်။ သူ ဆက်သွယ်...သည်

www.burmeseclassic.com



အကြောင်းရင်းက သူနှင့်မဒီတို့၏ ချစ်သက်သေ ဓာတ်ပုံမှ
စာများကို ကြည့်ချင်ပါ၍ ဟူသတတ်။

သူလို ငမိုက်သားမှာ မဒီရဲ့စိတ်တစ်ခုကလွဲ၍ တ
ဘာကိုမှ မတွေးတောနိုင်ခဲ့ပါ။ ချစ်သူကိုများ ပြန်ပိုင်ရလေမလ
ဟူသော နောက်ဆုံးမျှော်လင့်ချက်ဖြင့် အဲဒီလူကို သူ့တို့ရဲ့ချစ်သ
သေများအား သွားပြခဲ့သည်။ ထိုလူက လက်ထဲရောက်လာသေ
ထိုပစ္စည်းများကို တစ်ခုချင်း စေ့စေ့စပ်စပ် ကြည့်ရှုပြီးနော
အားလုံးကို သိမ်းဆည်းလိုက်ကာ သူ့ကို အားပါးရတရ ပြုံးပြ
လျှင် သူပင် ကြောင်တောင်တောင် ဖြစ်သွားရလေသည်။

"ကျေးဇူးအများကြီး တင်ပါတယ် ညီလေး၊ ဒီပုံတွေနဲ့ပ
သက်ပြီး မဒီက အရမ်းကို စိတ်အနှောင့်အယှက် ဖြစ်
တာကွ ...

ကိုယ့်အတွက်ကတော့ ပြဿနာမရှိပါဘူး။ ဒါပေ
သူက မိန်းကလေးဆိုတော့ စိုးရိမ်တာ သဘာဝကျ
တယ် ...

ကိုယ်ကလည်း သူ စိတ်ညစ်နေတာကို မကြည့်ရ
တော့ သူ့ကို ကူညီလိုက်တဲ့သဘောပါ။ ဘယ်လိုမှတေ
မအောက်မေ့ပါနဲ့ကွာ ...

ညီလေးကို တကယ် ကျေးဇူးတင်ပါတယ်၊ ကို
တို့ မင်္ဂလာပွဲကိုလည်း တတ်နိုင်ရင် ကြွရောက်ချီးမြှင့်ပေ
စေချင်ပါတယ်"

သွားသေလိုက်၊ သွားသေဖို့ပဲ ကောင်းတော့တဲ့ ခ
ညံ့ညံ့ကောင်တွေထဲမှာ သူက ထိပ်ဆုံးက ပါ,ပါသည်။ ထိုနေ့က



အဲဒီလူ့ရှေ့မှ သူ ဘယ်လိုမျက်နှာနှင့် ထပြန်ခဲ့မှန်းကို မသိတော့
ပါ၊ သေချာတာတော့ သူ့ရင်ခွင်တစ်ခုလုံး စုတ်ပြတ်မွကြေနေ
ခဲ့ပါသည်။ ဘဝတစ်ခုလုံးနှင့်ရင်းပြီး ချစ်ခဲ့ရသည့် ချစ်သူတစ်
ယောက်ထံမှ နောက်ဆုံး သူ ပြန်ရလိုက်သည့်အရာဟာ ဒီလို
ဆက်ဆံမှုမျိုးပဲလား။ သူ ဘယ်လိုမှ မခံစားနိုင်ခဲ့ပါ။

မဒီ ကျွေးသွားသော အကွက်တွေက တကယ်ပဲ
ကျပါသည်။ ဆရာအဆင့်ဖြစ်ကာ သူ့ကို ပါးပါးလေးပဲ ကျော်
ဖြတ်သွားတာဖြစ်သည်။ သူမကိုယ်တိုင်တောင်း၍ မဖြစ်နိုင်သော
အခါ တစ်ဖက်လှည့်နှင့် တောင်းခိုင်းလိုက်သော အကွက်လေးမှာ
တကယ်ပဲ သင်းပါသည်။ သူကတော့ ဒီပွဲမှာ ငပေါကြီးလုံးလုံး
ဖြစ်သွားသည်။ နောက်ဆုံးမျှော်လင့်ချက် ကောက်ရိုးမျှင်လေးကို
သွေးရူးတန်းရူး လိုက်ဖမ်းနေသော အရူးတစ်ယောက်လို ငပေါ
တစ်ယောက်လို ဖြစ်သွားသည်။ သူ့ကိုယ်သူလည်း တော်တော်
စိတ်နာပါသည်။

အဲဒီနေ့က သူ ကားကို ဘယ်လိုမောင်းပြီး ပြန်လာ
သလဲတောင် မသိချေ။ သူ့မျက်စိထဲတွင် ဘာကိုမှမမြင်ပါ။ တစ်
ခုခု မဖြစ်ခဲ့တာတောင် သူက ကိုယ့်ကိုယ်ကိုယ် အတော်ကြီး
အံ့သြလျက်ရှိသည်။ မိုးတွေဖွဲဖွဲရွာနေတာတောင် အရှိန်ကိုမလျှော့
ဘဲ ဖြစ်ချင်ရာဖြစ်ဆိုပြီး မောင်းလာခဲ့တာဖြစ်သည်။ တကယ်ကို
ပဲ သူ တစ်ခုခု ဖြစ်သွားချင်ပါသည်။ သူ့ရင်ထဲတွင် မဒီကို
ဆုံးရှုံးလိုက်ရတာရော၊ သူ့ချစ်ခြင်းနှင့် သိက္ခာကို အစော်ကားခံ
လိုက်ရတာရော စသဖြင့် ခံစားချက်တွေပေါင်းစုံကာ ဆူဝေလောင်
ပွက်၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်ခုလုံး လက်တွဲသွားဖို့ မျှော်လင့်တောင့်တ စိတ်ကူးယဉ်အိပ်မက်တွေသည် အက်ဆစ်နှင့် အရည်ဖျော်ပြီး ကိတ်ခ်အိုးပေါ်မှာ တင်ထားသလို ပူလောင်ကျွမ်းရှ ပျက်စီးသွားပြီ ဖြစ်သည်။ ဘာမှတောင် မကျန်ရစ်ခဲ့တော့။ သို့သော် သူ့ဘဝကြီး ကတော့ တော်တော်နှင့် အဖတ်ဆယ်၍ ရတော့မှာ မဟုတ်ဘူး ဆိုတာ သူ့ကိုယ်သူ သဘောပေါက်လိုက်ပြီဖြစ်သည်။

အချစ်ဆိုသော စကားလေးနှစ်လုံးသည် မျှော်လင့်ချက်ကို ကြီးပေးပြီးသည့်အခါ ဘဝတစ်ခုလုံးကို စုတ်ပြတ်သွားစေ၍ နှလုံးသားတစ်ခုလုံးကို ဟက်တက်ကွဲသွားစေခဲ့ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



(၂၀၀၇)ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ထဲမှာ တစ်နေကုန် ပင်ပန်းပြီး သူတို့နေထိုင်ရာ ယာယီတန်းလျားသို့ ပြန်ရောက်သောအခါ သူ့တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲလျက် ဖျားချင်သလို ဖြစ်နေတာကို သတိပြု သည်။ ခုတင်ပေါ်ကို အဝတ်အစားတောင် မလဲနိုင်ဘဲ ပစ်လှဲလိုက် ကာ မှေးခနဲတောင် အိပ်ပျော်သွားသည်ဟု ထင်သည်။ တစ် တစ်ယောက်က လာနှိုးသလို ခံစားရလေမှ သူ့မျက်လုံးတွေ အားယူကာ ဖွင့်ကြည့်ရသည်။ ဒါတောင် မျက်လုံးက တော်တော် နှင့် မဖွင့်နိုင်ဘဲ ကျိန်းစပ်လျက် ရှိပါသည်။

"မိုးခေါင် ... မိုးခေါင် ... ဟေ့ကောင်"

"အင်း ... ဟင် ... ဟင် ..."

"ဟာ ... ဒီကောင် ကိုယ်တွေလည်း ပူလို့ပါလား။ ဖျား နေပြီနဲ့တူတယ်။ ဟေ့ကောင် ... ထပါဦး၊ သတိရရဲ့လား"

သူ့ကို လာနှိုးနေသူက သူ့သူငယ်ချင်း သောကြာ ဖြစ်သည်။ သူက နောက်ကျိနေသော၊ ထိုင်းမှိုင်းနေသော အာ ထဲမှ ဖွတ်ရန်းထွက်ကာ ခုတင်ပေါ်မှ လူးလဲထလိုက်သည်။ သူ့ တစ်ခေါင်းလုံးကတော့ တူနှင့်အထုခံထားရသလို နာကျင်ထုံခဲ ပါသည်။ သောကြာက သူ့နဖူးကို တစ်ချက်စမ်းကာ ...



"မင်း ဖျားနေတယ်ကွ"

"အင်း ... ဖြစ်နိုင်ပါတယ်"

သူ့လည်ချောင်းတွေတောင် ခြောက်သွေ့အက်ကွဲ နေသည်ဟု ထင်သည်။ စကားပြောလိုက်သောအခါ လည်ချောင်းက နာလျက် အသံက သိပ်မထွက်ဘဲမနည်းအားယူကာ ပြောရသည်။

"ဟာ ... မင်းက ပြောလည်းမပြောဘူးကွာ။ အဲဒါ မင်း ဆိုက် ထဲကပြန်လာတည်းက ထိုးအိပ်နေတာပေါ့၊ ဟုတ်လား ကျွတ် ... မင်းကကွာ"

"ငါလည်း ဖျားမယ် မထင်ဘူး။ ခေါင်းတွေ အရမ်းကိုက် နေတာနဲ့ ပင်ပန်းတာရော ပေါင်းပြီး ခဏဆိုပြီး လှဲလိုက် တာ။ ဘယ်လို အိပ်ပျော်သွားမှန်း မသိဘူး"

"အင်း ... ဖြစ်ရမယ် မင်းကတော့။ မင်းက ညဆိုင်းတွေပါ တစ်ပတ်လုံး ဝင်ထားတော့ ဒဏ်တွေစုသွားတာ ဖြစ်မှာ ပေါ့။ မင်းအတွက် ရန်ကုန်က လူကြုံနဲ့ ပါဆယ်လ်ပေး လိုက်တာ ရောက်နေတယ်"

"အင်း"

သူ့ရဲ့စိတ်မပါတပါ အင်းကို သောကြာက တစ်ချက် ငဲ့ကြည့်ကာ အခြေအနေတစ်ခုကို သုံးသပ်နေဟန်ဖြင့် ...

"မင်း မျက်နှာလေး ဘာလေးသစ်ပြီး ရေပတ်တိုက်လိုက် ပါလား။ အဝတ်အစားလေး ဘာလေးလဲပေါ့၊ နည်းနည်း ပါးပါး လန်းသွားအောင်"

ငါ ခေါက်ဆွဲပြုတ်ပေးထားမယ်၊ ပြီးရင် ကော်ဖီနဲ့ ဆေးနဲ့ သောက်လိုက်ပေါ့။ မကောင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်"

သောကြာက သူ့ကို ပြောတတ်တယ် ဟူသော အစီပွာယ်ရသည့် မျက်လုံးပြူးကြီးဖြင့် ထောင့်ကပ်ကြည့်ကာ နေရာမှ ထထွက်သွားသည်။ သူကလည်း ခုတင်ပေါ်မှ ဆင်းလိုက်ကာ မျက်နှာသစ်ပြီး အဝတ်အစား လဲလိုက်ပါသည်။ ပြီးနောက် ခုတင်ပေါ်မှာ ပက်လက်လှန်ကာ ခဏပြန်လှဲနေလိုက်သည်။ အဲဒီ ပြန်လှဲလိုက်သည့် တစ်ခဏမှာပဲ သူ့အတွေးတွေသည် အတိတ် ဆီသို့ အပြေးအလွှား ကူးခတ်သွားသည်။ အဲဒီကူးခတ်သွားရာ လမ်းကြောင်းတစ်လျှောက်မှာ သူ့နှလုံးသားသည် နာကျင်ပင်ပန်း စွာ တရှုတ်တိုက်ပြီး ပါသွားခဲ့ပါသည်။

(၂၀၀၅)ခုနှစ်၏ အောက်တိုဘာလထဲတွင် မဒီသည် သူ့ဘဝထဲမှ အပြီးအပိုင် နှုတ်ဆက်ထွက်သွားခဲ့ကာ ဒီဇင်ဘာလ ထဲရှိ တစ်ခုသော ရက်မြတ်မင်္ဂလာနေ့၌ ကျက်သရေရှိသော သတို့သမီးလေးအဖြစ် ထိမ်းမြားလက်ထပ်သွားခဲ့သည်။ သူ့ထံသို့ ဖိတ်စာရောက်ခဲ့သော်လည်း အဲဒီမင်္ဂလာပွဲသို့ တက်ရောက်ချီးမြှင့် ပေးရလောက်အောင်အထိ သူ မျက်နှာမပြောင်ခဲ့ပါ။ ဖိတ်စာကို မီးရှို့ပြီး ပြာချကာ အရက်ထဲစိမ်သောက်သည့်အထိလည်း မပေါ ခဲ့ မကြောင်ခဲ့ပါ။ သို့သော် လှပမွှေးကြိုင်လွန်းသော ဖိတ်စာကို ငေးကာ အသည်းနှလုံးတစ်ခုလုံး တစ်စစီ ပွဲရွဲ့ပြတ်ကျခဲ့ပါသည်။

(၂၀၀၆)ခုနှစ် တစ်ခုလုံး သူ့ဘဝကို ဘယ်လိုဖြတ် သန်းခဲ့သလဲ ဆိုတာ တွေးကြည့်လျှင် မှတ်တောင် မမှတ်မိတော့ ချေ။ အလုပ်ဝင်နေပြီဖြစ်သဖြင့် ကျရာနေရာတွေမှာ တာဝန်ထမ်း ဆောင်သော်လည်း အလုပ်ပြီးချိန်မှာတော့ အရက်သောက်သည်။



ဆေသည်။ တခြားမိန်းကလေးတွေနှင့် သူ့နှလုံးသားကို အစား ထိုးကုစားသည်။ ဒါပေမဲ့လည်း သူ သေချာသိတာတစ်ခုကတော့ ဒီဒဏ်ကို သူ မမေ့နိုင်သေးခြင်းပဲ ဖြစ်လေသည်။

ကာမပိုင်လင်ယောကျ်ားရှိသော မိန်းမတစ်ယောက် ကို တပ်မက်စိတ်ဖြင့် မျှော်လင့်တောင့်တနေတာမျိုး မဟုတ်သော် သည်း သူ အင်မတန်ချစ်မြတ်နိုးခဲ့ရသည့် အချစ်ဦးတစ်ယောက် ကို လုပ်ရက်သွားလေခြင်းဟူသော နာကြည်းစိတ်ဖြင့် ဝမ်းနည်း စိတ်ဖြင့် မမေ့နိုင်ခြင်းသာ ဖြစ်ပါသည်။

ထိုဒဏ်ရာသည် အကင်းမသေနိုင်သေးပဲ အခုထိ သွေးတွေစိမ့်ထွက်နေတုန်းပဲ ဖြစ်သည်။

"မောင်မင်းကြီးသား သုံးဆောင်တော်မူခင်ဗျ၊ ရပါပြီဗျ"

သောကြာက အငွေ့တထောင်းထောင်း ကြာဆံပြုတ် ပန်းကန်ဖြင့် အနားရောက်လာလျှင် အတိတ်သည် ပစ္စုပ္ပန်လမ်း ကြောင်းပေါ်သို့ ချက်ချင်းပြန်ရောက်လာသည်။ သူက လှဲနေရာမှ လူးလဲထလိုက်ကာ ကြာဆံပန်းကန်ကို လှမ်းကြည့်ရင်း ဗိုက်ထဲ မှာ နည်းနည်းဆာသလို ဖြစ်လာသည်။ အငွေ့တထောင်းထောင်း ထနေသော ကြာဆံပန်းကန်မှ ကြာဆံပြုတ်မွှေးရနံ့သည် သူ့ရဲ့ အစာအိမ်ကို လှမ်းပြီး ကလိနေသည်။

ချစ်ဖို့ကောင်းလှသော သောကြာက ကြက်ဥတစ်လုံး ကိုပါ ဖောက်ထည့်လာသဖြင့် ချက်ချင်းကိုပင် အာခေါင်မှာစိုစွတ် ပြီး လာလေသည်။ သူက တူနှစ်ချောင်းဖြင့် ကြာဆံကို မွှေရင်း မှ ...

"မင်းပြောတော့ ခေါက်ဆွဲပြုတ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



"ခေါက်ဆွဲဆို မင်း သိပ်မဝမှာစိုးလို့၊ ခေါက်ဆွဲကမဆိုးဘူး၊ နည်းနည်းလေး၊ ကြာဆံက ပိုကောင်းတယ်၊ ကောင်းလား သူငယ်ချင်း"

"အင်း ... ကောင်းပါတယ်၊ အရသာရှိတယ်"

"အေး ... မင်း ပွင့်သွားအောင် ငရုတ်ကောင်းမှုန့်လေး နည်းနည်းဖြူးထားတယ်။ ရှူးရှူးရှဲရှဲနဲ့ မြန်မြန်စားလိုက်၊ ချွေးလေးစို့တော့ နေကောင်းသွားတာပေါ့"

သူက သောကြာကို ပြုံးစစနှင့် စိုက်ကြည့်လိုက်လျှင် ဒီကောင်က သူ့ ဘာအဓိပ္ပာယ်နှင့် ကြည့်တယ်ဆိုတာကို သိသဖြင့် မျက်လုံးပြူးကာ ပခုံးတွန့်ပြသည်။ သောကြာဟု အိမ်နာမည် အမည်တွင်သော သူ့သူငယ်ချင်း ကျော်လင်းသိန်းဦးမှာ တကယ် တော့ အင်ဂျင်နီယာတစ်ယောက်ဖြစ်ဖို့ မကောင်းဘဲ ကမ္ဘာကျော် စားဖိုမှူးတစ်ယောက် ဖြစ်ရမည့်သူဖြစ်သည်။ သူနှင့် သောကြာက ကျောင်းမှာတည်းက တွဲလာတဲ့သူတွေ ဖြစ်သောကြောင့် ဒီကောင့် အကြောင်းကိုရော ဒီကောင်က သူ့အကြောင်းကိုရော တစ်ယောက် နှင့်တစ်ယောက် အစအဆုံး သိသူတွေဖြစ်ပါသည်။

ဒီကောင်က အစားအသောက် ချက်ပြုတ်ရာမှာ အင်မတန် လက်ဆိပ်ရှိသောသူ ဖြစ်သည်။ သူသည် အစက အဲဒီ လက်ဆိပ်ဆိုတာတွေကို တကယ်ပဲ အယုံအကြည်မရှိခဲ့ပါ။ ဒီထမင်း ဒီဟင်းကို ဒီလိုချက်တာပဲလေဟူသော ခံယူချက်သာ ထားခဲ့သူ ဖြစ်သည်။ အဲဒီခံယူချက်သည် သောကြာနဲ့တွေ့တော့မှ လုံးဝလွဲ ကြောင်း လက်ခံလိုက်ရတာ ဖြစ်သည်။ လက်ဆိပ်ရှိသောသူမှာ ကြက်သားတွေ၊ ဘဲသားတွေချက်နေမှ စားကောင်းတာမျိုးမဟုတ်။



သောကြာချက်လျှင် ငါးပိချက်ကအစ အင်မတန် အရသာရှိလေ့ ရှိသည်။

"ဘယ်လိုလဲ၊ ပွင့်သွားလား"

"ပွင့်ပါတယ်ကွာ ... ပွင့်ပါတယ်၊ ကျေးဇူးပါပဲ"

"အေး ... မင်းဘဝကြီးလည်း ငါရှိနေလို့ စိုပြည်တယ်မှတ် ပါ"

သူက ဒီစကားကိုတော့ တဟက်ဟက်နှင့် ရယ်မိ တော့သည်။ မှန်ပါသည်၊ အဲဒီစကားကိုတော့ သူ မငြင်းချေ။ စကားမှာ သူနှင့်ပတ်သက်လာလျှင် သောကြာ၏လက်သုံးစကား ဖြစ်သည်။ သောကြာက လုပ်ပေးလိုက်သော တစ်စုံတစ်ရာ အတွက် သူ့မှာ အဆင်ပြေသွားခဲ့လျှင် အဲဒီစကားကို ဒီကောင်က အမြဲပြောလေ့ရှိပါသည်။

"ဆေးသောက်လိုက်ဦး၊ ဟိုမှာ ပါဆယ်လ်လည်း ရောက် နေတယ်။ အထဲကစာဖတ်ပြီးရင် မင်းရောဂါ တစ်ဝက် သက်သာသွားမှာပါ"

"မဖတ်တော့ဘူးကွာ၊ ဆေးသောက်ပြီးတာနဲ့ တစ်ခါတည်း အိပ်တော့မယ်၊ မိုက်လေးပြီး အိပ်ချင်နေပြီ"

သူက ကြာဆံပြုတ်ပန်းကန်ကို လက်စသတ်ကာ ကော်ဖီခွက်နှင့် သောက်ဆေးတို့ကို လှမ်းယူလိုက်သည်။ သောကြာ က သူ့ကို တစ်ချက်ကြည့်ကာ ...

"ဟေ့ကောင် ... မင်း ကိုယ်တိုင် ဖောက်ရမှာ ပျင်းနေရင် လည်း ငါ ဖောက်ပေးပါ့မယ်၊ ရည်းစားဆီက စာလေးတော့ ဖတ်လိုက်ပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် … ဖောက်ရမှာ ပျင်းလို့ မဟုတ်ပါဘူးကွာ၊ ဖတ်ချင်စိတ်ကို မရှိတာ၊ လုံးဝဖတ်ချင်စိတ် မရှိဘူး။ အဲဒါပဲ"

သူက စကားကို အကုန်ပိတ်ပြောရင်း ဆေးကိုပါ၊စပ်ထဲ ပစ်ထည့်ကာ ကော်ဖီကို မော့ချလိုက်သည်။ သောကြာက သူ့ကို တစ်ချက်ငေးကာ ခေါင်းဆတ်ရင်း …

"မင်းမှာ ချစ်တတ်တဲ့အသည်းနှလုံး မရှိတော့တာလား မိုးခေါင်"

သူက တစ်ခုခုပြောလျှင် လုပ်နေကျ ထုံးစံအတိုင်း မျက်ခုံးကိုကြွတ်ကာ ခေါင်းတဆတ်ဆတ် ညိတ်ပြရင်းမှ …

"အဲဒါ အမှန်ဆုံးပဲ။ ချစ်တတ်တဲ့ အသည်းနှလုံး မရှိတော့တာ၊ ကဗျာဆန်ဆန် ပြောရင်တော့ ချစ်တတ်တဲ့ အသည်းနှလုံး မရှိတော့တာပေါ့၊ လက်တွေ့ကျကျ ပြောရင်တော့ အသည်းနှလုံးက ရှိပါတယ်။ အသည်းနှလုံးမရှိရင် သေသွားမှာပေါ့ …

ဒါပေမဲ့ မချစ်တတ်တော့တာ။ အဲဒါက လက်တွေ့ကျတယ်။ အမှန်ဆုံးပဲ၊ မချစ်တတ်တော့တာ"

"ဒါနဲ့များကွာ"

သူက သောကြာဘက်ကိုလှည့်ကာ အသာအယာပြုံးပြလိုက်သည်။ သောကြာ ပြောချင်သော အဓိပ္ပာယ်ကို သူ သိပါသည်။ မချစ်တတ်ဘဲနဲ့များ ဘာလို့ရည်းစားတွေ ထပ်ထားနေသေးလဲဟူသော အဓိပ္ပာယ်။ သူကတော့ အချစ်နှင့် ရည်းစားထားခြင်းသည် အဓိပ္ပာယ်ခြင်း တိုက်ရိုက်မသက်ဆိုင်ဟု တင်ပါသည်။ အဲဒီလို ထင်ခဲ့တာလည်း သိပ်တော့မကြာသေးပါ။ မှတ်မှတ်ရရ



ဒီ သူ့ကို ထားခဲ့ပြီးသည့်နောက်ပိုင်းမှာ ဖြစ်ပါသည်။ ဒါပေမဲ့ သောကြာ၏ ဒါနဲ့များကွာ ဟူသော အဟာန့်စကားအတွက်တော့ သူ့မှာ ဆင်ခြေရှိပါသည်။

"မချစ်တတ်တော့ပေမယ့် ကြိုက်တတ်သေးတယ်လေကွာ။ ယောကျ်ားပဲ၊ အာသဝေါကုန်ခန်းနေတဲ့ ရဟန္တာမှ မဟုတ်တာ …

ကာမဂုဏ်အာရုံငါးပါးလုံးကို ခံစားတတ်သေးတာပဲ။ ခံစားမှု အားကောင်းနေသေးတာပဲ။

မျက်လုံးထဲမှာ လှတပတ ချစ်စရာလေးတွေ မြင်တော့လည်း ကြိုက်တာပဲပေါ့၊ ကြိုက်တော့ လိုက်တာပေါ့။ လိုက်တော့ ရရင်လည်း ရည်းစားဖြစ်သွားကြတာပေါ့။ ဒါပါပဲ … လောကမှာ ရင်ထဲက အသေအကြေ ချစ်မှပဲ propose လုပ်ရတော့မှာလား"

သူ့စကားဆုံးလျှင် သောကြာက နှုတ်ခမ်းကိုတစ်ချက်မဲ့ကာ နိုင်အောင်မပြောနိုင်တော့ဘူးဟူသော ပုံစံဖြင့် လက်ခါပြသည်။ သူက ခွက်ထဲမှကျန်ရှိနေသေးသော လက်ကျန်ကော်ဖီကို နောက်ဆုံးမော့လိုက်ပြီးနောက် ခုတင်ပေါ်သို့ ပြန်လှဲချလိုက်လေသည်။ သောကြာက အလိုက်တသိပင် အနားမှထကာ …

"အေး … အေး … မင်း အိပ်ချင်ရင်လည်း အိပ်တော့။ လိုတာရှိရင် ငါ့ကိုနှိုးလိုက်"

သူက သောကြာကို ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီးနောက် မျက်လုံးတွေကို မှိတ်ပစ်လိုက်သည်။ သူ့အနားမှ သောကြာ ထွက်ခွာသွားသံ၊ တံခါးစေ့ပိတ်သံတို့ကို ကြားရပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် သူ့အခန်းငယ်လေးသည် ပကတိပြန်၍ တိတ်ဆိတ်သွား ပြန်သည်။ အစာမစားခင် ဆေးမသောက်ခင်ကလောက် ဝေဒ[နာ] မဆိုးတော့သော်လည်း သူ့ခေါင်းထဲတွင် နည်းနည်းကိုက်ခဲနေဆ[ဲ] သည်။ ဒါပေမဲ့ နေသာပါသည်။

သူသည် အာရုံတွေကို အတတ်နိုင်ဆုံး စုစည်း[ကာ] အိပ်ပျော်စေဖို့ ကြိုးစားလိုက်သည်။ သူ့စိတ်တွေသည် တစ်စုံတစ်[ခု] ကို ပြင်းပြင်းပြပြ တမ်းတနေမိသည်။ အဲဒါဟာ ဘာဖြစ်မလဲ[။] အတွေးလေးတစ်ခုတည်းနှင့်ကို ရင်မှာလုံခြုံပြည့်စုံသွားတဲ့အရာ[ဟာ] ဘာများဖြစ်နိုင်မလဲ။ မျက်နှာလေးတစ်ခုကို မြင်ယောင်ကြည့်လို[က်] တာနဲ့ ကြည်နူးလိုက်ဖြာသွားရသော ဖီလင်ဟာ ဘယ်အရာကြော[င့်] များ ဖြစ်နိုင်မလဲ။

သူ ဆက်မတွေးချင်တော့ပါ။ လောကမှာ အချစ်[ကို] ကိုးကွယ်ယုံကြည်ခဲ့ပါလျက် အချစ်ရဲ့သစ္စာဖောက်ခြင်းကို ခံရ[သ] လောက် ရင်နာဖွယ်ရာကိစ္စ မရှိတော့ပြီ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



“အိုကေ ... ဖဲရီးဗွတ်ဒ်၊ ကဲ ... အားလုံးပင်ပန်းသွားကြပြီ။ နားမယ် ... နားမယ် ... ချစ်သူရေ ခေါင်းကရေတွေကို နည်းနည်းပဲသုတ်နော်၊ မာမီရေ ... သူ့ခေါင်းကို ဂျယ်လ်ရွှဲရွဲလေး လိမ်းပေးလိုက် ...

အဲဒီ အမိုက်စား ဓာတ်ပုံလေးကို ကာဗာတင်မယ်၊ ကြော်ငြာဘုတ်ထောင်မယ်”

ဒါရိုက်တာက လှမ်းအော်လျှင် ချစ်သူရဲ့ မိတ်ကပ်ဆရာက နှုတ်ခမ်းတစ်ဖက်ကို မဲ့ပြသည်။ ချစ်သူသည် မီးသတ်[ပိုက်]ဖြင့် ရွာနေသော မိုးရေစက်တွေအောက်မှ အပြေးထွက်လာ[သည်] ...

“အမယ်လေး ... ချမ်း ... ချမ်းလိုက်တာ။ မာမီရေ ... နောက်မှ ဒရိုင်ယာဆွဲပေးတော့၊ အခုတော့ ကော်ဖီပူလေးပဲ တိုက်ပါကွယ် ...

မြန်မြန် ... မြန်မြန်”

“အကြောင်းသိလို့ ဒီက ဖျော်ပြီးသားပါတော့၊ အဲဒီဒါရိုက်တာကလေ ခိုင်းတော့ အသေအကြေခိုင်းပြီး ကော်ဖီတစ်ခွက်တောင် တိုက်ဖော်မရဘူး”

www.burmeseclassic.com

www.burmeseclassic.com



မာမီက ဒါရိုက်တာကြားအောင် လှမ်းအော်
ဒါရိုက်တာကြီးက ကွမ်းတမြုံ့မြုံ့ဖြင့် ပြန်မပြော နားမထောင်
နေလေသည်။ ချစ်သူသည် ရေစိုအဝတ်အစားတွေကို က
ကတန်း လဲပစ်ပြီးတဲ့နောက်မှာတော့ ကော်ဖီပူပူရှိရာ မာမီ့အ
သို့ အပြေးအလွှား လာခဲ့သည်။ မာမီ့လက်ထဲမှ အငွေ့တထော
ထောင်းထနေသော ကြွေမတ်ခွက်ကြီးကို လွဲပြောင်းယူကာ တ
မှုတ်သောက်ရင်းမှ ...

"မာမီရေ ချစ်သူတော့ အခြေအနေ သိပ်မဟန်ဘူး
လား(သိလား) ပါရာပဲဖြစ်ဖြစ် တစ်ပြားလောက်
On လိုက်မှနဲ့ တူတယ်"

မာမီက ချစ်သူကို စိုးရိမ်သလို ငုံ့ကြည့်ကာ

"ဟာတ်လား(ဟုတ်လား)။ မာမီ့ဆီမှာ ပါရာတော့ မ
ဘိုင်အိုဂျက်ဆစ်တော့ ပါတယ်"

"ရတယ်လေ၊ ဘာပဲဖြစ်ဖြစ်ပေါ့။ ချစ်သူ ဖျားမသ
အရေးကြီးနေတယ်"

မာမီက ဟုတ်ပါပြီဟူသော အပြောမျိုးဖြင့် နှ
မှဲ့ပြုံချိန်ဝယ် ချစ်သူ၏လက်ကိုင်ဖုန်းမှ မြည်သံထွက်ပေါ်လ
သည်။ ချစ်သူသည် လက်တစ်ဖက်က ခေါင်းကို တဘက်နှင့်
ရင်းမှ ကျန်တစ်ဖက်ဖြင့် ဖုန်းကိုဖွင့်ကာ နားထောင်လိုက်

"ဟုတ်ကဲ့ ... ပြောပါ"

"ချစ်သူလား"

တစ်ဖက်မှ ယောကျာ်းလေးအသံတစ်ခုက အ
မေးလျှင် ချစ်သူသည် မရိုးနိုင်စွာဖြင့် အမြဲပြုံးမိရသည်။ အ



တည်းက မှည့်ပေးထားသော နာမည်မို့ ဘာမှမတတ်နိုင်
ည်း ချစ်သူက အဲဒီလို အခေါ်ခံရခြင်းကို သိပ်ပြီးတော့
က်လက်ပျက်ကြီးလည်း မဖြစ်မိပါ။ ကိုယ်တိုင်ကိုက စကား
ျှင် ကိုယ့်ကိုယ်ကိုယ် "မိုး"ဟု မသုံးနှုန်းတတ်ပဲ "ချစ်သူ
"ဟု သုံးနှုန်းတတ်သူ ဖြစ်ပါသည်။

"ဟုတ်ကဲ့ ... ချစ်သူပါ"

အဲဒီလို ပြန်ဖြေတိုင်းလည်း ချစ်သူမှာ ပြုံးချင်ရပါ
။

"ချစ်သူ ... ကိုယ် မင်းဝင်းမောင်ပါ"

"သြော် ... ကိုမင်းဝင်းမောင်၊ ပြော"

ချစ်သူ၏ သမားရိုးကျဆန်သော အသံကြောင့်
ဖက်မှ အသံအနည်းငယ် တိတ်သွားသည်။ ချစ်သူကလည်း
က်ကနေ၍ သူ မမြင်နိုင်မှန်း သိသောကြောင့် နှာခေါင်းရှုံ့
ိုက်သေးသည်။

ကော်ဖီကို ရှူးခနဲမြည်အောင် မော့သောက်လိုက်စဉ်
သူ့ထံမှ အသံထွက်လာသည်။

"ချစ်သူ အပြင်မှာလား၊ ဆိုင်တစ်ဆိုင်ဆိုင်မှာ ရောက်နေ
တာလား"

"မဟုတ်ပါဘူး။ ချစ်သူက ရှူတင်မှာပါ၊ မိုးသတ်ကားနဲ့
ရေဖျန်းပြီး ရိုက်ထားလို့ အဲရမ်းချမ်းနေတာနဲ့ ကော်ဆွဲနေ
တာ"

"သြော် ... ဒါဆို ရှူတင်ပြီးပြီပေါ့"

"ဟင့်အင်း ... မပြီးသေးဘူး၊ ကျန်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တာ ... ရေတွေစိုရွဲပြီးတာတောင် မပြီးသေးဘူးလား။ များနာပါဦးမယ် ချစ်သူရယ်"

"ဩော် ... ဘယ်တတ်နိုင်မလဲရှင်။ ဘဝသမားတွေပဲဟာ၊ ဒီလိုပဲ လုပ်စားရတာပဲပေါ့"

ချစ်သူရဲ့အပြောကို အနားသို့ ဆေးယူပြီး ပြန်ရောက်လာသော မာမီက လိမ်နေတယ်ဟူသော သဘောဖြင့် လက်ခါပြသည်။ ချစ်သူက မာမီ့ကို နှာခေါင်းရှုံ့ပြလိုက်သော်လည်း တစ်ဖက်လူကတော့ ချစ်သူရဲ့စကားကို သဘောကျသလိုဖြင့် တဟက်ဟက် ရယ်မောနေလေသည်။

"ချစ်သူရယ် ... ဒီအပြောတွေကြောင့် နာမည်ကြီးနေတာပဲနော်"

"အံမယ် ... နာမည်မကြီးပါဘူးနော်။ ချစ်သူတို့ နာမည်ကြီးစာရင်းထဲမှာ လုံးဝ လုံးဝ မပါဝင်သေးပါ။ နာမည်ကြီးလည်း မဖြစ်ချင်ပါဘူး"

"နာမည်ကြီးတော့ ဘာဖြစ်လို့လဲ"

"နာမည်ကြီးတော့ ထမင်းငတ်တာပေါ့၊ ဟား ဟား ဟား"

"ချစ်သူက တကယ်နောက်တယ်ကွာ"

ချစ်သူတစ်ယောက် ဖုန်းပြောရင်း တဟဲဟဲ တဟင်းဟင်း ဖြစ်နေတာကို မာမီက ကြည့်မရတော့သည့်ဟန်ဖြင့် ...

"ချစ်သူရေ ... ဆံပင်သုတ်မယ်ဟေ့။ တော်ကြာ နေရင်းထိုင်ရင်း လေဖြတ်သွားဦးမယ်။ ဆေးလည်း အခုထိမသောက်ရသေးပါလား"

"သောက်မယ် ... သောက်မယ်၊ ကဲ ... အင့်"



ချစ်သူက ဆေးကိုပါးစပ်ထဲ ပစ်ထည့်ရင်း ကော်ဖီကို မော့ပြလိုက်လျှင် မာမီက ချစ်သူရဲ့ပုံစံကို သဘောကျသလို ထင်ချက်ရယ်သည်။ ချစ်သူဆိုသော မိန်းကလေးဟာ ဘယ်လို မိန်းကလေးမျိုးပါလိမ့်ဟု တစ်ယောက်ယောက်ကိုများ သွား၍မမေးဆိုသလား။ ဆယ်ယောက်ကိုမေးလျှင် ဆယ်မျိုးအဖြေထွက်ချင်ထွက်မည်။ သို့သော် တူညီသည့် အဖြေတစ်ခုကတော့ "ချစ်သူဟာ အင်မတန်ပျော်ပျော်နေတတ်တဲ့ ကောင်မလေး"ဟူသော အဖြေကိုတော့ တူညီစွာ လက်ခံရရှိမည် ဖြစ်လေသည်။

ချစ်သူတွင် အမြဲပြုံးယောင်သမ်းနေသော နှုတ်ခမ်းတစ်စုံကို ပိုင်ဆိုင်သည်။ တကယ်မပြုံးပါဘဲနှင့်ကို ပြုံးနေသလိုဖြစ်နေသော နှုတ်ခမ်းလေးများသည် ချစ်သူကို မျက်နှာမြင်ချစ်ခင်ပါစေ ဟူသောဆုဖြင့် ပြည့်စုံစေလေသည်။ အဲဒီအပြုံးထဲမှာမှ ရယ်မောနေတတ်သော ဆည်းလည်းလိုလို အသံချိုချိုလွင်လွင်လေးတွေ ပေါင်းစပ်ထည့်လိုက်သောအခါ ချစ်သူရဲ့အနားတွင် ဝိုင်းဝိုင်းလည်လို့ သွားကြလေသည်။

"ချစ်သူ ဒီနေ့ညနေခင်း အားတယ် မဟုတ်လား။ ကိုယ် ချစ်သူကို တစ်ခုခု လိုက်ကျွေးချင်လို့"

"အင်း ... ချစ်သူ ညနေ မအားဘူးတော့။ ရှိုးပွဲတစ်ခုအတွက် ဒီဇိုင်နာတစ်ယောက်နဲ့ ဝတ်စုံကိစ္စ ဆွေးနွေးရမယ်"

"အာ ... ဒါဆို မနက်ဖြန်ရော"

"မနက်ဖြန်။ အင်း ... မနက်ဖြန်က ပိုတောင်မအားသေးတယ်။ ပြည်ကို ခရီးထွက်ရမှာဆိုတော့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါဆို ဘယ်လိုလုပ်မလဲ။ ကိုယ်က ချစ်သူနဲ့ အရမ်းတွေ့ချင်နေတယ်"

"ဩော် ... ချစ်သူနဲ့ တွေ့ချင်တာများရှင်။ ညခုနစ်နာရီကျရင် တွေ့ရမယ်"

"ဟာ ... တကယ်။ ဝမ်းသာလိုက်တာကွာ၊ ကြည့်စမ်း ... ချစ်သူက တကယ်နောက်တယ်၊ နောက်တတ်မှန်း သိသိကြီးနဲ့ကို ကိုယ်က အမြဲခံရတယ်၊ ကဲ ... ပြော၊ ကိုယ်ဘယ်ကို လာကြိုရမလဲ"

"ဘယ်ကိုမှ လာမကြိုနဲ့။ ညခုနစ်နာရီကျရင် ကိုယ့်အိမ်က TV ရှေ့ကိုသာသွား။ ချစ်သူကို တွေ့ချင်ရင် TV ကြော်ငြာတွေထဲမှာ တွေ့ရလိမ့်မယ်လို့ ပြောတာ၊ သိပြီလား၊ ကဲ ... ဆီးယူ ကိုမင်းဝင်းမောင် ...

ဟိုမှာ ဒါရိုက်တာကြီး ခေါ်နေပြီ၊ သွားရတော့မယ် ဘိုင့်ဘိုင်"

ချစ်သူသည် စကားကို အပြီးပိတ်ပြောပြီးနောက် ဖုန်းကို တစ်ခါတည်း ပိတ်ချကာ တဘက်ကိုကိုင်၍ အသင့်စောင့်နေသော မာမို့ကို အိုကေ ဟူသော သဘောမျိုးဖြင့် လက်ညှိုးနှင့်လက်မကို ဝိုင်းပြလိုက်သည်။ မာမီက ချစ်သူကို မျက်စောင်းတစ်ချက် ပိတ်ထိုးပြီးနောက် ဆံပင်တွေကို သုတ်ပေးရင်းမှ ...

"ဘာလဲ ... ဂတ်ဂတ်ကြီးက ဒင်နာကျွေးချင်တော်မူတယ်တဲ့လား"

"အလကားပါ။ ပုံမကြိုက်လို့ ငြင်းလိုက်တယ်၊ ဟား ဟား"



"ချစ်သူရယ် ဒါဖြင့်ရင်လည်း နည်းနည်းခပ်တည်တည်ဆက်ဆံပေါ့။ ညည်းက ပြောင်စပ်စပ်တွေ လုပ်ပြနေတော့ ဟိုက အိပ်မက်တွေပေးနေရသလို ခံစားနေရတာပေါ့အေ့"

"ဒါတော့ ချစ်သူလည်း မတတ်နိုင်ဘူး မာမီရယ်။ ချစ်သူက အဲဒီလိုပဲ နေတတ်တာလေ။ ပဲများများနဲ့ စတယ်လ်ကြီးနဲ့လည်း မနေတတ်ပါဘူး ...

"ကိုယ်က ပျော်ပျော်နေတတ်တဲ့ type ဆိုတော့ အရာရာကို အကောင်းမြင်တဲ့စိတ်နဲ့ ပျော်ပျော်ပဲပေါ့"

"အင်း ... မသိရင်တော့ မိုးချစ်သူကို ရည်းစားတွေ အများကြီးရှိတဲ့သူလို့ ထင်ကြမှာ မလွဲပဲ။ ရည်းစားလေးတစ်ယောက်လောက် သတ်သတ်မှတ်မှတ် ထားဆိုတော့လည်း မထားဘူး ...

ကားတွေဆင်တဲ့ ဟိုကောင်လေးဆိုလည်း ပိုက်ဆံတော်တော်ရှိတဲ့ဟာ"

"အို ... မကြိုက်ပါဘူး၊ ဖက်တီးပုတ်ကို"

"ဒါဖြင့် ဇဝ်မင်းခန့် ကျတော့ရော"

"ဟွန့် ... သူကကျတော့လည်း ရှည်လမျော။ ခံစားလို့မရဘူး"

"သူရမင်းမောင်အေ"

"ချောလွန်းအားကြီးတယ်၊ ရတက်မအေးရမယ့်အပေါက်"

"ညည်းကိုက ကြေးများနေတာပါအေ။ ဟိုဟာလည်း မဟုတ် ဒါလည်းမဟုတ် ပေါလိုနေဖို့ပဲသိတယ်၊ သူများတွေဖြင့် ယောတစ်ယောက် ယောတစ်ယောက်နဲ့ဆိုလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီက မစီချင်ဘူးလေ။ တိုးချင်တာ၊ ဟား ဟား ... အလကား ပြောနေတာပါ မာမီရယ်။ တကယ်တမ်းတော့ ဒီရင်ဘတ်ကြီးနဲ့ မထိသေးလို့ဗျို့ ...

မချစ်လို့ ... မချစ်လို့။ သူတို့အားလုံးကို သမီး မချစ်လို့။ ရှင်းပြီလား။

"ရှင်းပါပြီ ... ရှင်းပါပြီ။ အနည်မထိုင်သေးတဲ့ ကွဲအက်နှလုံးသားကြီးဆိုတော့လည်း အကောင်းပကတိ ဘယ်ရှိပါတော့မလဲ။ မချစ်တတ်တော့တာ သဘာဝကျပါတယ်"

မာမီက ချစ်သူရဲ့ မခြောက်တခြောက် ဆံပင်တွေကို ဂျဲလ်ရွှဲရွှဲလိမ်းပေးကာ ပုံကျအောင် ပြင်ဆင်ပေးရင်းမှ ခပ်ငေါ့ငေါ့ဆိုလေသည်။ အချစ်အတွက် ခံစားကြေကွဲခံရဖူးသော ချစ်သူရဲ့နှလုံးသားအကြောင်းကို အတွင်းသိ အစင်းသိစွာဖြင့် မာမီကဆိုခြင်းဖြစ်သည်။

"မချစ်တတ်တော့တာ မဟုတ်ပါဘူး မာမီ။ ချစ်တတ်ပါတယ် ...

ချစ်ရမယ့်သူကို မတွေ့သေးတာပါ။ ချစ်သူတို့ကဖြင့် ချစ်လွန်းလို့နော်၊ အချစ်သမားတွေ အချစ်ရှိမှပျော်တာ။ အချစ်ကို crazy ဟင်း ... ဒါပေမဲ့ ရင်ဘတ်နဲ့မထိရင် မလှုပ်ရှားဘူး"

"သြော် ... ဒါဖြင့် ငယ်ချစ်ကြီးကို မမေ့နိုင်လို့ မဟုတ်ဘူးပေါ့"

"မဟုတ်ပေါင်။ ချစ်သူက လူတစ်မျိုး မာမီရဲ့။ မဖြစ်နိုင်တော့တဲ့ အရာတွေကို သိပ်တမ်းတနေတာမျိုး မရှိဘူး။



ချစ်သူ သူနဲ့ပြတ်လာတဲ့နေ့တုန်းကဆို လုံးဝ Unlucky day မှတ်မိသေးတယ် ...

ကားဖွက်စင်တာလည်း နှစ်ခါတောင်။ ပထမတစ်ခါစင်တုန်းက ကားပေါ်ကလူက ချစ်သူကို လှမ်းတောင်ငေါက်သွားသေးတယ်။ ဒါပေမဲ့ သူက ဖြောင့်တော့ ဘာမှတောင် ပြန်မပြောနိုင်ဘူး ... ဟား ဟား ...

ဘာလုပ်မှာလဲ မာမီရာ life is very short ဟုတ်တယ်မဟုတ်လား။ ဘဝတိုတိုလေးထဲမှာ ကြေကွဲနေဖို့ အချိန်မရဘူး။ Right ? "

"ရိုက်ထိပါတယ်တော် ... ရိုက်ထိပါတယ်"

"ကဲ ... ကဲ ... ပြီးပြီလား မင်းသမီးလေးရေ။ ရေစိုဂျဲလ်ဒီဇိုင်းလေးနဲ့ ခါတ်ပုံရိုက်ကြစို့၊ ဟော ... မျက်လုံးတွေက အိုင်းလိုင်နာတွေ ပျက်ပြီး မည်းနေပါလား။ မာမီရေ ... မာမီ့သမီးကို မပြင်ပေးတော့ဘူးလား"

ဒါရိုက်တာဖြစ်သူက အနားရောက်လာပြီးအော်လျှင် ချစ်သူသည် မှန်ထဲသို့ ကပျာကယာ ငုံ့ကြည့်မိသည်။ အိုင်းလိုင်နာတချို့ ပျက်လျက် မျက်ဝန်းတစ်ဝိုက်၌ မည်းနေသော ပုံစံဟာ ခြင်နေကျလို မဟုတ်ဘဲ ချစ်သူရဲ့ရုပ်သွင်ကို တစ်မျိုးဆွဲဆောင်မှု ရှိနေစေသည်။ ချစ်သူသည် အဲဒီပုံစံကိုပဲ ခပ်ကြိုက်ကြိုက်ဖြစ်ကာ...

"မာမီ မျက်နှာကိုပဲ နည်းနည်းဖြည့်ပေး၊ မျက်လုံးက ဒီအတိုင်း မိုက်တယ်။ ဦးလင်း သမီး မျက်လုံးနဲ့ ဒီအတိုင်း အမည်းတွေနဲ့ပဲ ရိုက်မယ်။ ခပ်မိုက်မိုက်လေး ဘယ်လိုလဲ ... R U OK ? ...

www.burmeseclassic.com

www.burmeseclassic.com



ရေစိုဆံပင်နဲ့ ဒါနဲ့မှ လိုက်မှာ”

“ကောင်းတယ် ... ကောင်းတယ်၊ ငွတ်ဒ်တယ် ထင်ရင် ဒူးသာဒူး”

ဒါရိုက်တာက ခွင့်ပြုလိုက်လျှင် ချစ်သူက မာမီ့ကို မျက်စပစ်ပြလိုက်တော့လေသည်။ ဒါရိုက်တာဆိုပေမယ့် ဦးလင်းက ဓာတ်ပုံဆရာကနေ ကြော်ငြာတွေ၊ ဗီစီဒီတွေလောက်သာ ရိုက်သူဖြစ်လေရာ ချစ်သူတစ်ယောက် မော်ဒယ်လ်ဘဝကနေ ဒီလောကထဲသို့ စမဝင်ခင်တည်းက ဓာတ်ပုံတွေရိုက်ဖြစ်ပြီး ခင်မင်လာသူဖြစ်သောကြောင့် အစစအရာရာ ပြောမနာ ဆိုမနာ ဖြစ်လို့နေသူတွေဖြစ်သည်။

ချစ်သူသည် အနည်းငယ်သာ ဖြည့်စွက်ပြင်ဆင်ပြီးသော မျက်နှာကို မှန်ထဲမှာကြည့်ကာ အကျေနပ်ကြီး ကျေနပ်သွားသည်။ အဝတ်အစားပါ လဲပြီးသွားသောအခါ ကိုယ့်စတိုင်လ်ကိုယ် အကြီးအကျယ်တောင် သဘောကျသွားလေသည်။ ပခုံးကျော်ရုံ coffee brown ဆံနွယ်တွေသည် ရေစိုဒီဇိုင်းဖြင့် စွဲမက်ဖွယ်ကောင်းအောင် ခပ်မိုက်မိုက် စင်းကျနေသည်။ မျက်နှာက မိတ်ကပ်က သဘာဝဆန်ကာ မျက်လုံးတွေကမည်းပြီး sexy နည်းနည်းဖြစ်နေသည်။

စွပ်ကျယ်အဖြူကိုဝတ်ကာ အောက်က စိတ္တဇအဆင် ခါးလျှောလျှော စကတ်အကားကြီးကို ဝတ်ထားပြီး ခါးပတ်ကြီးကြီး ပတ်ထားသော ချစ်သူသည် ကင်မရာရှေ့မှာ ပေစောင်းစောင်း ဝင်ရပ်လိုက်ကာ မျက်နှာကို ရိုက်ပေါက်ဒီဇိုင်း ဖမ်းထားလိုက်သည်။



ဦးလင်းက လက်ဖျောက်တွေတီးလျက် ကင်မရာဖလက်ရှ်မီးတွေ တဖျပ်ဖျပ် လက်သွားသည်။

“ဟုတ်ပြီ၊ ဒါမှ တို့ချစ်သူကွ၊ ကောင်းတယ် ... ငွတ်ဒ် ... ဗဲရီးငွတ်ဒ်၊ ကြည့်ထား ... ညို့ထား ... လုံးဝမပြုံးနဲ့ ... ဒီစတိုင်လ်မိုက်တယ်၊ ရေလည်လန်းတယ်၊ ဟုတ်ပြီ”

ဦးလင်းသည်လည်း သဘောတွေကျကာ ခလုတ်တွေကို တစ်ချက်ပြီးတစ်ချက် ဆွဲနေသလို ချစ်သူသည်လည်း ကင်မရာကို ကိုယ့်ရည်းစားအလား သဘောထားလျက် အပီအပြင်ကို ကြည့်ကာ mood ထည့်လျက်ရှိသည်။ ဓာတ်ပုံထဲမှာ ပါသွားမယ့် မျက်ဝန်းတွေဟာ တစ်စုံတစ်ယောက်အတွက် အသက်ဝင်နေစေဖို့လိုသည် မဟုတ်ပါလား။

❦ ❧ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် ... မင်း ဘာစားမှာလဲ"

သောကြာက ထမင်းစားပွဲ ဝင်ထိုင်ရင်း မေးလိုက်လျှင် သူသည် ရုတ်တရက် မဖြေနိုင်သေးဘဲ နံရံပေါ်တွင် ကပ်ထားသော ယနေ့အတွက် စားဖွယ်ရာများကို ငေးကြည့်နေမိသည်။ ငေးကြည့်နေလည်း တကယ်တမ်းကျတော့ အပိုပါပဲ။ ဒီဟင်းနာမည်တွေကို အလွတ်တောင် ရနေပြီဖြစ်သည်။ သူတို့တွေဟာ ဒီနားမှာ နိုင်ငံတော်စီမံကိန်းဖြင့် မြစ်ကူးတံတားကြီးတစ်စင်း လာရောက်ဆောက်လုပ်နေကြသူတွေမို့ ဒီနားက ဆိုက်ထဲမှာပဲ လာနေကြရသူများ ဖြစ်လေရာ ဒီအနီးအနားက ရွာလေးမှာပဲ ထမင်းစားကြရသည်။

ကံကောင်းထောက်မစွာဖြင့် ထမင်းဆိုင်ရဲ့လက်ရာဟာ ထူးထူးရှယ် ဖြစ်မနေတောင် အလွန်တရာ မညံ့ဖျင်းတာပဲ ကျေးဇူးတင်ရပါမည်။ သို့သော်လည်း နေ့စဉ်ရက်ဆက် ဒါပဲစားနေကြရသောအခါ လူ့သဘာဝ လူ့ထုံးစံအတိုင်း ကြာတော့ ငြီးငွေ့လာသည်။ မစားချင်တော့။ သောကြာကလည်း ဟင်းချက်ကောင်းသူဖြစ်သော်လည်း တံတားလာဆောက်ပါသည်ဆိုမှ သီးသန့်ထမင်းဟင်းချက်စားနေကြဖို့က မဖြစ်နိုင်လေရာ သူတို့မှာ ကြိုက်ကြိုက်, မကြိုက်ကြိုက် ဒါ့ငင်။



သူက စိတ်ပျက်လျှင် လုပ်နေကြဖြစ်သည့်အတိုင်း ခေါင်းကို လက်ညှိုးနှင့် တစ်ချက်ပွတ်လိုက်ကာ ...

"ကြက်သားပဲပေါ့ကွာ"

"အေး ... မင်း ကြက်သားဆိုရင် ငါ အမဲသား၊ ဒီက အမဲသားက ကောင်းတယ်၊ လတ်ဆတ်တယ်၊ ချိုတယ်"

သောကြာက အမဲသားမစားသော သူ့ကို တမင်ဆောင်းပြောတာဖြစ်သည်။ သူက ဘာမှပြန်မပြောဖြစ်ဘဲ ပြုံးနေစဉ်မှာပဲ ထမင်းဆိုင်က ကောင်လေးက အနားသို့ရောက်လာကာ သောကြာကို အထုပ်တစ်ထုပ် ကမ်းပေးသည်။ သူတို့စားသော ထမင်းဆိုင်က တစ်ပတ်တစ်ခါ ပုသိမ်သို့ ဈေးတက်ဝယ်ကြသည် ဖြစ်လေရာ သူတို့မှာသော တိုလီမိုလီပစ္စည်းတွေကို ဒိုင်ခံဝယ်ပေးနေကြဖြစ်သည်။

"အေး ... ကျေးဇူးပဲကွ ညီလေး၊ ပိုက်ဆံရော လိုသေးလား၊ စိုက်ရသေးလား"

"မစိုက်ရဘူး အစ်ကို။ တစ်ထောင်ပိုတယ်ခင်ဗျ။ အစ်ကိုမှာတဲ့တိပ်ခွေက တစ်ခွေပဲရတယ်။ ဝိုင်ဝိုင်း အခွေက မထွက်သေးဘူးတဲ့။ အဆိုတော် စုပေါင်းစပ်ပေါင်းအခွေပဲရတယ်"

"အေး ... အေး ... ရပါတယ်။ အဲဒီတစ်ထောင် ညီလေး မုန့်ဖိုးယူလိုက်ကွာ ... ဟုတ်ပြီလား"

"ဟား ... ဟုတ်ကဲ့ ... ဟုတ်ကဲ့။ ကျေးဇူးပဲ အစ်ကို"

"အေး ... ကျေးဇူးတင်ရင် ထမင်းဟင်းလေးတော့ အမြန်ချပေးပါကွာ။ ဒီမှာ ဗိုက်အရမ်းဆာနေပြီ။ ပြီးရင် တစ်ရေးတစ်မော အိပ်ရဦးမှာ၊ သီချင်းလေးနဲ့ငြိမ့်ပြီး အိပ်မလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ရမယ် အစ်ကို၊ စိတ်ချ ... ခဏလေးပဲ"

ကောင်လေးက လှစ်ခနဲ ထွက်ခွာသွားချိန်၌ သူက အိတ်ကိုဖွင့်ကာ တိပ်ခွေထုတ်ယူနေသော သောကြာ လှမ်းပြီးမေးလိုက်သည်။

"ဘာအခွေလဲကွ ဟော့ကောင်"

"ဩော် ... အဆိုတော်တွေ အစုံပါပဲကွာ။ ကောင်းမ ပုံပါပဲ။ ဟ ... အခွေကာဗာက ကောင်မလေးက မိုက် ချည်လားကွ။ ရေလည်လန်းတယ် ...

သူ ဘယ်သူ ... ငါ သိပါတယ်၊ ဟော့ကောင် ဘယ်သူလဲ"

သောကြာက ကက်ဆက်ခွေကို သူ့ဘက်ကမ်း သည်။ သူသည် ကက်ဆက်ခွေကာဗာအဖုံးက ကောင်မလေး မြင်သောအခါ ဘယ်သူဆိုတာ ချက်ချင်းသိသွားပါသည်။ သို့သေ သူမ ဘယ်သူဆိုတာ သောကြာကို မပြောပြနိုင်အားသေး။ ဆွဲဆော မှုရှိသော ကာဗာအဖုံးသည် သူ့ကို ရုတ်တရက် ညှို့ယူထားသ

ကာဗာဓာတ်ပုံက ခါးတစ်ပိုင်း ဖြတ်ရိုက်ထားသေ ဓာတ်ပုံဖြစ်ကာ အဝတ်အစားက အရမ်းထူးထူးဆန်းဆန်းကြီးလ မဟုတ်ပါ။ ဒါပေမဲ့ ရေစိုကာ အချောင်းလိုက်ကျနေသော ဆံ တွေနှင့် မျက်လုံးမည်းမည်းတွေသည် ဓာတ်ပုံတစ်ခုလုံး၏ အသ ဖြစ်သည်။ အကြည့်တွေက တော်တော်အသက်ဝင်ကာ အပြင် မျက်လုံးချင်း ဆုံကြည့်နေသည့်အတိုင်းပဲ ဖြစ်ပါသည်။

"ဟော့ကောင် ... အမယ်လေးကွာ၊ ကြည့်နေတာများ အပြ မှာ တွေ့နေတဲ့အတိုင်းပဲ"



"မဟုတ်ပါဘူးကွာ၊ ဖိုတိုဂျင်းနစ် ဖြစ်လွန်းလို့ပါ"

"မိုက်တယ်နော်၊ မင်း သိလား၊ ငါ နာမည်မေ့နေလို့"

"ခက်တဲ့နာမည် မဟုတ်ပါဘူးကွာ၊ မိုးချစ်သူတဲ့။ ချစ်သူ လို့ ခေါ်ကြတာများတယ်"

"ချစ်သူ ! ဟုတ်သားပဲ။ ဒီနာမည်ကို ငါ ဘာလို့မေ့နေတာ ပါလိမ့်၊ ဒီလောက် ခေါ်ချင်စရာကောင်းတဲ့ နာမည်လေးကို လှလွန်းလို့ မေ့သွားတာ ဖြစ်မယ် ...

သူ့မှာသာ ရည်းစားရှိရင်တော့ တော်တော်မနာလို ချင်စရာကောင်းတဲ့ နာမည်ဖြစ်မှာပဲ"

သူက ကက်ဆက်ခွေကာဗာကို လက်ညှိုးနှင့် ခေါက်ဒေါက် ခေါက်ရင်းမှ ...

"ဒီဓာတ်ပုံက ငါ့အစ်ကို ရိုက်တာကွ"

"ဟုတ်လား ... ဘယ်သူလဲ၊ ကိုလင်းလား"

"အေးပေါ့ ... ကိုလင်းပေါ့။ ကိုလင်းကပဲ တော်လို့လား၊ သူကပဲ တော်လို့လားတော့ မသိဘူး။ ပုံကတော့ ရေလည်မိ နေတယ်"

"မင်းတို့အမျိုးတွေထဲမှာ ကိုလင်းကလည်း တစ်မိပေါက် တစ်ယောက်ထွန်းသဲနော်၊ သူ တစ်ယောက်ပဲ အနုပညာ ဝါသနာ သွားပါနေတယ်။ ဒါပေမဲ့ ဖြစ်သွားတော့ တော် သေးတာပေါ့"

သူက ခေါင်းတစ်ချက် ဆတ်ပြရင်း သောကြာကို ဘာမှပြန်မပြောမိချေ။ လာချပေးနေပြီဖြစ်သော ထမင်း တွေကိုသာ စတင်စားလိုက်သည်။ ဓာတ်ပုံဆရာ လင်းသစ်

www.burmeseclassic.com

www.burmeseclassic.com



မှာ သူ့အစ်ကိုဝမ်းကွဲတစ်ယောက်ဖြစ်ကာ ဝန်ထမ်းအသိုက်အ
ဖြစ်သောသူတို့ထဲမှာတော့ ကိုလင်းက ဗီဇပိုးတစ်မျိုးပါလာသူ
ပြောရမည့်သူ ဖြစ်ပါသည်။

သီချင်းခွေတစ်ခွေ အသစ်ထွက်လျှင် ဦးဦးများမှာ
နားထောင်ရမှ စားဝင်အိပ်ပျော်သော သောကြာကတော့ ထ
ဆိုင်က ကက်ဆက်နှင့် တိပ်ခွေကိုပေးကာ ဖွင့်ခိုင်းလေပြီ။ ပ
ဆုံး စထွက်လာသော အချစ်စစ်ရှာဖွေသူ သီချင်းကို နားထော
ကာ သူ့ကို လှမ်းနောက်သည်။

"ဒီသီချင်းက မင်းကို စောင်းဆိုထားတာနဲ့ တူတယ်ကွ"

သူက ကြက်ရင်အုပ်ကို စိတ်မပါတပါဖြင့် ဖဲ့ရင်းမှ

"ငါက အချစ်စစ်ကို လိုက်ရှာနေတဲ့သူမှ မဟုတ်တာ"

"ဒါဖြင့်ရင် ဘာလဲ၊ အတုတွေကို လိုက်ရှာနေတဲ့သူလား"

သူက အဲဒီစကားကိုတော့ ပြန်မဖြေပဲ ထမင်း
ကြက်သားကိုပဲ အရသာခံကာ ဝါးနေလိုက်သည်။ သူ့ဒီဇိုင်း
သူများတွေနှင့်တော့ သိပ်မတူချေ။ စကားပြောချင်လျှင်လည်း
ပြောချင်တာတွေ ခပ်သွက်သွက် ပြောသလောက် မပြောချ
တော့ရင်လည်း ဟန်ဆောင်ပန်ဆောင်လေးတောင် မပြောတော
သည်မှာ သူ့စတိုင်လ်ပင်ဖြစ်သည်။ နှုတ်ခမ်းကို တင်းတင်း
ကာ တစ်ဖက်သားကို ခပ်တည်တည် ကြည့်တတ်သော ဒီစတိုင်
ကိုမှ မိုက်ပါသည်ဟုဆိုကာ ကြွေသောသူတွေကလည်း ရှိသေး
သည်။

"ဒါပေမဲ့ ငါ သိသလောက်တော့ အခု လက်ရှိမှာ မင်
ဘယ်သူနဲ့မှ ဖြစ်မနေဘူး မဟုတ်လား၊ ဘာလို့လဲ"



သူက သောကြာရဲ့စကားကို ခေါင်းတစ်ချက်ဆတ်
ိုက်သည်။ တစ်ခါတလေတော့လည်း အပျင်းပြေဟု ယူဆပြီး
သောကိစ္စများသည် ကြာလာသောအခါ အပျင်းကြီးစရာ
ကောင်းဆုံးကိစ္စတွေ ဖြစ်သွားတာလည်းရှိသည်။ သူသည် ရင်
အချစ်တစ်ခုမပါဘဲနှင့် ထားရသော ရည်းစားကိစ္စများအတွက်
ကောင်းလာသည်ဟု ယူဆလာရသော အချိန်တွေမှာ အဲဒါ
ကို စွန့်လွှတ်လိုက်ပါသည်။ တစ်ခါတလေတော့လည်း တစ်
ကျက်တည်းနေရသည့် အရသာလေးကလည်း ငြိမ်းချမ်းအေး
တတ်သည်။

"အေးဆေးပဲ နေချင်လို့ပါကွာ။ တစ်ခါတလေကျတော့
လည်း ဘာရည်းစားမှ မထားဘဲ တစ်ယောက်တည်းနေရတာ
ပိုကောင်းတယ်လို့ ခံစားမိလို့ပါ"

"ငါကတော့ ရှိတ်စပီးယားရဲ့ စကားတစ်ခွန်းကို လက်ခံ
တယ်ကွ"

"အင်း ... ပြောစမ်းပါဦး"

သူက ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်ရင်း
ဆောက်ပေးလိုက်လျှင် သောကြာက ပြောတော့မယ် ဟူသော
ခိုင်းဖြင့် အင်္ကျီလက်တွေ ဘာတွေကို တန်ပါပါ ပင့်တင်သည်။
တစ်ခါတလေတော့လည်း လောကမှာ ကိုယ်နှင့် နှလုံးသားချင်း
နီးကပ်သည့် သူငယ်ချင်းတစ်ယောက်ယောက်နှင့် စကားပြောနေ
ရတာဟာ အပျင်းပြေ ရည်းစားထားတာထက်တော့ သာလွန်
ားသည်ဟု ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"Love sought is good, but given unsought is better တဲ့"

"ဟုတ်ပါပြီ၊ အဓိပ္ပာယ်က ဘာတဲ့လဲ"

သော်ကြာက သူ့ကို ရစ်ပြီဟူသော မျက်လုံးမျိုးဖြင့် စောင်းကြည့်လာလျှင် သူက အသာရယ်မောကာ ...

"ဩော် ... တချို့စကားတွေက မြန်မာလိုပြောတာက ရင်ထဲကို ပိုရောက်သလိုပဲလေကွာ၊ မြန်မာလို နားနားညှည့်ညှည့် ပြောပြမှပေါ့"

သော်ကြာက သူ့ကို ပြုံးထေ့ထေ့ဖြင့် စိုက်ကြည့်ကာ ...

"အချစ် ဆိုတာကို ရှာဖွေဖော်ထုတ်ရတာဟာ ကောင်းပါတယ်တဲ့။ ဒါပေမဲ့ တမင်တကာ ရှာစရာမလိုဘဲ ရင်ထဲက အလိုအလျောက်ပေါ်လာပြီး ပေးတဲ့အချစ်က ပိုကောင်းတယ်တဲ့"

"ရွှားရင်းလာရင်းတွေ့တဲ့ အချစ်က ကောင်းတယ်ပေါ့"

"ဒါပေါ့ ...။ Love is Accident ဆိုတဲ့ စကားတောင်ရှိသေးတာပဲ။ အချစ်ဆိုတာ မတော်တဆ ဖြစ်လာတာ"

သူက မေးစေ့ကို လက်နှင့်ပွတ်ရင်းမှ ...

"ဖြစ်နိုင်ပါတယ်။ တကယ့် ဟဲဗီးအသည်းကွဲသမားတွေဟာ သူတို့ရဲ့အချစ်ကို ထင်မှတ်မထားစွာနဲ့ပဲ တွေ့ခဲ့ကြတာ။ တမင်ဖန်တီးထားတာ မဟုတ်တဲ့ ကိစ္စတွေဟာ ပျောက်ပျက်သွားဖို့လည်း ခက်ခဲတတ်ကြတယ်"



သော်ကြာက သူ့ကို ဓာတ်လမ်းဟောင်းကြီး စလာပြီဟူသော အကြည့်မျိုးဖြင့်ကြည့်ကာ ...

"ငါ မင်းကို စစ်မှန်တဲ့အချစ်နဲ့ ထပ်တွေ့စေချင်တယ်ကွာ"

"Why ? "

"ဘာကြောင့်လဲ ဆိုတာတော့ ရေရေရာရာ ပြောမပြတတ်ဘူး။ ဒါပေမဲ့ မင်းကို အချစ်နဲ့ပတ်သက်ပြီး ပျော်ရွှင်စေချင်တယ်။ အချစ်နဲ့ပတ်သက်ပြီး ကြည်နူးစရာကောင်းတာတွေကို ခံစားစေချင်တယ်။ အထူးသဖြင့် မင်းကို နှလုံးသားစစ်စစ်နဲ့ ချစ်တဲ့သူတစ်ယောက်ကို တွေ့စေချင်ပါတယ်"

သူက သော်ကြာရဲ့စကားကို ပြုံးရုံသာပြုံးပြီး ဘာမှ ပြန်မပြောဖြစ်ခဲ့ချေ။ စားပွဲပေါ်သို့ အမှတ်မထင် ငုံ့ကြည့်မိသောအခါ သူ့ကို ခပ်တည်တည်စိုက်ကြည့်နေသည့် မိုးချစ်သူကို ပြောင်းလဲဖွယ်ရာ တွေ့မြင်လိုက်ရလေသည်။ သူသည် အဲဒီတစ်ယောက်ကို အတန်ကြာစိုက်ကြည့်နေမိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com




"Stay in the moment !
Happiness can only exist in the present ...
In the haer and the now of your life."

Patrick Èhiteside

လက်ရှိကာလမှာ နေပါ။
ပျော်ရွှင်ခြင်း ဆိုတာ ပစ္စုပ္ပန်အချိန်မှာ တည်ရှိနိုင်ပါတယ်။
သင့်ဘဝရဲ့ လက်ရှိနေရာ လက်ရှိအချိန်မှာသာ ပျော်ရွှင်မှု ရှိနေပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



၁

သူက အခန်းတံခါးကို နှစ်ချက် သုံးချက်ခန့် ခေါက်လိုက်လျှင် အခန်းထဲမှ "ဝင်ခဲ့ဟေ့"ဟူသော အသံတစ်သံက ထွက်ပေါ်လို့လာသည်။ အခန်းထဲသို့ တွန်းဖွင့်ဝင်လိုက်လျှင်တော့ ကွန်ပျူတာရှေ့မှာ ဆောင့်ကြောင့်ထိုင်နေသည့် ကိုလင်းက လှည့်ကြည့်ကာ သူ့ကိုမြင်တော့ အံ့သြသွားသောပုံစံဖြင့် ...

"ဟာ ... ငါ့ကောင်ကြီး။ ဘယ်ကနေ ဘယ်လိုမျက်စိလည်ပြီး ရောက်လာတာလဲကွ"

သူက သူ့စတိုင်လ်အတိုင်း ခပ်ပြုံးပြုံးပဲ လျှောက်ဝင်လာကာ ကိုလင်းရဲ့ကွန်ပျူတာနောက်က ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်သည်။ ကိုလင်းက ကွန်ပျူတာကို ဆော့ဖ်လုပ်ထားရင်း သူ့ရှိရာသို့ ထလာသည်။ သူ့ပခုံးတစ်ဖက်ကို မနာကျင်အောင် လက်သီးဖြင့် ခပ်ဖွဖွလှမ်းထိုးရင်း ...

"ပျောက်တယ်ကွာ။ ကဲ ... ပြောစမ်းပါဦး။ တစ်ညအိပ်လား နေ့ချင်းပြန်လား"

"ဆယ်ညအိပ်ခရီး ထွက်လာတာ"



"ဟာ ... တယ်ဟုတ်ပါလား၊ ခွင့်တွေ အဲဒီလောက်တောင် ရတယ်ပေါ့"

"ရှေးရှေးက ခွင့်မယူခဲ့တဲ့ အကျိုးကျေးဇူးတွေပေါ့ဗျာ"

"ဟုတ်ပါပြီ၊ ရန်ကုန်ကို ဘယ်တုန်းက ရောက်သလဲ"

"ဒီနေ့မနက်ပဲ"

"ဘယ်သူတွေဆီ အခစားဝင်ပြီးပြီလဲ"

အဲဒီမေးခွန်းကိုတော့ ကိုလင်းက သူ့နားအနားသို့ကပ်ပြီး တိုးတိုးလေး မေးတာဖြစ်သည်။ သူက ပခုံးတွန့်ကာ ဘက်ခနဲ တစ်ချက်ရယ်မိသည်။ သူ့ရဲ့နှလုံးသားရေးရာအကြောင်း ကောင်မလေးတွေအကြောင်းကို က,ကြီးကနေ အ,အထိ သိသူတွေထဲတွင် သူ့ရဲ့အစ်ကိုတစ်ဝမ်းတည်းသာကွဲသော ကိုလင်းသည်လည်း အပါအဝင်ပဲဖြစ်သည်။

"အခု ပထမဆုံးသော အခစား ဝင်တာတော့ ခင်ဗျားဆီပဲ"

သူ့စကားကိုကြားလျှင် ကိုလင်းက ပေါင်တစ်ဖက်ကို ဖြန်းခနဲပုတ်ကာ

"ဟား ... ကြွေတယ်ကွာ။ ဒီတော့ မင်းရဲ့အချစ်ဆုံးက ငါပေါ့။ အားပါး ... မခံယူဝံ့ပါဗျာ။ အသည်းလေးတွေရော ဘယ်ရောက်ကုန်ပြီတုံး"

"အသည်းလေးတွေရော အသည်းကြီးတွေရော ဘာမှမရှိတော့ဘူး။ အေးဆေးပဲ။ only one "

"ဩော် ... ဩော် ... ကြားရတာ အ,မင်္ဂလာသတင်းကြီးပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကလည်းဗျာ၊ ဘယ်လိုပြောလိုက်တာလဲ၊ ကြားရတာ မင်္ဂလာသတင်း လုပ်စမ်းပါ"

"သြော် ... ဒီအရွယ်မှာ ကြင်ဖော်မရ ဖြစ်နေတာ အ,မင်္ဂလာသတင်းပေါ့ကွာ။ နှလုံးသားက အရမ်း run ထားရလို့ ပင်ပန်းနေတာနဲ့ နားထားတယ် ပြောပါ ...

ကဲကွာ ... အဲဒါက အရေးမကြီးပါဘူး၊ မင်းရောက်လာပြီဆိုတော့ ဝိုင်းလေးတွေ ဘာတွေ ဖွဲ့ရမှာပေါ့။ ကဲ ပြော ... စစ်ဗိုလ်လုပ်မှာလား၊ ဆရာဝန်လုပ်မှာလား"

ကိုလင်းက သူတို့ချင်းသာသိသော အထာစကားဖြင့် မေးလိုက်လျှင် သူက သဘောတကျနှင့် တဟားဟားတောင် အော်ရယ်မိလေသည်။ ရယ်ရင်းမှနေ၍ သူ့မျက်လုံးကွေက ကွန်ပျူတာပေါ်မှာ ပေါ်နေသော တစ်စုံတစ်ယောက်ရဲ့မျက်နှာကို ပြေးမြင်သည်။

တစ်ကိုယ်လုံး ရေတွေစိုရွှဲကာ လှချင်တိုင်း လှနေသည့် မိန်းကလေးသည် ကွန်ပျူတာထဲမှနေ၍ သူ့ကို ခပ်မြူးမြူးလှမ်းကြည့်လို့နေသည်။ ဘယ်လိုလဲ၊ ဒီတစ်ယောက်ရဲ့မျက်ဝန်းတွေဟာ ဓာတ်ပုံထဲ၊ တီဗီထဲမှာတောင် ဒီလောက် အသက်ဝင်နေရသလား။

သူက အာရုံပြောင်းသွားကာ ကွန်ပျူတာကို မေးတစ်ချက်ဆတ်ပြရင်း ...

"ဒါ ကိုလင်း ရိုက်ထားတဲ့ ဓာတ်ပုံလား"

"အေးပေါ့ကွ၊ ဗိုတိုရှော့ပ် လုပ်နေတာ"

"လိုလို့လား။ သူက လှပြီးသားပဲဟာ"



ကိုလင်းက သူ့ကိုကြည့်ကာ ပြုံးစိစိ လုပ်သည်။ သူသည် ကိုလင်း လုပ်ပုံကို သဘောကျစွာဖြင့် ရင်ထဲမှာတောင် ခပ်မြူးမြူး ဖြစ်လာသည်။

"ဘာလဲ ... မင်း စိတ်ဝင်စားလို့လား"

သူက မဖြေမိဘဲ အသာပြုံးနေကာ ကွန်ပျူတာထဲမှ သူမကိုပဲ ငေးစိုက်ကြည့်နေမိသည်။ ကိုလင်းက ထိုင်ရာမှထ,သွားကာ ကွန်ပျူတာခလုတ်ကို ပြန်ကစားလိုက်သည်။ လှပသေသပ်စွာ ရိုက်ကူးထားသော မိုးချစ်သူရဲ့ဓာတ်ပုံတွေက တစ်ပုံချင်းစီ အလှည့်ကျ ထွက်ပေါ်လို့လာသည်။

"ဟိုး ... အဲဒီပုံကို ရပ်ထား၊ အဲဒီပုံကို ကြိုက်တယ်။ မိုက်တယ်၊ ဒါ ဘာအတွက် ရိုက်တာလဲ"

"ဖွန်လမှာထွက်မယ့် မဂ္ဂဇင်းတစ်ခုအတွက် မျက်နှာဖုံးရိုက်ပေးထားတာ မင်းက ဘယ်ဆိုးလို့လဲ။ အနုပညာမျက်စိတော့ ရှိသားပဲ။ ငါလည်း ဒီပုံကိုပဲ ကာဗာသုံးဖို့ ပြောမလို့"

"အနုပညာကို သိပ်နားလည်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီပုံက ရင်ထဲကို ရောက်လို့"

"အလို ... တယ်မိုက်ပါလား။ ချစ်သူကိုတော့ အားပေးတဲ့သူတစ်ယောက် တိုးလာပြန်ပြီပေါ့"

"ချစ်သူ ... ချစ်သူ ... ချစ်သူ"

သူက အဲဒီနာမည်လေးကို တိုးဖွဖွလေး ရေရွတ်ကာ ကွန်ပျူတာပေါ်မှ သူမရဲ့ပုံလေးကို တစိမ့်စိမ့်ငေးစိုက်ကာကြည့်မိသည်။ ဒီဓာတ်ပုံကတော့ ခါးတစ်ဝက်မှ ဖြတ်ရိုက်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံဖြစ်ကာ ပုံထဲမှ ချစ်သူသည် ခုံတန်းလျားတစ်ခုကို ခပ်လျော့လျော့မှီထိုင်ကာ ဒူးတစ်ဖက်ကို ထောင်ကာထားသည်။ ဒီဇိုင်းကား လုံးဝ free style အလွှင့်ဒီဇိုင်းဖြစ်ကာ ကင်မရာကို မေးပင့်ပြီး ရယ်ပြနေပုံသည် သဘောကောင်းမှန်း သိသာစေသည်။

အဝတ်အစားက ဘာမှ အဆန်းတကြယ်ကြီး မဟုတ်သော်လည်း သူမက အဲဒီလိုပဲ ရိုးရိုးရှင်းရှင်းနှင့် လှအောင်ဝတ်တတ်တာကို သူက သတိထားမိလေသည်။ ရှပ်အင်္ကျီအဖြူကို တံတောင်ဆစ်အထိ လက်ခေါက်ဝတ်ထားကာ ခါးမှာလည်းစုချည်ထားသေးသည်။ အပြာရောင်ဖျော့ဖျော့ ဂျင်း(န်)ပန်အတိုအကျပ်နှင့် ချစ်သူ၏ Body structure သည် ဘယ်ဘက်ကကြည့်ကြည့် အဆင်ပြေနေသော မှန်တန်း Body လေးဖြစ်သည်။

"ဘယ်လိုလဲ၊ စိတ်ဝင်စားသွားပြီလား။ မိတ်ဆက်ချင်လား ပြော"

"ကိုလင်းနဲ့ ခင်လို့လား"

"ခင်ရုံတင် ဘယ်ကမလဲ။ ချစ်ကိုချစ်တာ"

"ဟာဗျာ"

သူ့ရဲ့အပြောကို ကိုလင်းက တဟားဟား ထရယ်လေသည်။ သူက ကွန်ပျူတာပေါ်မှ သူမရဲ့ပုံလေးကို တစ်ချက်ပြန်ငေးကြည့်မိသည်။ သူသည် ရုပ်ရှင်မင်းသမီးတွေ မော်ဒယ်လ်တွေကို ဘယ်သူ့ကိုကြိုက်သည်၊ ဘယ်ဝါ့ကိုကြိုက်သည်နှင့် သိပ်စွဲစွဲလမ်းလမ်း မရှိလှပါ။ တချို့ဆို သိတောင်မသိ သတိမထားမိတာတွေလည်းရှိသည်။ ဒီချစ်သူဆိုသော တစ်ယောက်ကိုတော့ သူ ဘာကြောင့် စိတ်ဝင်စားမိသလဲတော့ မပြောတတ်ချေ။



ပြီးတော့ သူမကို မော်ဒယ်လ်တစ်ယောက်အဖြစ် စိတ်ဝင်စားတာထက် သာမန်မိန်းကလေးတစ်ယောက်လို စိတ်ဝင်စားသွားခဲ့တာ ဖြစ်ပါသည်။

"ချစ်သူနဲ့ ငါနဲ့က မောင်နှမလို တူဝရီးလို ဖြစ်နေတာကို ပြောတာပါကွာ၊ သူက တော်တော်ခင်ဖို့ကောင်းတယ်ကွ။ မျက်နှာက အရမ်း sweet ဖြစ်တယ်။ ပွင့်လင်းတယ်။ ဘာဟန်ဆောင်မှုမှ မရှိဘူး ...

သူ မော်ဒယ်လ် စလုပ်တည်းက ငါနဲ့ ဓာတ်ပုံရိုက်လာတာဆိုတော့ ငါကလည်း သူ့ပုံစံလေး ရိုးသားတာကို သဘောကျတာနဲ့ ခင်ခင်မင်မင် ဆက်ဆံဖြစ်တာ"

"သူက ဗီဒီယိုတွေ ဘာတွေရော ရိုက်နေပြီလား"

"ဗီဒီယိုတော့ မရိုက်ဘူးကွ။ ကြော်ငြာနဲ့ ဗီစီဒီလောက်ပဲ။ ဓာတ်ပုံရိုက်တယ်၊ show လျှောက်တယ်၊ ဒီခေတ်ရဲ့ထုံးစံအတိုင်း သီချင်းလေး ဘာလေး ဟဲတယ်။ ဒီလောက်ပါပဲ"

"သီချင်းတောင် ဟဲတတ်တယ်ပေါ့၊ ဘယ်ဆိုးလို့လဲ။ ဒါနဲ့ သူက ဘာလို့ မင်းသမီးလုပ်ဖို့ စိတ်မဝင်စားရတာလဲ၊ ကမ်းလှမ်းတဲ့လူ မရှိလို့လား"

"မရှိပဲ နေမလားကွာ။ မင်းသမီးလည်း လုပ်ရင်ဖြစ်မယ့်သူပါ။ ဒါပေမဲ့ သူကလည်း လူတစ်မျိုးကွ၊ ဘယ်လိုကောင်မလေးမှန်း မသိပါဘူး ...

အောင်မြင်တာတွေ နာမည်ကြီးတာတွေ သိပ်လည်း စဉ်းစားနေတာမျိုး မရှိဘူး။ သူ လုပ်စရာရှိတဲ့အလုပ်ကို အကောင်းဆုံးနဲ့ ပျော်ပျော်ရွှင်ရွှင် လုပ်နေတာပဲ။ ဒါကကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ပိုနာမည်ကြီးလာစေတာပဲလားတော့ မပြောတတ်တော့ဘူး ...

နေပါဦး၊ မင်းက အမှန်အကန်ကို ငြိနေတာလား။ တကယ် မိတ်ဆက်ပေးရမှာလား၊ အဲဒါဆိုရင်တော့ ညနေရောက်ရင် သူ ဒီကိုရောက်လာဖို့ ရှိတယ်နော်။ သူ့ဓာတ်ပုံတွေကို စီဒီခုတ်ပေးထားတာကို ဝင်ယူမှာ"

"ဝင်ယူပစေလေ၊ ပိုကောင်းတာပေါ့"

ကိုလင်းက သူ့ရဲ့ခပ်ထေ့ထေ့အပြုံးကို ပြုံးပြုံးပြီပြီ ဝေ့ဝဲကြည့်ကာ ...

"ဘာလဲ ... တကယ်ကြီးလား"

"ကိုလင်းရာ အဲဒါတွေ မေးမနေစမ်းပါနဲ့"

"ဟာ ... မေးရတာပေါ့ကွ။ တော်ကြာ မျက်နှာပျက်စရာတွေ ဖြစ်ကုန်မှာစိုးလို့ပေါ့။ မင်းက ငါ့ညီဝမ်းကွဲ၊ သူက ငါ့ရဲ့လုပ်ဖော်ကိုင်ဖက်ဆိုလည်းဟုတ်၊ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေဆိုရင်လည်း ဟုတ်တယ်။ သူ့အမေနဲ့ ငါနဲ့ဆိုရင်လည်း ခင်နေတာ ...

ပြီးတော့ ချစ်သူက လုံးဝအဖြူထည်နော် မင်း။ ဘာအကန့်မှ ရှိတဲ့သူ မဟုတ်ဘူး။ သူ့ဟာသူ အေးဆေးနေတာ။ လုံးဝ happy type ။ သူ့အမေကဆို ဘာပြောလဲ ချစ်သူဆိုတဲ့ ကလေးမက မိန်းမလူရွှင်တော် ရှိရင်တောင် ဝင်လုပ်မယ့်သဘော ရှိတယ်တဲ့။ သူ့သူငယ်ချင်း အင်ခန့်ဆိုတာနဲ့များ နှစ်ယောက်ပေါင်း တွေ့လိုက်ရင်တော့ ပါးစပ်ကို မပိတ်ရတော့ဘူးမှတ် ...



မော်ဒယ်လ်သာ မလုပ်ခဲ့ရင် ချစ်သူဟာ ဒီထက်ပေါ်တောတောလုပ်ဖို့ အကြောင်းရှိတယ်"

"ကြားရတာတွေကတော့ စိတ်ဝင်စားစရာလေးတွေချည်းပါပဲ။ တခြားမိန်းကလေးတွေအကြောင်း ကြားရသလို မျက်နှာများတာ၊ မာနကြီးတာ၊ ဆရာမကြီးဖြစ်တာ၊ ဒါမျိုးတွေ မဟုတ်ဘဲ သူက ပြောင်စပ်စပ်နေတတ်တာ ဟုတ်လား ...

ဓာတ်ပုံတွေထဲမှာ ပို့စ်တွေ အပျံစား အလန်စားပေးတတ်တဲ့ ကောင်မလေးကလေ"

"ဟုတ်ပါ့။ မသိရင်တော့ အရမ်း ရင်ခုန်ချင်စရာကောင်းတဲ့ ဒီဇိုင်းနဲ့ အပြင်မှာတွေ့သွားရင်တော့ တော်ရုံတန်ရုံဘဲဟာ၊ သူ့ကို လိုက်လို့ကို မမီတော့ဘူး။ တကယ့် jolly type ပဲ"

သူက ခေါင်းတဆတ်ဆတ်ညိတ်ကာ သူမကို ငေးကြည့်နေမိသည်။ ဟုတ်လား ချစ်သူ။ မင်းက အဲဒီလိုမိန်းကလေးမျိုးလား။

"သူ့မှာ ပိုင်ရှင်ရှိလား"

သူက အရေးအကြီးဆုံးနှင့် အဓိကအကျဆုံး အချက်တစ်ချက်ကို မေးလိုက်သည်။ ယောက်ျားလေးတစ်ယောက်အဖို့ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်တစားနှင့် ချဉ်းကပ်တော့မည်ဆိုလျှင် ဒီအချက်ကိုတော့ ခေတ်အဆက်ဆက်က ယောက်ျားတိုင်း စဉ်းစားထည့်ထွက်ခဲ့ကြသည်။

"ဇော်ဝင်းရှိန်သီချင်းကို မင်း ဆိုလို့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက အဲဒီလောက်ထိ မဝေးပါ။ သူ့နားထဲတွင် ဇော်ဝင်းရှိန် ဆိုထားသော ပိုင်ရှင်သီချင်းလေးက ချက်ချင်းလွင့်ပျံ့လာသည်ဟု ထင်ရသည်။

ပိုင်ရှင်မရှိသေးတဲ့ အချစ်လေးရယ် ... ပိုင်ရှင် တို့ဖြစ်လိုက်ချင်ပါတယ် ...။

သူက နှုတ်ခမ်းတွန့်ရုံ ပြုံးကာ ...

"ပိုင်ရှင်မရှိသေးတဲ့ ချစ်သူပေါ့ ဟုတ်လား။ သူကချော တာပဲ၊ ဘာလို့ ပိုင်ရှင်မရှိသေးတာလဲ။ ဒီအရွယ်ရောက်မှ အမြီးမပေါက်သေးဘူး ဆိုတာတော့ ဟုတ်ပါ့မလား ...

ကိုလင်း မသိသေးတာလည်း ဖြစ်နေပါဦးမယ်"

သူက အစ်အောက်သည့်သဘောဖြင့် မေးလိုက်လျှင် ကိုလင်းက ငါ သိပါတယ်ဟူသော အပြုံးမျိုးဖြင့် သူ့ကိုကြည့်သည်။ သူကလည်း အဲဒီ မချိုမချဉ်အကြည့်ကြီးကို ပြောင်စပ်စပ် အမူအရာနဲ့ပဲ ခံယူလိုက်ပါသည်။

"တို့လောကမှာ ဘာကိုမှ ကြာကြာဖုံးထားလို့ မရဘူးကွ။ အားလုံးက အတွင်းသိ အစင်းသိတွေချည်းပဲ။ ရည်းစားရှိတဲ့ကိစ္စကတော့ မင်း ဘာမှ မသိစရာအကြောင်းကို မရှိဘူး ...

ရည်းစားမပြောနဲ့ အိစီကလီ လုပ်နေရင်တောင် ဘယ်သူနဲ့ အိစီကလီပါဆိုပြီး သိကြတယ်။ တို့လောက,က ကျဉ်းကျဉ်းလေးပါကွာ"

"ဒါဆို အဲဒီချစ်သူက အိစီကလီလေးတောင် မရှိဘူးပေါ့"



ဒီတစ်ခါတော့ ကိုလင်းက သူ့ကို မျက်လုံးပြူးကြီးနှင့် ကြည့်လာကာ ...

"ဟေ့ကောင် ... အဲဒါကြီးကတော့ မင်း လွန်ပြီကွာ။ မင်းတောင် မဒီနဲ့ ပြတ်သွားပြီး နောက်ထပ် ဘယ်နှယောက် ပေါင်းများစွာ ထပ်ထားခဲ့လဲ ...

အဲဒီလောက်ထိ အတ္တမကြီးစမ်းပါနဲ့ကွာ"

သူက ကိုလင်းရဲ့စကားကြောင့် ရင်ထဲမှာ ဆစ်ခနဲ ဖြစ်သွားသော်လည်း ဘာမှမဖြစ်သလို အသာငြိမ်နေလိုက်ရသည်။ ဒီကို လူချင်းပြန်တွေ့ဖို့ မပြောထားနှင့် နာမည်ကြားတာတောင် သူ့ရင်မှာ နာကျင်ပွန်းရှသွားလေ့ရှိပါသည်။ ဒါဟာ ချစ်နေသော စိတ်အခံသက်သက်ကြောင့် မဟုတ်ဘဲ နှလုံးသားမှာ နာကျင်ခဲ့ရသော အနာဟောင်းမှ သွားထိလိုက်လျှင် နာလာတတ်သော သဘောသဘာဝကြောင့်သာပဲ ဖြစ်ပါသည်။

"ခင်ဗျားက ခင်ဗျားကောင်မလေးဘက်က cover လုပ်ပေးနေတာလား"

"ဘယ်သူ့ဘက်ကမှ cover လုပ်မပေးဘူး။ အဲဒီကိစ္စတွေ ငါ ဝါသနာမပါတာလည်း မင်း အသိပဲ။ ဇယားရှင်းအောင်နေတယ် ...

အမှန်အကန်ပဲ။ ဒါနဲ့ နေပါဦး၊ မင်းက အခုလက်ရှိတွဲစရာ ဘာမှမရှိလို့ ချစ်သူကို ချိန်နေတာလား"

"ဟေ့လူ ... အဲဒီလိုတွေတော့ မပြောနဲ့ဗျာ။ အဲဒီလောက်ကြီး နိမ့်မတွေးနဲ့၊ သူ့ရဲ့ရုပ်မှာ စက္ကူအာရုံ ပစ်ကျသွားတာ တစ်ခုပဲ ...

www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေးပဲ၊ ခင်ဗျားက ဘာတွေလျှောက်တွေးနေမှန်းမှ မသိတာ"

"တွေးရတယ်ကွ။ မင်းကိုရော အန်တီဝင်းက မိန်းမယူဖို့ မပြောသေးဘူးလား၊ မင်းအစ်မတွေကရော ယောက်မရှာမပေးတော့ဘူးလား"

နေရင်း ထိုင်ရင်း စကားလွှဲသွားသော ကိုလင်းကို သူက မျက်စောင်းတစ်ချက် ပိတ်ထိုးပစ်လိုက်သည်။ သူတို့မောင်နှမလေးယောက်မှာ သူ့အထက်သုံးယောက်လုံး အိမ်ထောင်ကျကာ အားလုံး အခြေတကျ တည်ငြိမ်သွားပြီ ဖြစ်သော်လည်း အသည်းတွေ ပိုးစိုးပက်စက်ကွဲကာ တည်ငြိမ်တဲ့ဘဝကို မရောက်နိုင်သေးသည့် သူ့ကို မေမေက အမြဲစိတ်ပူကာ ရတက်မအေးနိုင်ဖြစ်နေတာလည်း အမှန်ပင်။ သူ့အသက်ဟာလည်း နှစ်ဆယ့်ခုနစ်နှစ် အရွယ်ထဲသို့ ရောက်ရှိနေကာ အသက်အရွယ်နှင့် ကိုက်ညီသော လက်ထောက်အင်ဂျင်နီယာ ဟူသော ရာထူးနှင့်အတူ အိမ်သူသက်ထားလေးနှင့် အခြေကျ တည်ငြိမ်နေသောဘဝကို ရောက်ရှိစေဖို့ သူ့မိဘတွေရော သူတို့အသိုင်းဝန်းတစ်ခုလုံးကပါ မျှော်လင့်နေကြတာဖြစ်သည်။

မဒီနှင့် ဖြစ်နေတုန်းကလည်း အသိုင်းအဝန်းတစ်ခုလုံး သိခဲ့သလို မဒီနဲ့ ပြတ်သွားပြီးသည့် နောက်ပိုင်းမှာလည်း ဘယ်သူ့ကိုမှ အတည်တကျ မဟုတ်တော့ဘဲ လေလွင့်နလုံးသားဖြင့် မျောနေတာကိုလည်း သူ့မိသားစုက ဘဝင်မကျကြချေ။

ငြိမ်သက်နေသော သူ့ကို ကိုလင်းက တစ်ချက် အကဲခတ်သလိုကြည့်ကာ ...



"ကဲ ... မင်း တကယ်ပဲ ချစ်သူနဲ့ တွေ့မယ်ပေါ့။ တွေ့ကြည့်ပါ။ ခင်ဖို့ကောင်းပါတယ်။ သူငယ်ချင်း ဖြစ်သွားတော့လည်း ဝွတ်ဒ်တာပေါ့ ...

သူများတွေ တမင်တောင် လိုက်မိတ်ဆက်နေရတာ"

"သူက ဘယ်အချိန် လာမှာလဲ"

ကိုလင်းက နာရီကို တစ်ချက်လှမ်းကြည့်ကာ ...

"ညနေ ငါးနာရီလောက် ဝင်လာမယ်နဲ့တူတယ်။ အခု သုံးနာရီဆိုတော့ သိပ်တော့ မစောင့်ရတော့ပါဘူး ...

မင်းနဲ့ ငါ စကားပြောရင်းနဲ့ ငါးနာရီထိုးသွားမှာပဲ၊ သူရောက်လာမှပဲ အပြင်မှာ မုန့်တစ်ခုခု သွားစားကြမယ် မကောင်းဘူးလား"

"ကောင်းတာပေါ့"

ကိုလင်းက သူ့ရဲ့ပြုံးစစ အပြောကို အံတစ်ချက် ကြိတ်ပြသည်။ အဲဒီနောက်မှာတော့ သူနဲ့စကားပြောရင်းဆိုရင်းမှ သူ့ရဲ့ဓာတ်ပုံတွေကို ပြင်စရာရှိတာ ပြင်သည်။ ပြောစရာရှိတာ ပြောဖြစ်သည်။ သူသည် သူမရဲ့ပုံလေးတွေကို ငေးမောကြည့်ရှုကာ လိုအပ်တာတွေကို ဘေးကနေ၍ ဝင်တောင်ပြောပြဖြစ်သည်။ ကြည့်ရင်း ကြည့်ရင်းမှ ချစ်သူသည် သူ့စိတ်ထဲတွင် ရင်းလာသလို ခံစားလာရပါသည်။

အပြစ်ကင်းစင်သလို ခံစားရသော ဓာတ်ပုံများကို ကြည့်ကာ အဲဒီဓာတ်ပုံတွေကို သူ့ရဲ့ Lap top ထဲသို့ လွှဲပြောင်းသိမ်းဆည်းထားချင်လာပါသည်။

"ကိုလင်း ဒီဓာတ်ပုံတွေကို ကျွန်တော် လိုချင်တယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုလင်းက သူ့ကို မျက်လုံးပြူးကြီးဖြင့် လှည့်ကြ
ကာ ...

"ဟော့ကောင် ... ဖြောက်မဖောက်နဲ့နော်၊ အဲဒီလို လုပ်
မရဘူး။ နဂိုကမှ ဓာတ်ပုံကိစ္စတွေက ပြဿနာတက်နေ
တဲ့ ကြားထဲ"

သူက ကိုလင်းရဲ့ လက်မောင်းတစ်ဖက်ကို အားကို
တကြီး ဆုပ်ကိုင်သည့် ပုံစံဖြင့် အထာပိုပြလိုက်လျှင် ကိုလင်း
ရှုံ့ရှုံ့မဲ့မဲ့ ပုတ်ချသည်။

"လုပ်ပါဗျာ ကိုလင်းကလည်း"

"ဟာ ... ဟော့ကောင်ရ၊ အပြင်မှာ သူ့ဝေါလ်ရှိထ
ပြက္ခဒိန်တွေ တစ်ပုံကြီး၊ ဝယ်ကပ်ထားပေါ့ကွ"

"အာ ... ဘာလုပ်ရမှာလဲ၊ ဒိတ်အောက်နေတဲ့ အတွေ
အခေါ်ကြီးနဲ့၊ အခန်းထဲမှာ ကပ်ထားတာ လူမြင်တာပေါ့
ကျွန်တော် Lap top ထဲမှာ ထည့်ထားချင်တာပါ ဆိုနေ
ဗျာ ...

ဘာပြဿနာမှ မရှိစေရဘူး။ ပုံတွေကလည်း
ဘာဆန်းကြယ်တဲ့ ပုံတွေမို့လို့လဲ။ အင်တာနက် တင်
လောက်တဲ့ ပုံတွေလည်း မဟုတ်ပါဘူး။ ပြီးတော့လည်း
မဂ္ဂဇင်းကာဗာထွက်လာမယ့် ပုံတွေပါ။ ပေးပါဗျာ သိမ်း
ထားချင်လို့ပါ"

ရည်းစားရဲ့ ဓာတ်ပုံကိုတောင် မတောင်းတတ်သူ၊
ရည်းစားက ပေးလာလျှင်တောင်မှ ဓာတ်ပုံတွေကို ဂရုတစိုက်
မသိမ်းတတ်သူ၊ ဓာတ်ပုံပေးခြင်း အလေ့အထတွေကို အပိုအလုပ်



အတည်
...ဟု သတ်မှတ်ထားသူ၊ သူ့အကြောင်းကို သိထားလေ ...တော့
...င်းက နည်းနည်းတော့ တွေသွားကာ သူ့ကိုအကဲခတ် ...ချက်
...ကြည့်နေသည်။ အဲဒီအချိန်မှာပဲ ကိုလင်းရဲ့အခန်းတံခါးကို ခေါက် ...ါ။
...တစ်ယောက်က ဖျတ်ခနဲ လာဖွင့်ကာ ... ခဆန်း

"ကိုလင်း အပြင်မှာ ချစ်သူ ရောက်နေတယ်"

သူ့အာရုံတွေက ဆတ်ခနဲ ဖြစ်သွားသလို ...ါင်လို့ ခေါ်
...သည်း သူ့ကို အခိပ္ပာယ်ပါပါ ပြုံးကြည့်သည်။ ... နေရာမှာ
...ဟာကိုပိတ်ကာ စီဒီတစ်ချပ်ကို လှမ်းယူရင်း ...

"သွားမယ် ဟော့ကောင်။ ရောက်နေပြီတဲ့ ဘ... ...းတစ်ခုဖြင့်
ခေါင်းလေး ဘာလေး ဖြီးဦးမှာလား" ...ပိုပ် အပြင်

"အဲဒီလောက် မလိုသေးပါဘူးဗျာ" စိုက်ကြည့်

ကိုလင်းက သူ့ကို ပြောတတ်တယ် ဟူသေ... ...န်ပန်းတုန်
...ဖြင့် နှုတ်ခမ်းကြီး မဲ့ပြသည်။ သူတို့နှစ်ယောက်သည် နှုတ်ခမ်း
...မှ အပြင်သို့ထွက်လာလျှင် အပြင်ဘက်ဧည့်ခန်းမှာ ထိုင်နေ
...ချစ်သူကို ပထမဆုံးအကြိမ်အဖြစ် အပြင်မှာ တွေ့ဖူးလိုက်ပါ ...သူက
...ကို တွေ့တွေ့ချင်း၌ သူ့ရင်ထဲတွင် တစ်မျိုးဖြစ်သွားဟာ...
...တော့ မှတ်မှတ်ရရ သတိထားမိလိုက်သည်။ အဲဒါဟာ ဘာရဲ့ ...ဘင်
...ကိုတော့ ဆန်းစစ်ဖို့ အချိန်မရသေးပါ။

ချစ်သူသည် ဧည့်ခန်းထဲမှ ဆိုဖာပေါ်တွင် ခပ်လျော့
...နှင့် ခြေချိတ်ထိုင်နေကာ လက်နှစ်ဖက်ကို ပိုက်ကာထား
...သည်။ ကိုလင်း ဝင်လာတာမြင်လျှင် "ဟိုင်း"ဟူ၍ လက်တစ်
...ကောင်ပြပြီး နှုတ်ဆက်သော်လည်း သူ့မပုံစံက သိပ်...
...န်းဆန်းဆန်းကြီး ရှိမနေ။ ခိုနှစ်ရောင် မိန်းမဝတ်ဘ...ကစ်

www.burmeseclassic.com

www.burmeseclassic.com



လေးကို ငါးပိရောင်ရှော့ပန်အတိုလေးဖြင့် ပေါ့ပေါ့ပါးပါး
ကာ ဝင်လာသော ချစ်သူဆိုသည့် ကောင်မလေးသည် သူ့
ည်း ဟစ်ပါတည်းမြင်သွားကာ သာမန်လောက်သာ တစ်ချက်
ကြည့်ပါသည်။

သူ့ကို သိပ်ဂရုမစိုက်သော ချစ်သူကို သူက
ကြည့်နေမိသည်။ သူမက အပြင်မှာ ပိုချောကာ ပိုး
တကြီး ဆင်ပါသည်။ အသားအရေက စိမ်းဖန့်ဖန့်လေးဖြစ်ကာ
ရှုံ့ရှုံ့မဲ့မဲ့ ခြားသည်။ ဆံပင်စတိုင်လ်ကတော့ သူ ငယ်ငယ်က

"ည့် ပိုးဇာကာတွန်းထဲက အမြွာညီအစ်မ ... လေးမှ
"ဲ့ထားသော ဆံပင်ပုံစံမျိုးနဲ့ တူသည်ဟုထင်သည်။ ဒါက
ရောင်ဆံပင်ပေါ်တွင် ရွှေညိုရောင်ဟိုက်လိုက်တွေကို တင်
း လိုက်ဖောက်ထားသော အလန်းစား ဆံပင်စတိုင်လ်
ည်။

သူက ဒီဇိုင်းသွက်သော ကောင်မလေးကို ငေးရင်း
နှင့် မျက်စောင်းထိုးကနံမှာ ဝင်ဆိုင်လိုက်သည်။ ကိုလင်းက
နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ရင်းမှ ...

"ချစ်သူ တစ်ယောက်တည်းလား"

"အမ်း ... တစ်ယောက်တည်းပဲပေါ့၊ ဘယ်လိုလဲ၊ ပြီးပြီ
လား။ ပုံတွေရော အဆင်ပြေရဲ့လား"

"ပြေတာပေါ့၊ ချစ်သူပဲဟာ အဆင်မပြေစရာ ဘာရှိလဲ
ဒီမှာ ဒီကောင်ကတောင် ပုံတွေမိုက်လို့တဲ့ ပြောနေတာ"

ကိုလင်းက စစခြင်းချင်းမှာပဲ ချက်ချင်း စထည့်ပေး
လိုက်လျှင် သူက ရုတ်တရက် ပါးစပ်အဟောင်းသား ပွင့်မလို



ဆောင် ဖြစ်သွားရသည်။ သို့သော် အတွေ့အကြုံအရ အတည်
ငြိမ်ဆုံး အနေအထားနဲ့ပဲ နေထိုင်လိုက်ရပါသည်။ သူမကတော့
သူ့ဘက်ကို စူးစမ်းသလို အနေအထားဖြင့် ခပ်ပြုံးပြုံး တစ်ချက်
ကြည့်ရုံကလွဲ၍ ဘာမှထူးထူးခြားခြား ပြောင်းလဲသွားခြင်း မရှိပါ။
အင်းပေါ့လေ ... သူမအတွက်ကတော့ ဒါမျိုးဆိုတာ အဆန်း
အကြယ်ကိစ္စမှ မဟုတ်တော့တာ။

"ချစ်သူ ... ဒါ ငါ့ညီတစ်ဝမ်းကွဲဟ။ မိုးခေါင်လို့ ခေါ်
တယ်။ အခု (... ...)တံတားဆောက်နေတဲ့ နေရာမှာ
လက်ထောက်အင်ဂျင်နီယာပေါ့"

သူမက သူ့ကို တောက်ပသော မျက်လုံးတစ်စုံဖြင့်
လှမ်းကြည့်သည်။ အဲဒီမျက်လုံးတွေက ဓာတ်ပုံတဲမှာလိုပဲ အပြင်
မှာလည်း တောက်ပအသက်ဝင်လွန်းပါသည်။ သေချာစိုက်ကြည့်
ခြင်း ခံရပါက တော်ရုံတန်ရုံ ယောကျ်ားတို့ ရင်တုန်ပန်းတုန်
ဖြစ်ရမည့် မျက်ဝန်းများ။ ချောကလက်ရောင် ဆွဲနေသော နှုတ်ခမ်း
တွေက လှစ်ခနဲ ပြုံးပြလာကာ ...

"သြော် ... ဦးလင်းရဲ့ညီလား။ သိပါဘူး။ ချစ်သူက
မင်းသားအသစ်လားလို့၊ ဟက် ... ဟက် ..."

ကြည့်စမ်း၊ သူမရဲ့အသံကလည်း တစ်မျိုးဆွဲဆောင်
မှုရှိသည်။ ဘယ်လိုအသံမှန်းကိုမသိ။ ချွဲပြောတာလည်း မဟုတ်ဘဲ
ရင်ခေါင်းထဲမှလာသော အသံခပ်လေးလေး ဖြစ်သည်။ အပြုံး၊
အကြည့်၊ အသံနှင့် မျက်နှာပေးတို့သည် ကွန်ပျူတာနှင့် တွက်
ချက်ပြီး ဖော်မြူလာထုတ်ထားသလို လိုက်ဖက်တင့်တယ်ကာ
စမတ်ကျပြီးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုလည်း တွေ့တွေ့ချင်းမှာ ရင်းရင်းနှီးနှီး လှမ်းပြောလိုက်သော စကားကြောင့် သူပင် ဘာပြောရမှန်း မသိချိန်မှာ ကိုလင်းကပဲ အလိုက်တသိ ဝင်ရောက်လာသည်။

"သိပ်မမြှောက်နဲ့ ချစ်သူ။ နင် လာရင် မုန့်သွားစားမယ်လို့ ငါတို့ ပြောနေကြတာ။ နင်က ဒီလိုပြောလိုက်တော့ ဒကာက ဒီကောင် ဖြစ်သွားတာပေါ့"

"အင် ... မုန့်သွားစားမယ်လား။ ချစ်သူက အိမ်ပြန်ပြီး ဖလက်ပြချင်နေပြီ။ အစက ဦးလင်းဆီတောင် မဝင်တော့ဘူး လုပ်နေတာ ...

ခေါင်းတွေ အရမ်းကိုက်နေတယ်"

သူမက နားထင်ကို ထောက်ကိုင်ကာ ညည်းညည်းညူညူဟန်ဖြင့်ပြောလျှင် သူသည် တကယ်ကို ဟန်မဆောင်ပဲမများတတ်သော ကောင်မလေးကို ရင်ထဲမှာ ခင်သွားသည်။ ဒီကလေးမဟာ သူ့ထက်တော့ လေး,ငါးနှစ်ခန့် ငယ်နိုင်ပါသည်။

"ဩော် ... မင်းသမီးကလည်း ကျေးချင်ပါတယ်ဆိုမှ ဟော့ပေါ့ထ်ဖြစ်ဖြစ် သွားစားမယ်လေဟာ။ နင်လည်း ပွင့်သွားတာပေါ့။ ပြီးမှဆေးသောက်လိုက်ပေါ့။ အပြန်ကျ နင့်အိမ်ကို ဝင်ပို့ပေးခဲ့မယ် ...

လိုက်မယ် မဟုတ်လား၊ စားမယ် မဟုတ်လား"

သူမက ချောကလက်ရောင်နှုတ်ခမ်းကို စုပြီးပြုံးကာ ကိုလင်းကို မျက်လုံးထောင့်ကပ်ပြီး ကြည့်ပုံသည်မသိလျှင် တစ်မျိုးထင်ချင်စရာတောင် ကောင်းသည်။ ဒီကလေးမရဲ့ဒီဇိုင်းသည် တစ်ဖက်သားအပေါ် warmly ဖြစ်လွန်းပါသည်။



"အင်း ... ဟော့ပေါ့ထ် ကျွေးမယ်၊ အိမ်အထိ ပြန်လိုက်ပို့ပေးမယ် ဆိုတော့လည်း ဝေဒနာကို အပထား၊ ခင်မင်မှုအားလေးနဲ့တော့ လိုက်ပါသုံးဆောင်ပေးရဦးမှာပေါ့လေ"

"မှန်ပါ့ မယ်မင်းကြီးမလေးရယ်"

ကိုလင်းကတော့ သူမ အထာကို ရိုးနေသည့်အလားခပ်ပြုံးပြုံးနှင့် အလိုက်သင့် ပြန်ပြောနေသော်လည်း သူကတော့ သူမရဲ့ပုံစံကို မမြင်ဖူးသလိုလို မျက်ခုံးပင့်ကာ ငေးကြည့်နေမိသည်။ သူမရှေ့မှာ သူမကိုယ်တိုင် မိုက်ပါသည်ဟု ဖွင့်ဟပြောဆိုထားသော ယောက်ျားလေးတစ်ယောက် ရှိတာတောင် ဓာတ်ဟန်လိုလိုဘာလိုလို အနောက်အရွတ်စကားတွေ ပြောနေသည့် နာမည်ကြီးဆော်ဒယ်လ် ချစ်သူကို သူက ထူးဆန်းနေမိသည်။

သူမကတော့ အိတ်ကိုကောက်ယူလျက် ထိုင်ရာမှထကာ ...

"သွားကြစို့"ဟူ၍တောင် ရှေ့ကထွက်ခွာလို့ သွားလေသည်။ သူက ဘောင်းဘီအိတ်ထဲက ကားသော့ကို ထုတ်ယူရင်းမှ ကိုလင်းကို လှည့်ကြည့်လိုက်လျှင် ကိုလင်းက ဘယ်လိုလဲဆိုသော သဘောဖြင့် မေးဆတ်ပြသည်။ သူက ထုံးစံအတိုင်း ကိုလင်းကို ပခုံးတစ်ချက်တွန့်ပြကာ ထွက်လာခဲ့သည်။

ကိုလင်းရဲ့ ဓာတ်ပုံစတူဒီယိုရှိရာ သုံးလွှာမှ ဆင်းလာလျှင် ရှေ့ကဆင်းနှင့်ပြီဖြစ်သော သူမရဲ့နောက်ပိုင်းကို လှမ်းမြင်နေရသည်။ သူ့ဘဝတွင် မဒီ့ကို ချစ်ခဲ့ဖူးသလို မဒီနဲ့ ပြတ်သွားပြီးသည့် နောက်ပိုင်းမှာလည်း မိန်းမချောလေးတွေများစွာနဲ့ တွေ့ခဲ့ဖူးပါသည်။ ချစ်သူသည်လည်း သိပ်ထူးထူးခြားခြားကြီး ချော

www.burmeseclassic.com

www.burmeseclassic.com



နေတာတော့ မဟုတ်။ Celebrity တစ်ယောက် ဖြစ်သည့်အတွက် နည်းနည်းလင်းနေတာကလွဲလို့ သူ့အတွက် အရမ်းကြီး ထူးဆန်းစရာတော့ ဖြစ်မနေခဲ့ပါ။

ဒါပေမဲ့ ချစ်သူရဲ့ ပြောပုံဆိုပုံတွေကတော့ သူ့ကို စိတ်ဝင်တစားဖြစ်အောင် တကယ်ပဲ ဆွဲဆောင်စေနိုင်ပါသည်။ ဒီကလေးမဟာ စကားပြောကြည့်လျှင် ပိုပြီးတော့ စိတ်ဝင်စားဖို့ကောင်းမည်ထင်ရဲ့။

သူမက အောက်ထပ်သို့ ရောက်လျှင် ပလက်ဖောင်းပေါ်မှာ ရပ်နေသည်။ သူက သူမရဲ့နံဘေးမှ ဖြတ်လျှောက်သွားရင်းမှ ကားကို ရီမုတ်ဖြင့် လှမ်းဖွင့်ကာ ...

"ဒီက ညီမလေး၊ တက်လို့ရတယ်"

သူ့နှုတ်ဖျားက ဘာကြောင့်များ ညီမလေးဟု ထွက်သွားသလဲတော့ မသိပါ။ သူ ဒီလိုခေါ်ပါမည်ဟု တွေးလည်းမထားခဲ့ချေ။ ချစ်သူဟူ၍လည်း လှမ်းမခေါ်ချင်သဖြင့် အဲဒီလို ထွက်သွားတာပဲဖြစ်မည် ထင်ပါသည်။ သူမကတော့ သူ့စကားကို ဘာမှန်းတောင် သိပုံမပေါ်ပါ။ လှစ်ခနဲ ပြုံးပြကာ ခေါင်းတစ်ချက်ညိတ်ပြီးနောက် ကားနောက်ခန်းတံခါးကိုဖွင့်ကာ ဝင်ထိုင်သည်။

သူ့နံဘေးမှာလည်း ကိုလင်းက ဝင်ထိုင်ပြီးသည့်နောက်တွင် သူက ကားစက်ကိုနှိုးကာ မောင်းထွက်လိုက်ပါသည်။ ကိုလင်းက ထုံးစံအတိုင်း ကားပေါ်ရောက်လျှင် အော်ကျယ်ကျယ်ဖြင့် ...

"YKKO ကိုပဲ မောင်းဟေ့။ ချစ်သူ ညည်းအခြေအနေ ဘယ်လိုလဲ၊ ဟန်တော့ ဟန်ပါတယ်နော် ...



ကားပေါ်မှာတော့ အသက် မထွက်သေးဘူး မဟုတ်လား"

"ထွက်မယ်ဆိုရင်တောင် လိုက်ဆွဲထားပေးပေါ့ ဦးလင်းရယ်"

အဲဒီစကားကြောင့် ကိုလင်းက တဟားဟားနှင့် အော်ရယ်သော်လည်း သူကတော့ မရယ်မိပါ။ ဘက်မှန်ထဲမှနေ၍ သူမကို တစ်ချက်လှမ်းကြည့်လိုက်လျှင် ကူရှင်ကို ခပ်လျော့လျော့မှီထိုင်နေသော သူမရဲ့ အလွင့်ဒီဇိုင်းကို တွေ့မြင်လိုက်ရသည်။ သူမက သူကြည့်တာကို မသိပါ။ မသိဆို သူကလည်း Ray-Ban မျက်မှန်တပ်ထားပြီး ရှိုးတာဖြစ်သဖြင့် ဘော်တာနံရဲ့ ကြည့်နေမှန်း ဘယ်သူကမှ သိပ်မသိပါ။

သူမကြည့်ရတာ တကယ်ကို နေမကောင်းပဲ ပင်ပန်းနွမ်းနယ်နေပုံရသည်။ သူ့ပါးစပ်မှ စကားတစ်ခွန်းတောင် လွှတ်ခနဲ ထွက်သွားပါသည်။

"နေသိပ်မကောင်းဘူးနဲ့ တူတယ်"

သူမရဲ့ မျက်လုံးအကြည့်က ဘက်မှန်ဆီသို့ ဖျတ်ခနဲ ရွေ့လာသည်။ ပြီးတော့ ခေါင်းတစ်ချက်ညိတ်ကာ "အင်း... ဟုတ်တယ်"ဟု မပီသ မသဲကွဲပဲ ရေရွတ်သည်။ ကိုလင်းက သူမကို လှည့်ကြည့်ကာ ...

"ဘာလဲ ... ထွက်တော့မှာလား။ ဆွဲထားပေးရတော့မှာလား၊ ဒါမှမဟုတ် ဆေးရုံကြီးကို တန်းမောင်းရမှာလား"

"ရပါတယ်၊ ဆိပ်ကမ်းသာလမ်းကိုပဲ မောင်းပါ။ ဘာခါနီး ရိက္ခာယူတယ်ဆိုတဲ့ စကားပုံ ကြားဖူးတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကြားဖူးပါတယ်ဗျာ၊ ခင်ဗျားကိုတော့ နိုင်အောင်မပြောနိုင်တော့ပါဘူး ဒေါ်ချစ်သူရယ်၊ ဒေါ်ချစ်သူ တစ်ယောက် မော်ဒယ်လ်မလုပ်ဘဲ စာရေးဆရာမလုပ်ဖို့ ကောင်းတယ်။ ညည်း သူငယ်ချင်းလိုလေ လုပ်ပေါ့"

"နေပါစေ၊ ဆုမြတ်မွန်မွန် ဆိုတဲ့မိန်းမ ထမင်းငတ်သွားမှာစိုးလို့ အကျော်ပေးထားလိုက်တာ၊ သူ ရေးတတ်တယ်ဆိုတာလောက်ကတော့ ချစ်သူတို့က ပျင်းတောင် ပျင်းသေးတယ်ပေါ့ ...

သူ ဝတ္ထုရေးတယ်ဆိုတာ ချစ်သူတို့ အပျင်းပြေရည်းစားစာရေးသလောက်ပဲ ရှိတာပါ"

"ဩော် ... ဩော် ... သူကလည်း ခတ်ပုံရိုက်တုန်းက ပြောသွားပါတယ်။ သူ မင်းသမီးမလုပ်တာ မိုးချစ်သူ တစ်ယောက် အလုပ်လက်မဲ့ ဖြစ်သွားမှာ စိုးလို့တဲ့"

"ဟား ဟား ... ဖြစ်နိုင်ပါတယ်။ ဦးလင်း သူ့စကားကို သိပ်မယုံနဲ့နော်၊ အဲဒီမိန်းမက အရမ်းကုန်ကြမ်းရှာတတ်တာ။ သူများဒိုင်တွေဆို လိုက်လိုက်မှတ်ပြီး ဝတ္ထုထဲ အကုန်ထည့်ရေးတာ၊ အကျင့်မကောင်းဘူး ...

ယောက်ျားလေးတွေဆို သူ့အကြောင်းသိလို့ သူ့အနား ဘယ်သူမှ မကပ်ကြတော့ဘူး၊ လက်လန်ကုန်ကြပြီ"

"ဟား ဟား ဟား ... ညည်းတို့နှစ်ယောက်ကတော့လေ။ သူ့ကို ကောင်လေးတွေက လက်လန်တယ်ဆိုတော့ ညည်းကိုကျတော့ရော"



"ဩော် ... ဒါကတော့ ပရိသတ်ကြီး သိပါတယ်ရှင် ... ဟဲ ဟဲ ဟဲ"

အဆုံးပိတ် ပြောင်စပ်စပ် ဟဲ ဟဲ အသံကြီးကို ဦးလင်းက ဘာမှမဖြစ်သော်လည်း သူကတော့ ထူးဆန်းစွာနှင့် ယောင်ပြီး လှည့်ကြည့်မိလျှင် သူမက နှာမွှန်နေဟန်တူသော နှာခေါင်းကို တစ်ချက်ရှုံ့ကာ သူ့ကို ပြုံးပြလို့လာခဲ့လျှင် သူသည် အဲဒီအပြုံးအောက်မှာ သူ့စိတ်ဝင်စားမှု အားလုံးတို့ စုပြုံကျရောက်သွားပြီဟု ကိုယ့်ကိုယ်ကိုယ် သိလို့သွားလေသည်။

ဟော့ပေါ့ထ်ဆိုင်သို့ရောက်လျှင် သူက သွက်သွက်လက်လက် နေတတ်သော သူမရဲ့ဒီဇိုင်းကို ထပ်၍မြင်ချင်စွာဖြင့် စကားစ,ပြောဖို့ ကြိုးစားလိုက်သည်။

"မိုးချစ်သူက မော်ဒယ်လ် လုပ်ရတာကို ဝါသနာပါလို့လား"

သူမက သူ့ကို မျက်လုံးထောင့်ကပ်ကြည့်ကာ ...

"အင်တာဗျူးတွေ မဖြေချင်ဘူးနော်"

"ဩော် ... အင်တာဗျူးနေတာ မဟုတ်ပါဘူး၊ ဒီအတိုင်း သိချင်လို့ မေးကြည့်တာပါ"

"မေးကြည့်တော့ ချွန်ချွန်လေးပဲလေ၊ ဒီမှာ ဟင်း ဟင်း"

သူမက မေးစေ့တစ်ဖက်ကိုကိုင်ကာ ဖျစ်ညှစ်ပြလျှင် သူသည် အံ့သြတကြီးဖြင့် ဒီကောင်မလေးကို ကြည့်နေမိသည်။ ဒါ ရုပ်ပါမော်ဒယ်လ် မိုးချစ်သူတဲ့လား။ အခုမှ သိကျွမ်းရသော ယောက်ျားလေးရယ်လို့လည်း သူ့ရှေ့မှာ ပဲများကိုက်ပေးခြင်းမရှိဘဲ ပြောင်ချော်ချော် လုပ်ပြနေတာကို သူက အံ့သြနေခြင်းအပေါ် ကိုလင်းက ပခုံးတစ်ဖက်ကို လာပုတ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူကို သွားမခံစားနဲ့ကွ။ သူက အဲဒီလိုပဲ အမြဲလျှော့လျှော့ပစ်တာ သူနဲ့ပေါင်းမယ်ဆိုရင် မင်း သူ့ထက်မသာတောင် သူ့လောက်တော့ သွက်ဖို့ ပြောင်တတ်ဖို့ လိုတယ် ...

နို့မို့ဆို အပြတ်အသတ် ကျန်ရစ်ခဲ့မယ်"

"သြော် ... ဦးလင်းကလည်းလေ၊ ဘာလို့ကြောက်အောင် သွားပြောနေရတာလဲ၊ မယုံနဲ့ ကိုမိုးခေါင်၊ အဲဒါအမှန်တွေ ဟား ဟား ဟား"

သူမက ရှေ့သို့ရောက်လာပြီဖြစ်သော ကြေးအိုးတွေကို တူနှင့်မွှေကာ ရယ်သွမ်းသွေးပြီးဆိုလျှင် ကိုလင်းကလည်း တဟားဟား အော်ရယ်သည်။ သူက ရယ်ဖို့ မေ့လျော့စွာဖြင့် သူမရဲ့မျက်နှာကို တစ်ခဏ ငေးစိုက်မိသည်။ ကြေးအိုးအငွေ့ဟပ်နေသော သူမရဲ့နှုတ်ခမ်းဖျားမှာ ချွေးဥလေးတွေ ခိုသီးလာတာကို အထင်အရှား မြင်တွေ့နေရသည်။ ကိုလင်းရော သူမရော၊ ကြေးအိုးကို ကိုင်ဆွဲနေကြချိန်မှာ သူက မဆွဲနိုင်သေး။

သူမက တူနှင့် ကျင်လည်စွာ ညှပ်စားရင်းမှ ...

"ကိုမိုးခေါင်က အင်ဂျင်နီယာ ဟုတ်လား။ တိုက်တွေ ဘာတွေရော ဆောက်တတ်လားဟင်"

သူမရဲ့ ကလေးဆန်ဆန် အမေးကို သူက လှစ်ခနဲ ပြုံးမိသွားသည်။ ချက်ချင်းမဖြေသော သူ့ကို သူမက ငါးဖယ်လုံးတစ်လုံးအား ပါးစပ်ထဲ လှစ်ခနဲ ထိုးထည့်ရင်းမှ "ဟင်လို့"ဟု ထပ်မေးလျှင် သူသည် ချစ်စဖွယ်ကောင်မလေးကို ပြုံးကြည့်မိကာ ...



"ကိုယ်က တိုက်ဆောက်တဲ့ အင်ဂျင်နီယာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ချစ်သူက တိုက်ဆောက်ဖို့ အပ်ရင်တော့ သီးသန့်ဆောက်ပေးမှာပေါ့၊ ဘယ်မှာ မြေကွက်ဝယ်ထားလို့လဲ။ ဆောက်ပေးမယ်လေ ... ပြော"

"ချစ်သူလား၊ ဝယ်တော့ ဝယ်ထားတယ်။ ဒါပေမဲ့ ချစ်သူ ဝယ်တဲ့မြေကွက်က (၄)ပေ၊ (၇)ပေလောက်ပဲ ရှိပါတယ် ...

နောင်ရေးအတွက် စိတ်အေးရအောင်လေ"

အခုချိန်အထိ စကားအကောင်း တစ်ခွန်းမှမပြောသေးသော ချစ်သူကို သူက လက်ဖျားခါချင်စိတ်ပင် ပေါက်လာသလသည်။

ကိုလင်းကတော့ ကြေးအိုးကို အေးအေးဆေးဆေးစားရင်းမှ ...

"ချစ်သူရာ ... ညည်းလို မိန်းကလေးမျိုးတော့ တကယ်ရှားပါပေတယ်၊ ဒါကြောင့် ညည်းအမေက ပြောတာ"

"သြော် ... ချစ်သူ ပြောတာ ဘာမှားနေလို့လဲ ဦးလင်းရဲ့။ နောက်ဆိုရင် နေဖို့ထက် သေဖို့က ပိုခက်လာပြီ ...

ချစ်သူ ထင်တယ်၊ နောက်ဆိုရင် သုသာန်တွေက မြို့နဲ့အရမ်းဝေးဝေးသွားလွန်းလို့ လေယာဉ်နဲ့တောင် အသုဘပို့ရမလားပဲ ...

သတင်းစာထဲက ကြော်ငြာတဲ့ ဒီဇိုင်းတွေလည်း ပြောင်းသွားလိမ့်မယ်။ နေအိမ်မှ လေယာဉ်များ ညနေ(၃:၀၅) နာရီအချိန်တွင် ထွက်ခွာမည်တို့ ဘာတို့ ... ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



သူက ဘာမှကို မပြောနိုင်တော့ဘဲ ခေါင်းတွေက် သော ရမ်းနေမိလျှင် ကိုလင်းက သူ့ကို ဘယ့်နှယ်ရှိစဟူသော သဘောမျိုးဖြင့် မျက်စပစ်ပြသည်။ သူ့ဘဝတွင် ဒီလောက် jolly type နေတတ်သော မိန်းကလေးမျိုးကို တစ်ခါမှ မတွေ့ဖူးပါ။ ပြီးတော့ အဲဒီမိန်းကလေးသည် သာမန်မိန်းကလေးလည်း မဟုတ်၊ celebrity တစ်ယောက်ဖြစ်ပြီး ဒီလောက် ဟန်ဆောင်ပန်ဆောင် ကင်းသော မိန်းကလေးသည် သူ့အတွက်တော့ ထူးဆန်းလျက် ရှိသည်။

"ချစ်သူက အရမ်းပျော်တတ်တယ်နဲ့ တူတယ်နော်"

"အမ်း ... အဲဒီလိုပဲ သတ်မှတ်ရမှာပေါ့နော်"

သူမရဲ့အင်းက အင်း မဟုတ်ဘဲ အမ်း ဖြစ်နေတာကလည်း သူ့အတွက် တစ်မျိုးထူးဆန်းပါသည်။ စကားပြောလျှင် ပြောတဲ့သူကို တည့်တည့်မကြည့်ဘဲ မျက်လုံးပင့်ကာ ခပ်စောင်းစောင်းကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့် ခပ်ပြုံးပြုံး ပြောတတ်သော စတိုင်လ်ကို သူမ ဘယ်လိုတီထွင်ထားသလဲတော့ မသိပါ။ ဒီကောင်မလေးနှင့် ပတ်သက်ပြီး သူ့ရင်ထဲမှာ နည်းနည်းတော့ မြူးသည့်ခံစားချက်က ဝင်ရောက်လာပါသည်။

"အားဟား ... အခုမှပဲ ပွင့်သွားတော့တယ်၊ ပြီးရင်တော့ ဆေးသောက်လိုက်ရင် ဂွတ်ဒ်သွားမလားပဲ"

"ညည်း ဘယ်က ကူးလာတာလဲ"

"မနက်တည်းက အခုကထိ တောက်လျှောက် run နေရတာ၊ နေကလည်း သိပ်မကောင်းဘူး။ ဒီတစ်ပတ်လုံး



ရက်တွေ အရမ်းစိပ်နေတာပဲ။ နားကို မနားရသေးဘူး၊ ဝိတ်ပျက်တယ်၊ တကယ်ပဲ ...

တော်ပြီ၊ နောက်ဆို ရုံးပိတ်ရက်တွေလိုပဲ နားရက် အတိအကျထားမှ ရတော့မယ်။ weekend တွေဆို အလုပ် မလုပ်ဘူး၊ အပြည့်အဝ အနားယူမှ ဖြစ်မယ်"

ဦးလင်းက သူမကို နှုတ်ခမ်းတမဲ့မဲ့ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကြည့်ကာ ...

"အဲဒီလို ညည်း နားတဲ့အချိန်မှာ သူများတွေက အလုပ်တွေ လက်ခံလိုက်ရင် သူတို့ စည်သွားမှာပေါ့၊ ညည်းထက် အောင်မြင်သွားကြမယ် ဆိုရင်ရော"

သူမက စားလက်စတန်းလန်းမှ မျိုချနေရင်း လက်ကိုင်ထားသော တူနှစ်ချောင်းကိုလည်း တရမ်းရမ်းဖြင့် ...

"အောင်မြင်ပါစေလေ၊ အောင်မြင်ပါစေပေါ့၊ ချစ်သူတို့က ဝမ်းသာပေးပါတယ်၊ ဒီမယ် ဦးလင်းရဲ့ လောကကြီးက give & take ပဲ။ သိတယ်ဟုတ် ! မြန်မာလိုဆိုရင် အပေးအယူ ရှိရမယ် ... နော်။ စကားက အလကားစဉ်ထားတာ မဟုတ်ဘူး။ စလာတာကိုက အပေးက စတာ၊ အယူအပေးလို့ စတာမဟုတ်ဘူး ...

ကိုယ်က အရင်ပေးမှ ပြန်ရတာ။ ဒါ universal truth ပဲ။ အိုကေ ! "

ကိုလင်းက တမဲ့မဲ့ဖြင့် ပြုံးကာ သူ့ကိုလည်း တစ်ချက်ကြည့်ရင်း ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ သူများတွေက အရည်ဝင်ရင် နွတ်သွက် လျှာသွက် ဖြစ်လာကြတယ်။ ချစ်သူတို့ကတော့ အစားအသောက်ဝင်ရင် လျှာတွေ သွက်လာပြီ။ လက်ရာ တွေ ရိုက်ပါ ... ရိုက်ပါ ...

သက်ငယ် စကား သက်ကြီးကြား မှတ်သားရတာ ပေါ့၊ ဆက်ပြော ဆရာမ"

"သြော် ... ဒီလိုလည်း မဟုတ်ပါဘူး။ လူကြီးတွေ ဗဟုသုတ တိုးပွားအောင် နေတာတ် ထိုင်တတ်သွားအောင် လိုတာလေး တွေ ပြောပြတဲ့သဘောပါ ... ဟဲ ဟဲ ...

ချစ်သူရဲ့အကြောင်းကို ဦးလင်းလည်း သိပါတယ်။ လောဘတွေလည်း သိပ်မကြီးဘူး။ အဓိက,က စိတ်ချမ်းသာ ဖို့ပဲ ဦးလင်း။ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် နေရတာလောက် ကျေနပ်စရာကောင်းတဲ့ဘဝ ရှိဦးမလား ...

ချစ်သူဆိုလိုတာ အဲဒါကိုပါ။ အလုပ်တွေက အရမ်း များနေတာပဲ၊ နားရက်ကို မရှိဘူး၊ အမယ်လေး ... ထမင်း စားချိန်တောင် မရှိဘူး၊ ဒါတွေပြောရလို့ ချစ်သူ ဂုဏ်မယူ ဘူး၊ တကယ်တော့ အဲဒါက ချစ်သူတို့ရဲ့ ဆုံးရှုံးမှုတွေကို ပြနေတာ ...

လူတစ်ယောက်မှာ ကိုယ်ပိုင်နားချိန်ဆိုတာ ရှိကို ရမယ်။ တချို့က အလုပ်တွေ နေ့မအိပ် ညမအိပ် လုပ် တာကို အရမ်းဂုဏ်ယူကြတယ်၊ တကယ်တော့ အဲဒါ ဆုံးရှုံးနေတယ်ဆိုတာ သူတို့ကိုယ်တိုင်မှ မသိကြတာ ...



ချစ်သူကတော့ အဲဒါမျိုး အဖြစ်မခံနိုင်ပါဘူးနော်။ ဖိမ်ရှိရှိလည်း နေချင်သေးတယ်။ အဲဒါ ချစ်သူရဲ့ဝါဒပဲ"

သူမက နောက်ဆုံးစကားလေးကို ပြောပြီးလျှင် ဘက်သို့ အကြည့်တစ်ချက်ရောက်လာကာ ဟုတ်တယ်ဟူသော ဖြင့် မျက်ခုံးတစ်ချက် ဆတ်ပြလိုက်လျှင် သူသည် လေးမနှင့် ရှေ့ဆက်ဖို့အကြောင်း ရှိသွားပြီဆိုတာကို သေချာ သိလိုက်ရလေသည်။

"ညည်းက ဒီလိုကျတော့လည်း အနှစ်တွေ ထွက်သားပဲ"

ဒီစကားကိုတော့ သူမက တဟက်ဟက် ရယ်မော ရင်ဘတ်ကို ပုတ်ပြလျက် ...

"ဒီထဲမှာ အနှစ်တွေချည်းပဲ ရှိတာ။ ဦးလင်းတို့ကို ပြော နေတာတွေက အကာတွေ ... ဟား ဟား"

သူသည် ချက်ချင်းပဲ အရင်ဒီဇိုင်း ပြန်ပြောင်းသွား ကောင်မလေးကို ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးကြည့်မိ ည်။ ဒီကလေးမလေးဟာ ဆန့်ကျင်ဘက်နှစ်ခုကို ဒွန်တွဲထား ကောင်မလေးပဲ ဖြစ်သည်။ သူမ ပြောသလိုပဲ ရင်ထဲမှာတော့ စ်တွေပဲရှိကာ ပတ်ဝန်းကျင်က လူတွေကိုတော့ အကာတွေ ဆက်ဆံနေတာ ဖြစ်နိုင်ပါသည်။ ပျော်ပျော်နေတတ်သော ည်း ရင်တွင်းတစ်နေရာမှာတော့ လေးနက်ခိုင်မာခြင်းတွေ နေမည့် ကောင်မလေး ဖြစ်သည်။

သူသည် စားသောက်ပြီး၍ အားလုံး လက်စသိမ်း ဆံရှင်းပြီးချိန်မှာတော့ သူမကို တည့်တည့်ပဲ စိုက်ကြည့်ကာ ...

"ချစ်သူရဲ့ဖုန်းနံပါတ် ကိုယ့်ကိုပေးနိုင်မလား"

www.burmeseclassic.com

www.burmeseclassic.com



သူမ နှစ်စက္ကန့်လောက်တော့ ဗျာများသွားသည် ထင်သည်။ သို့သော် အဲဒီပုံက မျက်နှာပေါ်တွင် ပေါ်မလာ ဒါပေမဲ့ မိန်းကလေးများစွာ၏ မျက်နှာကို စာအုပ်တစ်အုပ် ဖတ်ခဲ့သောသူက အဲဒါကို ရိပ်မိနိုင်စွမ်း ရှိပါသည်။

"ဆက်မယ်ဆိုရင်တော့ ပေးမှာပေါ့"

"ဪ ... သိမ်းထားဖို့ တောင်းတာမှ မဟုတ်တာ ချစ်သူရဲ့ တော်လ်ကီတွေကို မြင်မြင်ချင်း စိတ်ဝင်စားသွာ လို့ တောင်းတာပါ"

သူမ မျက်နှာပြင်ပေါ်တွင် နားလည်ရခက်သော အရိပ်တစ်မျိုး ဖြတ်ပြေးသွားသည်။ နှုတ်ခမ်းထောင့်စွန်းဒေ ရုတ်တရက် ကွေးညွှတ်သွားတော့မလို ဖြစ်တာဟာ ပြုံးမလိုဖြ သွားခြင်းတော့ မဟုတ်ပါ။ သူမရဲ့စိတ်ထဲမှာ သူ့စကားနဲ့ ပတ သက်ပြီး တစ်စုံတစ်ရာ ဖြစ်သွားတာပဲ ဖြစ်နိုင်ပါသည်။

"ဘယ်လောက်လဲ ချစ်သူ။ ကိုယ် ကိုလင်းဆီက တောင် ရင်လည်း ဖြစ်တာပဲ၊ တခြား ဘယ်နေရာကမဆို ဖြစ်နိုင် တာပဲ ...

ဒါပေမဲ့ ချစ်သူကိုယ်တိုင် ပေးတာကိုပဲ လိုချင်လို့ပါ"

သူမက အသံမထွက်ဘဲ အသာရယ်မောကာ သူ့ လက်ထဲမှဖုန်းကို လက်ဟန်ဖြင့် လှမ်းပြီး တောင်းပါသည်။ ရုတ်တရက်မို့ သူက ဘာအဓိပ္ပာယ်မှန်းတောင်မသိချေ။ သူမက ဖုန်းကို လက်ညှိုးထိုးပြကာ ဖုန်းပေးဟူသော သဘောဖြင့် ထပ် ပြီး လက်ယပ်ပြမှ သူက သူ့ရဲ့လက်ကိုင်ဖုန်းလေးကို သူမဆီ ကမ်းပေးလိုက်ပါသည်။ သူမက သူ့လက်ကိုင်ဖုန်းကို ဖွင့်ကာ



တ်တွေကို ဟိုဟိုဒီဒီ ဆော့ကစားနေရင်းမှ သူ့ကို တစ်ချက် ကြည့်ကာ ပြုံးပြသည်။

သူ့ဖုန်းထဲက Name list ထဲမှာ သူမရဲ့နာမည်နဲ့ နံပါတ်ကို ရိုက်ထည့်ပေးပြီးမှ သူ့လက်ထဲသို့ ဖုန်းလေးကို ကမ်းပေးလိုက်တာဖြစ်သည်။ ကိုလင်းက ထိုင်ရာစားပွဲမှထ, ...

"ချစ်သူကို ဘယ်ပို့ပေးရမှာလဲ"

"FMI City "

"အိုခေ"

သူက တိုးတိုးရေရွတ်ကာ လက်တစ်ဖက်က ကား က်ဆက်ခလုတ်ကို သွားဖွင့်လိုက်သည်။ သီချင်းသံသည် ကား တွင် ချိုမြစွာ ဖြတ်ပြေးစီးဆင်းသွားသည်။ သူ့ခံစားချက်နှင့် က်ဆိုင်သော သီချင်းတစ်ပုဒ်ပဲ ဖြစ်ပါသည်။

"ကန်တော်ကြီး အင်းလျားလည်း မသွားချင် ... ကိုယ်လေ မသွားဘူး ... ပြန်မြင်ယောင်ကာ ဆွေးနိုင်တယ် ... နှစ် ယောက်သား သွားဖူးတဲ့ ... ဘုရားပေါ်က ခိုလေးများ ... ကိုယ်လာရင် မေးငေါ့ကြမလား ...

အကြောင်းအမျိုးမျိုးရှိလို့ ကိုယ် ငြင်းရခက်တော့ ... စင်ပေါ်တက်ရတဲ့ အခိုက်အတန့်လေး ... ထိုင်နေကြ ရှေ့က မင်းရှိရာ ခုံလေးသို့ ... ကိုယ် အရင်လို မကြည့်ဝံ့ဘူး ...

မင်း သိဖို့ ကောင်းတယ် ... စွဲမိတဲ့ မင်းရဲ့အပြုံး လေးတွေ ... ချိုသာတဲ့ စကားလုံးများ ပျောက်ကွယ်ရင် မနေတတ်လို့ ... ယောင်ချာချာ ဖြစ်ခဲ့ရ ..."

www.burmeseclassic.com

www.burmeseclassic.com



သီချင်းထဲမှ မိုးကြီး၏အသံသည် ခံစားချက်အပြ ဖြင့် ဆွေးဆွေးလျလျ ထွက်ပေါ်နေသည်။ သူက သီချင်း ပါးစပ်လှုပ်ရုံ လိုက်ညည်းမိကာ ဘက်မှန်ထဲမှတစ်ဆင့် သူမ တစ်ချက်လှမ်းရှိုးမိလျှင် သူမက ထုံးစံအတိုင်း ခပ်လျှောလျှော ထိုင်နေကာ အပြင်ဘက်သို့ ငေးရင်း သူ့လိုပဲ အဲဒီသီချင်း လိုက်ညည်းနေတာကို မြင်တွေ့လိုက်ရပါသည်။

သူမကရော ဒီသီချင်းကို တိုက်ဆိုင်တဲ့ ခံစားချ တွေနဲ့ လိုက်ညည်းနေတာပဲလား။ အဲဒီလို တွေးမိလျှင် သူသ သူမရဲ့နှလုံးသားအတိတ်သမိုင်းကို စိတ်ဝင်စားသွားရသည်။ ပျော်နေတတ်သော်လည်း တကယ်ချစ်ခဲ့ဖူးလျှင်တော့ တက ခံစားခဲ့ရဖူးမည့် ချစ်သူရဲ့ နှလုံးသားအတိတ်ကို သိချင်ပါသ သည်။

FM၊ ဝင်းထဲရှိ ချစ်သူတို့အိမ်ရှေ့သို့ရောက်၍ ကာ ရပ်ပေးလိုက်လျှင် သူမက ကားပေါ်မှဆင်းကာ သူ့နံဘေး လာရပ်ရင်း ကိုယ်ကိုညွှတ်ကိုင်း နှုတ်ဆက်သည်။ မိုးသက်လေ တစ်ချက်ဝှေ့သွားချိန်တွင် သူမထံမှ သင်းပျံ့သော ရေမွှေးရနံ့ သူ့ဆီသို့ လက်ဆောင်အဖြစ် ရောက်ရှိလို့လာသည်။ သူ တင်း မှ မကြုံဖူးသော ရေမွှေးရနံ့လေးက သူ့စိတ်ကို တစ်မျိုးဖမ်း သွားခဲ့ပါသည်။ နောက်များမှပဲ ဒီရေမွှေးနာမည်ကို စုံစမ်း မယ်။

"သင့်ခ်ယူ ကိုမိုးခေါင်။ လိုက်ပို့ပေးတဲ့အတွက်ရော ကြေ တိုက်တဲ့အတွက်ရော"



သူက ပြုံးရင်း ခေါင်းတစ်ချက် ဆတ်ပြလိုက်ကာ...

"အိုကေ ... ဆီးယူ ညီမလေး"

"ဟော့ ... ချစ်သူ။ ညည်းက ငါ့ကို ဟန်ဆောင်ပန်ဆောင် နဲ့တောင် နှုတ်မဆက်သွားတော့ဘူးပေါ့လေ ...

စိတ်ခတ်တွေက သိသာလွန်းလိုက်တာ"

ကိုလင်းက သူမကို လှမ်းချွတ်လျှင် သူမက ရှက် သွားဘဲ တဟားဟားနှင့်တောင် အော်ရယ်လေသည်။ ပြီးတော့မှ ားထဲသို့ နောက်တစ်ကြိမ် ထပ်ငုံ့ကာ (သူ ကိုလင်းကို ကျေးဇူး ဘင်ပါသည်။ အမည်မသိသော မွှေးရနံ့တစ်ခုကို နောက်တစ်ကြိမ် ထပ်မံရှူခွင့်ရသည့်အတွက် ဖြစ်သည်။)

"ကျွန်တော်မျိုးမကြီး သေသင့်ပါတယ် ဦးလင်းရယ်။ နောင် ဒါမျိုးမဖြစ်စေရပါဘူး။ ဒီတစ်ခါ နောက်ဆုံးခွင့် လွှတ်ပေးပါ၊ ဟဲ ... ဟဲ ... ဝေါမီသော်ဖော်"

သူမက တရုတ်ကားတွေထဲကလို လက်နှစ်ဖက်ကို ဆုပ်ကာ သုံးကြိမ်လောက် တောင်းပန်သလို လုပ်ပြလျှင် သူ့မှာ ရယ်ဘဲ မနေနိုင်ပါ။ အဲဒီနောက် သူမက သူတို့ကို ပျော်ရွှင်စွာ ာ့တာပြရင်း အိမ်ထဲသို့ ပြေးဝင်သွားသည်။ သူသည် ကားကို ငယ်ကွေ့ ပြန်ကွေ့ပြီး မောင်းထွက်လာလျှင် ကိုလင်းက သူ့ကို "ဘယ်လိုလဲ"ဟု မေးသည်။

"စိတ်ဝင်စားသွားပြီလား"

ကိုလင်းက မေးခွန်းတစ်ခု ထပ်မေးပြန်သည်။ သူလို မိန်းကလေးမျိုးကိုမှ စိတ်မဝင်စားရင် ဘယ်လိုမိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



မျိုးကို စိတ်ဝင်စားသွားရမှာလဲ။ သူမကို ကြော်ငြာမော်ဒယ်လ် သရုပ်ဆောင် မိုးချစ်သူ အဖြစ် သူ လုံးဝစိတ်မဝင်စားခဲ့ပါ။ အင်မတန် ပျော်ပျော်နေတတ်သော မိန်းကလေးတစ်ယောက် အဖြစ်သာ စိတ်ဝင်စားခဲ့ပါသည်။

“ရိုးရိုးချစ်သူ အဖြစ်နဲ့ပဲ စိတ်ဝင်စားသွားတာပါ”

“ရှယ်ချစ်သူလို့ ရှိလို့လားကွ”

“ကိုလင်း မစေ့နဲ့လေ။ သူ့ကို celebrity ချစ်သူအဖြစ် စိတ်ဝင်စားတာ မဟုတ်ဘူး”

“အေး ... သူနဲ့စကားပြောပြီးသွားတဲ့ လူတိုင်းကလည်း မော်ဒယ်လ် မိုးချစ်သူထက် ဟာသတွေ အရမ်းလုပ်တတ်တဲ့ ချစ်သူကိုပဲ ပိုစိတ်ဝင်စားသွားခဲ့ကြတာ ...

အဲဒါ သူ့ရဲ့ထူးခြားတဲ့ ကာရိုက်တာတစ်ခုပဲ။ ကဲ... ဘယ်လိုလဲ၊ ငါ့ကို မျက်နှာပျက်စရာတွေ ဖြစ်အောင်တော့ မလုပ်နဲ့နော်”

“မလုပ်ပါဘူးဗျာ၊ အဲဒါတော့ စိတ်ချချ နေလိုက်ပါ”

“ကြည့်သေးတာပေါ့ကွာ”

ကိုလင်းက ဆက်မပြောတော့ချေ။ သူကလည်း ဆက်မမေးတော့ပါ။ သူက ကိုလင်းကို စတူဒီယိုသို့ ပြန်ပို့ခဲ့ပြီး နောက် ဘယ်မှထပ်မဝင်ဖြစ်တော့ဘဲ အိမ်သို့သာ ပြန်လာခဲ့သည်။ သူ အိမ်ပြန်ရောက်ချိန်ဟာ ညခုနစ်နာရီထိုးခါနီးနား ဖြစ်သဖြင့် ခါတိုင်းအိမ်ပြန်ချိန်နှင့်စာလျှင် အတော်ကြီးစောသည်ဟု ပြောရမည်ဖြစ်သည်။



ထို့ကြောင့် မေမေနှင့်အတူ ထမင်းလက်ဆုံစားခွင့် ရကာ မေမေရဲ့တရားကိုလည်း နာကြားရသည်။ မေမေ စပ်ဟပ် ချင်သော မိန်းကလေးများကိုတော့ သူက တစ်ထိုင်တည်းပင် ခေါင်းခါငြင်းဆန်ကာ ...

“နေပါဦး မေမေ။ သားရင်ထဲမှာ အချစ်ရှိပါသေးတယ်။ သား နောက်တစ်ယောက်ကို ထပ်ချစ်လို့ ရပါသေးတယ်။ ချစ်လို့မဝသေးပါဘူး၊ ချစ်ပါရစေဦး”

မေမေက သူ့ကို မျက်စောင်းတစ်ချက် ထိုးကြည့်ကာ...

“အဲဒီလို ဖြောက်သောက် ချစ်နေတာကိုပဲ မကြိုက်တာလေ”

“ဖြောက်သောက် မချစ်တော့ပါဘူး မေမေရာ။ သား အခု အေးဆေးနေ,နေတာ မေမေလည်း မြင်နေတာပဲ ...

ဒီတစ်ခါတော့ သားစိတ်ထဲက လက်ခံနိုင်မယ့်သူမျိုး ကိုပဲ တစ်ယောက်တည်း သတ်သတ်မှတ်မှတ် ထားမှာပါ”

“သား ... မင်းအရွယ်က အိမ်ထောင်ရေးကိုပါ တွေးစဉ်းစား သင့်တဲ့ အရွယ်ရောက်ပြီနော်။ မေမေလည်း မင်းအတွက် စိတ်ချလက်ချ နေချင်ပြီ”

မေမေသည်လည်း အတိတ် တစ်ချိန်တစ်ခါက သူ တစ်ယောက် အကြီးအကျယ် အသည်းကွဲ ထိခိုက်နာကျင်ခံစား ခဲ့ရတာကို သူ့နည်းတူပဲ၊ မမေ့နိုင်သေးသူဖြစ်သည်။ အဲဒီတုန်း အတွက်နဲ့ ခုထိတိုင် ရတက်မအေးနိုင် ဖြစ်နေသော မေမေ့ကို လည်း သူက သနားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားအတွက် စိတ်မပူပါနဲ့ မေမေရာ၊ သားမှာ စဉ်းစားချင့်ချိန်တတ်တဲ့ ဦးနှောက်ရှိပါတယ်။ သားဘဝအတွက် သင့်တော်မယ့်သူကို သား ရွေးချယ်မှာပါ"

သူ့ရဲ့ တည်ငြိမ်လေးနက်သော စကားကြောင့် မေမေ့မှာ အနည်းငယ်တော့ စိတ်ချမ်းသာသွားဟန် တူပါသည်။ သူ့ရဲ့လက်တစ်ဖက်ကို ကြင်နာစွာဖြင့် လာရောက်ဆုပ်ကိုင်ကာ တိုးတိုးလေး ပြောပါသည်။

"ဒီတစ်ခါတော့ ငါ့သားလေး ကံကောင်းပါစေကွယ်"

မေမေ့ရဲ့ ဆုတောင်းစကားကြောင့် သူ့ရင်ထဲတွင် တစ်မျိုးဖြစ်သွားသည်။ ပြီးတော့ ထူးဆန်းသည်မှာ သူ့စိတ်ထဲတွင် ချစ်သူကို ဖျတ်ခနဲ သတိရသွားတာပဲ ဖြစ်ပါသည်။ လောလောလတ်လတ် တွေ့လာခြင်းကြောင့် သတိရသွားတာလား ဘာလားတော့ သူလည်း မသိချေ။ မျက်လုံးထဲမှာတော့ ချစ်သူရဲ့အမြဲပြုံးတတ်သော စောင်းငဲ့မျက်နှာပေးလေးကို ပြန်မြင်ယောင်ပြီးလာသည်။

အဲဒီညက သူသည် အိပ်ရာဝင်ခါနီးအချိန်တွင် သူမထံသို့ ဖုန်းဖြင့် Message တစ်ခု ပို့လိုက်ပါသည်။ ဖုန်းတော့ မဆက်ဖြစ်ပါ။ နေမကောင်းဖြစ်နေသော ကောင်မလေးတစ်ယောက် အကယ်၍ အိပ်ပျော်နေခဲ့ပါက သူ့ဖုန်းသံကြောင့် နိုးသွားကာ အနှောင့်အယှက် ဖြစ်မှာစိုး၍ ဖြစ်ပါသည်။ ဒီ Message ကိုတော့ နောက်တစ်နေ့ အိပ်ရာနိုးတော့မှ မြင်ရင်လည်း မြင်ပါစေတော့ ဟူသော သဘောဖြင့် လှမ်းပို့ခဲ့ခြင်းဖြစ်သည်။ သူ ပို့လိုက်သော စာသားလေးမှာ တိုတိုလေးသာ ဖြစ်ပါသည်။



"Nyimalay u r so lovely"

(ညီမလေး ... မင်း အရမ်းချစ်ဖို့ကောင်းတယ်)

သူက အဲဒီလို ပို့ခဲ့သော်လည်း သူမထံကဖြင့် Reply maessage ကို မမျှော်လင့်ခဲ့ပါ။ သို့သော် သုံးမိနစ်လောက် အကြာမှာပဲ သူ့ထံသို့ သူမဆီက message တစ်ခုက ပြန်လည်ရောက်ရှိလို့ လာခဲ့ပါသည်။ ကြည့်စမ်း ... သူမ မအိပ်သေးဘူးပဲ။ အင်း ... ဆယ်နာရီဆိုသော အချိန်ဟာ သိပ်တော့လည်း နောက်မကျသေးပါ။

သူသည် သူမထံက ပြန်လည် ပို့လိုက်သော Message လေးကို ကြည့်ကာ ပြုံးမိသွားရသည်။

"Thanks' Good Night ! "တဲ့။ တကယ်ကို ခင်မင်ဖို့ကောင်းကာ ရိုးသားပွင့်လင်းသော ကောင်မလေးပဲ ဖြစ်တော့သည်။ သူသည် အဲဒီစာသားလေးကို ဘာမှမထူးဆန်းပါဘဲနှင့် အကြိမ်ကြိမ် ဘာသာပြန်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂

"ချစ်သူ ... ကာလနဂါးမ ခုထိ မနိုးသေးဘူးလား၊ ထ စမ်းဟေ့"

ချစ်သူသည် အဲဒီအာပြဲသံကြီးကို ကြားတာနှင့် နိုးသွားပြီဖြစ်သော်လည်း မထသေးပဲ ဆက်အိပ်ချင်ဟန် ဆောင်နေလိုက်သည်။ သို့သော် အဲဒီအသံကြီးက အသံနဲ့တင် ရပ်တန့်သွားတာ မဟုတ်ဘဲ လက်တွေကပါ ရောက်လာတော့မှာကို ကြိုသိနေသော ချစ်သူအတွက် စောင်ကို ခေါင်းမီးခြုံလိုက်သော်လည်း မမီတော့ချေ။ အခန်းထဲသို့ ဝင်ရောက်လာသောအသံ၊ စောင်ကို ဆွဲဖယ်ကာ ကိုယ်ကိုလှုပ်ယမ်းနှိုးသော အထိအတွေ့တို့ကို ဆက်တိုက်ခံစားရပြီးနောက် ...

"အာ ... လာမနှောင့်ယှက်နဲ့ကွာ၊ ငါ့စိတ်ကို သိတယ်နော်"

အသံရှင်က ချစ်သူရဲ့တင်ပါးတွေကို တဖြန်းဖြန်းနှင့် ရိုက်ပုတ်ကာ ...

"သိတယ် ... သိတယ်၊ ဟုတိမတည်တဲ့ ညည်းကို သေအောင် သတ်မလို့"



အဲဒီတော့မှပဲ ချစ်သူသည် မျက်လုံးတွေ စုံပြူးသွားတော့ရင်း အိပ်နေရာမှ ငေါက်ခနဲ ထထိုင်မိကာ ...

"အာ ... ဆောရီး သယ်ရင်း။ ဆောရီး ... ရေရေလည်လည် တောင်းပန်တယ်ဟာ၊ ငါ လုံးဝမေ့သွားတာဟာ။ တကယ်ကို မေ့သွားတာ။ မနေ့ညက ငါ နေမကောင်းဖြစ်နေတာနဲ့ ထမင်းတောင် မစားနိုင်ဘူး၊ ဆေးသောက်ပြီး တစ်ခါတည်း အိပ်ပစ်လိုက်တာ၊ မနက်ကျတော့ နိုးကိုမနိုးတော့ဘူး။ ဂျူတီကလည်း နှစ်နာရီမှ ဝင်ရမှာဆိုတော့ အေးဆေးနှပ်နေလိုက်တာ ...

ဟုတ်တယ်ကွာ၊ ကိုယ် အရမ်းလွန်သွားတယ် သယ်ရင်းရယ်၊ ဆောရီးပါ၊ အေးဆေးပါ၊ ဟုတ်တယ်မှုလား ... ဟဲ ဟဲ"

ချစ်သူ၏ ချစ်စွာသော သူငယ်ချင်း အင်ခန့်က ချစ်သူကို မကျေနပ်လွန်းသော မျက်စောင်းကြီးတစ်ခုကို ပျစ်ပျစ်နှစ်နှစ်ထိုးသည်။ ဒီနေ့မနက်မှာ သူနှင့် ချစ်သူတို့ အင်းလျားကန်ပေါင်ပေါ်မှာ လမ်းထလျှောက်ဖို့ ချိန်းထားကြတာဖြစ်သည်။ ချစ်သူဟာ နေမကောင်းတာရော၊ အလုပ်ကိစ္စတွေ ခေါင်းထဲမှာ များနေတာရောကြောင့် အဲဒီကိစ္စကို ဘယ်လိုမေ့လျော့သွားမှန်းကို မသိပါ။

ဖုန်းလှမ်းဆက်ပြီး ဖျက်လိုက်ဖို့တောင် သတိမရတော့။

"မရဘူး ... ဒီနေ့တော့ ငါ့ကို ကော်ပြန့်ကြော်နဲ့ ကော်ဖီ ချိနိုကော်ဖီ တိုက်ရမယ်၊ ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... ကော်ပြန့်နဲ့ ကက်ပူချီနိုလောက်များ သွေးမရဲဘူး ထင်လား၊ ဒါ ပြောစရာလိုတဲ့ကိစ္စ မဟုတ်ပါဘူး ချစ်သယ်ရင်းလေးရယ် ... ဟဲ ဟဲ"

"တော်စမ်းပါ။ အခုမှ မျက်နှာချိုလာသွေးမနေ့။ တကယ် နေမကောင်းဘူး ဆိုတာ သိလို့ ခွင့်လွှတ်လိုက်တယ်မှတ်။ ကျေတော့ မကျေနပ်သေးဘူး။ နောက်မှ အတိုးရော အရင်းရော ပေါင်းပြီး ညှဥ်းရမယ်"

"ညှေဆင်း ... ညှေဆင်း ... ဟဲ ဟဲ"

"ဟဲ့ ... နင် မနေ့က Image Cover အတွက် ရိုက်တဲ့ ဓာတ်ပုံတွေ ဦးလင်းဆီမှာ ဝင်ယူသေးလား။ ရလာပြီလား၊ ဘယ်မှာလဲ၊ သွား ... သွား ... မျက်နှာသွားသစ်ချေစမ်း ဟာ ...

နင် မျက်နှာသစ်နေတုန်း ငါ ကြည့်ထားမယ်"

ချစ်သူသည် ခုတင်ပေါ်မှ ဝုန်းခနဲ ခုန်ဆင်းလိုက်ကာ အိတ်ထဲမှ စီဒီချပ်ကို လှမ်းထုတ်ယူလိုက်သည်။ စီဒီကိုယူရင်းမှ မနေ့ညနေက တွေ့ခဲ့သော တစ်စုံတစ်ယောက်ရဲ့ရုပ်သွင်ကို မျက်လုံးထဲတွင် ဖျတ်ခနဲ ပြန်မြင်ယောင်လို့လာသည်။ သူ့ရုပ်သွင်ဟာ တစ်ခါမြင်ဖူးလျှင် တော်တော်ကြာအောင် မမေ့မည့် ရုပ်မျိုးပဲ ဖြစ်သည်။ ချောလွန်းလို့တော့ မဟုတ်ပေ။ သို့သော် သူ့မှာ ယောကျ်ားပီသသော ဆွဲဆောင်မှုတစ်မျိုး ရှိသည်ဟု ထင်ပါသည်။

ချစ်သူသည် သူ့အကြောင်းကို ဆက်မတွေးဖြစ်တော့ပဲ အင်ခန့်ကိုပဲ စီဒီချပ်ကို လှမ်းပေးလိုက်သည်။



"ငါ့ Lap top ထဲကိုပဲ ထည့်ဖွင့်လိုက်။ ပြီးရင် ထမင်းစားခန်းထဲ ယူသွားပြီးကြည့်မှာ၊ ငါလည်း မကြည့်ရသေးဘူး"

"ဟုတ်ကဲ့ပါ သခင်မ"

ချစ်သူက အင်ခန့်ကို နှာခေါင်းရှုံ့ပြောင်ပြခဲ့ကာ ရေချိုးခန်းထဲ ဝင်လာခဲ့သည်။ ချစ်သူရဲ့နေမကောင်းမှု ဝေဒနာက အုံးဝပျောက်ကင်းသလောက် ဖြစ်သွားပြီမို့ နည်းနည်းတော့ စိတ်ချမ်းသာရပါသည်။ မနေ့ညက ဆေးသောက်ပြီး စောစောအိပ်လိုက်တာလည်း ပါမည်ဟုထင်သည်။ ဆယ်နာရီဟူသော အချိန်သည် ချစ်သူအတွက်တော့ အစောဆုံးအိပ်ချိန်ဟု ပြောရမည်ဖြစ်သည်။ အိပ်ခါနီးဆဲဆဲ ဝင်လာသော Message လေးတစ်ခုကို ဖျတ်ခနဲ သတိရသွားချိန်မှာတော့ ချစ်သူက သွားတိုက်နေရင်း ပြုံးမိသည်။

သွားတိုက်နေရင်းမှ ပြုံးမိသော ပုံကြီးကို မှန်ထဲမှာ ကြည့်မိလျှင် ကိုယ့်ပုံဟာ ရယ်ချင်စရာကောင်းလွန်းသဖြင့် ချစ်သူသည် ဟက်ဟက်ပက်ပက် ကြီးကို ရယ်မောမိလေတော့သည်။ ချစ်သူ ဆိုသော မိန်းကလေးကား အဲဒီလို မိန်းကလေးမျိုးပဲဖြစ်ပါသည်။ ရေချိုးခန်းထဲမှ ချစ်သူ ပြန်ထွက်လာသောအခါ အင်ခန့်က ဓာတ်ပုံတွေကို ကြည့်ရင်းမှ လှမ်းအော်သည်။

"ပုံတွေကတော့ လန်းတယ်ဟေ့။ မိုက်တယ်"

"အေး ... အေး၊ အဲဒီ Lap top ကို မ,ပြီး ထမင်းစားခန်းထဲကို ယူခဲ့ပေတော့"

ချစ်သူသည် မျက်နှာက ရေတွေကို ကစ်[illegible]နှင့် လှမ်းသုတ်ရင်း ခုတင်ခေါင်းရင်းက ဖုန်းကို [illegible]ယူကာ

www.burmeseclassic.com

www.burmeseclassic.com



အင်ခန့်ရှေ့က အရင်ထွက်လာခဲ့သည်။ မီးဖိုထဲမှာ ချက်ပြုတ်နေသော မေမေသည် ချစ်သူ ဝင်လာတာကိုမြင်လျှင် "နိုးပြီလား သမီးလေး"ဟု လှမ်းမေးသည်။ ချစ်သူက မေမေ့ခါးကို သိုင်းဖက်ရင်းမှနေ၍ ...

"ချစ်မေကြီး ဘာတွေချက်တုံး။ ချစ်သမီးကရော Breakfast ကို ဘာစားရမှာတုံး"

"သမီးအကြိုက် မုန့်ဟင်းခါး ဝယ်ပေးထားတယ်လေ"

"အိုခေ ... ဂွတ်ဒ်။ သင့်ခ်ယူပဲ ချစ်မေကြီး"

ချစ်သူက စားပွဲတွင် ဝင်ထိုင်လိုက်လျှင် အင်ခန့်က Lap top ကို စားပွဲမှာ ချပေးသည်။ နှစ်ယောက်သား ဓာတ်ပုံတွေကို အတူတူကြည့်နေတုန်းမှာပဲ ချစ်သူရဲ့ဖုန်းလေးထံမှ Message ရောက်နေကြောင်း တီးလုံးသံ ထွက်ပေါ်လို့လာလျှင် ချစ်သူသည် ခေါင်းလေးငဲ့ကြည့်ကာ ဖွင့်လိုက်သည်။

"Chit Thu, Good Morning ...

Noe Pe Lar ? "

ချစ်သူသည် တစ်ဖက်မှ ပို့လိုက်သောသူ၏ ဖုန်းနံပါတ်ကိုမြင်လျှင် တစ်ချက် စဉ်းစားမိသည်။ ပြီးလျှင်တော့ ဘယ်သူဆိုတာကို သိသွားကာ လှစ်ခနဲ ပြုံးမိသွားလေသည်။ ကြည့်စမ်း ... အခုနကတင် ချစ်သူ သူ့အကြောင်းကို စဉ်းစားနေမိသေးတယ်။

ချစ်သူသည် သူ့ထံကို Message ပြန်ပို့သင့် မပို့သင့် စဉ်းစားနေတုန်းမှာပဲ အင်ခန့်က ချစ်သူရဲ့နှုတ်ခမ်းမှာ တွဲလွဲခိုနေသော အပြုံးတစ်ခုကို မြင်တွေ့သွားသည်။



ချစ်သူရဲ့လက်ထဲမှဖုန်းကို ဖျတ်ခနဲ ဆွဲယူသွားကာ ...းတွေကို အော်ဖတ်တော့သည်။ သူ ဖတ်တာကို အရေးမစိုက် ... ချစ်သူက မုန့်ဟင်းခါးနှင့် ကော်ဖီထဲကို စိတ်ထည့်ထား ...သည်။

"ချစ်သူ ဂွတ်ဒ်မောနင်း၊ နိုးပြီလားတဲ့။ အံမယ် ... ဒီဖုန်းနံပါတ်ကို ငါ မသိပါဘူး။ ဘယ်ကအမျိုးကောင်းသားလေးလဲ"

"ဒီလိုပါပဲ"

"ဘာ ဒီလိုပါပဲလဲ၊ နှစ်ရက်လောက် မတွေ့လိုက်တဲ့အတောအတွင်းမှာ အီစီကလီ တွေ့သွားပြန်ပြီလား"

"အီစီကလီ မဟုတ်ပေါင်"

"ဒါဖြင့် အတည်ပေါ့"

"မပြောရသေးပါလား"

"မပြောရသေးပါလား ဆိုတော့ ပြောတော့ ပြောမယ်ဆိုတဲ့ သဘောလား။ ဘယ်သူလဲ"

ချစ်သူက အသည်းအသန် စိတ်ဝင်စားပြနေသော အင်ခန့်ကို လှောင်ပြုံးလေး ပြုံးပြလိုက်ကာ သူ့လက်ထဲမှဖုန်းကို ပြန်ဆွဲယူရင်း မိတ်ဆွေသစ်ကြီးထံ နိုးထပြီဖြစ်ကြောင်း Message ပို့လိုက်လေသည်။ ပြုံးတုံ့တုံ့ဖြင့် စာရိုက်နေသော ချစ်သူကို အင်ခန့်က မျက်လုံးပြူးကြီးဖြင့် ကြည့်နေသဖြင့် ...

"ကဲ ... မိအင်ခန့်။ အဲဒီလောက်ကြီးလည်း ပြူးပြီး စိတ်ဝင်တစား ဖြစ်ပြမနေစမ်းပါနဲ့။ စားစရာရှိတာ စားစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ ညည်း နှုတ်ခမ်းတွေက အပြုံးတွေ
သာမန်ထက် အသက်ဝင်နေသလားလို့ပါ"

"ဟုတ်လား"

ချစ်သူရဲ့ ခပ်မြူးမြူး အပြောကို အင်ခန့်က မှ
စောင်းထိုးကြည့်နေတုန်းမှာပဲ ချစ်သူရဲ့ဖုန်းမြည်သံလေးက
ယာချိုသာစွာ ထွက်ပေါ်လို့ လာခဲ့သည်။ တစ်ဖက်မှ ခေါ်
ဟာ သူ ဖြစ်ကြောင်း အထူးပြောပြစရာ လိုမည်မထင်တော့

ချစ်သူသည် Display ပေါ်မှ ဖုန်းနံပါတ်လေး
တစ်ချက်စိုက်ကြည့်ပြီးနောက် ဒီနံပါတ်ကိုတော့ Ring T
သီးသန့်ထားဦးမှပါဟု စိတ်ကူးလိုက်သေးသည်။ ပြီးတော့မှ
ကိုဖွင့်ကာ နှုတ်ဆက်လိုက်ပါသည်။

"ဟယ်လို"

"ချစ်သူ ... ကိုယ် မိုးခေါင်ပါ"

"အမ်း ... ချစ်သူ သိပါတယ်၊ ပြော"

"ချစ်သူ နေကောင်းသွားပြီလား"

"ဟုတ် ... ကောင်းပါပြီ။ ကောင်းသွားပြီ ကိုကြီး"

ကိုကြီး ဟူသော စကားသံကြောင့် ငုံ့ပြီး မုန့်ဟ
ခါးစားနေသော အင်ခန့်က မျက်လုံးကြီးပြူးကာ မော့ကြည့်သ
ချစ်သူသည် အံ့ဒီအကြည့်ကြီးကို အရေးမစိုက်လေဟန်ဖြင့်
ပင် ပခုံးတွန့်ပြလိုက်သေးသည်။

"အခု ဘယ်မှာလဲ"

"ဪ ... အိမ်မှာပါပဲ၊ ခုနကမှ နိုးတာလေ၊ အခု B
fast စားနေတာ။ ကိုကြီးရော စားပြီးပြီလား"



"အခု စားနေတာ၊ ချစ်သူ ဘာစားနေတာလဲ"

"မုန့်ဟင်းခါးနဲ့ ကော်ဖီ"

"ဟား ... တိုက်ဆိုင်တယ်ကွာ။ ကိုယ်လည်း ကော်ဖီနဲ့
မုန့်ဟင်းခါးပဲလေ။ ပြီးတော့ ကိုယ်လည်း အခုနကမှ နိုး
တာပဲ ...

နိုးနိုးချင်း ချစ်သူကို Message ပို့လိုက်တာ"

တစ်ဖက်က အပြောကြောင့် ချစ်သူရဲ့ရင်ထဲတွင်
လှပ်ခနဲ ဖြစ်သွားသည်မှာ နည်းနည်းတော့ ထူးဆန်းနေသည်ဟု
ဆင်လေသည်။ ချစ်သူသည်လည်း ခဲယောက်ျားမမြင်ဖူးသော မိန်း
ကလေးတစ်ယောက် မဟုတ်ပါ။ တကယ့်ကို မိုက်ပါသည်၊ ချော
ပါသည် လန်နေပျံနေပါသည်ဆိုသော ယောကျ်ားလေးတွေကြား
မှာ အလုပ်လုပ်နေသူ တစ်ယောက်မို့ ဒီလိုအပြောမျိုးတွေဟာ
ချစ်သူအတွက် မထူးဆန်းတော့ပြီ။ ဒါပေမဲ့ သူ ပြောလိုက်သော
စကားတစ်ခွန်းကတော့ ထူးဆန်းစွာဖြင့် ရင်ကို လှပ်ခနဲ ဖြစ်သွား
စေပါသည်။

ချစ်သူသည် ခေတ္တဆွံ့အသွားပြီးမှ စကားကို အလျင်
အမြန် ပြန်ပြောရသည်။

"ဪ ... ကိုကြီးက မုန့်ဟင်းခါး ကြိုက်တယ်လား"

"ကြိုက်တယ်၊ မုန့်ဟင်းခါးက ကိုယ့်ရဲ့ဖေးဗရိတ်ပဲ။ ဟို
မှာဆို မစားရဘူးလေ"

"ဘယ်မှာ မစားရတာလဲ၊ ဂျပန်မှာလား"

ချစ်သူက ဇီဇကို မဖျောက်နိုင်စွာဖြင့် နောက်လိုက်
သွင် သူက ဟက်ခနဲ တစ်ချက်ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ဆိုက်ထဲမှာလေ။ ကိုယ်တို့ တံတားဆောက်နေတဲ့ နေရာမှာပေါ့"

"သြော် ... အဲဒီမှာ မုန့်ဟင်းခါး မရောင်းဘူးပေါ့နော်"

ချစ်သူရဲ့အပြောကို တစ်ဖက်က အသာရယ်မော... သေးသည်။ ပြီးတော့မှ ...

"ရောင်းတော့ ရောင်းတာပေါ့ ချစ်သူရယ်။ ဒါပေမဲ့ မကောင်းဘူးပေါ့၊ မုန့်ဟင်းခါး ဖေးဗရိတ် ဆိုပေမယ့် မကောင်းရင်တော့ မစားချင်ဘူးလေ၊ အဲဒီလို ပြောတာ"

"သြော် ... သြော် ... ချဉ်ချဉ်တူးတူး မွှေးရင်ပြီးရောဆိုတဲ့ အစားမျိုးထဲကတော့ မဟုတ်ဘူးပေါ့နော်"

သူက ဒီတစ်ခါတော့ ဘာမှကို မပြောတော့ဘဲ တဟားဟားနှင့် အော်ရယ်နေတော့လျှင် ချစ်သူမှာ သူ ရယ်တာကို မုန့်ဟင်းခါး ခပ်စားရင်း စိတ်ရှည်လက်ရှည်ပဲ စောင့်ရလေသည်။

"ချစ်သူ ဒီနေ့ ဘာအစီအစဉ်တွေရှိလဲ"

"နှစ်နာရီမှ အပြင်ထွက်ရမယ်၊ အလုပ်ကိစ္စပေါ့"

"သြော် ... ဒါဖြင့် အခုတော့ အေးအေးဆေးဆေးပါပဲ"

"ရက်စ် ... ရက်စ် ...။ အေးအေးဆေးဆေးပါပဲ"

"အိုခေ ... အိုခေ ... ဒါဆိုလည်း နားပါ။ ကိုယ်နောက်မှပဲ ထပ်ဆက်လိုက်ပါ့မယ်။ ဘိုင့်ဘိုင်"

"ဟုတ် ... ဘိုင့်ဘိုင်"

ချစ်သူက ဖုန်းကိုပိတ်ပြီး ချလိုက်လျှင် အင်ခန့်က သိပ်ဟုတ်နေတာပေါ့ ဟူသော မျက်နှာပေးဖြင့် အသင့်စောင့်ကြိုကာနေသည်။



"ခိုချီးတဲ့ ... ဟုတ်လား။ အဲဒီ ခိုချီး စာလေးချီးတွေက ဘယ်တုန်းက တွေ့သွားတဲ့ဟာတွေလဲ။ ဒီမိန်းမတော့ မနိုင်တော့ဘူးနော်။ အသံကလည်း ကော်နဲ့ သာကူစိနဲ့ ရောကျိုထားတဲ့အသံကြီးနဲ့၊ ဖြစ်နေလိုက်တာ ... ဖြစ်နေလိုက်တာ၊ ပြောစမ်း ... ပြောစမ်း ... ဘယ်ကဘိုးတော်ကြီးလဲ"

"အာ ... မဟုတ်တရုက်၊ ဘာဘိုးတော်မှ မဟုတ်ဘူး။ အမှန်အကန် ခိုချီး ... ဟဲ ... ဟဲ"

မှတ်ချက်။ ။ ကိုကြီးကို ချွဲ၍ပြောသောအခါ စကားမပီတော့ပုံကို ခိုချီး ... ခိုချီး ဟု နိုင်းနှိုင်းရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

"အေး ... အဲဒီ အမှန်အကန် ခိုချီးကို ဘယ်တုန်းကတွေ့ပြီး ဒီလိုအခြေအနေတွေ ဖြစ်သွားရတာလဲ၊ အဲဒါကိုမေးနေတာ ...

ငါနဲ့မတွေ့တဲ့ နှစ်ရက်အတွင်းမှာလေ"

"သြော် ... မနေ့ကမှ တွေ့တဲ့ဟာ"

"မနေ့က ဘယ်မှာတွေ့လာတာလဲ"

"ဦးလင်းရဲ့ စတူဒီယိုမှာပါဟာ၊ ဦးလင်းရဲ့ညီ တစ်ဝမ်းကွဲတဲ့။ ဦးလင်းက မိတ်ဆက်ပေးလို့သိတာ။ မနေ့က YKKO မှာ ကြေးအိုးသွားသောက်ကြတာ၊ ပြီးတော့ ငါ့ကို အိမ်အထိ ပြန်လိုက်ပို့ပေးတယ်၊ ဖုန်းနံပါတ်တောင်းတယ်၊ အဲဒါပဲ"

"ချောလား"

မျက်လုံးနှစ်လုံးကိုတော့ ပြူးကာ နားရွက်ကိုတော့ ချစ်သူရဲ့ပါးစပ်နားသို့ လာကပ်ပေးထားသော အင်ခန့်ရဲ့ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခြမ်းကို ချစ်သူက ဆောင့်တွန်းထုတ်ပေးလိုက်သည်။ အင်ခန်
ဆိုသော တစ်ယောက်ဟာ အဲဒီလိုပင်။ ယောကျာ်းလေးတ
ယောက်ကို နာမည်၊ အသက်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်
စသဖြင့် သူ ဘာမှမိတ်မဝင်စား။

သူ့လက်သုံးစကားက "ချောလား"ဟူ၍သာ ဖြစ်
တော့သည်။

"ပြောစမ်းပါဟာ၊ ချောလား"

"ရောဂပါဘူး"

"ချောပါရင် ဘာဖြစ်လို့ မျက်နှာက ဖြီးနေရတာလဲ"

"မဖြီးပါဘူး၊ အဲဒါ ချစ်သူရဲ့စတိုင်လ်ပဲဟာ"

"လျှောက်ပြောမနေစမ်းပါနဲ့အေ။ ငါက ညည်းနဲ့ တစ်သက်
လုံး ပေါင်းလာခဲ့တဲ့သူပါ။ ပါးစပ်ဟ,လိုက်တာနဲ့ သွားဘယ်
နှချောင်းဆိုတာ သိပြီးသားပဲ၊ ကဲ ... ကဲ ... ဟ ... ဟ...
အဲလေ ... ပြော ... ပြော"

အဲဒီစကားကို ချစ်သူက ကော်ဖီသောက်ရင်း သီး
မတတ် အော်ရယ်မိလေသည်။ ချစ်သူနှင့် အင်ခန့် ဆိုသည့်
သူငယ်ချင်းနှစ်ယောက်က အဲဒီလိုပဲ ဖြစ်သည်။ ဘယ်သူမှ မပါ
ဘဲနဲ့လည်း နှစ်ယောက်တည်း ပွဲစည်သည်။ တစ်ယောက်နဲ့တစ်
ယောက် ချွတ်နေကြသော စကားတွေနဲ့တင် တဝါးဝါး တဟားဟား
နှင့် ပွဲကျနေလေ့ရှိကြသည်။

"သေအောင်ရယ်မနေနဲ့၊ ငါ မေးတာကိုဖြေ၊ မချောလို့
မကြိုက်ဘူး ဆိုရင်လည်း ငါနဲ့ ထပ်မိတ်ဆက်ပေးလေ၊
ဘယ်လိုလဲ"



အင်ခန့်က ချစ်သူရဲ့မျက်နှာကို မချိုမချဉ်ကြည့်ကာ
...သည်။ ချစ်သူသည် အဲဒီအထာကို နားလည်စွာဖြင့် မရိုးနိုင်
...ရယ်မိပြန်သည်။ ဘာမဆို အကောင်းမြင်ကာ ပျော်တတ်လွန်း
...က်တတ်လွန်းသော ချစ်သူတို့နှစ်ယောက်သည် တစ်ယောက်
...က်ကများ ယောကျာ်းလေးမိတ်ဆွေ အသစ်တစ်ယောက်
...လိုက်နှင့် "မကြိုက်ဘူးဆိုရင် ထပ်မိတ်ဆက်ပေးလေ"ဟူသော
...က်သုံးစကားမှာ ချစ်သူတို့၏ လက်သုံးစကား ဖြစ်သည်။

"မိတ်တော့ ဆက်ပေးမှာပါ။ ဒါပေမဲ့ သေချာတာကတော့
သူ နင့်ကို စိတ်ဝင်စားမှာ မဟုတ်ဘူး။ အဲဒါကို ငါကြိုသိ
နေတယ်၊ ဟဲ ဟဲ ... ဘာကြောင့်လဲဆိုတော့ သူ့ရင်ကို
ချစ်သူကလွဲပြီး မတိုးတော့လို့ပဲ"

"အမယ်လေး ... ပြောသွားလား၊ ဟိုက အဲဒီလိုကြီး ပြော
သွားလား"

"ဟား ဟား ... မပြောသွားပေမယ့်လည်း ဒါက နှလုံးသား
နဲ့ ခံစားလို့ရပါတယ်"

"အဟွတ် ... ကဲပါ ချစ်သူရယ်။ ငါ အကောင်းမေးနေ
တာ ဖြေစမ်းပါ။ နင့်ပုံစံက အရင်ကပုံစံတွေနဲ့ကို မတူလို့...
သူ့အကြောင်းကို သေချာပြောပြစမ်းပါ။ ဟိုဟာ...
ချောလား မချောလားဆိုတာ အရင်ဖြေ"

"နင်လည်း အဲဒီစိတ်နဲ့ရှူးမှာပဲ။ မချောဘူးလို့ ငါ ပြောပြီး
ပြီပဲ။ ဒါပေမဲ့ ပုံစံက Attrection တော့ အပြည့်ရှိတယ်"

ချစ်သူသည် အဲဒီစကားကို ပြောလိုက်ရင်းမှ သူ့...
ကို မျက်လုံးထဲတွင် မြင်ယောင်လို့ လာသည်။ အင်ဂျင်နီ...တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟု သိထားခဲ့ရသော သူသည် တကယ်ကိုပဲ အင်ဂျင်နီယာ ပုံ ပေါက်သူတစ်ဦးဖြစ်သည်။ အင်ဂျင်နီယာပုံဆိုတာ ဘယ်လိုမျိုးကို ခေါ်တာလဲဟု မေးလျှင်တော့ အဲဒီအတွက် အဖြေမရှိ

ဒါပေမဲ့ တချို့လူတွေပြောတာ ကြားဖူးသည် ဆရာဝန်ရုပ် ပေါက်တယ်တို့၊ ဆရာဝန်လို့ကို မထင်ရဘူးနော် စသဖြင့် စကားတွေဟာ တကယ်ရှိလို့ပြောတာဖြစ်သည်။ ချစ် ကိုယ်တိုင်လည်း အဲဒါကို လက်ခံသည်။ အခု မိုးခေါင် ဆိုသော အစ်ကိုကြီးဟာလည်း အဲဒီလိုပဲ အင်ဂျင်နီယာရုပ် ပေါက်သည်ဟု သတ်မှတ်ပေးရမည့်သူမျိုး ဖြစ်သည်။ အရပ်မြင့်မြင့်နှင့် လိုက်ဖ ညီသော ကိုယ်ခန္ဓာကို ပိုင်ဆိုင်ထားကာ သူ့မျက်နှာသွင်ပြင် ချောတာလှတာမျိုး မဟုတ်ဘဲ ယောကျ်ားပီသသည့် ရုပ်သွင်မျိုး ဖြစ်သည်။ အသားအရေကတော့ နေထဲ လေထဲမှာ လုပ်နေရသော အင်ဂျင်နီယာပီပီ ဖြူဖွေးနုးညံ့နေတာမျိုး မရှိပေမယ့် ခပ်လတ်လတ် နှင့် ရှင်းသန့်ပါသည်။

ပြီးတော့ သူ့ပုံစံသည် အသက်ထက်စာလျှင် လူငယ် စတိုင်လ် ပိုပေါက်သည်ဟု ပြောရမည်ဖြစ်သည်။ မျက်လုံးထဲတွင် ခဲပြာရောင်လည်ပင်းပိတ် ဖစ်တင်တီရှပ်တစ်ထည်နှင့် ဂျင်း(န်)တစ် ထည်ကို စမတ်ကျကျ ဝတ်ဆင်ထားသော သူ့ပုံစံကို ပြန်လည် မြင်ယောင်လို့ လာသည်။

"အဲဒီ Attrection အပြည့်ရှိတယ်ဆိုတဲ့ ပုံကိုပဲ ငါ့မျက်လုံး ထဲ မြင်လာအောင် ပြန်ပြောစမ်းပါဦး ...

ရုပါမိုဒယ်လ် မိုးချစ်သူကတောင် အမှတ်ပေးရတဲ့ ပုံစံဟာ ဘယ်လိုပုံစံလဲဆိုတာ သိချင်လွန်းလို့ပါ"



ချစ်သူက နှုတ်ခမ်းလေးကို လွှင့်လွှင့်လေးပြုံးကာ ...

"ဩော် ... အသားအရေက ခပ်လတ်လတ်ပေါ့ဟာယ်။ သိပ်တော့ မဖြူဘူး၊ အရပ်က တော်တော်မြင့်တယ်၊ ဗိုက် မထွက်ဘူး၊ ဘီယာဗိုက် မရှိဘူး ...

ဘော်ဒီစထရက်ချာက အချိုးတပြေပြေ ရှိတယ်၊ မျက်လုံးတွေ စူးရှတယ်။ နှုတ်ခမ်းတွေက ပြတ်သားတယ်၊ အဲဒါပဲ"

"အင်း ... ကြားရတာတော့ သိပ်စိတ်ဝင်စားဖွယ် မရှိပါ ဘူး။ သူက ဦးလင်းရဲ့ညီ ဟုတ်လား။ ပြောသံလည်း မကြားမိပါဘူး။ အခုမှပဲ တိုက်တိုက်ဆိုင်ဆိုင်"

"သူက (... ...) တံတားစီမံကိန်းမှာ တံတားဆောက်နေ တာတဲ့။ အင်ဂျင်နီယာလို့ ပြောတယ်။ သူလည်း ဦးလင်း ဆီကို လာလည်တာပဲ"

"ဩော် ... ဩော် ... အမှတ်တမဲ့မှ အမှတ်တရတွေ ဖြစ် ကုန်တယ်ပေါ့လေ၊ ဟုတ်လား ... ဒီတစ်ခါတော့ ချစ်သူ တို့ အစားထိုးစရာ တွေ့ပြီနဲ့တူတယ်"

ချစ်သူက ဒီတစ်ခါစကားကိုတော့ မရယ်နိုင်ဘဲ ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းပြမိသည်။ ချစ်သူဟာ နောင်ခက် နှင့် ပတ်သက်ပြီး နှလုံးသားရဲ့ တစ်ထောင့်တစ်နေရာမှာ အပြင်း အထန် နာကျင်ခံစားခဲ့ရဖူးတယ် ဆိုပေမယ့် နှလုံးသားကို တစ်စုံ တစ်ရာနဲ့ အစားထိုးဖို့တော့ စိတ်ကူးမရှိခဲ့ပါ။

သေဆုံးသွားခဲ့ပြီးသော နှလုံးသားရဲ့နေရာမှာ ဘာနဲ့မှ အစားထိုး၍ မရဟု ထင်သည်။ ရင်ထဲမှာ အချစ်တစ်ခုကို ခံစား

www.burmeseclassic.com

www.burmeseclassic.com



လို့ရှိဆိုင်လျှင် အဲဒါဟာ နှလုံးသားအသစ်တစ်ခု ထပ်၍ရှင်သန်နေသွားသာခြင်းပဲဟု ချစ်သူကတော့ သတ်မှတ်သည်။

အချစ်မှာ အစားထိုးခြင်း ဆိုတာ မရှိချေ။ ရှိခဲ့လျှင်လည်း အဲဒါဟာ အချစ် မဟုတ်ဟု ရဲရဲကြီး စိန်ခေါ်ရဲလေသည်။

"ဘာဖြစ်တာလဲ။ ဒီတစ်ခါတော့လို့ ဆိုလိုက်တာနဲ့ အရင်တစ်ခါကို သတိရသွားပြီလား"

"အမှန်အတိုင်း ပြောရရင်တော့ သတိရတယ်။ ဒါပေမဲ့ ဘာအကန့်မှ မရှိဘဲနဲ့ သတိရတာပါ"

"အလဲ့ ... လုပ်လိုက်စမ်း။ ဖွင့်စမ်းပါဦးဟ၊ မှတ်လောက်သားလောက်တဲ့ အချစ်ဒိုင်တွေ"

"မဟုတ်ပါဘူး။ ငါ နင့်ကို တစ်ခါပြောပြဖူးပါတယ်။ အချစ်မှာ အစားထိုးလို့ရတယ်ဆိုတာ မရှိဘူး။ တစ်စုံတစ်ယောက်ကြောင့် ကွဲသွားတဲ့ နှလုံးသားနေရာမှာ အစားထိုးလို့ ရတယ်ဆိုတာ တကယ်တော့ အဲဒါ အစားထိုးလို့ရတာ မဟုတ်ဘူး။ နှလုံးသား အသစ်တစ်ခု ထပ်ပေါက်ဖွားလာတာ ...

အဲဒါကို လူတွေက မသိကြလို့ အစားထိုးတယ် ထိုးတယ် ဖြစ်နေကြတာ။ အမှန်က အဲဒါ လုံးဝမဟုတ်ဘူး၊ အချစ်မှာ အစားထိုးလို့ရတယ်၊ အစားထိုး ချစ်တယ်ဆိုတာ လုံးဝမရှိဘူး။ အချစ်စစ်မှာ အစားထိုးတယ်ဆိုတာ မရှိဘူး။ အသည်းကွဲတယ် ဆိုကတည်းက အဲဒီအချစ်ကို ချစ်ခဲ့ဖူးတဲ့ နှလုံးသားက ပျက်စီးသွားခဲ့ပြီ၊ ပြီးသွားခဲ့ပြီ ...



နောက်ထပ် အချစ်ကိုခံစားရတယ်ဆိုရင် ဒါ အချစ်အတွက် တစ်ဖန်မွေးဖွားတာပဲ။ နှလုံးသားအသစ်နဲ့ ချစ်တာ။ လုံးဝသန့်တယ်၊ သစ်တယ်"

အင်ခန့်က ဟုတ်ပါပြီ ဟူသော အပြောဖြင့် ခေါင်းအဆက်ဆက်ညိတ်သည်။

"ဒါဖြင့် ဒီလူကတော့ အသစ်ပေါ့၊ ဟုတ်လား"

ချစ်သူသည် အဲဒီအပြောကို ပခုံးတစ်ဖက်တွန့်ပြမိတာ ...

"ဒါတော့ ပြောဖို့ စောပါသေးတယ်"

အဲဒီနောက်မှာတော့ ချစ်သူသည် နံဘေးမှာချထားသော ဖုန်းလေးကို ကောက်ယူကာ သူ့ဖုန်းနံပါတ်တစ်ခုကို Name list ထဲမှာ ထည့်ထားပေးလိုက်လေသည်။ နာမည်ကိုတော့ ဆွဲထွေထူးထူး မပေးတော့ပဲ ကိုကြီးဟုသာ ပေးလိုက်သည်။

သူ့ပုံစံကိုလည်း မျက်လုံးထဲတွင် တရေးရေးမြင်ယောင်လာကာ တစ်နေရာရာမှာများ တွေ့ဖူးသလားဟု တွေးမိသွားသေးသည်။ ပြီးတော့ သူ့ရော အသည်းကွဲဖူးလားဟု မဆီမဆိုင် ခံစားပေးမိလိုက်သေးပါသည်။

ဩော် ... လူဆိုတာ ကိုယ်နဲ့နှိုင်းရင် မရိုင်းတတ်ဘူးတဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com

❧ မနိုင်းကောင်းလို့
မရှိင်းဘူးတဲ့ နှလုံးသားက
အစားထိုးချစ်ခြင်းဆိုတာကို
အယုံအကြည် မရှိခဲ့ဘူး။ ။

❧ ချိုးဖျက်သူနဲ့ တိုးထွက်သူ
ညှိလို့မရသေးတဲ့ သံစဉ်တွေရဲ့ကြားမှာ
သူ့မျက်နှာကို ခဏမြင်ခိုက်
ရင်မှာခေတ္တအနှမ်းပျောက်
စမ်းရောက်ခဲ့တယ်။ ။

❧ အချစ်သာ စစ်ပါစေ
မြူတစ်မှုန်လောက် ထုထည်ရှိလည်း
ရင်ကိုအေးမြ နှလုံးသားကိုလန်းဆန်း
အချစ်ပန်းတို့ ထာဝရပွင့်စေ။ ။



၃

သူက အခန်းတံခါးကိုဖွင့်ပြီး ဝင်လာလိုက်လျှင် ကိုလင်းက လှည့်ကြည့်သော အကြည့်တို့မှာ မင်း ရောက်လာမှာ ငါ သိသားပဲဟူသော အကြည့်မျိုးကြီးဖြစ်သည်။ သူက ကိုလင်း အခန်းထဲက ခုတင်ရှေ့ပါမှာ ဝင်ထိုင်လိုက်ရင်းမှ ...

"ကိုလင်း လက်ဖက်ရည်ဆိုင် သွားရအောင်"

ကိုလင်းက ရေချိုးပြီးစမို့ ခန္ဓာကိုယ်အနှံ့ကို တဘက်ဖြင့် သုတ်နေကာ ...

"အထူးအဆန်းတွေ လာပေးနေပါလား၊ ခါတိုင်းဆို လက်ဖက်ရည်ဆိုင်သွားဖို့ ငါကပဲ သေမတတ် လာပင့်နေရတာပါ ...

အခုတော့ မင်းသားက စောစောစီးစီး အကြိုတော် လာထောက်နေပါလား"

သူ့ကို ရိနေမှန်း သိသော်လည်း သူက ပြုံးပါ၊ ကိုလင်းကို အေးအေးဆေးဆေးပဲ ပြန်ကြည့်လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေတွေဆိုတာ အမြဲတမ်း ပြောင်းလဲနေတယ်လေ ကိုလင်းရာ။ ကိုလင်း ရှုတင်ရှိသေးလား၊ ရှိရင် ကျွန်တော် တစ်ခါတည်း ပို့ပေးခဲ့မယ်၊ ဘယ်လိုလဲ"

"လေသံတွေက အရမ်းရင်ခုန်စရာ ကောင်းနေတယ်ကွာ။ ပုံမှန်ဆက်ဆံစမ်းပါ၊ ဒီနှလုံးသားက ခံနိုင်ရည်မရှိလွန်းလို့ပါ"

"ခင်ဗျား နွှာတယ်ဗျာ"

"နွှာရအောင် မင်းက ပန်းသီးလည်း မဟုတ်ဘူး။ ကဲ ... ပြော၊ အခြေအနေ။ ညက ဖုန်းဆက်ဖြစ်သေးလား"

"ညက မဆက်ဘူး။ မနက်ကပဲ ဆက်လိုက်တာ"

"အလို့ ... ငါ့ကောင်ကြီး ခြေလှမ်းတွေ သွက်နေပါလား"

"မသွက်ပါဘူးဗျာ၊ နည်းနည်းပါးပါး နှုတ်ဆက်စကား ပြောရုံလေးတင်ပါ၊ ကဲ ... ကိုလင်း မြန်မြန်လုပ်ဗျာ၊ ပဲတွေ သိပ်များမနေနဲ့၊ မင်းသမီးတွေဆီ သွားမှာမဟုတ်ဘူး"

ကိုလင်းက သူ့ကို အေးပါကွာဟုပြောကာ အဝတ်အစားကို အမြန်လဲသည်။ ပြီးလျှင် သူက ကိုလင်းကို သူ့ကားနှင့် တင်ဆောင်ကာ သူ ရန်ကုန်ရောက်တိုင်း ထိုင်နေကျ လက်ဖက်ရည်ဆိုင်ထံသို့ မောင်းလာခဲ့ကြသည်။ ဆိုင်ရောက်လို့ သူက လက်ဖက်ရည်ကို တိုင်ကီခွက်ကြီးမှာလျှင် ကိုလင်းက ပြုံးပြုံးကြည့်ကာ ...

"ဘာလဲ ... တိုင်ကီမှ ဝ,တာလား။ ဟ ... ပေါက်စီလည်း တွယ်ဦးမယ်"



"ဟိုမှာ ဝေါ်သမ္မ ဒီမှာ အတိုးချစားထားရတယ်လေဗျာ။ ပြီးတော့ ကိုလင်းနဲ့ စကားပြောမှာဆိုတော့ အာခြောက်မှာ၊ ဒါကြောင့် တိုင်ကီမှာတာ ..."

လက်ဖက်ရည်ကို ဟိုရောက်ရင် အရမ်းလွမ်းတာဗျ။ ရောက်ခါစကဆို တော်တော်ဆိုးတယ်။ အရက်သမားလိုပဲ"

"မင်းတို့ project က ဘယ်တော့ပြီးမှာလဲ"

"ကြာတော့ ကြာဦးမှာပေါ့"

"အင်း ... ပြောပါဦး၊ ချစ်သူနဲ့က ဘယ်လိုလဲ၊ အဆင်ပြေလား"

"အဆင်က ပြေတယ်ဆိုတာ ဘာကို ပြောတာလဲ။ ဒီလိုသာမန်ကတော့ အဆင်ပြေတယ်လို့ ပြောမရဘူးလေ ...

ကိုလင်း ကျွန်တော် ချစ်သူရဲ့အကြောင်းတွေ သိချင်တယ်"

ကိုလင်းက လက်ဖက်ရည်ကို တစ်ငုံ ငုံရင်းမှ သူ့ကို မျက်လုံးတစ်ချက် လှမ်းကြည့်သည်။ ပြီးတော့ လက်ဖက်ရည်ခွက်ကို ပြန်ချကာ ...

"ဘယ်လိုသိချင်တာလဲ၊ သူ့မှာ ရည်းစားမရှိဘူးလို့ ငါပြောပြီးပြီလေကွာ"

"အဲဒါကို သိပါတယ်။ အခု မရှိပေမယ့် အရင်ကရှိရင် ရှိခဲ့ဖူးမှာပေါ့၊ အဲဒါကို မေးတာ။ သူ့မှာ အချစ်ဦး ရှိခဲ့ဖူးလား။ ရှိခဲ့ဖူးရင် အဲဒီတစ်ယောက်ကို ဘယ်လောက်ထိ ချစ်ခဲ့ဖူးလဲဆိုတာ သိပ်သိချင်နေတယ်"

"သိတော့ မင်းအတွက် ဘာများထူးခြားသွားမှာမို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မထူးခြားပါဘူး။ ဒါပေမဲ့ သိချင်တယ်။ သူ ဘယ်လောက် ချစ်တတ်ခဲ့သလဲ ဆိုတာကို သိချင်တယ်"

ကိုလင်းက လက်ဖက်ရည်ခွက်ကို မော့ပြီး တစ်ချက်တွေးသည်။ ပြီးတော့ ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"သူ ပြောပြဖူးတာတော့ သူ့ဘဝမှာ ရည်းစားတစ်ယောက်ပဲ ထားခဲ့ဖူးတယ်တဲ့။ သူ့ရဲ့အချစ်ဦး ဆိုပါတော့ကွာ။ သူ အဲဒီတစ်ယောက်ကို တော်တော်ချစ်ခဲ့တယ်လို့ ပြောတယ်"

"ငယ်ရည်းစားလား"

"ဟုတ်မှာပေါ့၊ အတိအကျတော့ ငါလည်းမသိဘူး။ ဒါပေမဲ့ သူ ဒီအလုပ်တွေ မလုပ်ခင်က။ ပြောရမယ်ဆိုရင် သူ နာမည်မကြီးခင်ကပေါ့ကွာ၊ သာမန်ကောင်မလေးဘဝက ရည်းစားပေါ့။ ချစ်သူက ပျော်ပျော်နေတတ်ပေမယ့် သူ့ကောင်လေးကိုတော့ တော်တော်ချစ်ခဲ့တယ်နဲ့ တူပါတယ်။ အဲဒီ အကြွင်းအကျန်တွေကို တစ်ခါ တစ်ခါမှာ သူ့မျက်လုံးတွေထဲမှာ သွား,သွားတွေ့ရတယ်"

"ဘာလို့ ပြတ်သွားတာတဲ့လဲ"

"သူတို့နှစ်ယောက်ကတော့ ကျိုင်သိပ်ရှိဘူးလို့ ပြောတာပဲ။ ချစ်သူက ပျော်ပျော်နေတတ်ပေမယ့် နားလည်ခွင့်လွှတ်ပေးတတ်တဲ့ စိတ်ဓာတ်တော့ရှိတယ်။ အဓိက,က ကောင်လေးဘက်က အသိုင်းအဝန်းတွေပေါ့ကွာ။ တော်တော်လေးရှိတော့ ချစ်သူရဲ့အဆင့်လောက်ကို ပမွှားလောက် မှတ်ကြတာပေါ့ကွာ ...



အဲဒါနဲ့ပဲ သူတို့နှစ်ယောက် ဝေးသွားတယ်လို့ ပြောတာပဲ"

"ဝတ္ထုထဲက ဇာတ်လမ်းမျိုးပေါ့"

"အဲဒါတော့ ငါ မသိဘူးကွာ။ သူ ပြောပြဖူးတဲ့အတိုင်းပဲ။ ဒါပေမဲ့ တိုက်ဆိုင်တာ တစ်ခုကတော့ မင်းတို့နှစ်ယောက်ရဲ့ အသည်းကွဲချိန်တွေက အတူတူပဲ။ ငါကလည်း မင်း ခဏ ခဏ ပြောပြဖူးတာရယ်၊ မင်း အကြောင်းတွေ သိနေတာရယ်ကြောင့် သွားမှတ်မိနေတာ ...

မင်းနဲ့ မဒီနဲ့ (၂၀၀၅) အောက်တိုဘာမှာ လုံးဝပြတ်တောက်သွားကြသလို သူနဲ့ သူ့ကောင်လေးလည်း အဲဒီအချိန်မှာပဲ ပြတ်ကြတယ်တဲ့။ ငါတောင် အဲဒီတုန်းက ဘာမဆိုင် ညာမဆိုင် မင်းကို ဖျတ်ခနဲ သတိသွားရသေးတယ်"

သူ့မျက်လုံးထဲတွင် သူနှင့်ထပ်တူ အဲဒီအချိန်တုန်းက ခံစားခဲ့ရဖူးသည့် ကောင်မလေးရဲ့ မျက်နှာကို မြင်ယောင်မိလာသည်။ အဲဒီအချိန်တုန်းက မင်း ကိုယ့်ထက်ငယ်ရွယ်တဲ့နှလုံးသားနဲ့ ဘယ်လိုများ ခံစားခဲ့ပါလိမ့်နော်။ အသည်းကွဲ ဝေဒနာဆိုတာ ငယ်ရွယ်တုန်းမှာဆိုရင် လှိမ့်နေအောင် ခံစားခဲ့ရမှာပဲ။

"မင်း သူ့ကို တကယ်ချစ်တာလား မိုးခေါင်"

ကိုလင်းရဲ့မေးခွန်းကို သူ ဖျားသွားသည်။ ပြီးတော့ အဲဒီမေးခွန်းအတွက် သူ့မှာ အဖြေမရှိပါ။

"ကိုလင်း မေးခွန်းကြီးက မြင့်တယ်ဗျာ၊ အခုလော[illegible]ဆယ်မှာ ကျွန်တော် ပြောနိုင်တာ တစ်ခုကတော့ [illegible]တော်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စိတ်ဝင်စားတယ်၊ သူ့ပုံစံကို သဘောကျတယ်။ သူနဲ့ ဆက်လက် ပတ်သက်သွားချင်တယ်၊ အဲဒါပဲ”

“အေး ... ပတ်သက်ကြပေါ့ကွာ။ ငါကတော့ ဘေးထွက်နေမှာနော်။ ဘယ်သူ့ဘက်ကမှ မပါဘူး၊ ပွဲကြည့်ပရိသတ်ပဲလုပ်မှာ။ သူနဲ့ ငါနဲ့ ခင်လို့ မိတ်ဆက်ပေးပြီးပြီ။ ငါ့ကိစ္စက ပြီးပြီ၊ ကျန်တာ ငါနဲ့မဆိုင်တော့ဘူး”

“အဲဒီလောက်ကြီးလည်း ကိုယ်လွတ်ရုန်းမထွက်ပါနဲ့ဗျာ”

“ဟော့ကောင် ... ငါကမင်းအကြောင်းကိုသိလို့ ရုန်းထွက်နေရတာ။ မင်းက အိမ်မှာ အစစအရာရာ အလိုလိုက်ခံ ဖူးဖူးမှုတ်ခံဆိုတော့ အလုပ်ထဲမှာသာ လူကြီး၊ စိတ်က ကလေးစိတ်၊ တစ်ခါတစ်ရံမှာ အတ္တက ကြီးသေးတယ်။ မင်းစိတ် မင်းသဘောအတိုင်း ဖြစ်ရမှဆိုတဲ့ လူစားမျိုး ...

တို့ အနုပညာသမားတွေက အဲဒီစိတ်နဲ့ သွားလို့မဖြစ်ဘူးကွ။ ဒါကြောင့် ငါက မင်းကို ကြောက်နေရတာ”

သူက ကိုလင်းရဲ့အပြောကို ပခုံးတွန့်ရယ်မောကာ တစ်ခွန်းတည်းပဲ ပြန်ပြောခဲ့သည်။

“ဒါပေမဲ့ ချစ်သူလေးက သဘောကောင်းလေးပါ”

ကိုလင်းသည် အဲဒီစကားကြောင့် နှုတ်ခမ်းတစ်ခုလုံးအား အရှုပ်ဆိုးအောင် မဲ့ရွဲ့ကာ ခေါင်းတခါ လည်တခါခါနှင့် ရှိလေသည်။ သူသည် အချိန်ကို သိပ်ကြာကြာကြီး ထပ်မစောင့်တော့ဘဲ အဲဒီညမှာပဲ ချစ်သူထံသို့ ဖုန်းခေါ်ခဲ့သည်။ သူ ဖုန်းခေါ်သောအချိန်မှာ ညဆယ့်တစ်နာရီ ထိုးခါနီးနားအချိန်ဖြစ်၍ လောကကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ကာ သူ့အခန်းထဲတွင် R ဓာနည်



“ကိုယ့်အနားရှိစေချင်”သီချင်းကသာ တိုးတိုးလေး လွင့်ပျံ့[illegible]ချိန်ဖြစ်သည်။

သီချင်းသံကို ခပ်တိုးတိုး လိုက်ဆိုနေချိန်မှာပဲ သူမ[illegible]သို့ ဖုန်းဝင်သွားပါသည်။

“ကိုယ် ဟိုးအဝေးမှာ နေတဲ့အခါ ... မျက်ဝန်းတွေထဲ မင်းပဲမြင် ... ပြန်ဆုံနိုင်မယ့် နေ့ရက်လေးတွေ ... မရောက်သေးခင် ... ဤမှန်သော ကိုယ့်ရဲ့သစ္စာတွေကြောင့် ဆုတောင်းပြည့်ခဲ့ရင် ... အချစ်ဆုံးသာ ကိုယ့်အနားရှိစေချင်”

“ဟဲလို”

တစ်ဖက်မှ ဟယ်လို ထူးသံလေးက ကြည်လင်လန်း[illegible]းစွာ ထွက်ပေါ်လို့လာလျှင် သူမလည်း မအိပ်သေးဘူးဆိုတာ [illegible]နားလည်ရပါသည်။ ဒီကောင်မလေး ဒီအချိန်ထိ အမြဲတမ်း[illegible]ပ်ဘဲ နေတတ်လေ့ရှိသလား။ သူက နည်းနည်းတွေးလိုက်[illegible]ခြင်း သူမထံမှ အသံထပ်ထွက်လာသည်။

“ဟုတ်ကဲ့ ... ပြောပါ”

“ချစ်သူ ... ကိုယ် မိုးခေါင်ပါ”

သူမထံမှ တစ်စက္ကန့်လောက်တော့ ငြိမ်သက်သွား[illegible]ည်ဟု ထင်ပါသည်။ သူက ဒါကို အခွင့်ကောင်းယူကာ ...

“ကိုယ့်ကို မမှတ်မိတော့ဘူးလား ချစ်သူ”

“သြော် ... မှတ်မိပါတယ်။ နည်းနည်း ... ဟဲ ဟဲ”

ဟော ... စပြီ။ စကားပြောလျှင် ရင်ခေါင်းထဲက[illegible]သာ အသံကိုမှ ရယ်သွမ်းသွေးသွေး ပြောတတ်သော အသံ[illegible]မှာ ဒီနေ့အဖို့ ဓာတ်လမ်းပမာ နားဆင်စရာအဖြစ် ရောင်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြဖြစ်သည်။ ဒီကောင်မလေးဟာ တစ်ဖက်သားကို နားဆင်
ရောကောင်းအောင် တော်တော်ပြောတတ်သူအဖြစ် သတ်မှတ်
ရပါသည်။

"နည်းနည်း ဘာဖြစ်လဲ။ ဖိန့်ဖိန့် လုပ်တာပေါ့လေ၊
လား"

"အံမယ် ... မဖိန့်ပါဘူးနော်၊ ချစ်သူတို့မှာ အဲဒါမျိုး
တွေ မရှိပါဘူး"

"ဟုတ်လား ... တကယ်လား"

"အင်း ... တကယ်ပေါ့။ ပရိသတ်ကြီး သိပါတယ်"

"ဒါဆို ကိုယ့်နာမည်ပြောတုန်းက ဘယ်လိုဖြစ်လို့
နည်း တွေသွားရတာလဲ"

"ဩော် ... လာရစ်နေပြန်ပါပြီ။ သိဘူးလေ ... ဆက်
ဆက်ထ မရှိတော့ နည်းနည်း ဘယ်လိုပြောမလဲ"

"ပါးစပ်နဲ့ပဲ ပြောပါ"

သူ့စကားကို ချစ်သူက ဟက်ခနဲပဲ ရယ်သည်
ပြီးတော့ ဆက်ပြောသည်မှာ ...

"အဲဒီ တော်လ်ကီကြီးက သိပ်တောင်မလတ်တော့ပါ
ချစ်သူတို့ဆို သိပ်မသုံးတော့ဘူး"

သူမ အပြောကြောင့် သူ့မှာ နင်ခနဲတောင်
သွားရသည်။ ဒီကောင်မလေးဟာ ပျော်တတ်သလိုလိုနဲ့ လု
တတ်မည့်ပုံစံပေပဲ။ ဒါပေမဲ့ သူကလည်း စကားတစ်ခွန်း
ကိုယ့်ဘက်ပါအောင်တော့ ဆွဲယူတတ်သည့်ပညာကို ပိုင်ဆိုင်
ပါသေးသည်။



"ဟုတ်လား ... ချစ်သူက တော်လ်ကီအသစ်တွေ သုံးတာ
လား။ အေးပေါ့ကွာ ... ကိုယ်တို့က တောထဲသွားနေရတာ
ဆိုတော့ ချစ်သူတို့လောက် ဘယ်လိုက်မီပါတော့မလဲ၊
ပြတ်ကျကျန်ခဲ့ပြီပေါ့ ...

ဒါကြောင့် ချစ်သူဆီ ညတိုင်း သင်တန်းတက်မှနဲ့
တူတယ်နော်"

"ဟား ဟား ... ဒါမျိုးက သင်ပေးလို့ရတဲ့ကိစ္စ မဟုတ်
ဘူး။ ကိုယ်တိုင် လေ့လာအားထုတ်မှရတာ"

"ပညာဆိုတာ မတွန့်တိုကောင်းပါဘူး ချစ်သူရယ်"

"ကဲပါ ... ဒီလောက် ပြောနေမှတော့လည်း နည်းနည်း
ပါးပါး လုပ်စားလို့ရအောင် သင်ပေးရတာပေါ့။ အဆင်ပြေ
ရင်တော့ ချစ်သူကို မမေ့ရဘူးနော်"

"ချစ်သူကို ဘာလို့မေ့ရမှာလဲ၊ အဲဒီစကားတွေက ချစ်သူကို
ပြောဖို့ပဲ ချစ်သူဆီက ပြန်သင်မှာလေ။ ကိုယ့်မှာ တခြား
ပြောစရာ သူမှမရှိတာ"

အဲဒီစကားကိုတော့ သူမက ငြိမ်သက်ခံစားသွားဟန်
ရှိပါ။ ချက်ချင်းပဲ "လျှောက်ပြောမနေနဲ့"ဟူသော စကားကြီးက
ကျွက်ကျွက်လက်လက်ကြီး ထွက်ပေါ်လာလျှင် သူသည် ဒါအပြင်း
အဘန် ခုခံလိုက်သော ခံစစ်ဟု နားလည်လိုက်ရပါသည်။

"လျှောက်မပြောပါဘူး။ အိပ်ရာပေါ်မှာ မှောက်ပြောနေတာ၊
ဟော့ ... ဘာလဲ၊ ဒါကိုလည်း တော်လ်ကီအဟောင်းကြီးလို့
ပြောဦးမှာလား"

"ပြောပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပြော ... ပါ ... ဘူး ဟူသော ထိုစကားမှာ သုံး
ထဲပေမယ့် ပြောချိန်ကတော့ သာမန်ပြောချိန်ထက် ပိုကြာ
သည်။ သူသည် ဒီကောင်မလေးရဲ့ တချွဲချွဲနှင့် တဟဲဟဲ ရယ်
တတ်သော အသံတွေကိုကြားလျှင် စကားကို ခပ်ပြတ်ပြတ် ပြေ
တတ်သော သူ့ရင်ထဲထိ အနက်ရှိုင်းဆုံး နေရာယူဖူးသူတစ်ယော
ကို ရုတ်တရက် သတိရမိသွားသည်။

သူက ခေါင်းကို ဆတ်ခနဲ ယမ်းခါရင်းတော
ဖယ်ထုတ်ပစ်လိုက်ရလေသည်။

"ချစ်သူ ဘာလုပ်နေတာလဲ"

"အမ်း ... မဂ္ဂဇင်းဖတ်နေတာ"

"ကိုယ်ဖုန်းဆက်တာ အနှောင့်အယှက် ဖြစ်သွားလား"

"ကြီးမားတဲ့ အနှောင့်အယှက်ကြီးတော့ မဟုတ်ဘူး
နော်"

သူက တစ်ချက်ပြုံးလိုက်သည်။ ဒီကလေးမလည်
စကားပြောတာ လိမ္မာပါးနပ်သူလေးပဲ ဖြစ်ပါသည်။ အိုကေ
သူကလည်း ဒါမျိုးကိုပဲ ပိုသဘောကျသည်။

"သေးကွေးတဲ့ အနှောင့်အယှက်လေးပေါ့။ အဲဒီ သေးကွေ
တဲ့ အနှောင့်အယှက်လေးကို ညတိုင်းပေးလို့ ရမလား"

"အင်း ... ပြောတတ်ပါဘူး"

သူက အဖြေတော်လွန်းသော ကောင်မလေးရဲ့စကား
ကို တဟားဟားပဲ အော်ရယ်မိတော့လေသည်။ ဒီလိုသာ ညတိုင်
ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး စကားပြောခွင့်ရလျှင် သူမ



သူဟာ ဒီထက်နီးကပ်သွားလိမ့်မည်ဟု မျှော်လင့်ရပါသည်။
သူ့ရဲ့ခွင့်ရက်တွေက လျင်မြန်စွာ ကုန်ဆုံးသွားနိုင်သည်မို့ သူက
သူမနှင့် အပြင်မှာ တွေ့ဆုံနိုင်သည့် အခွင့်အရေးကိုပါ တောင်း
ဆိုလိုက်လေသည်။

"ချစ်သူ ကိုယ့်ကို ကော်ဖီတစ်ခွက်လောက် တိုက်ပါလား"

"ဟင် ... ဘာဖြစ်လို့လဲ"

"သြော် ... ကိုယ်က ချစ်သူကို အားပေးတဲ့ ပရိသတ်လေ၊
ဒီတော့ ကော်ဖီတစ်ခွက်လောက် တိုက်သင့်တာပေါ့၊ မဟုတ်
ဘူးလား"

"အမယ်လေ ... လျှောက်ပြောမနေပါနဲ့နော်၊ ကိုကြီးက
ချစ်သူရဲ့ပရိသတ် မဟုတ်ဘူးဆိုတာ သိပြီးသားပါ ...
သူ ဝါသနာလည်း မပါဘဲနဲ့"

"သြော် ... ဟိုလိုမျိုး ရုပ်ရှင်တွေ ဗီဒီယိုတွေ ကြည့်တာ
ဝါသနာမပါပေမယ့် မင်းသမီးချောချောတွေ မော်ဒယ်လ်
ချောချောလေးတွေကို ကြည့်တာတော့ ဝါသနာ ပါပါတယ်"

"ဟယ် ... ကြည့်စမ်း၊ အမှန်ကို ဝန်ခံတယ်တော့"

"သြော် ... ဝန်ခံပါတယ်။ ဒါကြောင့် ချစ်ဖို့ကောင်းတဲ့
မိုးချစ်သူရဲ့ ပရိသတ်ပေါ့။ တကယ်ပြောတာ မယုံဘူးလား"

"ယုံပါဘူး"

ဒီကောင်မလေးဟာ စကားပြောလျှင် ရှေ့က "မ"
ထည့်ပြောရိုး ထုံးစံမရှိဘူးဟု ထင်သည်။ ဒါပေမဲ့လည်း အဲဒီ
အပြောလေးက ပိုပြီးနားထောင်လို့ ကောင်းသည်ဟု ယူဆရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မယုံရင် ပြောပြမယ်၊ ချစ်သူ ကောင်းကင်အနမ်းဆိုတဲ့ စီးရီးစ်ကာဗာတစ်ခုမှာ ပါဖူးတယ် မဟုတ်လား။ အဲဒီအရွေ ကိုတောင် ကိုယ် ဝယ်ထားသေးတယ်"

"အံမယ် ... အဲဒါ ချစ်သူကို အားပေးတာမှ မဟုတ်တာ။ အဆိုတော်တွေကို ကြိုက်လို့ဝယ်တာပဲဟာ"

"ဟာ ... ဒါပေမဲ့ ချစ်သူရဲ့ဓာတ်ပုံလေးကိုလည်း လှတယ်လို့ ချီးကျူးဖူးတယ်လေ။ အဲဒီဓာတ်ပုံလေးက တော်တော် လှတယ်၊ လှတယ် ဆိုတာထက် Attrection တစ်ခုရှိနေ တယ်ကွာ ..."

အဲဒီပုံထဲက အဝတ်အစားကိုတောင် ကိုယ်မှတ်မိနေ သေးတယ်။ အင်္ကျီက ရုပ်အင်္ကျီလို အဖြူရောင် ဆံပင်တွေ က ရေစိုသလိုမျိုးတွေနဲ့ မျက်လုံးတွေကလည်း ခပ်မည်း မည်းပဲ။ လှတယ် ... ဟုတ်တယ် မဟုတ်လား ... ပြော"

သူ့အပြောကို ကောင်မလေး ရင်သပ်ရှုမောသွားဟန် တူသည်။ ရုတ်တရက် ဘာမှမပြောနိုင်ချေ။ ပြီးတော့မှ အသံက ခပ်ဖြည်းဖြည်း ထွက်လာသည်။

"အင်း ... ဟုတ်ပါတယ်"

"ဒါဆို ကိုယ်က ပရိသတ်ဆိုတာကို ယုံပြီလား"

"ထားပါတော့"

"ဟာ ... အဲဒီလိုတော့ မလွှတ်လိုက်နဲ့လေကွာ၊ စိတ်ရင်း အတိုင်းပြော၊ စစ်ဗိုလ်လုပ်မှာလား ဆရာဝန်လုပ်မှာလား ပြော"

"ဘာလဲ စစ်ဗိုလ်နဲ့ ဆရာဝန် ဆိုတာ"



"ဟား ဟား ... ဒီတစ်ခါတော့ ချစ်သူတစ်ယောက် ခံသွား ရပြီ မဟုတ်လား။ ကဲပါ ... အဲဒါကို ခဏခေါက်ထား လိုက်။ ကိုယ်က ချစ်သူကို ကော်ဖီတိုက်မယ်။ သောက်မှာ လား ... ပြော"

"ကဲပါ ... တိုက်တော့လည်း သောက်ရတာပေါ့၊ ဒါပေမဲ့ ချစ်သူရဲ့ သူငယ်ချင်းတစ်ယောက်ကိုတော့ ခေါ်လာခဲ့မယ် နော်"

"ရပါတယ်ဗျာ ... ခေါ်ပါ ... ခေါ်ပါ။ ဘယ်အချိန် ဘယ် ကာလမှာသာ ကော်ဖီတိုက်ခွင့်လေး ရမယ်ဆိုတာသာ တစ်ဆိတ်လောက် အမိန့်ရှိပါ"

"မနက်ဖြန်ပဲ တိုက်ပါ။ နေ့ခင်း နှစ်နာရီလောက် ချစ်သူ အားပါတယ်။ ဘယ်နေရာ ဘယ်ဒေသမှာ ကော်ဖီတိုက် မယ် ဆိုတာလေးလည်း တစ်ဆိတ်လောက်မိန့်ပါဦးရှင့်"

သူသည် စကားတတ်လွန်းသော ကောင်မလေးကို ရယ်မိတော့ပါ။ တစ်ယောက်တည်းသာ ပြုံးမိတော့သည်။

"ချစ်သူ အဆင်ပြေတဲ့နေရာကို ရွေးပါ။ သွားရ လာရတာ အဆင်ပြေမယ့် နေရာမျိုးပေါ့၊ ကိုယ့်ဘက်ကတော့ ပြဿနာ မရှိပါဘူး"

"ချစ်သူတို့ကတော့ Mr, Guitar မှာ ထိုင်နေကြပဲ"

"အိုခေလေ ... အဲဒီမှာ ကိုယ် အရင်ကြိုရောက်နေပါမယ် သင့်ခ်ယူ ချစ်သူ၊ ဘိုင့်ဘိုင် ... ဂွတ်ဒ်နိုက်ချ်"

"ဟုတ် ... Good night "

www.burmeseclassic.com

www.burmeseclassic.com



အဆုံးသတ်စကားလေးကို ပြောပြီးလျှင် သူမက ဖုန်းပိတ်လို့ သွားလေသည်။ သူသည် သူမရဲ့အသံလေးများ ပူနွေးနွေး လွင့်ပျံ့ကျန်ရစ်ခဲ့ရာ ဖုန်းလေးကို တစ်ချက်စိုက်ကြည့်ပြီးနောက် ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းမိသည်။ ဘာကြောင့် ခါယမ်းမိသလဲ ဆိုတာကိုတော့ သူ့ကိုယ်သူ မသိပါ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



" A good memory is one trained to forget the trival "

"မှတ်ဉာဏ်ကောင်းဆိုတာက အသေးအဖွဲလေးတွေကို မေ့တတ်အောင် လေ့ကျင့်ပေးထားတဲ့ မှတ်ဉာဏ်ပါ"

www.burmeseclassic.com

www.burmeseclassic.com





## ၇

"ဘိုးတော်တို့ကတော့ ငါ့ကို လိုက်ပြီး ကပ်လှုံ့တဲ့ ခပ်ချောချော ကောင်မလေးလို့ ထင်သွားတော့မှာပဲ ...

အဲဒီလိုတော့ အထင်မခံနိုင်ပါဘူးနော်"

ချစ်သူသည် နောက်တစ်ရက်မှာ ရိုက်မည့် TV ကြော်ငြာ သီချင်းစာသားကို ကျက်နေရင်းမှ အင်ခန့်ရဲ့စကားကို ကြားလျှင် မရယ်ပဲ မနေနိုင်ချေ။ စာရွက်ကိုချကာ အပြင်ဘက်သို့ ကြည့်လိုက်လျှင် Mr. Guitar ဆိုင်နား ရောက်ခါနီးပြီမို့ စာရွက်ကို အိတ်ထဲထည့်သိမ်းကာ Taxi ခအတွက် ပိုက်ဆံကို အိတ်ထဲမှ အဆင်သင့် ထုတ်ထားလိုက်သည်။

"ခပ်ချောချော ကောင်မလေးဆိုတာ ဘယ်သူ့ကိုပြောတာလဲ။ ဘိုးတော်ဆိုတာကရော ဘယ်သူ့ကို ပြောတာလဲ"

"ဘိုးတော်ဆိုတာ နင့်ရဲ့အင်ဂျင်နီယာ ဂတ်ဂတ်ပေါ့"

"ဟယ် ... ဘာဂတ်ဂတ်လဲ၊ လျှောက်ပြောမနေနဲ့။ မီအင်ခန့်နော် ... ခုတည်းက ငါ တစ်ခါတည်း ပြောထားမယ်။ ဟိုရောက်ရင် ပေါက်တတ်ကရတွေ လျှောက်မပြောနဲ့။ တို့ကို တစ်မျိုးထင်သွားရင် မကောင်းဘူး"

"နင် ပြောတော့ တို့ဖို့ ပေါ်တွေမှန်း သိပြီးသားဆို"

"ကြည့် ... ပြောလေ ကဲလေပါလား။ ပေါ ဆိုပေမယ့် ဣန္ဒြေမဲ့လောက်အောင်ထိ မပေါဖို့ ပြောနေတာဟ"

"လူရှိန်ခံချင်သပေါ့လေ၊ ဩော် ... ဩော် ... အချစ်နဲ့တွေ့မှ ပြောင်းလဲသွားတတ်လိုက်တာ၊ ငါတော့ မြင်ယောင်ပါသေးတယ်"

"ဘာမြင်ယောင်တာလဲ"

"something ပေါ့ဟာ။ ဘာပဲပြောပြော ချစ်သူ့ရဲ့ဘဝထဲမှာ တစ်ခုခုတော့ ထူးခြားတော့မယ်လို့ ထင်တယ်။ ဘာလို့လဲ ဆိုတော့ ယူ့ရဲ့ပုံစံက အခါများစွာကပုံစံနဲ့ လုံးဝမတူလို့ပဲ ...

အဲဒါကိုတော့ မငြင်းနဲ့၊ လုံးဝငြင်းဖို့ မကြိုးစားနဲ့"

ချစ်သူသည် အင်ခန့်ရဲ့စကားကို ပြုံးရုံသာ ပြုံးပြီး နောက် ဘာမှပြန်မပြောနိုင်ချေ။ ကားကလည်း Mr. Guitar ရှေ့သို့ ဆိုက်ရောက်နေပြီ ဖြစ်သဖြင့် ကားသမားကို ပိုက်ဆံပေးပြီး နောက် ကားပေါ်ကနေ ဆင်းလိုက်ရသည်။ လမ်းလျှောက်လာရင်းနဲ့မှ အင်ခန့်သည် ရပ်ထားသော ဆလွန်းကားအဖြူတစ်စီးကို နောက်တည့်တည့်မှ အမှတ်တမဲ့ ကြည့်မိရင်း ခဏရပ်သွားသည်။ သူက ချစ်သူ့ရဲ့လက်ကိုတောင် ဖမ်းဆွဲထားလိုက်ရင်း ...

"ချစ်သူ ဒီကားနံပါတ်ကို ကြည့်စမ်း ... မှတ်မိလား၊ (၂က/----)လေ။ နင့်ကို ဖွက်တွေစင်အောင် လုပ်ခဲ့တဲ့ ကားလေ"

ချစ်သူက ဆလွန်းကားအဖြူလေးကို ယောင်ယမ်းပြီး ငုံ့ကြည့်မိကာ ...

www.burmeseclassic.com

www.burmeseclassic.com



"သိပါဘူး။ ဟဲ့ ... ဒါ ကိုမိုးခေါင်ရဲ့ကားပဲ၊ ဟုတ်ပါတယ်၊ ကိုမိုးခေါင်ရဲ့ကားပါ"

"အာ ...။ ဘာ နင့်လူကြီးကား၊ ဟုတ်လား။ ဒါဆို အဲဒီတုန်းက နင့်ကို ဖွက်စင်အောင်လည်းလုပ်သေး၊ ကားပေါ်ကနေ ဘုရိုးရိုးသွားတဲ့ ငနဲက မောင်ခိုး မိုးခေါင်ပေါ့ ... ဟုတ်လား"

"ကျွတ် ... မသိဘူးဟာ၊ နင်ပဲ ရှာရှာဖွေဖွေ"

"ငါက ရှာဖွေတာမဟုတ်ဘူး။ ငါဦးနှောက်ကကို ကောင်းလွန်းနေတာ။ နင် မသိဘူးလား။ အဲဒီတုန်းက နင့်အစား ငါ စိတ်တိုလွန်းလို့ အဲဒီကားနံပါတ်ကို အသေအကြေ လိုက်မှတ်ထားရတာ ...

ဒီနံပါတ်မှ ဒီနံပါတ်ပဲ။ မောင်းတဲ့လူ အဲလေ ... ပိုင်ရှင်ပြောင်းသွားတယ် ဆိုရင်တော့ မပြောတတ်ဘူး။ အရင်တစ်ခေါက်က လူဆိုရင်တော့ လုံးဝမှတ်မိတယ်။ အဲဒီနေ့က နင် နောင်ခက်နဲ့ ပြတ်လာတဲ့နေ့လေ၊ မဟုတ်ဘူးလား ပြော"

အဲဒီစကားကြောင့် ချစ်သူရဲ့ရင်ထဲ နင်ခနဲ ဖြစ်လို့သွားလေသည်။ သို့သော်လည်း မချိသွားဖြိုသဘောမျိုးဖြင့် ဟဲဟဲတော့ ရယ်လိုက်သေးသည်။

"နောင်ခက်နဲ့ ပြတ်တာတော့ မှတ်မိတယ်။ ဒီကားနံပါတ်တော့ မှတ်မထားမိပါဘူးဟာ။ ဒီမှာ မိအင်ခန့်ရဲ့ A good memory is one trained to forget the trivial တဲ့၊ သိလား"



"သိပါဘူး၊ တဲတွေးစင်တာပဲ သိတယ်"

"ကျွတ် ... ဝေးတယ်ကွာ၊ မှတ်ဉာဏ်ကောင်း ဆိုတာ အသေးအဖွဲလေးတွေကို မေ့တတ်အောင် လေ့ကျင့်ပေးထားတဲ့ မှတ်ဉာဏ်မျိုးကို ခေါ်တာတဲ့ ...

နေရာတကာ သေးက ချေးက အစ မှတ်မိနေတာ မှတ်ဉာဏ်ကောင်းတာ မဟုတ်ဘူး"

"တော်စမ်းပါ၊ ဘယ်အာပလာကဝိကြီးက ဖော်ထုတ်သွားတဲ့ အဆိုအမိန့်တုန်း၊ တစ်ခါမှတောင် မကြားဖူးဘူး"

"အခု ကြားဖူးပြီ မဟုတ်လား။ ကဲ ... လာပါ၊ ဝင်ရအောင်ပါ။ ကားနားမှာ ကပ်နေလို့ တို့ကို ကားသူခိုးမတွေ ထင်နေပါဦးမယ်"

"ဒီရုပ် ဒီရည်တွေကို ကားသူခိုးမလို့ ထင်စရာလား။ မသကာ အနုကြမ်းစီးမယ့် ဓားပြမတွေလို့ ထင်တာမှ ဂုဏ်ရှိသေးတယ်။ အေး ... ငါ တစ်ခုပြောမယ်နော်။ နင့် မောင်ခိုးဟာ လွန်ခဲ့တဲ့ သုံးနှစ်က တွေ့ခဲ့ဖူးတဲ့ မောင်ခိုး ဆိုရင် သူ တို့ကို မှတ်မိသွားအောင်တော့ လုပ်ရလိမ့်မယ်"

"မိအင်ခန့်တို့ကတော့ ပြဿနာရှာပြီ"

"ပြဿနာရှာတာ မဟုတ်ဘူး။ ရေစက်ဆိုတဲ့ အရာကို အံ့သြတာ။ တစ်ခါတလေမှာ တချို့ တိုက်ဆိုင်မှုတွေက အရမ်းအံ့သြစရာကောင်းတယ်။ အဲဒီတုန်းက လူသာ အခု မောင်ခိုး ဖြစ်နေခဲ့ရင်တော့ နင်တို့နှစ်ယောက်ဟာ တစ်ယောက်ကို ရေစက်ပါသူတွေလို့ သတ်မှတ်ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဟာ အင်ခန့်ရဲ့စကားကို စကားပြန်ပြော
အချိန်မရတော့ပေ။ နှစ်ဦးသားဟာ ဆိုင်ထဲကို ဝင်ရောက်လာ
ဖြစ်သဖြင့် ချစ်သူရဲ့မျက်လုံးတွေဟာ တစ်နေရာတွင် ထိုင်နေသော
သူ့ကို လှမ်းမြင်သွားသည်။ သူက ချစ်သူတို့ကို မမြင်ပါ။
စောရောက်နေဟန်တူသော သူသည် ဂျာနယ်တစ်စောင်ကို သ
သောင့်သက်သာ အနေအထားဖြင့် မှီကာဖတ်နေသည်။

ဗေဒါရောင်အနုနှင့် အဖြူရောင် ကန့်လန့်စင်းမျ
ပါသော Alter Shirt နှင့် ဂျင်း(န်)တစ်ထည်ကို ခပ်ရိုးရိုးဝတ်ဆ
ထားသော သူ့ပုံစံမှာ အဝေးက လှမ်းကြည့်လည်း သိသာထင်ရှ
ပါသည်။ စာငုံ့ဖတ်နေသော သူ့မျက်နှာ ဘေးစောင်းမကျ
ကို ငေးကာ ချစ်သူရဲ့ရင်ထဲတွင် အမည်မဖော်ပြနိုင်သော တစ်မျိုး
တစ်မည် ဆွတ်ပျံ့လို့လာသည်။

"သေချာတယ် ချစ်သူ။ ဟိုလူဟာ နင့်ကို ဗွက်စင်အော
လုပ်ခဲ့တဲ့သူပဲ"

"ဘယ်သူလဲ"

"ဟိုမှာ ဂျာနယ်ထိုင်ဖတ်နေတဲ့လူလေ၊ သူက မောင်
မဟုတ်လား"

ချစ်သူသည် အင်ခန့်၏ မှတ်မိနိုင်စွမ်းရည်ကို ဖျ
ချင်သွားရသည်။ ဒီမိန်းမနှင့်အတူ ပေါင်းသင်းလာတာ ကြာ
ဖြစ်သော်လည်း ဒီလောက်တော်မှန်းတော့ မသိပါ။ အင်ခန့်သ
တခြားနေရာတွေမှာ အဲဒီလောက် မသိသာပေမယ့် လူတစ်ယော
ကို အကဲဖြတ်ရာ၊ ဝေဖန်ဆန်းစစ်ရာ၊ မှတ်မိနိုင်သည့် နေရာ
မှာတော့ သာမန်ထက်ကို ရှစ်ဆလောက်ပိုသူ ဖြစ်လေသည်။



"နင် ဘယ်လိုလုပ် သိတာလဲ"

"ပြန်မမေးနဲ့။ ဆက်ချိတက်မယ်။ နင် သေချာမှတ်ထား
လိုက်ဖို့ကတော့ အဲဒီလူဟာ နင့်ကို လွန်ခဲ့တဲ့ သုံးနှစ်က
ဗွက်စင်အောင် လုပ်ခဲ့တဲ့သူပဲ ချစ်သူ ...

နင့်ကိုတောင် ကားပေါ်က ဟောက်စားလုပ်သွား
သေးတာပဲ၊ နင်မို့ မမှတ်မိတယ်"

ချစ်သူသည် အင်ခန့်ရဲ့စကားကို ယုံရမလို မယုံရ
ဖြင့် မျက်တောင်ပုတ်ခတ် ပုတ်ခတ်လုပ်ကာ လွန်ခဲ့သော
နှစ်ခန့်သို့ အလျင်အမြန် ပြေးသွားဖို့ကြံသည်။ သို့သော်
က အဲဒီအခွင့်အရေးကို မပေးတော့ပါ။ သူက ဂျာနယ်ဖတ်
မှ တစ်စုံတစ်ခုကို အာရုံခံမိသည့်အလား မော့ကြည့်လို့လာ
ခြေလှမ်းတွေ တွန့်ဆုတ်နေသော ချစ်သူတို့နှစ်ယောက်ကို
သွားသည်။

ချစ်သူသည် သူ့ကို အလျင်အမြန် လက်လှမ်းပြ
ကဲ့ရကာ အဲဒီနေရာသို့ ခပ်သွက်သွက် လျှောက်သွားသည်။
က ဂျာနယ်ကို ဘေးသို့ချရင်းမှ မော့ပြုံးပြလျှင် အဲဒီအပြုံးသည်
သူရဲ့ရင်ကို တစ်မျိုးတိုးဖော့လို့သွားသည်။

"ထိုင်လေ ချစ်သူ"

ချစ်သူတို့နှစ်ယောက်သည် သူနှင့် မျက်နှာချင်းဆိုင်
တွင် ဝင်ထိုင်လိုက်သည်။ တစ်ဖက်သားကို အားမနာ လျှာမကျိုး
အသည်းအသန် ရှုစားနေသော အင်ခန့်ရဲ့ပေါင်ကို သူ မမြင်
အောင် တစ်ချက် လှမ်းတို့လိုက်ရသေးလေသည်။ သူကတော့
သူရဲ့မျက်နှာကိုပဲ လှမ်းကြည့်နေသဖြင့် ဘာမှမသိပါ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးခေါင် ရောက်နေတာ ကြာပြီလားဟင်"

"အင်း ... ကိစ္စမရှိဘူး။ ကိုယ်က တမင်စောလာတာ စောင့်နေရတာမျိုး မဟုတ်ဘူး။ ချစ်သူတို့ ဘာသောက်ြ မလဲ၊ မှာလေ"

"ချစ်သူက ကော်ဖီပဲ၊ နင်ကရော"

ချစ်သူက အင်ခန့်ကို လှည့်မေးလိုက်လျှင် ဂေါ်မဆ နိုင်ဖြစ်နေသော အဲဒီမိန်းမက "အင်း ... ငါလည်း ကော်ဖီပဲ"ဟ အိပ်မက်ထဲက ထလာသူလို ကယောင်ကတန်း ပြောသည်။ ချစ်သူ သည် အင်ခန့်ကို မျက်စောင်းမထိုးမိအောင် အတော်ကြီးထိန်းထာ ရကာ ခြေထောက်ကိုတော့ တစ်ချက် ပိတ်ကန်ပစ်လိုက်သည်။

သူက အဲဒါကို မသိနိုင်ပေမယ့် သူ့ကို အကဲခေ နေသော အင်ခန့်ရဲ့ဖြစ်အင်ကို ရိပ်မိပုံဖြင့် အပြုံးတစ်ချက်နှ မေးဆတ်ပြကာ ...

"ချစ်သူရဲ့သူငယ်ချင်းနဲ့ တူတယ်။ အားမနာနဲ့နော် ကြိုက် တာမှာပါ"

"ဟုတ် ... အားမနာပါဘူး။ ရောက်လာတော့မှ စားရတော့ မှာပေါ့"

သူက အင်ခန့်ရဲ့စကားကို သဘောကျသွားသလ ပြုံးသည်။ ချစ်သူသည် အနားရောက်လာသော ဝိတ်တာကို ကော်ဖီနှစ်ခွက်နှင့် အာလူးကြော်တစ်ပွဲ မှာလိုက်ပြီးနောက် ချစ်သူ ကို ငေးကြည့်နေသော သူ့ကို ပြုံးပြလိုက်ရသည်။

"ချစ်သူက အာလူးကြော် ကြိုက်တယ်"



"အမ်း ... ဘာလို့လဲ။ ကော်ဖီနဲ့ အာလူးကြော် တွဲစားရင် ကောင်းတယ်၊ အဲလိုပဲ စားတာပဲ"

သူက ချစ်သူရဲ့အပြောကို တဟက်ဟက်နှင့် ရယ် ာနေသည်။

သူ ကြည့်ရတာ ချစ်သူနှင့် အင်ခန့်ကို လူရွှင်တော် ာ့ကို ကြည့်နေရသည့်အလား သဘောတကျနှင့် ရယ်နေသဖြင့် ချစ်သူပင်လျှင် စိတ်ထဲတစ်မျိုးဖြစ်လို့လာသည်။ အင်ခန့်ကလည်း ကို ရိပ်မိဟန်ဖြင့် နှုတ်ခမ်းကို တစ်ချက်ပြင်လိုက်လျှင် ချစ်သူ ည် ဒီမိန်းမ ဘာပြောတော့မည် ဆိုတာကို သိသော်လည်း ားချိန်မရတော့ပါ။

"ဒီက ကိုမိုးခေါင်တဲ့နော်"

အင်ခန့်ရဲ့စကားကို သူက မျက်ခုံးတစ်ဖက်ပင့်သွား ာ တုံ့ပြန်သည်။ သူ့ကိုသိနေလားဟူသည့်သဘော။ အင်း ... ူလည်း နည်းနည်းတော့ ပဲကျွေးတတ်သည့်ပုံပေပဲ။ ချစ်သူသည် ူ့ပုံစံကို ဇွေမယူဘဲ အသာပြုံးမိသော်လည်း အင်ခန့်ကတော့ ာမင်လုပ်ယူထားသော အကယ်ဒမီရှော့တွေဖြင့် မျက်လုံးတွေ ာတွေကို ဝိုင်းပြကာ ထားသေးသည်။

"ဟုတ်တယ် ... မြင်ဖူးလို့လား"

သူက ရယ်သွမ်းသွေး မျက်နှာထားဖြင့် နောက်တာ ဖြစ်သော်လည်း အင်ခန့်ကတော့ ခေါင်းတညိတ်ညိတ်ဖြင့် ...

"အင်း ... မြင်ဖူးတာပေါ့။ ဒါကြောင့် တူပါတယ်လို့ ကြည့်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူ့တကယ်ကိုပဲ မျက်ခုံးနှစ်ဖက်လုံး ပင့်သွားသည်။ အင်ခန့်တို့တော့ စတင်ကျေးပြီဟု သိလိုက်ရသော ချစ်သူသည် ရယ်ချင်စိတ်ကို မနည်းထိန်းထားရကာ မျက်နှာကတော့ ပြုံးတုံ့တုံ့ ဖြစ်နေမည်ဟု ထင်သည်။

"ဟုတ်လား ... တကယ်လား။ ဘယ်မှာ မြင်ဖူးတာလဲ"

သူက အင်ခန့်ရဲ့ အကယ်ဒမီရှော့ မျက်နှာထားကြောင့် အနည်းငယ်တောင် ဇဝေဇဝါ ဖြစ်သွားသည်။ အင်ခန့်ကတော့ အပီအပြင် မျက်နှာထားကြီးဖြင့် ...

"ကြာပါပြီ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကပေါ့"

အဲဒီစကားကြောင့် သူ့မျက်လုံးတွေ လက်ခနဲ ဖြစ်သွားသည်။ ပြီးတော့ အင်ခန့်ရဲ့စကားကိုလည်း တော်တော်စိတ်ဝင်စားသွားဟန်ဖြင့် ခန္ဓာကိုယ်တောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်ဟု ထင်ပါသည်။ သူ့ပုံစံကြောင့် ချစ်သူပင်လျှင် သူ့ကိုစိတ်ဝင်တစား ဖြစ်လို့သွားသည်။

"လွန်ခဲ့တဲ့ သုံးနှစ် ! ဟုတ်လား။ တူးသောင်ဇင်ဖိုက်လောက်ကပေါ့"

"ဟုတ်တယ်၊ အဲဒီတုန်းက တွေ့ဖူးတာပါ"

"ဟုတ်လား ... ဘယ်လိုမျိုး တွေ့ဖူးတာလဲ၊ တစ်ယောက်ယောက်က မိတ်ဆက်ပေးပြီး သိခဲ့တာမျိုးလား။ အား ... အဲဒါမျိုးဆိုရင်တော့ အရမ်းအားနာစရာ ကောင်းပြီနဲ့တူတယ်၊ ဒါပေမဲ့ ကိုယ် ညီမလေးကို မသိဖူးသလိုပဲ။ ကိုယ်က တော်ရုံတန်ရုံလောက်တော့ မှတ်မိတတ်ပါတယ်"

"ဟုတ် ... ဒါက တော်ရုံတန်ရုံကိစ္စ မဟုတ်ဘူးရှင့်"



အင်ခန့်ရဲ့စကားကြောင့် သူ့မျက်ခုံးနှစ်ဖက်ဟာ အပေါ်ကနေ၍ အောက်သို့ ပြန်တောင်ကျမလာတော့ချေ။ ချစ်သူသည်လည်း အင်ခန့်၏ အကယ်ဒမီရှော့တွေကို စိတ်ဝင်စားစွာဖြင့် လာချပေးထားသော ကော်ဖီနှင့် အာလူးကြော်ပန်းကန်ကိုတို့တောင် မတို့ရသေးချေ။ အင်ခန့်က သူ့ရဲ့ အံ့သြသွားသော မျက်နှာထားကို ဟဲခနဲ ရယ်ပြကာ ...

"တော်တန်ရုံ ကိစ္စလို့ကို ပြောလို့မရတဲ့ ပမ္မားကိစ္စလေးပါ။ တကယ်ကိုမှ မွှားမွှားလေး"

တဖြည်းဖြည်းနှင့် ပိုဆိုးလာသာ အင်ခန့်ရဲ့စကားတွေကြောင့် သူ့မျက်လုံးတွေ ချာချာလည်မလာခင်မှာပဲ ချစ်သူက ဝင်၍ ပွဲထိန်းလိုက်ရတော့သည်။

"တော်ပါတော့ အင်ခန့်ရယ်။ နင် လုပ်တာနဲ့ ဟိုမှာ အလကားနေရင်း စားနေရပြီ။ ကိုကြီး ဘာမှမဟုတ်ဘူး၊ သူ လျှောက်ပြောနေတာ"

"ဟာ ... ဘယ်ကလျှောက်ပြောရမှာလဲ ကိုမိုးခေါင်။ ကိုမိုးခေါင်ရဲ့ဘဝမှာ (၂၀၀၅)ခုနှစ် အောက်တိုဘာ(၂၀)ရက်ကို မှတ်မိလား"

အဲဒီမေးခွန်းသည် သူ့ကို ပါးစပ်အဟောင်းသား ပွင့်တော့မတတ် မှင်သက်သွားစေသည် ဆိုတာကိုတော့ သူ့မျက်နှာကို ငေးကြည့်နေသည့် ချစ်သူက အထင်အရှား တွေ့မြင်လိုက်ရလေသည်။ သူသည် အံ့သြမှုကို အလျှင်အမြန် ထိန်းချုပ်ထားရသော အသံမျိုးဖြင့် ...

"ဘာ ... ဘာဖြစ်လို့လဲ ညီမလေး"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အဲဒီနေ့တုန်းက ကိုမိုးခေါင်ကို ချစ်သူ ကျွန်မပါ တွေ့လိုက်ရတာလေ။ အဲဒီနေ့မှာ မြင်ဖူးတာ အဲဒီတစ်ခါတည်း မြင်ဖူးတာ"

"ဘယ်လို မြင်ဖူးတာလဲ၊ ရက်စွဲတွေ ဘာတွေရော အ အကျ ပြောနိုင်တာတော့ အရမ်းထူးဆန်းဖို့ ကောင်း တယ်"

"လုံးဝကို လိုက်မမီတော့ဘူးပေါ့"

လက်နှစ်ဖက်ကို ပိုက်ကာ ပိုင်နိုင်သလို ပြောနေသေ အင်ခန့်ရဲ့စတိုင်လ်ကို သူက လုံးဝဖျားသွားဟန်ဖြင့် ပခုံးတစ်ချ ကို တွန့်ပြသည်။

"မဟုတ်ဘူး၊ တချို့ကိစ္စတွေက နည်းနည်းထူးဆန်းတ လေးတွေ ရှိတတ်တယ်။ အဲဒါကို အဲဒီအတိုင်းပဲ လက်ခံ လိုက်တာ ကိုယ့်အတွက် ကောင်းတယ်။ အရမ်းလိုက်တွေ နေရင် ပင်ပန်းတယ်လေ"

"ပင်ပန်းပါစေကွာ။ (၂၀၀၅)ခုနှစ် အောက်တိုဘာ(၂၀)ရ ဆိုတဲ့ ရက်စွဲကြီးကို အတိအကျ ကိုင်ပြောနေတာတော တော်တော်ကို ဖျားဖို့ကောင်းနေလို့ပါ။ အချိန်တွေ ဘာ ပါ သိနေဦးမလားတောင် ပြောတတ်ပါဘူး"

"အင်း ... အချိန်ကလည်း မှန်းပြောလို့ ရပါတယ် နေ့ခင်း နှစ်နာရီလောက်ပေါ့၊ မိုးတွေရွာနေရာကနေ ခဏ တိတ်သွားတဲ့အချိန်"

သူက ဖျတ်ခနဲ ငြိမ်သက်သွားသော မျက်လုံးတေ ဖြင့် အင်ခန့်ကို တစ်ချက်ကြည့်သည်။ ပြီးတော့ ချစ်သူကို လှ



ကြည့်လို့ လာပါသည်။ အဲဒီမျက်ဝန်းတွေသည် ချစ်သူကို အားကိုး ရှာသလို ကြည့်လာသော မျက်လုံးမျိုးတွေဖြစ်ကာ အဲဒီမျက်ဝန်း တွေကို တစ်သက် မမေ့ချင်စရာ ဖြစ်သွားသည်။ ထိုမျက်ဝန်းတွေ သည် ခါတိုင်းမြင်ဖူးနေသလို မဟုတ်ဘဲ ဘာကြောင့် လွမ်းရိပ် တွေ သမ်းနေပါသလဲ ဆိုတာကိုတော့ ချစ်သူ နားမလည်ချေ။

သူက အင်ခန့်ကို လုံးဝလိုက်မမီတော့သည့် ပုံစံ ဖြင့် ချစ်သူကို သေချာကြည့်ကာ ...

"ချစ်သူ အဲဒီတုန်းက ကိုယ့်ကို တကယ်တွေ့ဖူးခဲ့တာ လား"

သူ့ပုံစံက ချစ်သူဆီကမှ အဖြေမရတော့လျှင် ရူးသွပ် သွားတော့မည်ဟူသော ဒီဇိုင်းမျိုးဖြစ်သည်။ ချစ်သူသည် သူ နား လည်လွယ်နိုင်မည့် အဖြေမျိုးကို အလျင်အမြန် ရွေးချယ်စဉ်းစား ကာ ဖြေလိုက်ရသည်။

"ချစ်သူ သေချာမမှတ်မိဘူး။ ဒါပေမဲ့ ကိုမိုးခေါင် အဲဒီ လောက်ကြီး မအံ့ဩပါနဲ့။ အဲဒီရက်စွဲဟာ ချစ်သူတို့အတွက် လည်း အရေးပါတဲ့ ရက်စွဲမို့ မှတ်မိနေကြတာပါ ... ကိုယ့်အကြောင်းနဲ့ ကိုယ်ပါ"

ချစ်သူရဲ့ နောက်ဆုံးစကားက သူ့ကို စိတ်သက်သာ ရာ ရသွားစေဟန်တူသည်။ သူ့မျက်နှာက အကြောတွေနည်းနည်း လျော့သွားသည်။ သို့သော်လည်း အဲဒီလို မှတ်မိနေတာကိုပဲ ထူးဆန်းဟန်အပြည့်က သူ့မျက်နှာပေါ်တွင် ပေါ်နေပါသေးသည်။

"ကိုယ့်အကြောင်းနဲ့ကိုယ် ဆိုပေမယ့်လည်း ကိုယ့်ကိုပါသိ နေတာမျိုးကျတော့လည်း ထူးဆန်းပြန်ရော"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မထူးဆန်းပါဘူးရှင်။ မိုးချစ်သူ ဆိုတဲ့ ဝတ္ထုမ်က
ခေါင်းချောင်ပြီး ဉာဏ်ရည်မမီလို့ မမှတ်မိတာပါ။ တကယ်
တမ်း ခံရတာက သူ့ရှင့် ...

ရှင့်ကားကြောင့် သူ့တစ်ကိုယ်လုံး ဗွက်တွေလူးသွား
တာ။ ဒါကို ရှင်က ကားပေါ်ကနေ သူ့ကိုဟောက်သွားသေး
တယ်။ ဒါကြောင့် ကျွန်မက ရေရေလည်လည်တင်းပြီး
မှတ်မိနေတာ"

သူသည် ဒီတစ်ခါတော့ ပါးစပ်အဟောင်းသား
ပွင့်သွားကာ အင်ခန့်ကို ငေးကြည့်နေသည်။ ချစ်သူသည်လည်း
အင်ခန့်စကားတွေနဲ့အတူ လွန်ခဲ့သော သုံးနှစ်ခန့်ဆီသို့ အလျ
အမြန် ပြေးသွားမိသည်။ အဲဒီနေ့က ချစ်သူ တော်တော်ကံဆိုး
ခဲ့တာကိုတော့ မှတ်မိသည်။ သုံးနှစ်ခန့် ချစ်လာခဲ့သည့် အချစ်ဦး
တစ်ယောက်နှင့် တရားဝင် လမ်းခွဲပြတ်စဲသွားကြသည်။ အလု
ကိစ္စတွေ လုံးဝအဆင်မပြေ၊ ထီးမပါကာမှ မိုးကရွာသဖြင့် လမ်
ဘေးမှာ မိုးခိုရသေးသည်။ မိုးစဲလို့ လမ်းလျှောက်လာတော့ Ta
က တစ်စီးမှမရ။ လမ်းဖြတ်ကူးတော့မည် အလုပ်မှာ ကားတစ်စီး
ကြောင့် ဗွက်တွေစင်သည်။ မောင်းလာတဲ့လူက ချစ်သူကို ဘုပြော
တာလည်း မှတ်မိသည်။ သို့သော် အဲဒီလူရဲ့ မျက်နှာကိုတော့
ချစ်သူ မဖမ်းတတ်တော့ပါ။

ဒါပေမဲ့လည်း အဲဒီတစ်ယောက်ဟာ သူ ဆိုလျှင်တော့
ချစ်သူသည် ကံကြမ္မာကို တော်တော်အံ့အားသင့်ရပါမည်။

"ကိုမိုးခေါင် ကျွန်မတို့ကို မမှတ်မိပေမယ့် အဲဒီနေ့မှာ
ရှုန်ကုန်မှာ ရှိနေတယ်။ ကားမောင်းဖူးတယ်ဆိုရင် ဒီအဖြ



အပျက်ဟာ တကယ်ဖြစ်ပျက်တယ် ဆိုတာကို ယုံကြည်
လိုက်ပါ"

အင်ခန့်က ငြိမ်သက်နေသော သူ့ကို စကားထပ်
ပြောလိုက်လျှင် သူသည် လှုပ်လှုပ်ရှားရှား ဖြစ်လို့သွားသည်။
ပြီးတော့မှ ယောင်ယမ်းပြီး ခေါင်းတစ်ချက်ညိတ်ကာ ...

"ယုံကြည်ပါတယ်၊ အခြေအနေတွေကို ကိုယ် သဘော
ပေါက်ပါပြီ။ တကယ်တော့ နှစ်ဦးနှစ်ဖက်ဝလုံးက တိုက်
ဆိုင်နေလို့ ဒီ ရက်စွဲတစ်ခုကို မှတ်မိနေကြတာပါ ...

အဲဒီနေ့ကို ကိုယ် မှတ်မိတယ်၊ မိုးရွာတာလည်း
မှတ်မိတယ်။ ကားမောင်းခဲ့တာလည်း ဟုတ်တယ်။ ကျန်
တာတွေတော့ သိပ်မသိတော့ဘူး။ ဒါပေမဲ့ ချစ်သူတို့ကို
ပြောဆိုခဲ့တာတွေက ဖြစ်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့
အဲဒီနေ့က ကိုယ် ရှုံးခဲ့ရတဲ့နေ့ကိုး ...

အင်း ... တော်တော်တော့ အံ့သြဖို့ကောင်းတဲ့ တိုက်
ဆိုင်မှုပဲ"

သူက တကယ်ကို အံ့သြငေးမောရသည့် ပုံစံဖြင့်
ပြောလိုက်လျှင် ချစ်သူသည် အဲဒီပုံကို ငေးစိုက်သွားမိကာ ရင်ထဲ
တွင် တစ်စုံတစ်ရာက လှုပ်ပုံ့ဆွတ်မွေးလို့လာသည်။ သူ ရှုံးခဲ့ရ
တဲ့နေ့ဆိုပါလား။ အဲဒီနေ့မှာ ချစ်သူလည်း ရှုံးခဲ့တာပဲ။ ကမ္ဘာပျက်
ခဲ့တာပဲ။ ချစ်သူသည် သူ့မျက်နှာကို ကြည့်ရင်း ရင်နင့်လာသည်။

အဲဒီအချိန်မှာပဲ သူက ချစ်သူကို ဆတ်ခနဲ ကြည့်
လာလျှင် သူ့ကို ငေးနေမိသော မျက်ဝန်းတွေကို အချိန်မီ မဖမ်း
ဆည်းနိုင်လိုက်ပါ။ သူက ချစ်သူကို နူးနူးညံ့ညံ့ ပြုံးပြလိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုယ်တို့က ကံမကုန်လို့ ပြန်ဆုံကြတဲ့သူတွေပေါ့၊ အိုကေ ... ကိုယ် ဝမ်းသာပါတယ်။ ဒါနဲ့ ချစ်သူရဲ့သူငယ်ချင်းက နာမည် ဘယ်လိုခေါ်လဲ ...

သူ့ဘရိန်းကတော့ တာကယ်ချီးကျူးဖို့ ကောင်းတယ်နော်"

ချစ်သူက ဤတစ်ခါတော့ အင်ခန့်ဘက်သို့လှည့်၍ နှာခေါင်းတစ်ချက် ရှုံ့ပြလိုက်သည်။

"အလကားပါ။ သူ့ဦးနှောက်က မဟုတ်တာတွေဆို အကုန်မှတ်မိတယ်။ သူ ငယ်ငယ်က ဝယ်စားခဲ့တဲ့ ဗယာကြော်သည် ကုလားမကြီးကို ခုပြန်တွေ့ချိန်မှာ အမျိုးစပ်ပြီး မှတ်မိတယ်။ သူ့အမေက အိမ်က မထွက်ခင် ဒီနေ့ဘယ်သူ့ဆီက အကြွေးသွားတောင်းလာခဲ့ဆိုရင် အဲဒါမျိုးကျတော့ မေ့သွားရော။ လုံးဝမမှတ်မိတော့ဘူး။ အိမ်ရောက်တာနဲ့ အသုပ်ခံရရောလေ ... ဟား ဟား ...

ဒါကြောင့် ချစ်သူက သူ့ကိုပြောတာ အသေးအဖွဲတွေကို မှတ်မိနေတာဟာ မှတ်ဉာဏ်ကောင်း မဟုတ်ဘူး။ အထူးသဖြင့် အချစ်မှာ အသေးအဖွဲတွေကို လိုက်မှတ်မိနေရင် အဲဒါ ကိုယ် သေဖို့ ဖြစ်လာတဲ့ အရာတွေပဲ"

"အင်း ... အင်း ... ဒေါ်ချစ်သူတို့ကတော့ စကားတွေကို လွှဲတဲ့နေရာမှာ အရမ်းတော်တယ်နော်၊ ပညာတွေပေါ့လေ၊ ဟုတ်လား"

ချစ်သူသည် အင်ခန့်၏စကားကြောင့် ကြောင်တောင်တောင် ဖြစ်သွားရကာ ဘာလဲ ဟူသော သဘောဖြင့် သူ့ကိုတောင်



ဆယောင်ယမ်းပြီး ကြည့်မိသွားသည်။ သူကလည်းမြုံးကာ အင်ခန့်ကို မေးဆတ်၍ ပြလေသည်။

"ဟိုက ငါ့နာမည် မေးနေတာလေ၊ ဒါကို နင်က ဘာလို့လျှောက်ပြီး ဘာမဆိုင်တဲ့ ဗယာကြော်သည်ကုလားနဲ့ အကြွေးကိစ္စကို ဇွတ်ဆွဲစိပစ်နေရတာတုန်း"

အင်ခန့်၏ ပွင့်လင်း ဖြောင့်ကျလှတဲ့ စကားကို ချစ်သူက တဟားဟားနှင့် သဘောတကျ ရယ်ပစ်သလို သူကလည်း အနည်းငယ် အနေရခက်သွားသော မျက်နှာထားဖြင့် မျက်နှာတစ်ချက်လွှဲကာ ရယ်သည်။ ချစ်သူသည် သူ့မျက်နှာကို တစ်ချက်ခိုးကြည့်ကာ ရင်ထဲတွင် စိမ့်ခနဲ ဖြစ်သွားတာကို သတိပြုမိသည်။ ဒီအစ်ကိုကြီးကို စိတ်ထဲမှာ တော်တော် တွေ့နေမိတာပဲ။

"ကိုမိုးခေါင် တစ်မျိုးမထင်နဲ့နော်။ သူက အဲဒီလိုပဲ"

"တွေ့တယ် မဟုတ်လား။ သိပ် ရှုဝင်နေပြန်ပြီ"

သူက ဘာမှမပြောတော့ဘဲ ပခုံးကိုလှုပ်ကာ ကျိတ်ရယ်မောလို့နေလျှင် ချစ်သူသည် အဲဒီပုံစံကိုကြည့်ကာ အသာပင့်သက်ရှိုက်မိသည်။ တစ်စုံတစ်ရာသည် ချစ်သူရဲ့ရင်ထဲကို တိုးဝင်ဖို့အတွက် အလစ်ချောင်းလို့ နေပေသည်။

"ချစ်သူတို့က ပျော်တတ်တယ်နဲ့ တူတယ်နော်"

"ချစ်သူက ပျော်တတ်တာ၊ သူက ပေါတတ်တာ"

"ကိုမိုးခေါင် ကျွန်မနာမည် အင်ခန့်တဲ့နော်။ သိပ်မနာတ်ဘူး၊ နှစ်လုံးတည်းပဲ အင်ခန့် ...။ ဒီနာမည်ကိစ္စပြောတဲ့အထိကို မရောက်လွန်းလို့ ကိုယ်တိုင် ပြောရတာပါ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူက အင်ခန့်ရဲ့စကားကို တဟားဟားနှင့် အော်ရယ်သည်။ ချစ်သူကတော့ လိုက်မရယ်မိဘဲ အင်ခန့်ကိုသာ တရားကျတယ် ဟူသော ပုံစံမျိုးဖြင့် ခေါင်းတညိတ်ညိတ် စိုက်ကြည့်နေမိသည်။ သူက အားနာသောအားဖြင့် ရယ်လက်စတွေကို သိမ်းကာ အရယ်နည်းနည်း ကျန်သေးသော မျက်နှာထားနှင့် ...

"အင်ခန့်ဆိုတော့ နာမည်က တစ်မျိုးပဲနော်။ တိုင်းရင်းသားနာမည်လား။ တိုင်းရင်းသားလား"

"ဘာတိုင်းရင်းသားမှ မဟုတ်ပါဘူး။ အဲဒါ ဖေဖေပေးခဲ့တဲ့ နာမည်ပါ။ ဖေဖေက အဓိပ္ပာယ်နဲ့ ပေးခဲ့တာရှင့်။ အင်ခန့်ဆိုတာ အုံ့ခင်။ အုံ့လောက်တဲ့ ခင်ပေါ့၊ အဲဒီလို ...

အခုကိုပဲ ကိုမိုးခေါင် ကျွန်မကို အုံ့ဩနေရပြီမဟုတ်လား။ ကျွန်မကို တွေ့တဲ့လူတိုင်းက တွေ့တွေ့ချင်းမှာပဲ နည်းနည်းလောက်တော့ အုံ့ဩသွားလေ့ရှိကြတယ် ...

အဲဒါကြောင့် အုံ့ခင် အင်ခန့်ပေါ့။ ရှင်းပါပြီနော်"

"ရှင်းပါပြီ ... ရှင်းပါပြီ။ ကဲပါ ... အုံ့ခင်ရယ်၊ ရှေ့ရှေ့ကာလက မကြေလည်ခဲ့တဲ့ အငြိုးအတေးတွေ ရှိရင်လည်း ကော်ဖီရည်နဲ့ပဲ မျှောပစ်လိုက်ပါတော့။ ခုချိန်ကစပြီး နှလုံးသားအသစ်နဲ့ ကိုယ့်ကိုခင်ပါ၊ ဟုတ်ပြီလား"

"ကော်ဖီရည်နဲ့ချည်းပဲ ဆိုရင်တော့ အကုန်မမျှောနိုင်သေးဘူးရှင့်။ နည်းနည်းလောက်တော့ ချန်ထားရဦးမယ်။ နည်းနည်း နည်းနည်းချင်း မျှောတာကပဲ ကောင်းမယ်ထင်ပါတယ်"



"ဩော် ... စိတ်ချမ်းသာတဲ့အတိုင်း လုပ်ပါ။ အဲဒါက ပိုအရေးကြီးပါတယ်"

သူက အင်ခန့်ကို လှမ်းပြောပြီးနောက် ချစ်သူကို တစ်ချက်လှမ်းကြည့်သည်။ အာလူးကြော်ဝါးကာ ကော်ဖီသောက်နေသော ချစ်သူကို နွေးနွေးထွေးထွေး ပြုံးကြည့်ကာ ...

"ကိုယ်က ဆိုက်ထဲမှာပဲ နေတာများတော့ မီဒီယာတွေ ဘာတွေနဲ့ နည်းနည်း အလှမ်းဝေးတယ်။ အခု အိမ်ပြန်ရောက်တော့မှပဲ TV တွေ ဘာတွေ ကြည့်ဖြစ်တာ၊ ချစ်သူရဲ့ ကြော်ငြာတွေ တော်တော်များတာပဲနော်"

"သိပ်မများပါဘူး"

"ဩော် ... များပါတယ်။ ပြီးတော့ အခု ထွက်တဲ့ သီချင်းတွေ တစ်ခွေထဲမှာလည်း သီချင်းတစ်ပုဒ် ဆိုထားတာတွေ့သေးတယ်"

"ဘယ်လိုနေလဲဟင်"

အဲဒီမေးခွန်းကိုတော့ ချစ်သူက တက်တက်ကြွကြွနှင့် သီချင်းလွှန်းအားကြီးစွာ မေးလိုက်တာ ဖြစ်သည်။ ချစ်သူသည် သီချင်းဆိုတာကိုတော့ အင်မတန် ဝါသနာပါသူ ဖြစ်လေရာ ဘကယ် ဖိုးလ်ရှိသော အချိန်တွေမှာသာ တစ်ပုဒ်ကောင်း ဝင်ဟဲ ဆတ်သူ ဖြစ်သဖြင့် မိုးချစ်သူ ဆိုသော ကောင်မလေးဟာ သီချင်းဆိုတဲ့နေရာမှာလည်း ဖြစ်သားပဲဟု သတ်မှတ်ခြင်း ခံထားရသော သူ ဖြစ်လေသည်။

"မဆိုးဝါဘူး။ အသံတော့ ထွက်ပါတယ်"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ချစ်သူက ဟင်ခနဲ ရှုံ့မဲ့သွားလျှင် အင်ခန့်က တဟားဟား အော်ရယ်လေသည်။ သူကလည်း ချစ်သူကို နောက်လိုက်ရသဖြင့် သဘောကျသလိုဖြင့် အသာရယ်မောကာ ...

"ဩော် ... ဟုတ်တယ်လေ။ ချစ်သူရဲ့အသံက ကြည်ကြည် လင်လင် ထွက်တယ်လေ။ သူများတွေဆို တိမ်ဝင်သွားရတာနဲ့၊ လည်ချောင်းကပ်နေတဲ့ အသံမျိုးနဲ့ ဆီသောက်ပြီး ဆိုတဲ့ အသံမျိုးနဲ့ ...

အဲဒါမျိုး မဟုတ်ဘူးလို့ ဆိုလိုတာပါ"

"တော်ပါ၊ မေးမိတာ မှားပါတယ်"

"ဩော် ... မမှားပါဘူး။ ကောင်းပါတယ်။ ချစ်သူ စီးရီးစ် မထုတ်ဘူးလား"

"လောလောဆယ်တော့ အစီအစဉ် မရှိသေးပါဘူး။ အဲဒီလိုလေးတွေပဲ ဆိုရတာကို သဘောကျတယ်။ သိပ်လည်း အချိန်မပေးနိုင်သေးဘူးလေ ...

အဲဒါမျိုးဆိုတာကလည်း သေချာအချိန်ပေးပြီး လုပ်မှလည်း ကောင်းမှာကိုး"

"အင်း ... ဟုတ်ပါတယ်။ ဗီဒီယိုတွေရော မရိုက်သေးဘူးလား ချစ်သူ"

"အမယ်လေး ... ချစ်သူ သရုပ်ဆောင်မယ့် ဗီဒီယိုကားကို မျှော်လင့်နေတဲ့သူက ရှိသေးတယ်။ သူက ရိုးရိုးဇာတ်လမ်း မရိုက်ဘူး။ နိုင်ငံခြားကလို နရက်ကူလာတားရိုက်မှာ ဆင်ဆာက ခွင့်မပြုသေးလို့ စောင့်နေတာ"



သူက အင်ခန့်ရဲ့စကားကို တစ်ချက်ရယ်သော်လည်း ဘာမှပြန်မပြောဘဲ ချစ်သူကိုသာ ဖြေလေ ဟူသော သဘောဖြင့် မေးဆတ်ပြသဖြင့် ချစ်သူသည် သူ့ရဲ့စကားကို အလေးအနက်ထားကာ ဖြေရတော့သည်။

"ဗီဒီယိုရိုက်ဖို့ လာပြောတာတွေ အများကြီးပဲ ရှိပါတယ်။ ချစ်သူက မရိုက်ချင်တာပါ"

သူက ချစ်သူရဲ့အပြောကို အံ့ဩသလိုနှင့် မျက်ခုံးတစ်ချက်ပင့်ကြည့်သည်။

သူဖြင့် တစ်ဖက်သားကို အဲဒီလို ကြည့်ပြောလျှင် ဆော်တော်ကြည့်ကောင်းသည်ဟု သတ်မှတ်ရပါသည်။

"ချစ်သူက မရိုက်ချင်တာ ! ... ဘယ်လိုဖြစ်တာလဲ၊ ဒီလောကထဲကို ချစ်သူတို့ ဝင်လာတဲ့ ရည်ရွယ်ချက်က မင်းသမီးဖြစ်ဖို့၊ စူပါစတားဖြစ်ဖို့ ရုပ်ရှင်တွေ ဗီဒီယိုတွေ ရိုက်ရဖို့၊ အဲဒီလို မဟုတ်ဘူးလား"

"အင်း ... တော်တော်များများကတော့ အဲဒီလို ဟုတ်ကြပါတယ်၊ ကြိုးစားကြတာပေါ့နော်။ ကိုယ်ဖြစ်ချင်တဲ့ အတိုင်း အတာအထိ ကြိုးစားခွင့် ရှိကြတာပဲလေ ...

ဒါပေမဲ့ ချစ်သူကတော့ အဲဒါမျိုး မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်ဖို့အထိလည်း ရည်မှန်းချက် မရှိဘူး။ ဒီလို ဖြစ်လာတယ် ဆိုတာကလည်း အကြောင်းကြောင်းတွေ တိုက်ဆိုင်ပြီး ဖြစ်လာတာပါ ...

www.burmeseclassic.com

www.burmeseclassic.com



ဝါသနာမပါဘဲနဲ့ လုပ်တာတော့လည်း မဟုတ်ဘူး။ ပေါ်ပြူလာဖြစ်ချင်လို့ လုပ်တာလည်း မဟုတ်ဘူး။ ပရော်ဖက်ရှင်နယ်လ် အလုပ်တစ်ခုအနေနဲ့ ကောင်းကောင်းမွန်မွန် ခံစားပြီး လုပ်တာပါ။ ဇာတ်ကားတွေ ရိုက်ဖို့အထိတော့ စိတ်မဝင်စားသေးဘူးလို့ ပြောရမှာပေါ့”

“အင်း ... အင်း ... ကိုယ် သဘောပေါက်ပါပြီ။ ချစ်သူရဲ့ အနေအထားကို နားလည်ပါပြီ”

အဲဒီနောက်မှာတော့ သူနဲ့ ချစ်သူတို့တစ်တွေဟာ တခြားထွေရာလေးပါး စကားတွေ လျှောက်ပြောဖြစ်ကြသည်။ အဓိက,ကတော့ အင်ခန့် ပါလာသဖြင့် မပျင်းရပဲ သူယင်လျှင် ပါးစပ်မပိတ်နိုင်ရခြင်းပဲ ဖြစ်တော့သည်။ စကားပြောရင်းမှနေ၍ သူနှင့် ချစ်သူတို့တစ်တွေဟာ ခါတိုင်းထက် ရင်းနှီးပွင့်လင်းစွာ ခင်မင်သွားကြသည်။

အပြန်ကျတော့လည်း ကားမပါ ကားမရှိသော ချစ်သူတို့ကို သူကပဲ ပြန်လိုက်ပို့ပေးခဲ့ပါသေးသည်။ အင်ခန့်က ကားပေါ်သို့ရောက်လျှင် ...

“ဩော် ... ရေစက် ... ရေစက်။ လွန်ခဲ့တဲ့ သုံးနှစ်ခန့်က ပွတ်ရှောင်သွားတဲ့ ကားတစ်စီးပေါ်မှာ ခုလို ပြန်လိုက်စီးခဲ့ရလိမ့်မယ်လို့ ဘယ်သူက ထင်ခဲ့မှာလဲနော် ...

အဲဒီလိုပဲ တစ်ခါတလေမှာ တချို့နှလုံးသားတွေကလည်း ပွတ်ရှောင်သွားကြတဲ့ နှလုံးသားတွေရှိတယ်၊ ကံဆုံရင်တော့ ပွတ်ရှောင် ကပ်ရှောင် ဘဝကနေ ပွတ်ဆွဲကပ်ဆွဲတဲ့ဘဝကို ရောက်ချင်ရောက်မှာပေါ့”



အင်ခန့်ရဲ့ မထိတထိစကားကို သူက ဘာမှပြန်မပြောဘဲ အသည်းယားချင်စဖွယ် ပြုံးနေလျှင် ချစ်သူသည် အဲဒီအပြုံးကိုကြည့်ကာ ရင်ထဲ၌ တဒိတ်ဒိတ် ခုန်၍လာသည်။ နောက်နားဆီက မြင်တွေ့ရသော နားသယ်စပ်နှင့် ကုပ်ပိုးတစ်လျှောက်ရှိ အသားဝင်းဖန့်ဖန့်လေးများကိုကြည့်ကာ ချစ်သူ့ရင်ထဲ၌ တစ်မျိုးတစ်မည် ဆွတ်ပျံ့၍ လာလေသည်။

ချစ်သူတို့ သွားလိုရာသို့ လိုက်ပို့ပေးအပြီး ပြန်ထွက်ခါနီးတွင် သူက လက်ညှိုးနှင့် လက်မကို နား,နားတွင်ကပ်ပြကာ နှုတ်ဆက်မည်ဟူသော အမူအရာလုပ်ပြသည်။ ချစ်သူသည် ခါတိုင်းလို ဟီးဟီး ဟားဟား ပေါ်တောတော မလုပ်နိုင်ဘဲ အပြုံးလေးတစ်ပွင့်နှင့် လက်အသာပြမိသည်။ ဒါကို အင်ခန့်က ဗြိတိတိမျက်နှာအကြီးဖြင့် စိုက်ကြည့်လို့ နေလေသည်။

❦ ❧ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"Whoever is happy will make other happy, too"

Mark Tcoain

"ပျော်နေတဲ့ သူဟာ သူများကိုလည်း ပျော်အောင်လုပ်မှာပဲ"

## ၄

"အိုကေဟော့ ... အားလုံး ပင်ပန်းသွားကြပြီ၊ နားကြစို့"

ရှုတင်ဖြုတ်လိုက်ပြီမို့ အားလုံးက လွတ်လပ်စွာ ?ုပ်ရှားသွားကြချိန်ဝယ် ဦးလင်းက ချစ်သူရဲ့အနားသို့ ရောက်လာသည်။

"ချစ်သူ လမ်းထိပ်မှာ တုတ်ထိုးသွားစားမလို့ စားဦးမလား"

"ဦးလင်း ကျွေးမှာလား"

ချစ်သူရဲ့အပြောကို ဦးလင်းက တစ်ချက်ရှုံ့မဲ့ကာ ...

"မင်းသမီးကလည်း သူများဆီက ကပ်လျှိုဖို့ပဲ ချောင်းနေတော့တာပဲ။ ကဲပါ ... လာစမ်းပါ။ ညည်းဆီက သိချင်တာတွေ ရှိတော့လည်း တုတ်ထိုးကျွေးပြီး သတင်းအစ်ရတော့မှာပေါ့"

ချစ်သူသည် ဦးလင်းရဲ့အပြောကြောင့် ရင်ထဲမှာ ?တ်ခနဲ ဖြစ်သွားသော်လည်း ဘာမှမဖြစ်သလို အသာရယ်မော?ာ ဆောင်းဘီအိတ်ထဲ လက်လျှိုထည့်ပြီးနောက် ဦးလင်းနှင့်အတူ ?ူတင်ခြံရဲ့ အပြင်ဘက်သို့ ထွက်လာခဲ့ကြသည်။ ချစ်သူသည်

www.burmeseclassic.com

www.burmeseclassic.com



က်သော အကြောင်းအရာတွေကို ကြားရ၊ ပြောရ
အတွက် ရင်တောင် နည်းနည်းခုန်လာသည်ဟု ထ

ခပ်ဖြောင့်ဖြောင့် ထိုအစ်ကိုကြီး မိုးခေါင်ဟာ ချစ်သူ
ဘိုင်း ဖုန်းဆက်တတ်သည်။ Message တွေ ပို့သည်။
ခြေလှမ်းတွေဟာ ဘယ်အဓိပ္ပာယ်ကိုဆောင်ကာ ဘာကိုရည်ရွ
သည် ဆိုတာကို မသိရအောင်အထိတော့ ချစ်သူက မအ,သေး
သို့သော် သူ့ချဉ်းကပ်မှုတွေက တစ်ဆိတ်တော့ လျင်မြန်လွန်း
သည်ဟု ထင်လေသည်။

လမ်းထိပ်က တုတ်ထိုးဆိုင်လေးသို့ ရောက်လျှ
ကိုယ်စားချင်တာကို ရွေးချယ်မှာပြီးနောက် ဦးလင်းက စကားစ
လာသည်။

"ညည်းဆီကို ဟိုကောင် ဖုန်းဆက်သေးလား"

"အင်း ... ဆက်တယ်"

"ဟုတ်လား ... ဘာတော်လ်ကီတွေ ကျွေးလဲ"

"ဘာမှ ကျွေးပါဘူး။ ဒီလိုပါပဲ၊ ဟိုလျှောက်ပြော ဒီလျှော
ပြောပေါ့"

"သူက ပြောတာလား ညည်းက ပြောတာလား"

ချစ်သူသည် ချလာပေးသော ဝက်သားတုတ်ထိ
ပန်းကန်ထဲသို့ ကိုယ့်စိတ်ကြိုက် ထပ်မံပြင်ဆင်နေရင်းမှ ...

"အမယ်လေး ... သူ့ညီအတွက်များ စိုးရိမ်နေသေးတယ်
ချစ်သူတို့က ပြောလည်း ရိုးသားတဲ့ စကားတွေပဲ ပြော
တာနော်။ ညှုကလီယားတွေ အီစီကလီတွေ မပါဘူး"



"ဩော် ... ငါကရော ဘာပြောနေသေးလို့လဲ၊ ငါ့ကောင်
ကြီးက ခြေလှမ်းတွေ တော်တော်သွက်နေသလားလို့ပါ"

"ဦးလင်း တူလို့နေမှာပေါ့"

"ဟာ ... ငါ့တူလို့ကတော့ ဒီကောင် စွံမှာကို မဟုတ်ဘူး။
ဒီကောင်က အင်မတန်ဖွံတဲ့ကောင်"

ချစ်သူသည် အဲဒီအပြောကြောင့် ရင်ထဲတွင် တစ်မျိုး
သွားသည်။ မျက်လုံးထဲတွင် မထိတရီ ပြုံးစတတ်သော စူးရှ
က်နေသည့် မျက်ဝန်းတွေကို ပြန်မြင်ယောင်လာလျှင် ရတက်
အေးချင်သလို ဖြစ်သွားလေသည်။ အဲဒီ အစ်ကိုကြီးဟာ သိပ်
ည်းမချောဘဲနဲ့ ဆွဲဆောင်မှု ရှိတာကိုတော့ ငြင်းမရနိုင်ပေဘူး။

"ဟုတ်လား၊ ဒါနဲ့များ ချစ်သူဆီကို ဖုန်းဆက်နေသေးတယ်"

"မဟုတ်ပါဘူး။ ခုလောလောဆယ် သူ့မှာ ဘယ်သူမှမရှိ
ပါဘူး။ အရင်တုန်းကပါ။ အရင်တုန်းကဆိုတာ လွန်ခဲ့တဲ့
လေးငါးလလောက်ကပေါ့ဟာ"

"ဩော် ... ပြတ်ကုန်ကြပြီလား"

"ပြတ်တယ် ဆိုတာထက် ရည်းစားဖြစ်မှန်း မဖြစ်မှန်းတောင်
မသိပါဘူးဟာ။ မဒီနဲ့ ပြတ်သွားပြီးတဲ့နောက် နောက်ပိုင်း
ကိစ္စတွေကို ငါလည်း သိပ်စိတ်မဝင်စားပါဘူး။ အခု
ညည်းနဲ့ကိစ္စကျမှပဲ စိတ်ဝင်စားတော့တာ"

အဲဒီအပြောကြောင့် ချစ်သူ ရင်ထဲ၌ တစ်ချက်ဆောင့်
သွားသည်။ တုတ်ထိုးကို ဟန်မပျက် ကော်စားနေရသော်လည်း
ဘာတွေများ ပြောထားပါလိမ့်ဟူသော အသိဖြင့် ရင်ထဲမှာ
ချင်စိတ်က လိုမ့်တက်ပြီးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဒီ ဆိုတာက"

"ဩော် ... သူ့အချစ်ဦးလေ။ သူ ရှူးရှူးမူးမူး ချစ်ခဲ့ရ
ချစ်ဦးမေကြီးပေါ့။ မဒီက သေဆိုသေ ရှင်ဆိုရှင် အဲဒီ
ချစ်ခဲ့တာ။ မဒီက ရေ့ဆိုတာနဲ့ အပူအအေး နှစ်ခွက်
ပြီးသား။ မီးကိုသေအောင် ချစ်တာ၊ တွဲခဲ့တာလည်း အကြာ
ကြီးပဲ။ အားလုံးကလည်း သူတို့နှစ်ယောက် တစ်နေ့မှာ
ယူဖြစ်ကြမယ့်သူတွေလို့ပဲ ထင်ထားခဲ့တာပေါ့ ...

ဒါပေမဲ့ မဒီက ဒီကောင့်ကို ခေါက်သွားခဲ့တယ်
ဒီကောင်ကြီး အသည်းတွေ ရေရေလည်လည် ပက်ပက်
စက်စက် ကွဲတာပေါ့ဟာ။ လုံးဝလေသွားတာ။ stabl
ဖြစ်သွားတော့လည်း သူ့အသည်းသူ ကုစားဖြေသိမ့်ကြည့်
တာပေါ့။ ဒါပေမဲ့ အဆင်မပြေပါဘူး"

"ဩော် ... သူလည်း အသည်းကွဲဖူးတာပေါ့နော်"

"ကွဲတာမှ ရက်ရက်စက်စက်ပဲ။ တစ်မျိုးလုံး တစ်ဆွေလုံး
က မကြည့်ရက်တဲ့ အထိပေါ့ ...

သူ့အမေဆို သူ့သား အသည်းကွဲတာနဲ့တင် သူပါ
သေမလို ဖြစ်နေတာ ...

ဒီကောင်က အချစ်ကြီး ချစ်တတ်သူဟ။ လူတစ်
ယောက်ကို နှလုံးသားတစ်ခုလုံး ပုံပေးပြီး ချစ်ပစ်ခဲ့တော့
ဟိုက လုပ်ပစ်ခဲ့တဲ့ အခါမှာ အလဲအကွဲ ခံရတာပေါ့"

ချစ်သူသည် ဦးလင်းရဲ့စကားတွေကို နားထောင်ရင်း
သူ့ မျက်နှာကို ပြန်မြင်ယောင်ပြီးလာသည်။ ဂျစ်တိဂျစ်ကန်လိုလို
ဘာလိုလိုပုံစံနှင့် သူဟာ အသည်းပိုးစိုးပက်စက် ကွဲခဲ့တဲ့သူလို



ဆင်ရက်စရာပါလား။ ချစ်သူတောင် သူ့လောက်တော့ မခံစားခဲ့
ဟု ထင်သည်။

ချစ်သူသည် အရမ်းကြီး ချစ်တတ်ခဲ့မည့် သူ့နှလုံး
သားကို မြင်ယောင်လာကာ ရင်ထဲတွင် နင်တင်တင်ကြီးတောင်
ဖြစ်လာလေသည်။

"အခုတော့ ဒီကောင့် ကြည့်ရတာ ပျော်နေတဲ့ပုံပါ။ နင်က
သူ့ကို ပျော်စေနိုင်တယ်နဲ့ တူပါတယ် ...

ဝမ်းသာပါတယ်ဟာ၊ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ
ဖိတ်ကြပေါ့"

"အံမယ် ... ဘာမှမဖိတ်ဘူးနော်၊ လာပြောမနေနဲ့"

"အေးပါ ... ပြီးတော့မှ စပ်ဖြီးဖြီးနဲ့ ငါ့ရှေ့မှာ လက်မောင်း
ချိတ်ပြီး ဦးလင်းကြီး ... ဟဲ ဟဲ ... လို့ ပေါ်မလာနဲ့"

"အာ ... ဦးလင်းကလည်း ဘာတွေလျှောက်ပြောနေတာ
လဲ။ အဲဒီလို မဟုတ်ပါဘူး"

"အေးပါ ... အေးပါ၊ စောင့်ကြည့်ကြသေးတာပေါ့"

ဦးလင်းတာ အဲဒီထက်ပိုပြီး ထပ်မပြောတော့ချေ။
သို့သော်လည်း ပြောခဲ့သော စကားတွေက ချစ်သူရဲ့နှလုံးသားကို
တစ်မျိုး အဓိပ္ပာယ်သက်ရောက်စေသည်။ တကယ်တမ်းမှာ ချစ်သူ
အံ့ဩတာက ကိုယ့်ကိုယ်ကိုယ်ပဲ ဖြစ်သည်။ ချစ်သူရဲ့ဘဝမှာ လူ
တစ်ယောက်ကို အသည်းနင့်စွာလည်း ချစ်ခဲ့ဖူးသည်။ ကွဲကွာသွား
တဲ့ အခါမှာလည်း စိတ်ဆင်းရဲကြီးစွာ ခံစားခဲ့ရဖူးသည်။

ဒါပေမဲ့လည်း ချစ်သူက ကိုယ့်နှလုံးသားကို အေးနိုင်
နင်းစွာ အုပ်ချုပ်နိုင်သော မိန်းကလေးမျိုး ဖြစ်သည်။ ကိုယ့်နှလုံး

www.burmeseclassic.com

www.burmeseclassic.com



သားနယ်မြေကိုယ် ပိုင်နိုင်စွာ ပြန်သိမ်းပိုက်ပြီးသည့်အခါမှာတော့ ချစ်သူသည် အချစ်ဆိုတာကို အတန်ကြာ ဥပေက္ခာပြုထားနိုင်ခဲ့လေသည်။ ခုချိန်မှာ အမှတ်မထင်လာပြီး လှုပ်ခတ်လေသော နှလုံးသားကို ကြည်နူးစွာနှင့် အံ့သြရတာဖြစ်သည်။ ချစ်သူရဲ့နှလုံးသားဟာ အချစ်ကို နောက်တစ်ကြိမ် ထပ်မွေးဖွားဦးမှာတဲ့လား။

အဲဒီနေ့ညက သူ့ဆီက ဖုန်းလာသောအခါ ထင်မှတ်မထားပါဘဲနှင့် အချစ်အကြောင်းတွေ ဆွေးနွေးဖြစ်ခဲ့ကြသေးသည်။ သူ့ထံက ဖုန်းလာသော အချိန်တွေဟာ ညဆယ်နာရီခွဲ ဆယ့်တစ်နာရီခန့်မှာ အမြဲဖြစ်တတ်ကာ၊ အဲဒီအချိန်တွေ ရောက်ပြီဆိုလျှင် ချစ်သူသည် ရင်တခုန်ခုန် မျှော်တလင့်လင့်ဖြင့် သူ့ဖုန်းသံလေးကို စောင့်စားရသည်။ ဒီနေ့တော့ သူ ဖုန်းဆက်တာ နည်းနည်းနောက်ကျလေသည်။ ညဆယ့်တစ်နာရီကျော်မှ ဖုန်းမြည်လာလျှင် ချစ်သူသည် ဖုန်းကို ချက်ချင်းကောက်မကိုင်သေးဘဲ မျက်စောင်းတစ်ချက် ထိုးလိုက်သေးသည်။

ပြီးတော့မှ ဖုန်းဖွင့်လိုက်လျှင် သူ့ရဲ့ခပ်သြသြ ခပ်ချိုချိုလေးလေး အသံကို စတင်ကြားရသည်။

"အင်း ... ချစ်သူ ညီမလေး၊ ကြားလား"

"ကြားတယ် ... ကြားတယ်၊ ပြော"

"ဟော ... အသံကြီးက ဘာဖြစ်တာလဲ။ ဘာတွေအလိုမကျဖြစ်နေတာလဲ၊ ဘယ်သူနဲ့ စိတ်ကောက်ထားတာလဲ"

"ဘယ်သူနဲ့မှ စိတ်မကောက်ဘူး။ အခုမှ စိတ်ကောက်မလို့ ကြံနေတာ"

"ဟင် ... ဒါဆို ကိုယ့်ကိုပေါ့"



ချစ်သူက မဖြေဘဲ အသံတိတ်နေလျှင် သူက တစ်ဖက်မှ ခပ်တိုးတိုး ရယ်သည်။ အဲဒီရယ်သံသည် ချစ်သူကို ကလိနေသလိုပဲ ဖြစ်သည်။

ချစ်သူသည် အဲဒီလိုပြောပြီးမှ ကိုယ်ပြောတာ နည်းနည်းများ ဘောင်ကျော်သွားသလားဟု စဉ်းစားမိသည်။ သို့သော် သူနဲ့တောင် နေ့တိုင်း ဖုန်းပြောနေမှတော့ ကျန်တာကို သိပ်မစဉ်းစားချင်တော့ပေ။

"ချစ်သူ ကိုယ့်ကို စိတ်ဆိုးနေတာလား"

"မဆိုးပါဘူး" ။ပြီးနောက်

"ဒါဆို ဘာလို့ အခုနက စိတ်ကောက်မလို့ ကြံကိုယ်လုံးပြောတာလဲ။ ဘယ်သူ့ကို ကြံနေတာလဲ။ တခြက်လာရင်လေးတစ်ယောက်ကိုလား"

"အံမယ် ... မဟုတ်ပါဘူးနော်။ ဘာကောင်လေးမှဘူး။ ကိုကြီးသာ အလုပ်ကျနဲ့ပတ်သက်နေရတာမို့ ချစ်ဆီကို ဖုန်းဆက်တာ နောက်ကျနေတာ မဟုတ်လား"

"ဟာ ... မဟုတ်ပါဘူးကွာ။ အခုနက သူငယ်ချင်းတွေနဲ့ တွေ့နေတာကွ၊ အခုမှ အိမ်ပြန်ရောက်တာ၊ အဲဒါ အိမ်ပြန်ရောက်ရောက်ချင်းပဲ ညီမလေးဆီကို ဆက်လိုက်တာ။ အဝတ်အစားတောင် မလဲရသေးပါဘူး"

"အေးပေါ့ ... ပြောပေါ့။ မြင်ရတာမှ မဟုတ်တာ"

ချစ်သူရဲ့ စူပွပွအသံကို သူက တဟားဟားနှင့် အော်ရယ်သည်။ ချစ်သူသည် အဲဒီရယ်သံကို နှုတ်ခမ်းကိုက်ကာ နားထောင်နေရင်းနဲ့မှ ရင်ထဲတွင် တစ်မျိုးတစ်မည် [illegible]သော

www.burmeseclassic.com

www.burmeseclassic.com



ဘာကို ကိုယ့်ဘာသာကိုယ် ခံစားသိရှိလို့နေသည်။ ဒီအစ်ကိုကြီး ဆါမှာ ချစ်သူရဲ့ ခံစားချက်တွေ ဘယ်လိုဖြစ်နေပါပြီတဲ့လဲ။

"မယုံဘူးလား။ အခု FMI ထဲကို ကားမောင်းလာခဲ့ရမလား ပြော"

"တော်ပါပြီ။ ကားမောင်းလာပြီး ဘာလုပ်ရမှာလဲ"

"သြော် ... ကားလျှောက်မောင်းမယ်လေကွာ။ တိုးဂိတ်ထိ မှတ်၊ မောင်းမယ်။ ညဘက်ဆို အရမ်း လေညင်းခံလို့ ကောင်း သည်။ ဟာ။ အဲဒီမှာ စကားတွေ သွားပြောမယ်။ မကောင်းဘူး ဆယ့်တစ်း"

ပြီဆိုလျှင် ကာင်းပါဘူး ဒီအချိန်ကြီး"

သံလေး၊အချိန်ကြီးတော့ မဟုတ်ဘူးလေ။ ဒို့ထက်နည်းနည်း နည်းနေစာတဲ့ တစ်နေ့ပေါ့။ သွားကြမယ်၊ လိုက်မှာလား ...

လာ ပြော"

မျ၊ "သွားကြမယ်ဆိုတော့ ဘယ်သူတွေ ပါဦးမှာမို့လို့လဲ"

"သြော် ... ညီမလေးကလည်း အကျကောက်နေပြန်ပြီ။ သွားကြမယ်ဆိုတာ ကိုယ်နဲ့ ညီမလေးနဲ့ပဲ သွားကြမယ် လို့ ပြောတာလေကွာ ...

ဘယ်တော့သွားမလဲ ... ပြော၊ ဘယ်နေ့လာခေါ်ရ မလဲ"

ချစ်သူသည် မျက်လုံးကို ထောင့်ကပ်ကာ နှုတ်ခမ်း ကို အသာကိုက်ပြီး စဉ်းစားကြည့်သည်။ အဲဒီလိုသွားလို့ ကောင်း ပါ့မလား။ ဒါမျိုးက သမီးရည်းစားတွေမှ သွားတာမဟုတ်လား။ ဒါပေမဲ့ ဘာမှတော့ မဆိုင်ဘူးဟု ထင်သည်။ သူနဲ့ ချစ်သူတို့



ဆွေ့ဆုံခဲ့ကြသော အချိန်တွေက တိုတောင်းသည် ဆိုသော်ငြား လည်း တစ်ခါ တစ်ခါ ဖုန်းပြောလျှင် တစ်နာရီလောက် ကြာ ဘတ်တာမို့ စကားလုံးတွေနဲ့တော့ ရင်းနှီးမှုခရီးက အတော်အတန် ဆါက်နေခဲ့ပြီဖြစ်သည်။

"ဟိတ် ... ဘာတွေကို အဲဒီလောက်တောင် စဉ်းစားနေရ တာလဲကွာ။ သိပ်မတွေးနဲ့။ ဆံပင်ဖြူတွေ စောစောပေါက် လာဦးမယ် ...

ချစ်သူ ... ညီမလေး"

သူက နောက်ဆုံးစကားကို နာမည်ခေါ်ပြီးနောက် ညီမလေးဟုပါ တိုးဖွဖွ ထပ်ခေါ်လိုက်လျှင် ချစ်သူတစ်ကိုယ်လုံး နွေးခနဲ ဖြစ်လို့သွားသည်။ သေချာပါပြီ။ သူနဲ့ပတ်သက်လာရင် ချစ်သူ့ရင်ထဲမှာ ဆန်းသစ်တဲ့ ခံစားချက် တစ်ခုခုကတော့ ရောက်နေခဲ့ပြီဆိုတာ။

"ညီမလေး"

သူက ခပ်တိုးတိုး ထပ်ခေါ်လိုက်လျှင် ဘာမှလန့် စရာ မဟုတ်ဘဲနဲ့တောင် ချစ်သူမှာ ဆတ်ခနဲ ဖြစ်လို့သွားလေ သည်။

အင်း ... ခက်တော့ ခက်နေပြီပဲ။

"ပြောလေ"

"ဘာတွေ စဉ်းစားနေရတာလဲကွာ။ ဘယ်လိုလဲ ကား လျှောက်မောင်းမယ်၊ တိုးဂိတ်ဘက်ကို ဘယ်နေ့သွားမှာလဲ ပြော"

"အင်း ... သွားတော့ သွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သွားတော့ သွားတာပေါ့ လုပ်မနေနဲ့။ ကိုယ် ခွင့်ပြည့်တော့မှာနော်"

အဲဒီစကားသည် ချစ်သူ၏ နှလုံးသားကို နည်းနည်းလှုပ်ရှားသွားစေသည်။

"ခွင့်ပြည့်တော့ ဘာဖြစ်လဲ"

"ခွင့်ပြည့်တော့ ပြန်ရတော့မှာပေါ့ကွာ။ ချစ်သူနဲ့ ဘယ်တွေ့ရတော့မလဲ၊ ဒီလို ညတိုင်း ဘယ်ဖုန်းပြောလို့ ရတော့မလဲ ...

ဒါကြောင့် မြန်မြန်ဆုံးဖြတ်ချက်ချပါ အစ်မလေးရဲ့"

ချစ်သူသည် အဲဒီစကားကြောင့် ခစ်ခနဲ ရယ်မိသွားသည်။ အင်း ... တူကိုမတူတာပါ။ ချစ်သူလည်း နောင်ခက်နဲ့ ပြတ်သွားပြီးတဲ့ နောက်ပိုင်းမှာ လူတပတ ကောင်လေးတွေနဲ့ အီစီကလီတော့ ဖုန်းပြောဖူးတာပဲ ဖြစ်သည်။ ဒါပေမဲ့ ပြောသာပြောနေသော်လည်း စိတ်တွေက တောင်ရောက် မြောက်ရောက်ပဲ ဖြစ်သည်။ ဒီတစ်ယောက်နဲ့ ပြောနေသော်လည်း တခြားတစ်ယောက်ထံ စိတ်ကရောက်သွားတာမျိုးလည်း ဖြစ်တတ်သည်။ ရင်ထဲမှာလည်း အနှစ်မပါချေ။ ဒီတစ်ယောက်ကတော့ စကားပြောနေရင်းနဲ့ကို သူ့အနားသို့ ကိုယ်ပဲ ရောက်သွားလေသလား၊ ကိုယ့်အနားသို့ သူကပဲ ရောက်လာလေသလားတော့ မပြောတတ်အောင်ပဲ သိမ်မွေ့စွာ ဖမ်းစားလို့ ထားလေသည်။

"ကိုကြီးက ဘယ်တော့ပြန်ရမှာလဲ"

"တနင်္ဂနွေနေ့"



ချစ်သူ ရင်ထဲတွင် နည်းနည်းမောသွားသည်။ ခုတင်ဘေးက စားပွဲပေါ်တွင် ထောင်ထားသော စားပွဲတင် ပြက္ခဒိန်လေးကို လှမ်းကြည့်လိုက်လျှင် ဒီနေ့ဟာ ကြာသပတေးနေ့ ဖြစ်လို့နေသည်။

"စနေနေ့ သွားမယ်လေ"

သူ့ထံမှ ရွှင်မြူးတက်ကြွသော အားရဝမ်းသာသံတစ်ခု ထွက်ပေါ်လို့လာလျှင် ချစ်သူသည် အဲဒီစကားအတွက် နောင်တ မရတော့ပါ။

"ဟား ... တကယ်နော်။ အိုကေ ... အိုကေ။ ကိုယ်ဝမ်းသာတယ်၊ အဲဒီနေ့ကျရင် ချစ်သူကို ဘယ်နနာရီလောက် ကိုယ် ဘယ်ကိုလာကြိုရမှာလဲ ပြော"

"အင်း ... ငါးနာရီလောက်ကို အင်းလျားလမ်းက စိမ်းလန်းကို လာခဲ့လေ။ အဲဒီမှာ ရှူတင်ရှိတယ်။ လေးခွဲလောက်ပြီးမှာဆိုတော့ ငါးနာရီလောက်ရောက်ရင် အတော်ပါပဲ"

"အိုကေ ... အိုကေ ... လေးခွဲလောက်တည်းက အရောက်လာခဲ့မယ်။ သင့်ခ်ယူ ညီမလေး"

သူ့ရဲ့ညီမလေး ဟူသော ခေါ်သံတစ်ချက်ကြားတိုင်း ချစ်သူရဲ့ရင်ထဲတွင် နွေးခနဲ ဖြစ်သွားသည်မှာ ဘာကြောင့်လဲတော့ မပြောတတ်ပါ။ တစ်လက်စတည်း ဆက်တွေးမိသည်မှာ မြို့ပြင်က တိုးဂိတ်ကို သူ ဘယ်ကောင်မလေးတွေနဲ့ သွားခဲ့သလဲဆိုတာကိုပါ ဖြစ်သည်။ အဲဒီလို တွေးမိလျှင် ချစ်သူရဲ့ရင်ထဲ၌ ဘာမှမဆိုင်ဘဲ သဝန်တိုမှု နုနုလေးက ပေါက်ဖွားလို့လာသည်။

"ကိုကြီးက အဲဒီ တိုးဂိတ်ကို ခဏ ခဏ သွားသလား"

www.burmeseclassic.com

www.burmeseclassic.com



သူ နည်းနည်းငြိမ်သွားသည်။ ချက်ချင်းမဖြေပ်
ထောက်တော့ အဖြေတစ်ခုကို အသည်းအသန် စဉ်းစားနေရဟန်
တူပါသည်။ ဘာဖြစ်လဲ ကိုကြီးရယ်၊ အမှန်တရားအတိုင်းပဲပေါ့။

"အင်း ... အရင်တုန်းကတော့ ခဏ ခဏ ရောက်ဖြစ်
တယ်"

ဘယ်သူနဲ့လဲလို့ ချစ်သူက ထပ်မမေးမိချေ။ မေး
စရာလည်း လိုမည်မထင်ပါ။ သို့သော် သူက ဆက်ပြောပြပ
သည်။

"မရောက်တာ ကြာပါပြီ။ ကြာဆို နှစ်အပိုင်းအခြားတွေ
နဲ့ကို ကြာခဲ့ပြီ။ သွားချင်စိတ်လည်း မရှိခဲ့ဘူး။ အခု
ညီမလေးနဲ့ အတူတူ သွားချင်စိတ် ပေါ်လာတာ ...
ဘာလို့လဲတော့ မသိဘူး။ အဲဒီကို ချစ်သူနဲ့ အတူတူ
သွားချင်တယ်။ အဲဒါတော့ တကယ်ပဲ"

ထိုအချင်းအရာဟာ တကယ်ပဲ ဆိုတာကိုတော့
ချစ်သူ ယုံသည်။ အဲဒီကို လွန်ခဲ့တဲ့ နှစ်များစွာက ဘယ်သူနဲ့သွား
ခဲ့တာလဲ ဆိုတာကိုလည်း သိသည်။ ချစ်သူနဲ့မတွေ့ခင်က ကိုနှ
တွေအတွက် ချစ်သူတစ်ယောက် ဘာမှ အုံးမစားသော်လည်း
အဲဒီနေရာသို့ ပြန်သွားတဲ့အချိန်မှာ သူ အဲဒီတစ်ယောက်ကို
သတိမရမိဘူးလို့ အာမခံနိုင်ပါသလား။

ချစ်သူနှင့် အတူတူသွားပြီး အတိတ်ကို လွမ်းဆွတ်
နေမည်ဆိုလျှင်တော့ အဲဒီအတွက် ချစ်သူ တစ်မျိုးတစ်မည်ခံစား
ရပါမည်။

"ညီမလေး"



"ဟင် ... ဩော် ... ပြောလေ ကိုကြီး"

ချစ်သူက အတွေးထဲ မျောသွားသဖြင့် သူခေါ်နေ
တာကို ရုတ်တရက် မကြားမိပဲ ပြီးတော့မှ ယောင်ယမ်းပြီး ထူး
မိသည်။ သူက အခြေအနေကို နားလည်ဟန်ဖြင့် ...

"ဘာတွေ စဉ်းစားနေတာလဲ၊ ဘာလဲ ... အဲဒီနေရာကို
တစ်ယောက်ယောက်နဲ့များ သွားခဲ့ဖူးလို့လား"

"အံမယ် ... မသွားခဲ့ဖူးပါဘူးနော်။ သူသာ သွားခဲ့ဖူးပြီး
တော့"

ချစ်သူရဲ့ ရန်တွေ့စကားကို သူက တဟားဟားနှင့်
အော်ရယ်သည်။ အဲဒီလို အော်ရယ်နိုင်တာကိုပဲ ချစ်သူ့မှာ ဝမ်းသာ
ရမည်လော ဝမ်းနည်းရမည်လော မပြောတတ်ပါ။ ရယ်နိုင်သေး
တယ် ဆိုတာကိုတော့ မဆိုးပါဘူးလေဟု သတ်မှတ်ရမည်ဖြစ်
သည်။

"ဟုတ်ပါတယ်၊ ကိုယ် သွားခဲ့ဖူးတယ်လို့ ပြောပြပြီးသား
ပဲလေ။ ဩော် ... ချစ်သူလေးကလည်း ရန်တွေ့ဖို့ချည်းပဲ"

ချစ်သူလေး ဟူသော အသုံးအနှုန်းသည် ချစ်သူရဲ့
ရင်ကို ဒိန်းခနဲ တစ်ချက်ဆောင့်ခုန်သွားစေသည်။ အဲဒီလိုအပြော
မျိုးတွေသည် ချစ်သူအတွက် စိမ်းနေသော စကားလုံးများမဟုတ်
ပါ။ သို့သော် ... သူ ခေါ်လိုက်သော နာမ်စားလေးများကတော့
နွေးထွေးရင်ခုန်စရာ ကောင်းသည်ဟု သတ်မှတ်ထားချင်စရာ
ကောင်းလွန်းလှလေသည်။

"ချစ်သူ ... ကိုယ် တစ်ခုမေးမယ်။ ဖြေမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဖြေရမှာလား"

အဲဒီလို ပြောလိုက်လျှင် သူက သဘောကျသွားသလို ဟက်ခနဲ တစ်ချက်ရယ်သည်။ အဲဒီလို ချစ်သူ ပြန်ပြောလေတိုင်း သူ အမြဲပြုံးရယ်တတ်ပါသည်။

"ချစ်သူက တစ်ခုခုမေးရင် အဲဒီအတိုင်း ပြန်ပြောတတ်တယ်နော်။ ဘာလဲ အဲဒါ ချစ်သူ့စတိုင်လ်လား၊ ထွင်ထားတာလား"

"အင်း ... ထွင်ထားတယ်လို့ရယ်တော့လည်း မဟုတ်ပါဘူး။ တစ်ယောက်ယောက်က ပြောရင် နောက်တဲ့သဘောနဲ့ ပြန်ပြောရင်းကနေ အကျင့်ပါသွားတယ်လို့ ပြောရမှာပေါ့

သူငယ်ချင်းတစ်ယောက်ယောက်က မုန့်ကျွေးပါလား ပြောရင် ကျွေးရမှာလားတဲ့၊ ပြောပြပါလား မေးရင် ဖြေရမှာလားတဲ့ ပြောရင်း နောက်ရင်းကနေ အဲဒီလို ဖြစ်သွားတော့တာပါပဲ"

"အင်း ... ပြောပါ။ အဲဒီလိုလေးက နားထောင်လို့ ကောင်းပါတယ်၊ ဒါပေမဲ့ ကောင်လေးတွေကိုတော့ ခဏ ခဏ သွားမပြောနဲ့နော်"

အဲဒီအပြောကြောင့် ချစ်သူ့ရဲ့ရင်ထဲတွင် လှုပ်ရှားသွားပြန်သည်။

"မပြောရဘူးလား"

"မပြောရဘူး ... မပြောရဘူး ...။ ခဏ ခဏ သွားပြောရင် ဟိုကောင်တွေ စွဲလမ်းသွားလိမ့်မယ်။ စွဲလမ်းလို့ မဖြစ်ဘူး"



ချစ်သူသည် အဲဒီအပြောတွေကို ဘာမှပြန်မပြောနိုင်ဘဲ ငြိမ်သက်နေမိသည်။

အဲဒီအချိန်မှာပဲ သူက ချစ်သူကို မေးခွန်းတစ်ခု လာခဲ့ပါသည်။

"ညီမလေး ချစ်ဖူးသလား"

"ဟင် ... ဘာတွေ လာမေးနေတာလဲ"

"မဟုတ်ပါဘူး။ အကောင်းမေးနေတာပါ ဖြေပေးပါ။ ဖြေရမှာလား ပြန်မေးမနေနဲ့ ဖြေရမယ်၊ ဖြေပေး ... ချစ်ခဲ့ဖူးသလား၊ ချစ်ရော ချစ်တတ်ခဲ့သလား"

"အင်း ... ချစ်တတ်တယ် ထင်တာပဲ"

"အိုကေ ... ချစ်တတ်တယ်နော်။ ဟုတ်ပြီ။ ဘယ်လောက်ထိ ချစ်တတ်ခဲ့သလဲ။ ဆက်ဖြေ"

"ဟာ ... အဲဒါတော့ မသိဘူးကွာ။ ချစ်တတ်တာပဲ ချစ်တတ်တာပေါ့။ ဘယ်လောက်ထိလို့ ဘယ်ဝါထိတော့လို့ ရှိဦးမလား။ အချစ်မှာ နည်းနည်းချစ်တာတို့ များများချစ်တာတို့ ရှိလို့လား"

"ဟား ... ရှိတာပေါ့။ သိပ်ရှိတာပေါ့ ညီမလေးရာ။ အချစ်မှာ သဘောင်ပေါင်းလဲ ချစ်တတ်ခဲ့တာတို့၊ ရူးလောက်အောင် ချစ်တတ်ခဲ့တာတို့ အများကြီး ရှိတာပေါ့။ အဲဒီစကားတွေက ပါးစပ်ဖျားက ပြောတဲ့ စကားတွေမှ မဟုတ်တာ ...

လူတွေ တကယ် ရူးခဲ့ကြလို့ ပြောခဲ့တဲ့ စကားတွေပေါ့။ အချစ်မှာလည်း အရက်လိုပဲ ရေချိန်ရှိတာကွ

www.burmeseclassic.com

www.burmeseclassic.com



limit ရှိတယ်။ တစ်ခါတလေကျတော့လည်း အချစ်ဟာ အရက်နဲ့တူတယ်"

"အောင်မယ် ... အချစ်ကိုများ အရက်နဲ့ မနှိုင်းပါနဲ့နော်"

"ဩော် ... အေးပေါ့၊ မိန်းကလေးတွေကျတော့ အချစ်ကို အရက်ကို ဘယ်ဆက်စပ်ကြည့်တတ်မလဲ။ ယောကျာ်းလေးတွေကျရင်တော့ နားလည်မှာပေါ့ ...

ဒါပေမဲ့ ညီမလေး နားလည်အောင် တစ်ခုပြောရရင် အရက်တွေ များသွားရင် မူးတတ်တယ်၊ များလေ မူးလေ ဟုတ်တယ်နော် ...

အဲဒီလိုပဲ အချစ်တွေ များသွားရင်လည်း မူးတတ်တာပဲ။ မူးသွားရင် လူက ဘာမှမသိတော့ဘူး။ မှောက်သွားပြီး ကျရှုံးသွားပြီ။ အဲဒီလိုမျိုး"

ပြောရင်းနဲ့ သူ့စကားတွေဟာ အတိတ်ကို ညွှန်ပြ ရှယ်သံတွေ ပါလာလျှင် ချစ်သူသည် ဒီဘက်မှာ နည်းနည်းစိတ်ဝင်စား သွားသည်။ သူ အဲဒီတစ်ယောက်ကို တော်တော် ချစ်ခဲ့တာပဲလား။ သူ ချစ်ခဲ့တာသည် ချစ်သူက နောင်ခက်ကို ချစ်ခဲ့သော အချစ်ထက် ထက်တောင် သာလိမ့်မည်ဟု ထင်သည်။ ယောကျာ်းလေးတွေ အချစ်ကြီး ချစ်တတ်သည့်အခါမှာ မိန်းကလေးတွေထက် သာ အောင်ပဲ ချစ်နိုင်ကြသလား။ အဲဒီလို ယောကျာ်းလေးမျိုးကလည်း ရှားမည်ဟုတော့ ထင်ပါသည်။

"ကိုယ်က အရူးအမူးကို ချစ်တတ်ခဲ့တဲ့သူ ချစ်သူရဲ့။ လူ တစ်ယောက်ကို ချစ်တယ်ဆိုတာ ပုံစံအမျိုးမျိုးရှိတယ် _



တချို့က သဘောလောက်ပဲ ချစ်တာရှိတယ်။ ချစ်တယ် ဆိုရုံပေါ့။ တချို့က အေးအေးဆေးဆေးနဲ့ ဖီးလ်သမားတွေလည်း ရှိတယ်။ ဖီးလ်နဲ့ ငြိမ့်နေတာ။ တချို့ကျတော့လည်း အရမ်းကို အရူးအမူး Crazy ပေါ့ ...

ကိုယ့်ချစ်သူကို ကိုယ် Crazy ဖြစ်တဲ့လူလည်း ရှိသေးတယ်။ အချစ်ကို ရူးသွပ်တဲ့သူတွေပေါ့"

"အေးပါ ... အဲဒါ ဘာဖြစ်လဲ"

ချစ်သူက စိတ်မရှည်သလို ခပ်ဆတ်ဆတ် အော်လိုက်လျှင် သူက ဟောဟုဟု မြည်တမ်းကာ ...

"မင်းသမီးကို အချစ်အကြောင်းတွေ ပြောပြနေတာလေ။ တော်ကြာ အင်တာဗျူးမေးရင် ဖြေတတ်အောင်လို့ပေါ့"

"ဖြေတတ်ချင်ပါဘူး။ အချစ်အကြောင်းတွေ စိတ်လည်း မဝင်စားဘူး"

"ဟုတ်လား ... နောက်တော့ စိတ်ဝင်စားလာမှာပါ။ အိုကေ ... အိုကေ ... ညီမလေးလည်း ပင်ပန်းနေပြီ၊ နားချင်နေတော့မယ်။ အိပ်တော့ ... အိပ်တော့ ...

ကိုယ်လည်း အိပ်တော့မယ်။ ဘိုင့်ဘိုင် ... ဂွတ်ဒ်နိုက်ချ်"

"အင်း ... ဂွတ်ခ်နိုက်ချ်"

ချစ်သူက တိုးဖွဖွ နှုတ်ဆက်ပြီးလျှင် သူက ဖုန်းချလိုက်သွားသည်။ ချစ်သူသည် သူ့အသံလေးများ ပူပူနွေးနွေး လွင့်ပျံ့ကျန်ရစ်ခဲ့ရာ ဖုန်းလေးကို အသာစိုက်ကြည့်ရင်းမှ ပင့်သက် တစ်ချက်ကို ရှိုက်မိသည်။ သူနှင့် စကားပြောတိုင်း ရင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးမှုတစ်ခု ဖြစ်ထွန်းတာသည် အချစ်ရဲ့လမ်းစတစ်ခုလား အဲဒါကို ချစ်သူ ဆန်းစစ်ကြည့်နေတာ ဖြစ်သည်။

အချစ်ဆိုတာကို တစ်ချိန်တစ်ခါက ခံစားခဲ့ဖူးသော်လည်း အချစ်သည် အခြေအနေ အချိန်အခါအလိုက် ပြောင်းလဲ ပေါက်ဖွားတတ်သလားဟု ထင်မြင်ယူဆမိသောကြောင့် ဖြစ်ပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် စနေနေ့မှာတော့ သူနဲ့အတူတူ လေညှင်းခံ ထွက်ရတော့မည့် အဖြစ်သည် ချစ်သူရဲ့ ရင်ခုန်သံတွေကို လိုတာထက်ပိုစွာ လျှင်မြန်လာစေပါသည်။

❦ ❦ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



"One is loved because one in loved.

No reason is needed for loving."

တစ်စုံတစ်ယောက်ကို ချစ်တာဟာ ချစ်လို့ကို ချစ်တာပါ။

ချစ်မိတဲ့အတွက် ဘာအကြောင်းပြချက်မှပေးဖို့ မလိုပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



၁

ချစ်သူသည် စိမ်းလန်းစိုပြည်ဥယျာဉ်၏ လှေကား ထစ်လေးများအတိုင်း တက်လာရင်းမှ ရင်ခုန်သံတွေ နည်းနည်း မြန်ဆန်သည်ဆိုတာကို ကိုယ့်ဟာကိုယ် ရိပ်မိလာသည်။ သူမှာ ရောက်နေပါ့မလားဟူသော စိုးရိမ်စိတ်လေးဖြင့် ကားပါကင်ရှိရာ တစ်ချက်ဝေ့ဝဲကြည့်ရှုလိုက်လျှင် ကားတံခါးကိုမှီကာ ချစ်သူလာရာ လမ်းသို့ လှည့်စောင့်နေသော သူ့ကိုတွေ့မြင်လိုက်ရပါက ရင်ထဲ မှာ ပြည့်စုံခြင်းတစ်ခု ဖြစ်ထွန်းသွားသည်။ ကြက်သွေးရောင်နှင့် နို့နှစ်ရောင်ရောစပ်ထားသော စပို့ရှပ်လက်တိုတစ်ထည်ကို ဝတ်ဆင် ထားသော သူ့ပုံစံမှာ အခုမှ ရေချိုးပြီးခါစလူလို သပ်ရပ်ရှင်းသန့် နေသည်။

သူက ချစ်သူကို လက်တစ်ချက်လှမ်းပြသည်။ သူ့ အနားသို့ လျှောက်သွားလျှင် ချိုလွင်သော အပြုံးတစ်ခုဖြင့် ...

“ချစ်သူ ရှုတင်ပြီးလာတာ မဟုတ်ဘူးလား”

“အင်း ... ဟုတ်တယ်လေ”



“ဟိုဒင်း ... အိတ်တွေ ဘာတွေလဲ မမြင်ပါလား၊ အဝတ်အစားအိတ်တို့ ဘာတို့ကို ပြောတာ”

“ဪ ... အဲဒါက မာမီနဲ့ ထည့်ပေးလိုက်တယ်။ မယူတော့ဘူး”

“ဪ ... လိုရမယ်ရ ယူခဲ့တာတော့ မဟုတ်ဘူး။ အသုံးဝင်ချင်ဝင်မှာပေါ့ ချစ်သူရဲ့”

သူ့စကားက တစ်မျိုးသောအဓိပ္ပာယ်ကို သက်ရောက်နေသည်မို့ ချစ်သူက မျက်စောင်းနန့နန့တစ်ချက်ကို ပို့လွှတ်လိုက်သည်။ သူက အသာရယ်မောရင်းမှ ချစ်သူတက်ဖို့အတွက် ကားတံခါးတစ်ဖက်ကို ဖွင့်ပေးသည်။ ဝင်ထိုင်ပြီးလျှင် သူက ကားကို မောင်းထွက်ရင်းမှ ...

“ချစ်သူ ကန်ပေါင်ပေါ်မှာ ကိုယ်နဲ့အတူတူ လမ်းလျှောက်ရဲလား”

“ဘာဖြစ်လို့ မေးတာလဲ”

“ဪ ..., ဘာရယ် မဟုတ်ပါဘူး။ ချစ်သူက Celebrity တစ်ယောက်ဆိုတော့ အဲဒီလို လျှောက်ရဲလားလို့ မေးကြည့်တာပါ”

“တစ်ယောက်တည်း ဆိုရင်တော့ လျှောက်ရဲပါတယ်”

“ဟောဗျာ ... ဒါဆို ကိုယ်နဲ့ဆိုရင်ရော မလျှောက်ရဲဘူးပေါ့”

“အမ်းပေါ့ ... ဘယ်လျှောက်ရဲမလဲ”

“ဘာလို့လဲ၊ ရှော့ရှိလို့လား”

“ရှော့မှလောပိတရှော့၊ မီးတွေ တဖြန်းဖြန်း ပွင့်သွားမယ် အဟက် ဟက်”

www.burmeseclassic.com

www.burmeseclassic.com



သူက လွင့်မျောစွာ ရယ်မောနေသော ချစ်သူကို တစ်ချက်ငဲ့ကြည့်ကာပြုံးသည်။ ချစ်သူသည် စင်တီယာတိုင်ကို ကိုင်ထားသော သူ့လက်ချောင်း ရှင်းရှင်းသန့်သန့်များကို ငေးကာ အနုပညာဆန်သောလက်တွေပဲဟု မှတ်ချက်ချမိသည်။ ဒီလက်တွေဟာ ဂစ်တာရော တီးတတ်သေးလားဟုတောင် မဆီမဆိုင်တွေးမိသွားလျှင် သူကိုယ်တိုင်တီးခတ်သော သံစဉ်တေးသွားတစ်ပုဒ်ကို နားဆင်ချင်လာသည်။

"ချစ်သူက အမြဲပျော်နေတာပဲနော်၊ ပျော်ပျော်နေတတ်တယ်နဲ့ တူတယ်၊ ဟုတ်လား"

"ချစ်သူ ဘိုလိုနည်းနည်းတော့ခ်လ်(talk)မယ်နော် ... ဟဟဲ၊ ကြိုပြောထားတာ၊ ကြားဖူးတဲ့ စကားလေးတစ်ခုပါ။ Whoever is happy will make other happy, too တဲ့ ... ပျော်နေတဲ့လူဟာ သူများကိုလည်း ပျော်အောင်လုပ်မှာပဲတဲ့"

"ဟုတ်ပါပြီ။ ဒါဆိုရင် ကိုယ့်ကိုလည်း ပျော်အောင်လုပ်ပေးဦးနော်"

ချစ်သူက အဲဒီအပြောကို မျက်စောင်းနုနုလေးဖြင့် တုံ့ပြန်ကြည့်လိုက်လျှင် သူက ရွှန်းစက်နေသော မျက်ဝန်းများဖြင့် ငဲ့ကြည့်ကာ အသာပြုံးပြလာသည်။

အဲဒီအပြုံးများကို ငေးကြည့်ရင်းမှ တစ်စုံတစ်ရာသည် ချစ်သူ၏ ရင်ထဲသို့ တိုးဝှေ့ဝင်ရောက်လာပြီဆိုတာကို တိမ်းမူးစွာ သိလိုက်ရလေသည်။



တဖြည်းဖြည်းနှင့် သူ မောင်းလာသော ကားလေးက မြို့ပြင်ဘက်သို့ ဦးတည်လာသည်။ သူက ကားကက်ဆက်ကို လှမ်းဖွင့်ရင်းမှ ချစ်သူကို လှမ်းမေးသည်။

"ချစ်သူ ကိုယ် နည်းနည်းအရှိန်တင်ပြီး မောင်းမယ် ဖြစ်လား"

"ဖြစ်တယ်"

သူက အိုကေဟု တိုးတိုးရေရွတ်ကာ ကားကို ဂီယာပြောင်းပြီး လီဗာကိုမြှင့်သည်။ လေတိုးသံကြောင့် တိုးသလိုဖြစ်သွားသော ကက်ဆက်ကို အသံထပ်မြှင့်ပေးသည်။ ဆောင်းဘောက်စ်ထဲမှ ထွက်လာသော ဇော်ပိုင်ရဲ့အသံအတိုင်း သူက လိုက်ဆိုပါသည်။

"နေတာအချိန်တွေကြာလာလေလေ ... တွယ်တာတာတွေ ပိုလာလေ ... ရင်မှာ တစ်ဦးအပေါ်တစ်ဦးမှာလေ ... အနီးနားက မင်းလေး မြင်အောင် ဖွင့်ပြောဖို့လေ ..."

ချစ်သူသည် သီချင်းကို ကြိုက်သော်လည်း သူဆိုတာကိုတော့ မကြားချင်ယောင်ဆောင်ကာ တစ်ဖက်သို့ လှည့်နေရသည်။ လမ်းဘေးဝဲယာရှုခင်းတွေကို ငေးနေရင်းမှ တဖြည်းဖြည်းနှင့် မြို့ပြရဲ့မွန်းကျပ်မှုတွေနှင့် ကင်းဝေးကာ စိမ်းလန်းသော မြင်ကွင်းတွေက မျက်လုံးထဲသို့ ဝင်ရောက်လာသည်။ ကားတွေက တဖြည်းဖြည်း ရှင်းသွားလျက် ခြောက်လမ်းသွား လမ်းမကျယ်ကြီးပေါ်တွင် သူမောင်းသောကားလေးက တစ်ရှိန်ထိုး ပြေးလွှားနေသည်။

အဲဒီမှာပဲ သူက ကားကို ရုတ်တရက် အရှိန်လျှော့ချပစ်လိုက်သည်။ လေတိုးသောအရှိန်လျော့သွားသောအခါ Rဇာနည်ရဲ့အသံက ဟိန်းထွက်လို့လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရေမြေခြားသွားရတော့ မင်းလေးကို ထားခဲ့ရပြီပေါ့ ... မျက်ကွယ်ရာမှာ ကိုယ် စိတ်ချပါရစေ ... ဒါပေမဲ့ ကိုယ့်အတွက်တော့ ... ယုံကြည်ပြီးစောင့်နေပါနော် လွမ်းရက်တွေကို ... တဖြည်းဖြည်း ဖြတ်ကျော်မှာ ... ကိုယ်အဝေးမှာနေတဲ့အခါ ... မျက်ဝန်းတွေထဲ မင်းပဲမြင် ... ပြန်ဆုံနိုင်မယ့်နေ့ရက်လေးတွေ မရောက်သေးခင် ... ညှိမှန်ကန်သော ကိုယ့်ရဲ့သစ္စာတွေကြောင့် ဆုတောင်းပြည့်ခဲ့ရင် ... အချစ်ဆုံးသာ ကိုယ့်အနား ရှိစေချင် ..."

သူက သီချင်းကို ခပ်တိုးတိုး လိုက်ဆိုပြီးနောက် နည်းနည်းလွမ်းတိုးကာ ချစ်သူကို လှည့်ပြုံးပြသည်။ ပြီးတော့ "ညီမလေး ဒီသီချင်းကြိုက်လား" ဟုလည်း မေးသေးသည်။ ချစ်သူက ဘာမှပြန်မဖြေရသေးခင်မှာပဲ ကားက တိုးဂိတ်နားသို့ ရောက်ခါနီးပြီဖြစ်သဖြင့် သူက ထပ်ပြောပါသည်။

"ချစ်သူ တိုးဂိတ်ကို ဖြတ်ရမှာလား၊ အဲဒီက လူတွေက ချစ်သူကိုမြင်ရင် မှတ်မိနိုင်လား ... ရှော့ရှိလား"

"မပြောတတ်ဘူး၊ ရပါတယ် ဖြတ်ရင်ဖြတ်ပေါ့"

"အိုကေ ... ဖြတ်မယ်နော်၊ ဟိုဘက်က ရှုခင်းတွေက ပိုလှတယ်၊ နေဦး ... ညီမလေး ကိုယ့်မျက်မှန်ကို တပ်ထားလိုက်၊ အဲဒါဆို နည်းနည်းခံသာတယ်"

သူက ဒက်ရှ်ဘုတ်ပေါ်မှာ တင်ထားသော သူ့ရဲ့ မျက်မှန်ကို လှမ်းပေးသည်။ ချစ်သူသည် အဲဒီအပြုအမူနှင့် အတွေးအခေါ်လေးကို အင်မတန်ကြည်နူးရင်ခုန်ရသောစိတ်ဖြင့် သူ့မျက်မှန်လေးကို လှမ်းယူမိသည်။ သူ့မျက်မှန်က ယောကျ်ား



ဆေးတပ်သော မျက်မှန်ဖြစ်သောကြောင့် ချစ်သူနှင့် သိပ်မလိုက်ပါ။ သို့သော် သူ့အကြင်နာတွေကို လေးစားသောအားဖြင့် ချစ်သူက တပ်လိုက်ပါသည်။

သူက တိုးဂိတ်မှာ ကားခဏရပ်ပြီးနောက် ပြေစာဖြတ်သည်။ ကားထိုင်ကာ ဟိုပစ္စည်း ဒီပစ္စည်း ရှာသလိုလုပ်နေသော ချစ်သူကို ဘယ်သူကမှ သတိမထားမိပါ။ တိုးဂိတ်က လွန်သွားသောအခါမှ ချစ်သူက မျက်မှန်ကို ချွတ်လိုက်သည်။ သူက ပြုံးရင်းငဲ့ကြည့်ကာ ...

"တပ်ထားပါ ချစ်သူရဲ့ လှသားပဲ"

"ဟင် ... လှပါဘူး၊ ဘလိုင်းနဲ့တူတယ်"

"ဟာကွာ ဒါဆို ကိုယ် တပ်ရင်လည်း ဘလိုင်းကြီးနဲ့တူတာပေါ့ ဟုတ်လား၊ ဟား ... သေစမ်းကွာ"

သူက ကားမောင်းရင်းမှ နဖူးကို ပိတ်ရိုက်သည့်ဟန် လုပ်ပြလျှင် ချစ်သူသည် အဲဒီပုံစံကိုကြည့်ကာ သဘောတကျနှင့်ကို ရယ်မိလေသည်။ သူက ကားကို လယ်ကွင်းစိမ်းစိမ်းတွေရှိသော တစ်နေရာနားမှာ ဘေးကပ်ပြီး ထိုးရပ်လိုက်သည်။ ညနေစောင်းချိန်ဖြစ်သဖြင့် ကျသွားသောနေလုံးကြီးသည် နောက်ဆုံးအလှအပများကို မချွင်းမချန် ထုတ်ပေးနေသည်။

ညနေခင်း၏ လေညင်းများသည် စပါးပင်ငယ်များကို ပွတ်တိုက်ကျီစယ်သွားသဖြင့် ယိမ်းနွဲ့ကာ က,ပြနေသော ရှုခင်းသည် ချစ်သူကို မှင်သက်ငေးမောစေပါသည်။ ချစ်သူက ကြည်နူးသောစိတ်ဖြင့် ကားပေါ်က ဆင်းလိုက်လျှင် သူက ခါးကို လက်နှစ်ဖက်ဖြင့်ထောက်လျက် ဟိုးအဝေးက ဆိပ်တန်းပျံငှက်

www.burmeseclassic.com

www.burmeseclassic.com



များကို ငေးကြည့်နေသည်။ သူ့အနားသို့ လျှောက်လာသော ချစ်သူကို တစ်ချက်ငဲ့ကြည့်ကာ ပြုံးပြရင်းမှ ...

"ဒီအချိန်မှာ ချစ်သူ ဘယ်သူ့ကို သတိရလဲပြောစမ်း"

"အံမယ် ... ဘယ်သူ့ကို သတိရရမှာလဲ။ ရပါဘူး"

"မဟုတ်ဘူးလေ၊ ကိုယ် ကြားဖူးတာတစ်ခုက လူတွေက စိတ်ချမ်းမြေ့စရာကောင်းတဲ့ ရှုခင်းတွေကို ငေးနေရရင် တစ်ယောက်ယောက်ကို သတိရတတ်ကြတယ်တဲ့ ... အဲဒါကြောင့် မေးမိတာပါ"

"မရပါဘူးနော်၊ သတိရစရာလူလည်း မရှိဘူး"

အဲဒီစကားက သူ့ကို မြှောင်းပေးသောစကားမဟုတ်မှန်း ချစ်သူ ကျိန်ဆိုဝံ့ပါသည်။ သို့သော် သူကတော့ ဘယ်လိုများ ထင်မြင်ယူဆသွားသလဲတော့ မပြောတတ်ပါ။ သူသည် လယ်ကွင်းတွေဘက်သို့ မျက်နှာမူနေရာကနေ ချစ်သူဘက်သို့ လှည့်လာသည်။ ချစ်သူကို စွန်းစွန်းစားစား စိုက်ကြည့်နေသော အကြည့်များသည် တစ်ကိုယ်လုံးကို အနေကျုံ့လာစေအောင်ပင် ရစ်ပတ်နှောင်ဖွဲ့နိုင်စွမ်းရှိလေသည်။

"ချစ်သူ"

သူ့ရဲ့တိုးတိတ်ညင်သာသော ခေါ်သံသည် ဟိုးအဝေးကြီးက လွင့်လာသလို ချစ်သူရဲ့နားထဲတွင် ပဲ့တင်ထပ်ပြီး ဖြတ်စီးသွားသည်။ အခါများစွာက သူ ခေါ်ခဲ့ဖူးသော ချစ်သူဟူသော အခေါ်အဝေါ်မှာ အမည်နာမည်ကို ကိုယ်စားပြုသော်လည်း ဒီအခါမှာတော့ ပတ်သက်မှု တစ်ခုခုကို ကိုယ်စားပြုပြီး ခေါ်နေသလိုပဲ ဖြစ်လေသည်။



ချစ်သူသည် သူ့မျက်ဝန်းများကို မနည်းအားတင်းပြီး ရင်ဆိုင်ကာကြည့်လိုက်ရသည်။ အခါများစွာက လူတွေအများကြီး ရှေ့မှာတောင် တွဲဖက်သရုပ်ဆောင်ရသည့် မင်းသားကို ဘာမှ မဖြစ်သလိုအထာဖြင့် ပြန်ကြည့်နိုင်ခဲ့သော ချစ်သူသည် ဒီတစ်ယောက်ကျမှ ဘာကြောင့် အသည်းငယ်မိသွားလဲတော့ မပြောတတ်တော့ချေ။

"ညီမလေးကို ကိုယ် စကားတစ်ခွန်းပြောချင်တယ်"

အဲဒီစကားသည် ဘာစကားဖြစ်မည်ဆိုတာကို မပြောခင်နှစ်မိနစ်လောက် အလိုတည်းက ကြိုသိနေတတ်ခြင်းမှာ မိန်းကလေးတို့၏ မွေးရာပါ အကြားအမြင်လားတော့ မပြောတတ်ပါ။ ချစ်သူသည် သူ့ထံမှ ဘာစကားမှ မကြားရခင်တည်းကကို ... ရင်ခွင်တစ်ခုလုံး တဒိုင်းဒိုင်း ဆောင့်ခုန်လာသည်မှာ သူ ကြားသွားမှာတောင် ကြောက်လှလေသည်။ ချစ်သူသည် မြေကြီးကို စိုက်ကြည့်နေရင်းမှ မြေမှုန်တွေက အပေါ်သို့ ပျံတက်လာသည်ဟုတောင် ထင်ရလေသည်။

"ချစ်သူ ကိုယ့်မျက်နှာကို တည့်တည့်မော့ကြည့်ပါ။ မင်း ကိုယ့်မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်မှ မင်းကို ပြောချင်တဲ့စကားကို ပြောခွင့်ရမှာ"

အဲဒီစကားကြောင့် ချစ်သူက သူ့ကို ဖျတ်ခနဲ မော့ကြည့်မိလျှင် သူက ချစ်သူကို နူးညံ့စွာ ပြုံးကြည့်လို့နေသည် အဲဒီအပြုံးနှင့် အကြည့်တွေမှာ ဘာဆွဲအားတွေပါဝင်နေသလဲတော့ မပြောတတ်ချေ။ ချစ်သူတို့၏ မျက်ဝန်းနှစ်စုံသည် သံလိုက်တွေလို စွဲမြဲပူးကပ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကိုယ် ချစ်တယ်"

ချစ်သူသည် အဲဒီစကားကို ယောင်ယမ်းပြီး ရယ်မိတော့မလိုဖြစ်သွားသည်။ အခါများစွာက အဲဒီလို အပြောခံရလေတိုင်း ဟားတိုက်ရယ်မောခဲ့ဖူး၍ဖြစ်သည်။ သို့သော် အကျင့်မပျောက်နိုင်သော နှလုံးသားကတော့ လှုပ်ခနဲပြုံးမိသွားသေးသည်။

"ချစ်သူ ကိုယ့်ကို တစ်ခုခု ပြန်ပြောဦးလေ"

"ဘာပြန်ပြောရမှာလဲ၊ လက်စသတ်တော့ ချစ်သူကို ဒီခေါ်လာပြီး ရည်းစားစကား ပြောတာပေါ့လေ၊ ဟုတ်လား"

"ဒီခေါ်လာပြီးလို့ ရည်းစားစကားပြောတာတော့ မဟုတ်ပါဘူးကွာ၊ ဒီမခေါ်လာလည်း ဒီစကားကတော့ ပြောကိုပြောမယ့်စကားပါ"

"အံမယ် ..."

ချစ်သူသည် ဘာမှ ပြန်မပြောတတ်လျှင် လုပ်နေကြဖြစ်သည့်အတိုင်း မျက်စောင်းတစ်ချက်နှင့် အံမယ်လုပ်လိုက်လျှင် သူက တဟားဟားနှင့် အော်ရယ်သည်။ ပြီးလျှင် ချစ်သူကို ပြုံးစိုက်ကြည့်ကာ ...

"ချစ်သူ ကိုယ့်ကို အဖြေပေးလေ"

"ဟင် ... ဘာအဖြေပေးရမှာတုံး"

အဖြေဟူသော စကားကြားမှသာလျှင် ချစ်သူတစ်ယောက် ထိတ်ထိတ်ပျာပျာဖြစ်ရတော့တာဖြစ်သည်။ အဝေးကပြေးလာသော လေညင်းတစ်သုတ်က ချစ်သူရဲ့ဆံနွယ်တွေကို ခပ်ကြမ်းကြမ်းပွတ်တိုက်သွားလျှင် ဆံပင်တွေက မျက်နှာကို ဖုံးအုပ်သွားသည်။



နေရောင်က တဖြည်းဖြည်း လျော့ကျလာကာ ဖျော့တော့သော အလင်းရောင်ဖြင့် ဝန်းကျင်တစ်ခုလုံးသည် မှိုင်းဖျော့ယစ်မူးဖွယ် ကောင်းနေသည်။

"ကိုယ်က မင်းကို ချစ်တယ်လို့ပြောထားတယ်လေ၊ မင်းကို ချစ်တယ်၊ မင်းဆီက အချစ်ကိုလည်း လိုချင်တယ် ...

ဒါကြောင့် ကိုယ့်ကို အဖြေပေးပါ ဟုတ်ပြီနော်"

ချစ်သူသည် ဗိုင်နိုင်သလိုပြောနေသော သူ့ပုံစံကို ကြည့်ကာ ရင်ထဲ၌ တစ်စုံတစ်ရာတို့က လွန်ဆွဲလို့နေသည်။ သူ ချစ်သူကိုများ အပိုင်တွက်ထားတာလား။ အို ... အဲဒီလိုတော့ဖြင့် ချစ်သူရဲ့နှလုံးသားက လက်မခံလိုချေ။ ချစ်သူသည် အပြန်အလှန်နားလည်မှုရှိသော နှလုံးသားနဲ့သာ ချစ်တတ်လိုသူဖြစ်ပါသည်။

"ချစ်သူ ကိုယ့်ကို တစ်ခုခုပြန်ပြောဦးလေကွာ"

"ဘာပြောရမှာလဲ ကိုကြီးရယ်"

"ဟာ ... ကိုယ်က မင်းကို ချစ်တယ်လို့ ပြောထားတယ်လေကွာ၊ ကိုယ့်ကို မင်း ပြန်ချစ်ရမှာပေါ့"

"အောင်မယ် ... ဒီလိုကိစ္စမျိုးတွေ ရှိတယ်တဲ့လား။ ကြားဖူးပေါင်တော်"

သူက ချစ်သူရဲ့ ပြောင်ချော်ချော်ပုံစံကို မျက်မှောင်တစ်ချက်ကြုတ်ကြည့်ကာ ...

"ချစ်သူ ဒီကိစ္စက မင်း နောက်ရမယ့်ကိစ္စ မဟုတ်ဘူးနော် ကိုယ် အတည်ပြောနေတာ"

"အင်းလေ ... အဲဒါ ဘာဖြစ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက ချစ်သူရဲ့ မချိုမချဉ်ပုံစံကို အသည်းယားလာဟန်ဖြင့် မျက်လုံးပြူးကြည့်သည်။ ချစ်သူက အဲဒါကို တဟားဟားရယ်မောလိုက်ခြင်းဖြင့် ကိုယ့်ရဲ့ရင်ခုန်နှုန်းတွေကို နည်းနည်းဖြေလျှော့ပစ်လိုက်နိုင်ပါသည်။ သူက ချစ်သူကိုမချင့်မရဲစိုက်ကြည့်ကာ...

"ချစ်သူ ကိုယ့်ကို အဲဒီလို မညှဉ်းဆဲပါနဲ့ကွာ"

"ဟောတော့် ... ချစ်သူက ဘာကို ညှဉ်းဆဲနေလို့လဲ"

"ကိုယ့်ကို အဖြေပေးလေကွာ"

ချစ်သူသည် တန်ဖိုးရှိသော ချစ်အဖြေစကားတစ်ခွန်းကို ဟင်းရွက်ကန်စွန်း တောင်းသလို တောင်းနေပါလားဟု စိတ်မဆိုး။ ဒါသမထွက်နိုင်တာကိုက ကိုယ့်ကိုယ်ကိုယ် အံ့အားသင့်စရာ ကောင်းနေလေသည်။ ဒီနေရာမှာ တခြားယောကျ်ားတစ်ယောက်သာဆိုလျှင် ကောင်းကောင်းကြီး အကျွေးခံနေရပြီဖြစ်သည်။ သူ့ကိုတော့ စိတ်မဆိုးနိုင်တာ ထူးဆန်းတော့သည်။ အင်း ... သူက တစ်မျိုးတော့ တစ်မျိုးပါပဲ။

ချစ်သူသည် သူ့ကို ဖွေမယူနိုင်သော အပြုံးလေးဖြင့် အသာအယာ မော့ကြည့်ကာ ...

"အခုချက်ချင်း ရည်းစားစကားပြော၊ အခုချက်ချင်း အဖြေရတဲ့ကိစ္စမျိုး ကြားဖူးလို့လား"

"ဟာကွာ ... ချစ်သူကလည်း အဲဒီလို အန်းဒိတ်အတွေးအခေါ်ကြီးတွေ မတွေးစမ်းပါနဲ့၊ ဘယ်ခေတ်မှာ နေ့နေတာလဲ။ ရင်ထဲမှာသာ အစစ်အမှန်ရှိရင် အချိန်ကာလတွေ ဘာမှ မလိုဘူး ...



အချစ်မှာ အဲဒါမျိုး အကန့်တွေရှိလို့လား ပြော။ အချစ်ဆိုတာ အချိန်နဲ့ဆိုင်လား။ အသက်အရွယ်နဲ့ဆိုင်လား၊ အကြာကြီးတွေ့မှ ချစ်ရမှာလား၊ ခဏလေးနဲ့ရော ရင်ထဲမှာ အချစ်မဖြစ်နိုင်ဘူးတဲ့လား"

"အဲဒါတော့ သမီး မသိဘူး။ သမီးသိတာက ခုလောလောဆယ် ပြန်ချင်တာပဲသိတယ်။ ပြန်ရအောင် မိုးချုပ်တော့မယ်"

"အေးပါကွာ ပြန်မှာပါ။ ဒါပေမဲ့ ကိုယ့်ကိုတော့ တစ်ခုခု ပြောဦးကွာ"

"ဘာပြောရမှာလဲ၊ ကိုကြီးရာ သိပ်ရစ်တာပဲ"

"ကိုယ့်ကို အဖြေ ဘယ်တော့ပေးမှာလဲ"

"နေပါဦး"

"ဘာနေပါဦးလဲကွာ။ ချစ်သူ ကိုယ့်ကို အရူးမလုပ်နဲ့ ညီမလေးရာ။ ကိုယ် မင်းကို တကယ်ချစ်တာပါ။ ကိုယ် မနက်ဖြန် ပြန်ရတော့မှာနော်။ ကိုယ် မင်းဆီက ပျော်စရာစကားလေးတစ်ခွန်းကိုတော့ ယူသွားချင်တယ်၊ လုပ်ပါကွာနော်"

"ကျွတ် ... ဘယ်လိုဖြစ်နေတာလဲ ကိုကြီးရာ၊ ချစ်သူကို ငိုချင်အောင်လာမလုပ်စမ်းပါနဲ့၊ ပလီစ် နားလည်ပေးစမ်းပါ"

"အေး ... နားလည်ပေးတယ်ကွာ။ ဒါပေမဲ့ ကိုယ် ကျေနပ်အောင်တော့ မင်း တစ်ခုခုပြောပေး"

ချစ်သူသည် ပြောလေလေ ဇွတ်ပိုကဲလာလေလေဖြစ်သည့် သူ့ကိုကြည့်ကာ ဒဲဟဲ့တပ်ပင် ငိုချင်စိတ်ပေါက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလူတစ်ယောက်ကို ဒီလောက်ထိ ဇွတ်တရွတ် ဆန်လိမ့်မည် မထင်ထားခဲ့ပါချေ။ ခပ်ပြတ်ပြတ်နိုင်လိမ့်မည်ဟုသာ ထင်ထား သောလူတစ်ယောက်သည် ထင်ထားတာနဲ့လွဲစွာ တစ်ဇွတ်ထိုး ပြီး သူ့ စိတ်မထင်လျှင် ကလေးပါဆန်ချင်သော လူစားမျိုး သည်။

ဩော် ... သိပ်အံ့သြဖို့ကောင်းတာပဲ။

"ချစ်သူ မင်းကို အိမ်တိုင်ရာရောက် ဘေးမသီရန်မ ပြန်ပို့ပေးမယ်။ ဒါပေမဲ့ ကိုယ်ကျေနပ်အောင် တစ်ခုခု ပြောပေးပါကွာ ...

ကိုယ့်အတွက် အိမ်အပြန်လက်ဆောင်အဖြစ် ရင်ခုန်သံ ကို တစ်ခုခုတော့ ထည့်ပေးလိုက်ပါ၊ နော် ... ညီမလေး"

အဆုံးသတ် ပိတ်ပြောလိုက်သော နော် ညီမလေး ဆို သော တိုးတိတ်သော တေးသွားသံလေးသည် ချစ်သူကို အငြိုး ပျော်သွားစေပြန်သည်။ ကြာရင် ဒီလူကြီးနဲ့တော့ ချစ်သူတစ် ယောက် ရူးတော့မှာပဲ။

ချစ်သူသည် ပင့်သက်တစ်ချက်ကို ရှိုက်လိုက်ပြီး မှ...

"ကိုကြီးကို ချစ်သူ သတိရနေမှာပါ"

"သတိရနေမှာ !အာ ... အဲဒါကို ပြောတာမဟုတ်ဘူးကွာ ကိုယ့်ကို အဖြေဘယ်တော့ပြန်ပေးမှာလဲ၊ အဲဒါကိုမေးတာ အချိန်ကာလတစ်ခုကို သတ်မှတ်ပေးလိုက်ပါကွာ ... နော်"

ချစ်သူသည် စိတ်ပျက်လက်ပျက်နှင့် ခေါင်းငြိမ့် တဖြင်းဖြင်းနဲ့တောင် ကုတ်မိလေသည်။ သူ့ကို ဒီလောက်ရစ်တာ



ည်ဟု မထင်ခဲ့တာ အမှန်ပဲဖြစ်သည်။ နေကလည်း တော်တော် ...င်းနေပြီ။ နောက်ဆုံးတော့ ချစ်သူသည် ရင်ထဲမှာလည်း ...နေတာ သေချာသလောက် ဖြစ်နေသည့် အရာတစ်ခုအတွက် သူ့ကို အချိန်ကာလ သတ်မှတ်ချက်တစ်ခု ပေးလိုက်ရလေသည်။

"ကိုကြီးက ရန်ကုန်ကို ဘယ်တော့ပြန်လာမှာလဲ"

"နောက်နှစ်လလောက်မှ"

"အိုကေ ... အဲဒီကျမှ"

"ဟား ... တကယ်နော်၊ သေချာတယ်နော် ချစ်သူ"

"အင်းပါ။ ကဲ ... ပြန်မယ်"

"အိုကေ ... အိုကေ ... သင့်ခ်ယူ"

သူက ဒီတော့မှပင် တက်တက်ကြွကြွနှင့် ကားတံခါး ...ာ ဘာတွေကို ဖွင့်ပေးသည်။ ချစ်သူသည် ခေါင်းကို မသိပသာ ...ယမ်းကာ ရင်ထဲမှာတော့ သက်ပြင်းတွေ ကျိတ်ချမိနေလေသည်။ သူပြောသလို အချစ်ဆိုတာသည် အချိန်ကာလတစ်ခုနှင့် မသက် ...ိုင်ဘူး ဆိုသော်လည်း မိန်းကလေး တစ်ယောက်အတွက်တော့ ...လုံးသားကို ရှင်သန်မွေးမြူချိန် အချိန်တစ်ခုလောက်တော့ လိုမည် ...င်ပါသည်။

အဲဒီနေ့ညနေက ချစ်သူတို့ အိမ်ရှေ့ထိ သူက လိုက် ...ပေးပြီးလျှင် ချစ်သူကို နှုတ်ဆက်စကားဆိုသည်။

"ကိုယ် မနက်ဖြန် မနက်ခင်း ပြန်မှာ ချစ်သူ။ တစ်ခါ တည်း နှုတ်ဆက်ခဲ့တယ်။ ဘာပဲဖြစ်ဖြစ် ဒီညနေခင်းလေး အတွက် မင်းကို ကျေးဇူးတင်ပါတယ် ...

ဘိုင့် ဘိုင် ... ချစ်သူလေး"

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူသည် သူ့ကို အပြုံးတစ်ပွင့်နှင့် လက်ပြ[illegible] ရင်းမှ ထွက်ခွာသွားရာ သူ့ကားလေးကို ငေးကြည့်ရင်း ခုတည်း[illegible] လွမ်းလို့ကျန်ရစ်ခဲ့လေသည်။

ချစ်သူသည် နှစ်သက် စွဲလမ်းရသော ကိုရီးယ[illegible] သီချင်းလေးကို တစ်ပိုင်းတစ်စ ညည်းရင်း အိမ်ထဲသို့ လျှောက်ဝ[illegible] လာခဲ့သည်။

"I think I love you ...... I need you"

တစ်ခါတစ်ရံမှာတော့ လူတစ်ယောက်ကို ချစ်[illegible] တယ်ဟု ကိုယ့်ကိုယ်ကိုယ် ထင်မိတာမျိုးတွေကလည်း မဟာ[illegible] ခြင်းရဲ့အစတစ်ခုပဲ ဖြစ်ပါလိမ့်မည်။

❣ ❥ ❣

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



ခဏခရီး
အဝေးသစ္စာ
ကြားသူ့ရင်မှာ
ရှုံးနှင်းခိုင်မြဲ
ပိုင်စိုးစေကရို။ ။

ကြယ်ကြွေညတွေ
ထိုင်ရင်း ငေးရင်း
အတွေးဝင်သက်
ငါချစ်မိသည်
ငါချစ်မိသည်။ ။

တစ်မျက်နှာစကား
နှလုံးသားနှင့်ကြားခိုက်
နှုတ်ခမ်းမှာ ဆွတ်ပျံ့
ထာဝစဉ်သာ ကြင်နာမှာ
သခင် သိပါ။ ။

www.burmeseclassic.com

www.burmeseclassic.com



## ၆

"လွမ်းသည်"ဟူသော အဓိပ္ပာယ်ကို ချစ်သူတစ်ယောက် အရင်က ဂဃဏန မသိခဲ့တာတော့ အမှန်ပဲဖြစ်သည်။ ရည်းစားတစ်ယောက် ထားခဲ့ဖူးကာ အမှန်အကန် ချစ်ခဲ့ဖူးသော်လည်း သူနှင့် ဝေးကွာခွဲခွာရသည့် အချိန်ဆိုတာကလည်း မရှိသလောက်မို့ ချစ်သူသည် လွမ်းဆွတ်တမ်းတရခြင်း ဟူသော ခံစားချက်ကို အပြည့်အဝ မခံစားတတ်ခဲ့ချေ။ အခုတော့ နန်းခမ်းနွဲ့လိတ် ဆိုထားသော သီချင်းတစ်ပုဒ်ထဲကလို အလွမ်းအဆွေးဆိုတာ ချစ်ခြင်းရဲ့ အရသာစပ်တဲ့ အပိုင်းကဏ္ဍတစ်ခုဟု သေချာပေါက် လက်ခံယုံကြည်ရတော့မည် ဖြစ်သည်။

လူတစ်ယောက်ကို နှလုံးသားမှ တကယ်ချစ်တတ်လာခဲ့ပြီး ဝေးကွာခဲ့ရသော အချိန်တွေမှာ ဘယ်သူမဆို အလွမ်းဟူသော အရသာကို ပီပီပြင်ပြင် ခံစားရဖူးမည်ဟု ထင်သည်။ ဒီနေ့ဟာ သူ ပြန်သွားတာ တစ်ပတ်ပြည့်တဲ့နေ့ ဖြစ်သလို ချစ်သူရဲ့ အားလပ်ရက် တစ်ရက်လည်း ဖြစ်သည်။ မိုးရာသီ ရောက်ပြီမို့ မိုးတွေက ခပ်ဖွဲဖွဲရွာကာ မှိုင်းညို့နေသော ရာသီဥတုသည် ကိုယ့်ဘက်က ရက်ရက်စက်စက် ပါလို့နေပေသည်။



ချစ်သူသည် မိုးနှင့်ပတ်သက်သော သီချင်းတွေချည်းသက်ရွေးစင် ရွေးကူးထားသော မိုးသီချင်းတွေကို ခပ်တိုးတိုးဖွင့်ထားရင်းမှ သူ့ကို သတိရ လွမ်းဆွတ်လာမိသည်။ ဆောင်းဘောက်စ်ထဲမှ မျိုးကျော့မြိုင်နှင့် ထွန်းအိန္ဒြာဗိုတို့ သီဆိုထားသော "မိုးလေးဖွဲတုန်း"သီချင်းသည် ချစ်သူ၏နှလုံးသားကို တိုက်ဆိုင်မှုတွေအမှတ်တရ ရှိစေလေသည်။

"မိုးလေးဖွဲတုန်း ... သတိရတယ် ... မြင်နေတယ် ပြတင်းတံခါးဆီပဲ ... သွားလို့မော့ကြည့် ပြောလိုက်ချင် ... တစ်ကိုယ်ရည်တည်း မိုးစက်တွေထဲ ... သီချင်းလေးရေးရင်း အလွမ်းသက်သေ ... ပိုတယ်လို့ မပြောလိုက်ပါနဲ့ ... ဝေးပြီး တစ်နေ့ ပြန်တွေ့ကြမယ် ... ယုံကြည်ထား မိုးစက်တွေရယ်"

ချစ်သူသည် သီချင်းထဲကလိုပင် တကယ့်ကို ပြတင်းတံခါးပေါက်နားမှာ သွားရပ်နေမိကာ အပြင်ဘက်သို့ ငေးနေမိသည်။ မိုးဖွဲဖွဲလေးတွေက လေနှင့်အတူ လွင့်ပါလာကာ ချစ်သူ၏မျက်နှာကို လာရောက်ထိစင်လို့ သွားကြသည်။ ကြည့်ပါဦး ကိုကြီးကလည်း နေနိုင်လိုက်တာ။ ချစ်သူကို ဖုန်းတစ်ချက်တောင် ဆက်ဖော်မရချေ။ သူ အလုပ်လုပ်နေတဲ့ နေရာကလည်း ဖုန်းရောင်ရှိမှာမို့လို့လား။ ချစ်သူသည် ညစဉ်ညတိုင်း ကြားနေရသည့် အသံလေးကို မကြားရသည့်အခါ လွမ်းဆွတ်ရသည့် ဝေဒနာကို ခိုင်းနှိုင်းစရာ မရှိပါ။

ဒါပေမဲ့လည်း အဲဒီ ခံစားချက်ဟာ ဆိုးဝါးနင်းပြင်းသော ခံစားချက်ဆိုးကြီး မဟုတ်ဘဲ ရင်ထဲမှာ လက်သင့်ခံထားနိုင်သော သမုဒယအလွမ်းလေးပဲ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"U never say goodbye … i don't know more Hone

ရုတ်တရက် ထွက်ပေါ်လာသော သီချင်းသံလေး ကြားလျှင် ချစ်သူသည် ဆတ်ခနဲ ဖြစ်သွားကာ နောက်သို့လှ ကြည့်သည်။ အိပ်ရာပေါ်မှာ တင်ထားသော ချစ်သူရဲ့ဖုန်းလေး မှ အဲဒီသီချင်းသံသည် မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ခပ်မြူးမြူး ထွက် နေသည်။ ဘုရားရေ … ဒီသီချင်းသံလေးကို မကြားရတာ တ ပတ်တောင် ရှိပါပကော။ ဒီသီချင်းလေးသည် ကိုကြီးက ဖုန်းခေ လျှင် သီးသန့်မြည်လာတတ်သော Ring tone လေး ဖြစ်သည် ဒါဆို သူ့ ရန်ကုန်များ ရောက်နေတာလား။ ချစ်သူသည် ဒိတ်ခ နဲ့လာသော ရင်အစုံဖြင့် မြည်နေတာ ကြာပြီဖြစ်သော ဖုန်းလေး ကို ဒိုင်ဗင်ပစ်ပြီး လှမ်းယူကာ ဖွင့်လိုက်သည်။

"အားပါး … ဟယ်လို"

ချစ်သူရဲ့ ဖုန်းထူးသံ ခပ်ဆန်းဆန်းကြောင့် တစ် ဖက်မှ ငြိမ်သွားသည်။ ပြီးတော့မှ ခပ်တိုးတိုး ရယ်မောနေလျှင် ချစ်သူသည် အဲဒီရယ်သံတွေကို Record လုပ်ထားချင်စိတ်ပေါက် လာလေသည်။ ကိုကြီး … အခု ဖုန်းဆက်တာ ကိုကြီးပါ။

"ချစ်သူတို့က အသစ်တွေကို အမြဲကျွေးတယ်နော်။ ဟယ်လို ကတော့ ဟုတ်ပါပြီ။ ရှေ့က အားပါးကြီးက ဘယ်ကပေါ် လာတာလဲ"

"မဟုတ်ဘူး။ ဖုန်းနဲ့ ချစ်သူနဲ့က ဝေးနေတာလေ။ အဲဒါ ဖုန်းကျသွားမှာစိုးလို့ ဒိုင်ဗင်ပစ်ပြီး ဖမ်းလိုက်တာ။ ဖမ်းဖမ်း ဖွင့်ဖွင့်ဆိုတော့ ရှေ့က အာမေဋိတ်ကပါ ဖုန်းထဲပါသွား တာပါ …



ဂလို … ဂလို"

"ချစ်သူ ကိုယ် မရှိတော့ တော်တော်ပျော်နေတယ်ပေါ့လေ"

ချစ်သူက သူ့ရဲ့ရန်တွေ့စကားကို ခစ်ခနဲ တစ်ချက် ရယ်မိသည်။ ချစ်သူပျော်တာ အခုမှ ပျော်တာ အစ်ကိုကြီးရယ်။ ကိုကြီးဆီက ဖုန်းဝင်မလာသေးခင် အချိန်ထိ ချစ်သူ ဖီးလ်နဲ့ လွမ်းနေရတာပါ။

ချစ်သူသည် အဲဒီစကားကို ရင်ထဲမှာသာ တိုးတိတ် စွာ ပြောမိသော်လည်း အပြင်ဘက်မှာတော့ ပေါ့ပေါ့ပါးပါး ရွှင် ရွှင်လန်းလန်းပင် ရယ်မောလိုက်သည်။

"ချစ်သူက အမြဲပျော်နေတတ်တဲ့သူ ဆိုတာ မေ့သွားပြီ လား။ ဒါနဲ့ နေပါဦး၊ ကိုကြီး အခု ဘယ်ကဆက်နေတာလဲ"

"ရန်ကုန်က ဆက်နေတာပေါ့။ ကိုယ် ပြန်ရောက်နေပြီ ချစ်သူ။ မင်း ကိုယ့်ကို အဖြေပေးရတော့မယ်"

ချစ်သူသည် အဲဒီအပြောကြောင့် ရင်ထဲတွင် လှပ်ခနဲ ဖြစ်သွားသည်။ သို့သော် သူ ဖိန့်တိုင်း မကြောက်သဖြင့် ဟန် ကိုယ့်ဖို့လုပ်ကာ …

"လျှောက်ပြောမနေနဲ့၊ ရန်ကုန်ကတော့ မဟုတ်ဘူး။ ဘယ် က ဆက်နေတာလဲ၊ ပြော"

"ဟာ … တကယ် ရန်ကုန်က ဆက်နေတာပါ ဆိုမှကွာ။ အခုကိုပဲ ချစ်သူဆီကို လာနေပြီ။ ရောက်တော့မယ် တကယ်ပြောတာ"

သူ့အပြောကြောင့် ချစ်သူသည် ခုတင်ပေါ်မှ ခုန် ဆင်းကာ ပြတင်းပေါက်နားသို့ ပြေးသွားမိသည်။ မိုးဖွဲဖွဲလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



က ခပ်စိပ်စိပ်ကျကာ မြင်ကွင်းတစ်ခုလုံးက လွမ်းစရာကောင်းအောင် မှုန်မှိုင်းနေကြသည်။ ချစ်သူတို့ အိမ်ရှေ့ထက်က လမ်းမတွင် ဘာကားမှ ရှိမနေပါ။ ရောက်မလာသေးပါ။

"လမ်းမကို ချောင်းကြည့်မနေနဲ့ကွာ၊ ကိုယ်ကို တွေ့ချင်လို့ ချောင်းကြည့်နေတာလား၊ ပုန်းမလို့ ချောင်းကြည့်နေတာလား၊ အမှန်အတိုင်းပြော"

"ဟယ် ... ဘယ်လိုလုပ် သိတာလဲ"

ချစ်သူက အလန့်တကြား ထအော်လိုက်လျှင် သူက တစ်ဖက်မှ တဟားဟားနှင့် အော်ရယ်သည်။ ချစ်သူသည် ခေါင်းတွေကို တဖြင်းဖြင်းနှင့်ကုတ်ကာ ဟင်း ... ကျွတ် ... တောက် စသဖြင့် မချင့်မရဲ ရေရွတ်နေတာကို သူက ပိုသဘောကျနေဟန်တူသည်။

"ဟား ဟား ... ချစ်သူရယ်၊ မင်းက တကယ်ရယ်ရတယ်ကွာ"

"ရယ်မနေနဲ့၊ ကိုကြီး ရန်ကုန်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ချစ်သူ ချောင်းကြည့်တာကို ဘယ်လိုလုပ် သိတာလဲ၊ ပြော"

"သိတာပေါ့ကွာ၊ ကိုယ်က မင်းကို ချစ်နေတဲ့သူပဲ။ I can see chit thu ... I can see u"

ချစ်သူသည် အဲဒီအပြောကြောင့် ရင်ထဲတွင် နွေးထွေးသွားသည်။ ဒီလိုအပြောမျိုးတွေ ကြာကြာနားဆင်ရပါက ချစ်သူတစ်ယောက် ကြာကြာတောင် တောင့်ခံနိုင်ပါ့မည်တဲ့လား။ သတိရလွမ်းဆွတ်ခြင်းတွေကြားမှာ ချစ်သူရဲ့နှလုံးသားသည် အောင်



ဘင်ရိုက်ခတ်နေကာ ကြာရင် အချစ်တွေ ပွင့်ထွက်သွားနိုင်သည်ဟု ထင်ရပါမည်။

"တော်ပြီကွာ၊ မပြောချင်လည်းနေတော့"

"ဟား ဟား ... စိတ်မကောက်ပါနဲ့ ညီမလေးရာ။ ကဲ ... ပြောပြမယ်၊ လူဆိုတာ အာရုံစူးစိုက်မှုရှိရင် သိနိုင်တာပဲလေကွာ။ အခုနက ချစ်သူက ဖုန်းကိုဒိုင်ဗင်ထိုးပြီး လှမ်းယူတယ်လို့ ပြောတယ် မဟုတ်လား။ အဲဒါ အိပ်ရာပေါ်ကိုပေါ့ ...

ကိုယ် လာမယ်လို့ ပြောလိုက်တော့ လူးလဲထလိုက်တဲ့ လှုပ်ရှားမှုမျိုး ကြားလိုက်ရတယ်လေ။ လာတာကို ချောင်းကြည့်မှာက ပြတင်းပေါက်နားပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဆားပုလင်းမိုးခေါင်ရယ်"

သူက အဲဒီစကားကို တဟားဟားနှင့် အော်ရယ်သည်။ ချစ်သူသည် သူ့ရယ်သံကို စိတ်ချမ်းမြေ့စွာ နားဆင်ရင်း နှုတ်ခမ်းတွေက ကြည်နူးစွာ ပြုံးနေရသည်။

"ချစ်သူ ဘာလုပ်နေတာလဲ၊ ဘယ်မှာလဲ"

"အင်း ... သမီး အိမ်မှာ၊ ဘာမှမလုပ်ဘူး။ ကော်ဖီတစ်ခွက်နဲ့ သီချင်းဖွင့်ပြီး ငြိမ့်နေတာ"

"ကိုယ့်ကို မလွမ်းဘူးလား"

ချစ်သူသည် အဲဒီအပြောကြောင့် တိတ်ဆိတ်လို့သွားသည်။ သူ့ကို လွမ်းတာတော့ တကယ်လွမ်းနေတာပဲ။ သတိတွေလည်း အရမ်းရနေတာပဲ။ ဒါပေမဲ့ လွမ်းလားလို့ မေးတော့ ဘယ်လိုဖြေရမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူ ... ကိုယ်မေးတာ ဖြေလေ"

"အာ ... ဘာဖြေရမှာလဲ"

ချစ်သူသည် ထွက်မိသွားသော ကိုယ့်ရဲ့ဩ့ဘောင်ညှက်ညှက်အသံကို ကိုယ့်ဟာကိုယ်ပြန်၍ ဘဝင်မကျပေ။ သိပ်များခွဲသွားပြီလားဟု စိုးရိမ်ရသေးသည်။ သို့သော် ချစ်သူရဲ့အသံသည် နဂိုတည်းက ရင်ခေါင်းထဲမှ လာသော စေးပိုင်ပိုင် ခပ်ပျစ်ပျစ် အသံမျိုးဖြစ်သည်။

"ကိုယ့်ကို လွမ်းလားလို့"

"လွမ်းပါဘူး"

"အာ ... သွားပြီကွာ။ ဒါဆိုရင် သတိရောမရဘူးလား။ ထပ်ဖြေ"

"ဟင် ... အတူတူပဲ မဟုတ်ဘူးလား"

"မတူပါဘူးကွာ။ သတိရတာနဲ့ လွမ်းတာနဲ့ လုံးဝမတူဘူး။ မြန်မာစကားမှာလည်း အသုံးအနှုန်းချင်း မတူသလို အင်္ဂလိပ်စကားမှာတောင် မတူဘူး။ Remember နဲ့ Miss နဲ့ တူလား ... ပြော ...

မတူဘူးနော်၊ ဟုတ်တယ် မဟုတ်လား။ ကဲ ... ဖြေကွာ ချစ်သူရာ၊ Do you remember me or miss? ဖြေ ... ဖြေ"

ချစ်သူသည် ခွတ်တရွတ်ဆန်သော သူ့ပုံစံကို မမြင်ရပါဘဲနှင့် ရင်ထဲမှာ ကြည်နူးစွာပြုံးမိသည်။ ကိုကြီးက ထင်ထားသလို မဟုတ်ဘဲ ကလေးဆိုးကြီးလိုပါပဲလား။



"ဘာဖြေရမှာလဲ၊ သမီးကတော့ အတူတူပဲ ထင်တာပဲ။ အဲဒီ အကြောင်းအရာတွေ ဘာတွေကိုလဲ နားမလည်ပါဘူး"

"ချစ်သူ ရှုးချင်ယောင် မဆောင်နဲ့ကွာ"

"ရှုးချင်ယောင်ဆောင်တာက ချစ်သူ မဟုတ်ဘူး။ လေးဖြူ... လေးဖြူ ... ဟဲ ဟဲ"

"ချစ်သူ ကိုယ့်ကို မကလိပါနဲ့ကွာ၊ ကိုယ် တကယ်သိချင်နေလို့ မေးတာပါ။ မင်းက ကိုယ့်ကို သတိရလား၊ လွမ်းလား၊ ကိုယ် အရမ်းသိချင်နေတယ်"

သတိရတာနဲ့ လွမ်းတာနဲ့ ဘာကွာလဲ ပြောပြ။ အဲဒါဆို ဖြေနိုင်မယ်"

"သတိရတယ် ဆိုတာမျိုးက သမုဒယ မပါဘူး။ အကြောင်းတစ်ခုခု တိုက်ဆိုင်တာမျိုးကြောင့် သတိရသွားတာမျိုးလည်း ရှိတတ်တယ်။ သတိရတယ်ဆိုတဲ့ အသုံးအနှုန်းက ယေဘုယျဆန်တယ် ...

Miss ကကျတော့ သမုဒယဆန်တယ်။ နင့်သီးတဲ့ ခံစားချက်တစ်မျိုးပေါ့။ ပြီးတော့ လွမ်းတယ်ဆိုတဲ့ ခံစားချက်မှာ ဘာပိုလာလဲဆိုတော့ တွေ့ချင်တာ တစ်ခုပါ ပါလာတယ်။ လူတစ်ယောက်ကို လွမ်းတယ်၊ လွမ်းတဲ့နောက်မှာ တွေ့ချင် မြင်ချင်စိတ်တွေပါ ပေါ်လာတယ် ...

ကိုယ် မင်းကို အခု အရမ်းလွမ်းနေတယ်၊ မင်းရော အဲဒါကိုဖြေ"

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူသည် သူ့အပြောကြောင့် လိုက်ခနဲ ဖြစ်သွားသော်လည်း ပြန်ဖြေရခက်နေသည်။ သို့သော် သူက ထုံးစံအတိုင်း ခွတ်အတင်း မေးလေသဖြင့် ...

"ချစ်သူ သတိရပါတယ်"

"သတိရတယ် ... အိုကေ ! ဒီလောက်ဆို ကိုယ်ကျေနပ်ပါပြီ။ အား ... မင်းအသံလေးကို ကြားရတာ အမောပြေတယ် ညီမလေးရာ။ ဒီအသံလေးကို လွမ်းနေတာ၊ ညတိုင်း အရမ်းပဲ သတိရတယ် ...

ဖုန်းကလည်း ဆက်လို့မရတော့ ရေလည်ငေါ်တာပဲ"

အဲဒီအပြောတွင် ချစ်သူရဲ့နှလုံးသားတစ်ခုလုံး ဖွတ်ခနဲ ပြုတ်ကျလို့သွားသည်။ မျက်လုံးထဲတွင် ဆိုက်ထဲ၌ ပင်ပင်ပန်းပန်း တံတားဆောက်နေမည့် သူ့ရုပ်သွင်ကို မြင်ယောင်ပြီးလာသည်။ ဟိုမှာ မိဝေးဖဝေးနဲ့ သွားနေရပြီး အစားအသောက်လည်း ဆင်းရဲရှာမှာပဲ။ ဘယ်လိုများ စားသောက်မှာပါလိမ့်။ အိပ်ချိန် စားချိန်တွေရော မှန်ပါရဲ့လား စသဖြင့် စိတ်ပူပင်ပေးသော အတွေးတွေက ဝင်ရောက်၍ လာလေသည်။

"ဟိုမှာ ကိုကြီး ပင်ပန်းလားဟင်"

ချစ်သူရဲ့ လွှတ်ခနဲ ထွက်သွားသော အမေးကို သူက ငြိမ်သက်သွားပြီးမှ ...

"သြော် ... ပင်ပန်းတာပေါ့ ညီမလေးရယ်။ ပင်ပန်းရုံတင် ဘယ်ကမလဲ"



"ပင်ပန်းတာ ပြီးတော့ ဘာတွေပါ ပါသေးလို့လဲ"

"သြော် ... ပါတာပေါ့။ သူများတွေက ပင်ပန်းပြီး ပြန်လာရင် အမောပြေစရာ ရှိသေးတယ်။ တချို့က ပင်ပန်းပေမယ့် အနေအစား မဆင်းရဲဘူး။ ကိုယ်တို့မှာ နေရစားရတာလည်း ကိုယ့်အိမ်လောက် ဘယ်အဆင်ပြေပါ့မလဲ။ ပင်ပန်းပြီး အဲဒီပင်ပန်းတာကို Relax လုပ်စရာ မရှိဘူး ...

ဒီလိုပဲ ကြည့်ကျက်ပြီး နေရတာပဲ"

"အင်း ... မလွယ်ဘူးနော်"

"မလွယ်ဘူး။ ဒါကြောင့် ကိုယ့်ကို မြန်မြန်ကြင်နာပါတော့ ချစ်သူရာ"

"အံမယ် ... နောက်ဆုံးတော့ ဒီဘူတာပဲ လာဆိုက်တာပဲ၊ တော်ပြီ မပြောတော့ဘူး"

"ညီမလေး ... ကိုယ့်ကို အဖြေဘယ်တော့ ပေးမှာလဲ"

"အာ ... ရစ်ပြီကွာ၊ မရစ်စမ်းပါနဲ့"

"ရစ်တာ မဟုတ်ဘူး။ ကိုယ် တစ်ခုခုကို သေချာထားချင်တယ်။ ကိုယ့်ကို ယုံကြည်ပါ ညီမလေးရော။ ကိုယ် မင်းကို တကယ်ချစ်တာပါ ...

ပြောပါ ... ကိုယ့်ကို ဘယ်တော့အဖြေပေးမှာလဲ"

"ပြောပြီးပြီလေ၊ နောက်ငါးလလောက် နေမှလို့"

"အာ ... ငါးလကြီးတောင် စောင့်ရဦးမှာကွာ၊ ပျင်းစရာကြီး"

အဲဒီစကားကြောင့် ချစ်သူရဲ့ရင်ထဲတွင် ဆစ်ခနဲဖြစ်သွားလေသည်။ တစ်ခါတစ်ရံမှာ ချစ်သူသည် သူ့ကိုနားမ

www.burmeseclassic.com

www.burmeseclassic.com



လည်ပါ။ သူ့စကားတွေဟာ ချစ်တယ်လို့ ပြောထားသော တစ်ခက် မိန်းကလေး အပေါ်တွင် မလေးနက်ပြန်ဘူးဟု ခံစားမိရသောကြောင့် ဖြစ်သည်။

“ပျင်းစရာကြီးဆိုလည်း စောင့်မနေနဲ့ပေါ့”

ချစ်သူရဲ့ ခပ်ဆတ်ဆတ် အပြောကို သူက တဟားဟားနှင့် အော်ရယ်သည်။

“စိတ်ကောက်တယ်ပေါ့ ဟုတ်လား”

“ကောက်ပါဘူး။ ချစ်သူတို့မှာ စိတ်ကောက်တဲ့အထာမရှိဘူး”

“ကြိုက်ပါတယ်”

“ဘာမှ လာကြိုက်မနေနဲ့။ အခုရော ဘယ်ကဆက်နေတာလဲ ... ပြော။ အဲဒါကို ဖုန်းစပြောထဲက မေးနေတာ ခုထိ မဖြေသေးဘူး။ ရှုးချင်ယောင်ဆောင်နေတာ ကြာပြီ”

“ရှုးချင်ယောင်ဆောင်တာက ကိုယ် မဟုတ်ဘူး။ မင်းပဲ ချစ်သူ။ ကိုယ့်ကို အကြာကြီး ညှဉ်းဆဲမထားပါနဲ့ ညီမလေးရာ။ ကိုယ် မင်းကို အရမ်းမျှော်လင့်ထားလို့ပါ ...

ကိုယ် အခု ပုသိမ်က ဆက်နေတာပါ။ ပုသိမ်ကို ဝန်ကြီးလာလို့ အစည်းအဝေး လာတက်တာ၊ ကိုယ်တို့ ဆိုက်ထဲမှာ ဖုန်းမမိပါဘူး။ မင်းကို စကားပြောချင်ရင်၊ မင်းအသံလေးကို ကြားချင်ရင် ကိုယ့်မှာ ပုသိမ်ထိ လာရမှာ။ ကိုယ့်ကို နည်းနည်းလောက် ငဲ့ကြည့်ပါ ချစ်သူရာ”

ချစ်သူသည် အဲဒီအပြောအောက်တွင် နှလုံးသားတစ်ခုလုံး အရည်ပျော်ကျဆုံးလို့ သွားရလေသည်။ တချို့အချစ်



တွေဟာ ဝေးသွားတဲ့အချိန်မှာ ပိုပြီးသိသာထင်ရှားလာတတ်ကြသလားတော့ မပြောတတ်ပါ။ အဲဒီအပြောတွင် ကြွေလုစွာဖြင့် ဘာမှပြန်မပြောနိုင်ခင်မှာပဲ သူက ...

“ကိုယ် ပြန်ရတော့မယ် ညီမလေး။ ဆီးယူ ... ဘိုင့် ဘိုင်”

သူက နှုတ်ဆက်ပြီးလျှင် ဖုန်းချသွားသည်။ ချစ်သူသည် သူ ပြောချင်ရာပြောပြီး၊ ချသွားသော ဖုန်းလေးကို ငေးကြည့်ကာ ရင်ထဲတွင် တစ်စုံတစ်ရာ လွတ်ကျသွားသလို ခံစားသွားရသည်။ အပြင်ဘက်မှာတော့ မိုးတွေက သည်းနေဆဲ။

❣ ➤ ❣

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထောက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့တွေများတဲ့ အချစ်ဟာ...
အမှတ်တရဖြစ်ဖို့ အထိုက်တန်ဆုံးတဲ့လား။
မိုးရေစက်တွေသာ သူ့အချစ်ဖြစ်ခဲ့ရင်
ကိုယ် လုံးဝအစိုခံလိုက်မယ်
အငိုက်မိသွားတဲ့ ချစ်ခြင်းတစ်ခုအတွက်
သတိရသွားတဲ့အချိန်မှာ
ငါ့နှလုံးသားက သူ့လက်ခုပ်ထဲကနေ
ငါ့ကို လှျာထုတ်ပြနေတယ်။ ။



၇

ဝေးကွာနေသည်ဟု ပြောရမည်ဖြစ်သော ချစ်သူတို့ ချစ်ခြင်းသည် တစ်ပတ်တစ်ခါ၊ တစ်ခါတလေ ဆယ်ရက်မှာ စ်ခါလောက်သော ဖုန်းပြောခြင်းဖြင့် ရှင်သန် အသက်ဆက်နေ သည်ဟု ပြောရပါမည်။ ကျန်တဲ့အချိန်တွေမှာ သူလည်း သူ့ လုပ် သူလုပ်သလို၊ ချစ်သူသည်လည်း ကိုယ့်ဘဝထဲမှာကိုယ် င်လည်ရင်း အချိန်တွေကို ဖြတ်ကျော်လာခဲ့ရသည်။ အင်ဂျင်နီယာ စ်ယောက်နှင့် မော်ဒယ်လ်လေးတစ်ယောက်တို့ရဲ့ ဘဝတွေချင်း ာ သိပ်မဆက်စပ်လှဘူးလို့ သတ်မှတ်ရမည် ဖြစ်သော်လည်း ချစ်သည် တစ်ခါတစ်ရံမှာတော့ အဝေးဆုံးလူများကို အနီးဆုံး စ်အောင်လည်း စွမ်းဆောင်ပေးစေနိုင်ပါမည်။

တချို့ အကြောင်းအရာတွေဟာ ကြိုတင်မမြင်နိုင် း ဆိုတာ သိပ်မှန်သည်။ စကားပြောရာမှာ တစ်ဖက်သားကို ော်စေနိုင်သူဟု နာမည်ကြီးသော ချစ်သူသည် အပျော်ကနေ ပျက်ဖြစ်သွားအောင် ထင်မှတ်မထားဘဲ လုပ်ခဲ့သူဖြစ်သည်။ ဒီနေ့က ချစ်သူတစ်ယောက် စိတ်ချမ်းသာ ပျော်ရွှင်စရာများနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆက်တိုက်ကြုံလာရပြီးတဲ့နောက်မှာ အရေးအကြီးဆုံး တင်း
လိုအပ်နေခဲ့သည်။

သူ့အသံကို ချစ်သူ မကြားရသေး။ ဘာကြောင့်
မသိ သူ့ကို အရမ်းသတိရကာ အရမ်းလွမ်းနေသည်။ ဖုန်းဆ
လို့ကလည်း မရသောအခါ တော်တော်လေပါသည်။ အဲဒီအ
မှာပဲ ချစ်သူရဲ့နားထဲသို့ ဖုန်းမြည်သံတစ်ခုက ဝင်ရောက်လာ
ခြင်းဖြစ်သည်။ ဖုန်းကတော့ ချစ်သူရဲ့ဖုန်းပါပဲ။ ဒါပေမဲ့ မကြား
ရတာ ဆယ်ရက်လောက်ရှိနေပြီဖြစ်သည့် အသံပိုင်ရှင် ဖြစ်သ
ချစ်သူသည် အဲဒီဖုန်းမြည်သံကို ရင်ဆို့ပြီး နားထောင်နေမိသည်

"U never say goodbye ... i don't known Honey Ba
don't u let me go ! ... ... "

သီချင်းသံက အဆက်မပြတ် ထွက်ပေါ်နေသဖြ
ဖုန်းမကိုင်သေးသော ချစ်သူကို အင်ခန့်ကတောင် တံတောင်နှ
တွက်ကာ ကိုင်လေ ဟူသော သဘောမျိုးဖြင့် မေးဆတ်ပြသည်
ချစ်သူသည် ဖုန်းကို ကတုန်ကယင်ဖြင့် ဖွင့်လိုက်သည်။

"ဟယ်လို"

"ဟား ... ချစ်သူ။ ဘာတွေများ ဆက်သွယ်မှုရေိယာပြင်
ဖြစ်နေတုန်း"

"အင်း ... ရတ်တရက် မကြားမိတာပါ။ ကိုကြီး ဘယ်က
ဆက်နေတာလဲ၊ ဟယ်လို ... ဟယ်လို ... ကြားလား"

ဟန်းဒ်ဖုန်းတို့၏ မာယာအတိုင်း လိုင်းတွေက
ပြတ်တောင်း ပြတ်တောင်းဖြင့် မကြည်မလင် ဖြစ်နေတာမို့
ချစ်သူက ကုန်းအော်ရပြန်သည်။ အဲဒီဖုန်းတွေဟာ တစ်ခါတလေ



ဆောလည်း အတော်စိတ်ပျက်စရာ ကောင်းသည်။ နှစ်ကိုယ်ကြား
စကားတီးတိုးဆိုမည့် သမီးရည်းစားစုံတွဲတွေဆိုလျှင် ဖုန်းလိုင်း
မိမမိချင်ပါက အတော်ဒုက္ခရောက်ကြရသည်။

အခုလည်း လိုင်းက မမိတစ်ချက် မိတစ်ချက်မို့
ချစ်သူသည် စိတ်ပျက်လက်ပျက်ဖြင့် အပြင်ဘက်သို့ ထွက်ကာ
အော်ရသည်။ ဖိုးလ်ငုပ်ချင်စရာ အပေါက်ပဲ ဖြစ်တော့သည်။

"ဟယ်လို ... ကြားလားဟင်"

"ကြားတယ် ... ကြားတယ်"

ကြားတယ် ကြားတယ်သာ ဆိုသော်လည်း ဖုန်းထဲ
မှာသာ ဂလုံ ဂလွမ် အသံတွေ၊ တဲဝေါဝေါ တရူးရူးနှင့် လေတိုး
သံတွေက ညံဆဲ။

သူ့ဘက်မှာတော့ အခြေအနေက ဘယ်လိုနေမယ်
မသိပေမယ့် ရန်ကုန်မှာတော့ မိုးတွေရွာနေတာ ဖြစ်သည်။

"ကိုကြီး ပြော၊ ကြားလား"

"အင်း ... ကြားပြီ၊ နည်းနည်းကြားရပြီ။ ဘာလဲ မိုးတွေ
ရွာနေတာလား"

"အင်း ... ဟုတ်တယ်၊ ကိုကြီးတို့ဆီမှာရော"

"မိုးတွေရွာနေတယ်၊ ဒါကြောင့် ကောင်းကောင်းပြောလို့
မရတာ။ ခုတောင် မိုးရွာထဲမှာ ရပ်ပြောနေရတာ ချစ်သူ
အဖြေပေးတော့ကွာ။ အရမ်းလွမ်းတယ်"

အဲဒီအပြောကြောင့် ချစ်သူ ရင်ထဲတွင် ကြည်နူးသွား
ခဲ့သော်လည်း အမြှူးဓာတ်ခံက ရှိနေသဖြင့် သူ့ကိုနောက်ပြောင်
ဖို့သာ အတွေးထဲမှာ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရမ်းလွမ်းနေပြီဆိုတဲ့ သီချင်းလား၊ အဲဒီသီချင်း ချစ်သူလည်း ကြိုက်ပါတယ်"

"ချစ်သူ အဲဒီလို ရှုးချင်ယောင် ဆောင်မနေနဲ့ကွာ။ ဒီမှာ ကိုယ် အရမ်းပင်ပန်းနေတယ်။ မင်းကို အရမ်းလည်းလွမ်း တယ် ...

ကိုယ့်ကို ဇဝေလည်ကြောင်ပတ် လုပ်မနေတော့ ညီမလေးရာ။ အဖြေပေးပါတော့၊ ကိုယ် ကျေနပ်အောင် နော်"

"ဟယ်လို ... ဟယ်လို ... ဘာမှမကြားရတော့ဘူး"

"ဟိတ် ... ကိုယ် ကြားရတယ်။ လာ ... ပ်မနေနဲ့ကွာ။ အဲဒီ အကွက်တွေက ကိုယ်လုပ်လာတာ ..

ချစ်သူ ဖြေ ... ဖြေ။ ဒီမှာ တကယ်ခံစားနေရတာ"

"ဟုတ်လား ... ခံစားတယ် ဆိုတော့ ပန်းကန်ပြားကြီးနဲ့ပေါ့"

"ဘာ ... ဘယ်လို"

ဖုန်းလိုင်းက သိပ်မကြည်ပေ။ သူ မကြားရဘူးဟု သော အထင်ဖြင့် ချစ်သူက ထပ်ပြောလိုက်သည်။

"ဩော် ... ကိုကြီး ခံစားတယ်ဆိုတာ ပန်းကန်ပြားကြီးနဲ့ လားလို့"

"ဘာ ... ပန်းကန်ပြား။ ချစ်သူ ... မင်း ကိုယ့်ကိုလှောင် နေတာလား။ ကိုယ့်အချစ်ကို ရယ်စရာ လုပ်နေတာလား။ အဲဒီပန်းကန်ပြားနဲ့ မင်းပဲစား ... တောက်"



သူ့ထံမှ ပြင်းထန်သော တက်ခေါက်သံတစ်ချက်ကို ကြားလိုက်ရပြီးလျှင် ဖုန်းလိုင်းက လုံးဝပြတ်တောက်လို့သွားလေ သည်။ ဒါဟာ ဖုန်းလိုင်းပြတ်ကျတာ မဟုတ်ဘဲ ဖုန်းကိုတမင်ချ ပစ်လိုက်တာ ဆိုတာကို နားလည်သော ချစ်သူသည် ပထမတော့ ကြောင်တောင်တောင်နှင့် မျက်တောင် ပုတ်ခတ် ပုတ်ခတ် ဖြစ် နေသေးသည်။ သူ ဘာဖြစ်သွားတယ် ဆိုတာကိုလည်း ရုတ်တရက် နားမလည်ချေ။ စိတ်ကောက်သွားတယ်ပေါ့ ဟူသော အတွေးလေး တစ်ချက်နဲ့သာ သူ့ဖုန်းကို ပြန်ခေါ်လိုက်သည်။

ဖုန်းလိုင်းတွေက မကောင်းသဖြင့် ချက်ချင်းခေါ်မရ ပါ။ Network busy ဖြစ်တာရယ်၊ Error connection ဖြစ်တာ ရယ်ပေါင်းကာ ရှုပ်ထွေးနေသည်။ သို့သော် ခေါ်မရလေ ပိုခေါ် လေဖြစ်သော ချစ်သူတို့၏ ဖုန်းခေါ်မှု အကျင့်ကြောင့် ငါးမိနစ် လောက်နေသောအခါ လိုင်းဝင်သွားသည်။ သို့သော် လုံးဝထင် မှတ်မထားအောင်ပင် တစ်ဖက်က ဖုန်းကို ပိတ်ချလိုက်လေသည်။

ချစ်သူသည် မျက်လုံးပြူးကာ ပါးစပ်အဟောင်းသား ပွင့်သွားသည်။ ဟယ် ... ဘယ်လိုဖြစ်တာလဲ။ ချစ်သူ ဖုန်းခေါ် တာကို ဖွင့်မကိုင်ပဲ ပိတ်ပစ်တယ်၊ ဒါ သူ ချစ်ပါတယ်လို့ ပြော ထားပြီး အဖြေတဖွဖွတောင်းထားတဲ့ မိန်းကလေးတစ်ယောက်ကို ဆက်ဆံပုံတဲ့။ ချစ်သူသည် ဖုန်းကများ အမှားအယွင်း တစ်ခုခု ဖြစ်သလားဟူသော အတွေးနှင့် နောက်တစ်ခါ ထပ်ခေါ်သည်။ ထိုအခါမှ ပိုဆိုးတော့သည်။ သူကား ဖုန်းကို လုံးလုံးစက်ပိတ် ထားတော့တာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်း ခေါ်ဆိုနေသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်"

"လူကြီးမင်း ခေါ်ဆိုနေသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်"

"လူကြီးမင်း ခေါ်ဆိုနေသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်"

ချစ်သူသည် အဲဒီမိန်းမရဲ့ ပြောသံကြီးကို တစ်ခါမှ မကြားဖူးသူလို ကြောင်ပြီး နားထောင်နေမိသည်။ ပြီးတော့ သတိဝင်လာကာ အယောင်ယောင် အမှားမှားဖြင့် ဖုန်းကိုငုံ့ကြည့်မိသည်။ Wall paper ပေါ်မှ အရုပ်လေးသည် ချစ်သူကို ပြောင်ပြနေသည်မှာ ယခုအဖြစ်အပျက်အတွက် တကယ်ကို လှောင်နေသည့်အလား။ ချစ်သူသည် ရှော့ခ်ဖြစ်နေသောလူလို ကြောင်တောင်တောင်ကြီးဖြစ်ကာ လက်ရှိအခြေအနေကို လုံးဝလိုက်မမှီနိုင်ဖြစ်လို့နေသည်။

ချစ်သူ ဘာများမှားသွားလို့ပါလဲ။ ခံစားတာ ပန်းကန်ပြားကြီးနဲ့ဆိုသော ကိစ္စမှာ ဘာများမှားသွားလို့လဲ။ အရင်လည်း ဒီလိုပဲ နောက်နေကြဖြစ်သည့် ကိစ္စလေးကို သူက အခုမှ အကြီးအကျယ် ဘာခံစားသွားရတာတဲ့လဲ။ ပြီးတော့ ချစ်သူ ဖုန်းပြန်ခေါ်တော့လည်း ဖုန်းကို မကိုင်ဘဲ ပိတ်ပစ်သည်။ ဆက်ခေါ်မှာကို သိလေသဖြင့် စက်တောင်ပိတ်ထားလိုက်သည်ဟူသော အဖြစ်အပျက်သည် ချစ်သူကို ဒေါသထွက်ဖို့၊ မိန်းကလေးတစ်ယောက်အနေနဲ့ မခံချင်စိတ်ဖြစ်ဖို့ဝေးစွ၊ ထူးဆန်းအံ့အားသင့်မှုတွေကိုပဲ ဆက်တိုက်ပေးလေသည်။



နေရင်းထိုင်ရင်း အသက်ပျောက်သလို ဖြစ်သွားသော ချစ်သူကို အင်ခန့်က မျက်လုံးပြူးဖြင့် ကြည့်ကာ ...

"ငုတ်တုတ်မေ့နေတာလား"

"ငုတ်တုတ်မေ့နေတာ မဟုတ်ဘူး။ ငါတော့ ကျိုင်လတ်ပြီ ငါ့ကောင်"

အင်ခန့်က ချစ်သူရဲ့နံဘေးတွင် ဝင်ထိုင်ကာ လက်ထဲကဖုန်းကို ဆွဲယူရင်း အခုနက ဝင်ခဲ့သော ဖုန်းနံပါတ်ကို ပြန်ဖွင့်ကြည့်နေသည်။

"ဘာဖြစ်လို့ ကျိုင်က လတ်ရတာလဲ။ ဘာရှော့လဲ"

"ပန်းကန်ပြားရှော့"

"ဘာရယ် ... ဘာ။ အသစ်ပါလား"

"သစ်လွန်းလို့ကို လိုက်မမီတော့တာ။ ဘာကြီးလဲဟာ၊ လုံးဝ လိုက်မမီဘူး"

"ဆရာသမားကို ပြောစမ်းပါ။ ဖြေရှင်းပေးမှာပေါ့"

ချစ်သူမှာ အင်ခန့်ရဲ့စကားကို ခါတိုင်းလိုတောင် သိပ်မရယ်နိုင်ချေ။ ရုတ်တရက်ကြီး ပြောင်းလဲသွားသော အဖြစ်အပျက်တစ်ခုကို အီလည်လည်နှင့် အစအဆုံး ပြန်ပြောပြရသည်။

"အဲဒါ ငါ ဘာလွန်လို့လဲ။ ခံစားတာ ပန်းကန်ပြားနဲ့လား လို့ ပြောတာ ဘာများအမှားပါသွားလို့လဲဟာ။ သူ့ကို စ, လိုက်တာပဲ။ အဲဒါလေးကိုတောင် မသိဘူးလား။ ငါ ဖုန်းပြန်ခေါ်တော့ လုံးဝမကိုင်ဘူး ...

ဘယ်လောက်တောင် ဆိုးသလဲဆိုရင် နောက်ထပ်ခေါ်တော့ စက်ကိုတောင် ပိတ်ထားလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်ရှားဘား ... နင့်ကို တော်တော်ချစ်တာပဲရော ... ဟား ဟား ဟား"

အင်ခန့်က ဗိုက်ကိုနှိပ်ကာ တရားလွန်ရယ်လျှင် ချစ်သူသည် အောင့်သက်သက်ဖြင့် အဲဒီရယ်သံကြီးကို နားထောင်ရသည်။ ဟုတ်လည်း ဟုတ်တာပဲ။ သူ ချစ်ပါတယ်လို့ တဖွဖွပြောသော ထိုမိန်းကလေးကို သူက ဒါလေးနဲ့တောင် သည်းမခံနိုင်ဘူးဆိုလျှင် ဒီ့ထက်ဆိုးသော ကိစ္စတွေမှာ ဘယ်လိုစွမ်းအားနဲ့ နားလည်ခွင့်လွှတ်ပေးမှာတဲ့လဲ။ ပြီးတော့ သူက ချစ်သူနဲ့ရွယ်တူတန်းတူတောင် မဟုတ်။ ချစ်သူထက် ငါးနှစ်ကြီးသော လူတစ်ယောက်လည်း ဖြစ်သေးသည်။

"မဟုတ်ဘူး၊ ငါ ပြောတာက လွန်သွားလို့လား"

"လွန်တာတော့ မလွန်ပါဘူး။ ခံစားတာ ပန်းကန်ပြားတို့၊ ရင်နာတာ မှောက်အိပ်လို့၊ ကြင်နာတာ ဓာတ်လိုက်လို့ ဆိုတာတွေက ပြောနေကြပါဟာ ...

ဒါပေမဲ့ လူဆိုတာ အခြေအနေ အချိန်အခါနဲ့ စိတ်နဲ့က သက်ဆိုင်နေတယ်လေ။ you don't know three shadow ! ဆိုတဲ့စကားကို ကြားဖူးတယ် မဟုတ်လား"

"အေးလေ ... ခုလည်း ဘာဆိုင်လို့လဲ၊ သူလည်းနောက်နေ ငါလည်း နောက်နေတာပဲ။ အဲဒါကို သူက ဘာအချိုးချိုးသွားရတာလဲ။ ငါဖြင့် ယုံတောင် မယုံနိုင်ဘူး"

ကောက်ကာငင်ကာကြီးနဲ့ အဲဒီပန်းကန်ပြား မင်းပဲစားဆိုပြီး ဖုန်းပိတ်ချသွားတာ။ ငါဖြင့် ရှောခ်ပဲ"



"အဟား ဟား ... ဩော် ... လောကမှာ ဒါမျိုးကိစ္စတွေလည်း ရှိသေးတယ်နော်။ ကောင်လေးတွေ သည်းသည်လှုပ်ကြိုက်နေတဲ့၊ ဖုန်းဆက်ရင် ညတုတုပြောရတဲ့ မိုးချစ်သူကို ဖုန်းပြောနေရင်း စိတ်မတွေ့လို့ အော်ဟစ်ဖုန်းပိတ်သွားတဲ့ ယောကျ်ားမျိုးလည်း ရှိသေးတာကိုး ...

ကြိုက်တောင် ကြိုက်နေပြီ၊ ချစ်ဖို့တောင် ကောင်းနေပြီ ... အဟား ဟား ... ဘာတဲ့ ... အဲဒီပန်းကန်ပြား မင်းပဲစားတဲ့ ... ဟုတ်လား။ အဲဒီလို ပြောသွားတာလား"

ချစ်သူသည် အင်ခန့်၏ အလှောင်အပြောတွေကို နဂိုဗီဇက ပျော်တတ်သူမို့သာ မချိသွားဖြဲ တဟင်းဟင်း လိုက်ရယ်နေရသော်လည်း ရင်ထဲမှာတော့ တကယ်ကိုပဲ နင်တင်တင်တစ်ဆို့ဆို့ ဖြစ်လို့နေသည်။ သူ ဘယ်လောက်အတိုင်းအတာအထိ စိတ်ဆိုးသွားသလဲ ဆိုတာ ချစ်သူ မခန့်မှန်းတတ်ချေ။ ဒါပေမဲ့ ထပ်ခေါ်သောဖုန်းကို ပိတ်စစ်သည်။ ထပ်မံ၍ စက်တောင်ပိတ်ထားသည်ဟူသော ဖြစ်ရပ်ကတော့ ချစ်သူကို နည်းနည်း တုန်လှုပ်စေပါသည်။

ကျွတ် ... ဘာဖြစ်ရတာလဲကွာ။

"နင်ကလည်း ဟားဖို့ပဲ၊ ဘာမှ ခံစားပေးဖို့တော့ မရှိဘူး"

"ခံစားပေးဖို့ ပန်းကန်ပြား လိုတယ်လေ။ ဟား ဟား ဟား"

"ကျွတ် ... မပြောနဲ့တော့ဟာ။ အဲဒီ ပန်းကန်ပြားတို့ စိတ်နာတယ်၊ ဇလုံနဲ့ပဲ စားတော့မယ် ... ဟက် ... ဟက်"

www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား ... သူကိုယ်တိုင်တောင် ဟိုက ကျွေးလွှတ်တာကို တပါးဟီး တပားပား ဖြစ်နေပြီးတော့ ဘာမှ ရင်နာမနေနဲ့ ခေါက်ထားလိုက်၊ ဘိုးတော်ကလည်း သူက တစ်ပြန်စီး နပြနေတယ်"

"သူ အရမ်းများ ခံစားသွားရလား မသိဘူးနော်"

အင်ခန့်က ချစ်သူရဲ့ ညှောင်နာနာအသံကို မျက်စောင်းတစ်ချက် ဝိုတ်ထိုးသည်။ ချစ်သူ မျက်လုံးထဲတွင် မထိတရီ ပြုံးတတ်သော သူ့နှုတ်ခမ်းများကို ပြန်မြင်ယောင်ပြီးလာသည်။ တံတားဆောက်နေတဲ့ နေရာမှာ ဖုန်းမရှိ၊ ဖုန်းလိုင်းမမိသဖြင့် ပုသိမ်ထိလာပြီးမှ ဖုန်းပြောရသောသူကို ချစ်သူ နောက်လိုက်မိတာ လွန်သွားသလား။ ချစ်သူသည် ခေါင်းတွေ တမြင်းမြင်းကုတ်ရင်း စိတ်ညစ်လာသည်။ ဒီလိုဒုက္ခတွေကို မခံစားချင်လို့ ရွှေတာရော်နဲ့ပဲ လျှော်တာဟူသော ထက်ထက်မိုးဦး၏ စကားအတိုင်းသာ အော်လိုက်ချင်တော့သည်။

အင်ခန့်ကတော့ ဘာကိုမှ အုံးမစားတတ်သူပီပီ ...

"ခေါက်ထားလိုက်စမ်းပါဟာ။ ဒါလေးနဲ့ အသည်းနုနေရင် ဘယ်လိုစခန်းသွားကြမှာလဲ၊ လွှတ်ပေးထားလိုက်"

လွှတ်မပေးထားလည်း ချည်ချင်လို့မှ မရတာ။ ချစ်သူသည် ဘာမှပြန်မပြောနိုင်ဘဲ ခေါင်းတခါခါ လည်တခါခါနှင့်သာရှိသည်။ ရင်ထဲမှာတော့ မကောင်းပါ။ သူ့ထံကိုလည်း ဘယ်လိုမှ ပြန်ဆက်သွယ်၍မရသော အဖြစ်အပျက်သည် ချစ်သူ၏နှလုံးသားကို ပင်ပန်းနွမ်းလျစေပါသည်။



ဒီလိုနှင့် သူ ဆက်သွယ်လာမည့် အချိန်ကို တစ်ရက်ပြီးတစ်ရက် စောင့်ခဲ့သည်။ သုံးရက်လောက်အထိ ဘာသံမှမကြားရသောအခါ ချစ်သူသည် ကိုယ့်နှလုံးသားကိုယ် ပြန်ပြီးထိတ်လန့်အားငယ်လာသည်။ ငါးရက်မြောက်သောနေ့မှာတော့ ချစ်သူသည် အပြင့်တစ်နေရာက အပြန်တွင် ဦးလင်းရဲ့ရုံးခန်းသို့ ဝင်တော့သည်။ ဦးလင်းက ချစ်သူ လာမှာကို ကြိုသိနေသော မျက်နှာထားကြီးဖြင့် ...

"အခြေအနေ သိပ်မကောင်းဘူးနဲ့တူတယ်"

"အယ် ... ဦးလင်း ဘယ်လိုလုပ် သိလဲ"

"သိဆို ဟိုကောင်နဲ့ငါ တွေ့ပြီးပေါ့"

"ဟင်... ဟုတ်တယ်။ ဘယ်မှာတွေ့တာလဲ၊ ရန်ကုန်မှာလား"

"ဘယ်ဟုတ်မလဲ၊ ငါက ပြီးခဲ့တဲ့နှစ်ရက်လောက်က ချောင်းသာဘက် ကြော်ငြာသွားရိုက်တာလေ။ ဟိုကောင့်အမေက သူ့သား အစားဆင်းရဲတယ်ဆိုပြီး အကြော်အလှော်တွေ မုန့်တွေ လူကြုံထည့်ပေးလို့ ပုသိပ်မှာချိန်းပြီး ပေးတာ ...

နေ့လယ်စာတောင် ပုသိမ်က ငဝန်ဧရာမှာ အတူတူစားလာခဲ့တာ"

အဲဒီအပြောကြောင့် ချစ်သူရဲ့ရင်ထဲတွင် ဆစ်ခနဲဖြစ်သွားသည်။ ပုသိမ်ကို ရောက်ရဲ့သားနဲ့တောင် သူ ချစ်သူထံကို ဖုန်းမဆက်ဘူးဆိုလျှင် ဒါ ချစ်သူကို စိတ်ဆိုးနေပြီဆိုတာ သေချာသွားခဲ့ပြီဖြစ်သည်။ ချစ်သူကို မေ့ထားနိုင်စွမ်းရှိသော သူ့နှလုံးသားမာမာခဲခဲကြီးကို မြင်ယောင်မှန်းဆကြည့်ကာ ရင်ထဲတွင် နာသီးလို့လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညည်းတို့က ဘာဖြစ်ကြတာလဲ။ အစကတော့ ဟုတ်ပြီ ဟုတ်ရဲ့။ အဆင်ပြေနေကြတဲ့ဟာ၊ ဟိုကလည်း ပုသိမ်ကို ရေထွက်မတတ် လာလာပြီး ဖုန်းပြောရတာအမော။ ဘယ်လိုဖြစ်ကြတာလဲ"

"မသိပါဘူး ဦးလင်းရယ်။ သမီးနဲ့ သူနဲ့က အပြန်အလှန် နောက်နေကြပါ။ သူကလည်း နောက်နေတာနဲ့ သမီးက သူ့ကိုစ,လိုက်တာပါ။ အဲဒါကို စိတ်ဆိုးပြီး ဖုန်းချသွားတယ် ...

ဖုန်းတောင် ထပ်ပိတ်ထားတယ်၊ လွန်လိုက်တာ၊ အဲဒါမျိုး ဖြစ်သင့်လား"

ချစ်သူက မျက်ရည်တွေတောင် ရစ်ဝဲလာချင်သလို ဖြစ်ကာ အသံတွေပါတုန်လာလျှင် ဦးလင်းက ချစ်သူကို ကရုဏာသက်သလို တစ်ချက်ကြည့်သည်။ ပြီးတော့မှ မရေရာသော သက်ပြင်းတစ်ချက်ကိုချကာ ...

"အင်း ... နှစ်ဖက်စလုံးက ကြည့်တော့လည်း အမှန်တွေချည်းပါပဲ။ ညည်းကလည်း ညည်းစတိုင်လ်နဲ့ညည်း၊ ဟိုတက်က ကြည့်တော့လည်း သူ့ခံစားချက်နဲ့ သူပေါ့လေ"

"အို ... သူက ဘာတွေများ ခံစားနေရတာမို့လို့လဲ"

ချစ်သူရဲ့ ခပ်ဆတ်ဆတ် အပြောကို ဦးလင်းက မျက်ခုံးပင့်ပြကာ ...

"အဲဒီနေ့က ဒီကောင်က ပုသိမ်ကို လိုက်ဖို့အထဲမှာ မပါဘူး။ ညည်းဆီကို ဖုန်းဆက်ချင်တာနဲ့ပဲ လိုက်လာတာ။ တစ်ညလုံးလည်း night duty ပါ ဆင်းထားရတယ်လို့



ပြောတယ်။ လမ်းမှာ မိုးတွေကရွာ၊ ပင်ကပင်ပန်းထားပြီး သူက ရေလည်ကြွေပြနေတဲ့ အချိန်မှာ ညည်းက အဲဒီလို သွားပြောလိုက်တော့ ပေါက်ကွဲသွားတာပေါ့ဟာ ...

တစ်နည်းအားဖြင့် ကြည့်ရင်တော့လည်း သူ့ရဲ့ လေးနက်မှုတွေကို တွေ့နိုင်တာပေါ့၊ ညည်းအပေါ်မှာ လေးနက်ပါတယ်"

ချစ်သူသည် အဲဒီမှတ်ချက်ကို ရင်ထဲမှာ တိတ်တခိုး ကြည်နူးမိသော်လည်း စိတ်ထဲမှာတော့ သိပ်မကျေနပ်သဖြင့် ...

"အို ... လေးနက်ချင်ရင် ခဲဆွဲပြီး အိမ်သာကျင်းသွားတူး၊ ချစ်သူကိုတော့ လေးနက်တာတွေ ပေါ့တိမ်တာတွေ လာမပြောနဲ့"

"အေး ... ညည်းတို့နှစ်ယောက်အတွက်တော့ ငါ ရင်လေးသေးတယ်။ တစ်ယောက်ကဆတ်ဆတ်ထိမခံ၊ တစ်ယောက်က ပြောင်စပ်စပ်နဲ့။ နှင့်ကို ငါ ပြောပြထားတာပဲ။ သူက သူလိုချင်တာကို ချက်ချင်းရမှ ကျေနပ်တဲ့လူစားမျိုး၊ ဘာမဆို သူလုပ်ရင် ဖြစ်တယ်လို့ ခံယူထားတာ ...

ပြီးတော့ ဒီကောင်က ငယ်ငယ်တည်းက ဖူးဖူးမှုတ် အလိုလိုက်ခံထားရတဲ့သူဆိုတော့ နည်းနည်းဆိုးတယ် ချစ်သူရဲ့။ သူ့အထာကို နားလည်ပေးမှရတယ်။ အခန့်မသင့်ရင် စိတ်တို စိတ်ဆတ်တတ်တာကလွဲလို့ ကျန်တာ ဘာမှပြောစရာ မရှိပါဘူး"

"ဟွန်း ... သူ့ညီဘက်က ရှေ့နေလိုက်ပေးနေပြန်ပြီ။ သူ့ညီကဖြင့် ချစ်ချင်စရာကောင်းလွန်းလို့၊ propose လုပ်

www.burmeseclassic.com

www.burmeseclassic.com



အားတဲ့ မိန်းကလေးတစ်ယောက်နဲ့တောင် ပြိုင်ပြီး စိတ်ကောက်နိုင်တယ် ...

ကြိုဖူးပါဘူး၊ လုံးဝအသစ်ပဲ"

"ဟား ဟား ... ဟုတ်ပါ့ကွာ။ ဇူပါမော်ဒယ်လ် မိုးချစ်သူကို ဒီလိုလုပ်ဝံ့တာ မိုးခေါင် ဆိုတဲ့ ကောင်တစ်ကောင်ပဲ ရှိသေးတယ်"

ဦးလင်းက သဘောတကျနှင့် ပေါ့ပေါ့ပါးပါး ရယ်နေနိုင်သော်လည်း ချစ်သူမှာတော့ မရယ်နိုင်သေးချေ။ ဒီကိစ္စဟာ ဘယ်လိုဆက်ဖြစ်မလဲ ဆိုတာကို သိချင်သေးသည်။

"နေပါဦး၊ သူက သမီးကို တကယ်ကြီး တင်းတယ်တဲ့ပေါ့။ ဦးလင်းကို အဲဒီလိုပြောလား"

"တင်းတယ်လို့တော့ မပြောပါဘူး။ နင်က သူ့ဖီလင်တွေကို ဟာသလုပ်ပစ်တယ်ပေါ့ဟာ။ သူက အမုန်အကန်ကြွေပြနေတဲ့အချိန်မှာ နင်က အဲဒီလို လှောင်လိုက်တော့ ရှက်သွားတာလည်း ပါမှာပေါ့ ...

ဒီလိုပါပဲဟာ၊ ဖြစ်တတ်ပါတယ်။ နင့်ကို သတင်းထူးပေးရရင် ဒီကောင် ရှေ့တစ်ပတ်ထဲမှာ ဒီကိုလာဖို့ရှိတယ်ဟ။ ပြီးတော့ ရှေ့လတစ်ရက်နေ့က သူ့မွေးနေ့။ မွေးနေ့လက်ဆောင်လေး ဘာလေးပေးပြီး ချော့ရင် ချော့လိုက်ပေါ့ဟာ"

ဦးလင်းက အဲဒီလောက်သာပြောပြီး ဘာမှဆက်မပြောတော့ချေ။ ချစ်သူကလည်း ဆက်မေးနေလျှင် မကောင်းတတ်သဖြင့် ဆက်မမေးတော့။ ဒီလိုသာ နေခဲ့ရသော်လည်း သူ့အသ်



ဲ့ မကြားရသည့် ရက်များသည် ချစ်သူအတွက် နေမထိထိုင်သော တစ်စုံတစ်ရာ လိုအပ်သောနေ့များအဖြစ် ရပ်တည်ခဲ့ရသည်။ sensitive ဖြစ်သော သူ့နှလုံးသားကို အံ့ဩရသလို ဒီလိုလူမျိုးကိုမှ မေ့မထားနိုင်သည့် ကိုယ့်ကိုယ်ကိုယ်လည်း တော်တော်ကိုပြန်အံ့ဩရလေသည်။

ဒီလိုနှင့် သူ့ထံမှ ဘာဖုန်းမှ မလာတော့ပါ။ ဦးလင်းရဲ့ သတင်းပေးပို့ချက်အရတော့ သူ ရန်ကုန်ကို ရောက်နေပြီဆိုတာကို သိရလျှင် ချစ်သူရဲ့နှလုံးသားတွေ ဖျပ်ဖျပ်လူးအောင်ပင်ဖြစ်ရလေသည်။ တစ်ချိန်တည်းမှာပဲ ကိုယ့်ကိုယ်ကိုယ် ထိတ်လန့်စွာ သိလိုက်ရတာကတော့ ချစ်သူ သူ့ကို ချစ်နေမိပြီဆိုတာပဲ ဖြစ်တော့သည်။

အချစ်အတွက် ချစ်သူရဲ့စိတ်တွေ ယောက်ယက်ခတ်စွာဖြင့် အင်ခန့်ကို အားကိုးတကြီး တိုင်ပင်မိသည်။

"အင်ခန့် ဒီနေ့ပါနဲ့ဆို သူ ရန်ကုန်ရောက်နေတာ နှစ်ရက်ရှိပြီ။ ငါ့ကို ဖုန်းလည်းမဆက်ဘူး။ အရင်ဆို ပုသိမ်ထိတောင် ဖုန်းလာဆက်တာ ဘာဖြစ်လို့လဲ"

"ငါ့ကိုတော့ ညတုန်းက သူ ဘာမှပြောမသွားပါဘူး"

အင်ခန့်က အတည်ပေါက်နှင့် နောက်သည်။ ချစ်သူသည် ဒါကို မရယ်နိုင်အဲ့ [illegible] ရှုံ့တွကြီးနှင့် ရှိနေသည်။ စိတ်ထဲမှာတော့ ဘယ်လိုမှ မခံစားနိုင်ပါ။ လူကို ချစ်ပါတယ် ချစ်ပါတယ်နှင့် အသည်းအသန် ပြောထားခဲ့သော လူတစ်ယောက်ဟာ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ဒီလောက်ထိအောင် စိတ်ကောက်ရသလားလား။ စိတ်ကောက်တာလား။ အစတည်းကကို နက်နက်ရှိုင်းရှိုင်း

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ခဲ့တာလား။ ချစ်သူ ဘာမှမစဉ်းစားတတ်တော့ပါ။ ဒီအချိန်မှာ ချစ်သူ ကြားချင်တာကတော့ လေလှိုင်းထဲကပဲဖြစ်ဖြစ် လွင့်ပျံ့လာမည့် "ညီမလေး"ဟူသော ခေါ်သံလေးတစ်ခုသာ ဖြစ်တော့သည်။

"ရုပ်က ရွဲလိုက်တာဟာ။ ဘာလဲ ... ရင်ထဲမှာ တကယ်ဖြစ်နေတာလား"

"I think I love him"

အင်ခန့်က ဟင်းခနဲ မြည်အောင် သက်ပြင်းကိုဆောင့်ချသည်။

"ငါ သူ့ဆီ ဖုန်းဆက်လိုက်ရမလား"

အင်ခန့်က မဖြေသေး။ စဉ်းစားသလိုနှင့် ငြိမ်သက်နေလျှင် ချစ်သူက ဆက်ပြောမိသည်။

"ငါ ဆက်လည်း မဆက်ချင်ဘူး။ သူ့အသံလေးကိုလည်း ကြားချင်တယ်၊ ဒါပေမဲ့ စိတ်ထဲမှာလည်း နေလို့ ထိုင်လို့မကောင်းဘူး"

"ဒီမှာ ငါ တစ်ခုပြောမယ်။ နင့်အနေနဲ့ ဒီယောက်ျားကို တစ်သက်လုံးအတွက် ရည်ရွယ်ထားရင် ဖုန်းမဆက်နဲ့"

"ဘာဖြစ်လို့လဲ၊ တစ်သက်လုံး ရည်ရွယ်ထားရင် ဖုန်းဆက်ရမှာ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ လင်နေစ ဆင်သေမှတဲ့။ မကြားဖူးဘူးလား။ ဒါ ယောက်ျားယူတာတောင် မဟုတ်သေးဘူး။ ရည်းစားလည်း မဖြစ်သေးဘူး။ အဖြေတောင်းထားတဲ့ အချိန်မှာ ယောက်ျားလေးက ပြားပြားဝပ်နေရမယ်၊ မိန်းကလေးဆိုတာ အဖြေမပေးခင် အချိန်မှာပဲ တင်းနိုင်တာ။ ဒီအချိန်



မှာ သွားလျှော့ထားလို့ကတော့ သွားပြီ။ နောက်ဆို အမြဲတမ်း လျှော့နေရတော့မှာ"

"ဟာ ... အဲဒါမျိုးတွေ တွေးရတာ ခေါင်းခြောက်တယ်ဟာ"

"အေး ... ဒါဆိုလည်း မတွေးနဲ့လေ၊ ချစ်ရင် မာနမရှိတော့ဘူးတဲ့။ မာနတွေ လွှင့်ပစ်ပြီး ဖုန်းဆက်လိုက် ချော့လိုက်ပေါ့ ...

ခိုချီး(ကိုကြီး) မီး ပန်းကန်ပြားကြီးကို စိတ်နာပါတယ်ရှင့်၊ ခုဆိုရင် ဇလုံနဲ့ပဲ စားပါတော့တယ်ရှင့်။ မီးကိုပစ်မထားပါနဲ့တော့ရှင်။ အဲဟဲ ... ဟဲ ... အဲလို ဆက်ပြောလိုက်ပေါ့"

"တော်စမ်းပါဟာ"

ချစ်သူက အင်ခန့်စကားကို စိတ်ညစ်သည့်ကြားထဲမှ ရယ်နေရစဉ် ဖုန်းဝင်လာသဖြင့် ဖွင့်နားထောင်လိုက်သည်။ ဖုန်းက ဒါရိုက်တာတစ်ယောက်ဆီမှ ဖုန်းဖြစ်ကာ ညနေသုံးနာရီ အင်းလျားကန်ပေါင်ပေါ်တွင် ဗီစီဒီတစ်ပုဒ်ရိုက်ဖို့ comfirm လှမ်းလုပ်တာဖြစ်သည်။

ရိုက်မယ့်သီချင်းက ချစ်သူရည်းစားနှင့် ဝေးနေသဖြင့် လွမ်းဆွေးနေရတဲ့ အဆွေးသီချင်း ဖြစ်သည်။ လက်ရှိရာသီဥတုကလည်း မှိုင်းညို့နေသော ကိုယ့်ဘက်ပါ ရာသီဥတု ဖြစ်လေရာ ချစ်သူသည် ဒီသီချင်းကိုတော့ Mood တွေအပြည့်ဖြင့် သရုပ်ဆောင်ပစ်လိုက်မည်ဟု အားခဲထားလိုက်လေသည်။

❦ ❧ ❦

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းမှာ ရွက်ဝါကြွေ
နွေမှာ ရွက်သစ်ဝေ
မိုးမှာ တစ်လောကလုံး စိုထိုင်း
မှိုင်းမှိုင်းညို့တဲ့ ကိုယ့်ရင်မှာ
အရောင်မရှိ
ဟန်ဆောင်မှု နတ္ထိ
အပြစ်ဆိုတာ မြူတစ်မှုန်တောင်မရှိ
သိပ်လှပါဘိ။
မေတ္တာကို ဝတ်ရုံခြုံလို့
အနွေးထွေးဆုံး ပြင်ဆင်ရင်း
လှမ်းလာခဲ့သည် မင်းဆီ ...။ ။



၁

သူသည် မလှမ်းမကမ်းမှာ မြင်နေရသော မြင်ကွင်းတို့ကို ငေးကာ တစ်ယောက်တည်း ပြုံးမိသည်။ မော်ဒယ်မင်းသမီး မိုးချစ်သူသည် သူ့ကို မမြင်ပါ။ ရိုက်ကူးရေးထဲတွင် အာရုံနှစ်လျက် သူမရဲ့အလုပ်မှာ ရှာန်ဝင်စားမှုအပြည့် ရှိနေသည်။ သူက ဘောင်းဘီအိတ်ကပ်ထဲ လက်နှစ်ဖက်ကို လျှိုထည့်ကာ အင်းလျားရေပြင်ကို ဖြတ်တိုက်လာသည့် လေနုအေးကို တရှိုက်မက်မက်ရှူလိုက်သည်။ မိုးရွာတော့မည်။ ညို့မှိုင်းမှိုင်း ရာသီဥတုသည် သူ့နှလုံးသားကို စွတ်စိုအေးမြစေပါသည်။

ဒီလိုပဲ ချစ်သူဆိုသည့် ကောင်မလေးဟာလည်း သူ့နှလုံးသားကို အေးမြစေသူလေး ဖြစ်သည်။ အချစ်ဆိုတာ အတ္တနှင့်မကင်းသော အရာတစ်ခုဟု ဆိုရလျှင် ဒီကောင်မလေးပေါ်မှာထားသော သူ့ချစ်ခြင်းမှာလည်း အတ္တတစ်ခုတော့ ပါဝင်မည်ဟုထင်သည်။ ချစ်သူသည် သူ့ကိုပျော်စေနိုင်သူဖြစ်သည်။ ပျော်ရွှင်မှုတွေကို ပေးစွမ်းစေနိုင်သောသူ ဖြစ်သည်။ သူ့အပေါ်မှာလည်း နားလည်မှုပေးနိုင်မည့်သူလေးဟု မျှော်လင့်၍လည်း ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့နဲ့ပါဆိုလျှင် ဒီကောင်မလေးနှင့် စကားမပြော ရတာ နှစ်ပတ်ကျော်သွားခဲ့ပြီး ဒီနေ့ဟာ ဆယ့်ငါးရက်မြောက်နေ့ ဖြစ်သည်။ သူမ ပြောလိုက်သော စကားတစ်ခွန်းအတွက် သူ တင်းသွားခဲ့တာ မှန်သော်လည်း ဆိုးဆိုးဝါးဝါးကြီးတော့ စိတ်ဆိုး မနေပါ။ အလုပ်တွေ ပြန်ရှုပ်နေတာရော၊ ဆိုက်ထဲသို့ ဝန်ကြီးလာ ကြည့်ကာ စစ်ဆေးတာကြောင့်ရော၊ မအားလပ်သဖြင့် ဘယ်လိုမှ ဖုန်းမဆက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ရန်ကုန်ကို ပြန်ရောက်လာတော့ လည်း မေမေ့ကိစ္စတွေ ကူညီပေးနေရသဖြင့် ဖုန်းမဆက်နိုင်။ အမှန်တော့ ဖုန်းတစ်ချက် မဆက်နိုင်သည် အထိတော့ အလုပ်များ နေတာတော့ မဟုတ်။ သူမထံကို လူကိုယ်တိုင်သွားကာ ဆပ်ပ ရိုက်စ်လုပ်ချင်၍ဖြစ်သည်။ သူ့ကိုမြင်သွားရင် သူမလေး ဘယ်လို ဖြစ်သွားမှာပါလိမ့်။ သူက ရှုံတင်ရှိရာသို့ တဖြည်းဖြည်း ချဉ်းကပ် လာသည်။ သူမက သူ့ကို မမြင်ပါ။ ချစ်သူသည် အပြင်မှာနှင့် TV ထဲမှာ ပြင်ဆင်မှု သိပ်မကွာသူ ဖြစ်သည်။ အခုလည်း သူမ ပုံစံလေးက ကြည့်ရှုတာ အဆင်ပြေသည်။

ရွှေညိုရောင်တွေ ဖောက်ဆိုးထားသော လှပဆန်းပြား သည့် ဆံပင်ကို ခပ်မြင့်မြင့် စုစည်းထုံးထားကာ ကပိုကရို ဝဲကျ နေသော ဆံနွယ်စတွေသည် လေတိုးသဖြင့် ပါးပြင်လေးတွေကို လွင့်ရိုက်နေပုံမှာ ချစ်ဖို့ကောင်းသည်ဟု ထင်ပါသည်။ အဖြူရောင် ချည်သားအင်္ကျီပွပွကြီးကို ခပ်မိုက်မိုက် ခါးပတ်ကြီးကြီးတစ်ခု ပတ်ထားကာ အပြာနုရောင် သရီးကွာတားဖြင့် လွတ်လပ်ပေါ့ပါး စွာ ဝတ်ဆင်ထားသော ချစ်သူသည် တွဲဖက်သရုပ်ဆောင်သော မင်းသားကို ဘာတွေမှန်းမသိ၊ ဟာသလုပ်ကာ ပြောင်ပြနေသည်။



ဒီကောင်မလေးကို သူ သဘောကျ[illegible] အဲဒီလို sweet ဖြစ်တာတွေကိုပဲ ဖြစ်သည်။ ဒါပေမဲ့ တစ်ခါ[illegible] မှာ ဟဲဗီးတွေကို ဟာသလုပ်ပစ်တတ်တာကတော့ တ[illegible] ဆိုးလွန်းပါသည်။ သူက သူမကိုငေးကာ ကြည့်နေတုန်းမှာပဲ ရှုံတင်ပြီးသွားဟန်တူသည်။ နာရီကို တစ်ချက်ကြည့်လိုက်သော အခါ ညနေငါးနာရီထိုးပြီးခါစ၊ မိုးသက်လေနှင့်အတူ မိုးစက်ပွင့် တို့က တစ်ပေါက် နှစ်ပေါက် ဝဲလာချိန်ဝယ် သူက ချစ်သူရဲ့ အနားသို့ လျှောက်လာခဲ့သည်။

ချစ်သူသည် သူမရဲ့အဖော်တစ်ယောက်နှင့် စကား ပြောနေကာ သူ လျှောက်လာတာကို မမြင်သေးပါ။ ဘေးတိုက် မကျတကျ မြင်နေရသော သူမရဲ့ ဘေးတစောင်း အနေအထား လေးသည် ဓာတ်ပုံအရိုက်ခံတော့မည့် ပို့စ်တစ်မျိုးလို လှပစတိုင်လ် ကျနေသည်။ ငွေရောင်နားကွင်းကြီးများသည် ခေါင်းငုံ့ကာ စကား ပြောနေသောအခါ လှုပ်ခတ်သွားကြသည်။ သူမကို လူတွေစိတ်ဝင် စားကြတာ ပွင့်လင်း ရိုးသားသော စတိုင်လ်တွေကြောင့်ဆိုတာ ဘယ်လိုမှ မမှားနိုင်ပါ။

"အေး ... အဲဒါ နင်လိုက်မှာလား၊ အခု ပြီးပြီပဲ။ တစ်ခါ တည်း သွားမယ်လေဟာ"

"အင်း ... အဲဒါဆို မားသားကြီးဆီ ဖုန်းဆက်ဦးမယ်။ ငါက ဒီကပြီးတာနဲ့ ပြန်လာမယ် ပြောခဲ့တာ"

"ဪ ... ရိုပို့တ်ကလည်း တင်ရသေးတယ်"

"သိတယ်မှလား၊ ကိုယ်တို့က သမီးလိမ္မာလေးလေ"

www.burmeseclassic.com

www.burmeseclassic.com



သူမက ပြောင်စပ်စပ်နှင့် ပြန်ပြောကာ ဘောင်း အိတ်ကပ်ထဲမှာ ဖုန်းကိုထုတ်ယူနေသည်။ အဲဒီအချိန်မှာပဲ မိုးစက် တွေကလည်း ကျလာခဲ့ပြီဖြစ်သည်။

"လာပါဟာ၊ ကားပေါ်ကျမှပဲ ဆက်စမ်းပါ၊ မိုးကျလာပြီ"

သူမအဖော်က မိုးရွာလာသဖြင့် သူမလက်ကို ဆွဲ ခေါ်သည်။ အဲဒီအချိန်မှာပဲ ဒီဘက်သို့ ဖျတ်ခနဲ လှည့်လိုက်သော ချစ်သူသည် သူ့ကို မြင်သွားသည်။ သူက ဒီလိုလှည့်လာမယ်မှန်း သိသဖြင့် ကြိုတင်ပြုံးပြထားလေရာ သူ့အပြုံးကို မြင်သွားသော ချစ်သူသည် ရုတ်တရက် ရှောခ်ရသွားဟန်တူသည်။ ဝိုင်းစက်သွား သော မျက်လုံးများသည် ကမ္ဘာပေါ်မှာ အပြစ်အကင်းဆုံး ကလေး ငယ်တစ်ယောက်ရဲ့ မျက်လုံးမျိုးနှင့် တူပါသည်။

သူက အဲဒီမျက်ဝန်းတွေထဲ နွေးနွေးထွေးထွေးပြုံးပြ လိုက်ကာ သူမကို ခပ်တိုးတိုး ခေါ်လိုက်သည်။

"ညီမလေး"

သူ့အပြောကြောင့် သူမ မတ်ခနဲ ဖြစ်သွားဟန်တူ သည်။ မိုးတွေကလည်း နည်းနည်းစိပ်စိပ် ရွာလာပြီဖြစ်သည်။ ကန်ပေါင်ပေါ်က လူတွေအားလုံး လှုပ်လှုပ်ရွရွနှင့် ပြေးလွှားနေ ကြသည်။ ချစ်သူရဲ့အဖော်ဖြစ်သူက သူနှင့် ချစ်သူကို တစ်လှည့်စီ ကြည့်ကာ "ဟဲ့ ... ချစ်သူ"ဟု သတိပေးသည်။

ချစ်သူက သတိလည်လာသောသူလို "ဪ ... အင်း"ဖြစ်ပြီးမှ သူ့ကို ယောင်ယမ်းပြီး မေးတစ်ချက် ဆတ်ပြသည်။

"ဟဲ့ ... နင်က ဘယ်လိုလဲ"

"ငါ မလိုက်တော့ဘူးလေ"



"ဪ ... နင်က"

သူမ သူငယ်ချင်းက သဘောပေါက်သွားဟန်ဖြင့် ထွက်သွားသည်။ မိုးစက်တွေက သူတို့နှစ်ယောက်ပေါ်သို့ အတား အဆီးမဲ့စွာ တဖြောက်ဖြောက်နှင့် ကျလို့လာသည်။ သူ့ကိုကြည့် နေသော ချစ်သူရဲ့ မျက်ဝန်းတွေသည် ဘာစကားမှ ပြောစရာမလို အောင် စကားလုံးတွေနှင့် ပြည့်နှက်နေလျှင် သူသည် အဲဒီမျက်ဝန်း တွေကို မှတ်သိပ်တမ်းတစွာ ဆောင်ယူချင်လာသည်။

"ကိုကြီး"

ချစ်သူရဲ့နှုတ်ဖျားမှ အဲဒီစကားတစ်ခွန်း ခုန်ထွက် လာခဲ့လျှင်တော့ သူသည် ရုတ်တရက် ချစ်သူရဲ့ လက်ကောက် ဝတ်တစ်ဖက်ကိုဆွဲကာ လှေကားရှိရာလမ်းအတိုင်း လှည့်ပြေးမိ သည်။ ပထမတော့ ကြောင်နေဟန်ရှိသည့် ချစ်သူဟာ သူ ပြေး ခေါ်ရာနောက်သို့ ခြေလှမ်းတွေက ပါမလာသေး။

"လာ ... ညီမလေး၊ မိုးသည်းလာပြီ"

ဒီတော့မှ အခြေအနေကို သဘောပေါက်ဟန်တူသော ချစ်သူရဲ့ခြေလှမ်းတွေဟာ သူ့နောက်မှာ သွက်သွက်ပါလာသည်။ သူက နည်းနည်းစောင့်လိုက်သောအခါ လှေကားထစ်တွေကို သူနဲ့ အတူတူ ပြေးဆင်းလို့ ရသွားသည်။ မိုးသည်းကြားထဲမှာ ကောင်မလေးတစ်ယောက်ရဲ့လက်ကိုဆွဲပြီး ပြေးရသောအရသာ ဟာ နှလုံးသားကို ကြည်နူးလွတ်လပ်စေကြောင်း သူ အခုမှသိမြင် နားလည်လာရတော့တာဖြစ်သည်။ သူသည် ကန်ပေါင်ရဲ့တစ်ဖက် မှာရှိသော Moon Bakery ဆိုင်လေးထဲသို့ ချစ်သူကို လက်ဆွဲပြီး ပြေးတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းကူးဖို့အတွက် ကားအရှင်းကို စောင့်နေတုန်း သူက ချစ်သူကို လှည့်ပြုံးပြမိသည်။ အဲဒီအချိန်အထိ သူမလေးရဲ့လက်တွေကို သူ မလွှတ်သေးပါ။ ချစ်သူကလည်း သူ့ကို နားလည်သော အပြုံးတစ်ပွင့်ဖြင့် မော့ကြည့်ကာ ပြန်ပြုံးပြလျှင် သူတို့ကြားထဲ၌ သမုဒ္ဒယတစ်ခုက ပေါက်ဖွားသွားခဲ့ပြီ ဆိုတာကို နားလည်ရပါသည်။

ကားတစ်စီးရှင်းသွားလျှင် သူက ချစ်သူ့လက်ကို ဆွဲလျက် Moon Bakery ဆိုင်လေးထဲသို့ ပြေးဝင်ခဲ့သည်။ ဆိုင်ထဲကလူတွေက သူတို့နှစ်ယောက်ကို အကဲခတ်ကာ ချစ်သူကိုတော့ မော်ဒယ်လ် မိုးချစ်သူမှန်း ရိပ်မိစွာဖြင့် ကွက်ကြည့် ကွက်ကြည့် လုပ်နေကြသည်။ သူနှင့် ချစ်သူသည် ဒန်းစင်လေးနှစ်ခုဖြင့် မျက်နှာချင်းဆိုင် ထိုင်ရသော စားပွဲလေးကို ရွေးချယ်လိုက်ကြသည်။

သူက ရေစိုနေသော ဆံပင်တွေကို တစ်ချက်နှစ်ချက်ခါကာ ...

"ချစ်သူ ကော်ဖီပူပူလေးပဲ သောက်မယ် မဟုတ်လား"

သူ့အမေးကို သူမက ညှောင်နာနာလေးသံဖြင့် "ဟုတ်"ဟုဖြေသည်။ အနည်းငယ် ရှက်နေသလိုဖြစ်သည့် ကောင်မလေး၏ပုံစံမူကွဲလေးကိုကြည့်ကာ သူက လှစ်ခနဲ ပြုံးမိသည်။

သူက သူမကို နောက်ချင်လာသောစိတ်ဖြင့် ...

"ချစ်သူ ကိုယ့်ကို အဖြေပေးပြီးပြီပေါ့နော်"

ဒီတော့မှ သူမက လှုပ်လှုပ်ရှားရှား ဖြစ်သွားသော ပုံစံဖြင့် ...

"အမယ် ... ဘယ်တုန်းက ပေးလို့လဲ၊ ပေးပါဘူး"



"ပေးပြီးပါပြီ။ ခုနကပဲ ပေးလိုက်တာ"

"ဟယ် ... ကြံကြီးစည်ရာ၊ စကားတောင် အခုမှ စပြောတာပါနော်"

"သြော် ... စကားနဲ့ပြောမှ အဖြေပေးတာလား ချစ်သူရယ်။ ချစ်သူရဲ့မျက်လုံးတွေက စကားမပြောဘဲ နေတာမှ မဟုတ်တာ"

သူက စကားကို မဆက်တော့ဘဲ သူမကို မျက်စပစ်ပြလိုက်လျှင် ချစ်သူက ရှက်ရိပ်စွန်းနေသော မျက်စောင်းလေးတစ်ချက်ဖြင့် တုံ့ပြန်သည်။ အဲဒီအချိန်မှာပဲ ဝိတ်တာ ရောက်လာသဖြင့် သူက ကော်ဖီနဲ့ မုန့်တချို့ကို မှာလိုက်သည်။

ချစ်သူကတော့ အိပ်မက်တစ်ခုလို ပြောင်းလဲသွားသော အခြေအနေ တစ်ခုအတွက် ရင်ထဲမှာ ဝမ်းသာရမလို ဝမ်းနည်းရမလို ဖြစ်နေလေသည်။ အခုနကကို သီချင်းရိုက်သောအခါ သူ့ကို ချစ်သူ အလွန်အမင်း သတိရနေခဲ့သေးသည်။ ဒီလူတစ်ယောက် တော်တော့်ရက်စက်နိုင်ပါလား ဟူသော အတွေးဖြင့် ခံစားကြေကွဲနေခဲ့ရသေးသည်။ ဒီလို မိုးဖွဲဖွဲတွေကြားမှာ အင်းလျားကန်ပေါင်ပေါ်၌ သူ့ကို ကဗျာဆန်စွာဖြင့် မထင်မှတ်ဘဲ ပြန်တွေ့ရလိမ့်မည်ဟု လုံးဝမျှော်လင့်မထားခဲ့ပါ။

တစ်လနီးပါးလောက် မတွေ့ရတာ ကြာပြီဖြစ်သော သူသည် ဘာမှသိပ်ပြောင်းလဲမသွားပါ။ ခါတိုင်းလိုပဲ ကြည့်ကောင်းချောမောဆဲ ဖြစ်ပါသည်။ အဖြူရောင်ပေါ်တွင် အနက်ရောင်ကွမ်းရိုးစင်းလေးများ ပါဝင်သော Alter ရှပ်ကို လက်ခေါက်ပြီး ဝတ်ဆင်ထားတာက သူ့ရဲ့စတိုင်လ်လိုပဲ ဖြစ်သည်။ သူ့ကိုကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် Gentelman ကိုမှ Alter စတိုင်လ် ဖြစ်နေတတ်သည်။ သူ တီရှပ်ဝတ်တာကို ချစ်သူ တစ်ခါမှ မမြင်ဖူးပါ။ စပို့ရှပ်ကိုတောင် တစ်ခါတလေမှ ဝတ်တတ်၍ များသောအားဖြင့် ရှပ်အကျီများကို လက်ခေါက်ဝတ်တတ်ကာ ကော်လာတစ်ဖက်ကို ထောင်ထားခြင်းသည် သူ့စတိုင်လ်ဖြစ်သည်။

ပြီးတော့ ချစ်သူ သတိထားမိသလောက်မှာ သူဝတ်သော ဘောင်းဘီများသည် စတိုင်လ်ပန်တွေ မဟုတ်ဘဲ Skinny (စကင်(န်)နီ)ဘောင်းဘီ အမျိုးအစားတွေဖြစ်သည်။ အဲဒီဘောင်းဘီတွေမှာ စတိုင်လ်ဘောင်းဘီတွေလို ယောကျ်ားတိုင်းဝတ်၍ ကြည့်မကောင်းသော ဘောင်းဘီမျိုးဖြစ်သည်။ ဆိုလိုတာက စတိုင်လ်ဘောင်းဘီတို့မည်သည် ပုပုကွကွ၊ ရှည်ရှည်မျောမျောဝတုတ်ဗိုက်ပူ၊ ပိန်ညှောင်အရိုးငေါက်ဂက် မည်သူပဲဝတ်ဝတ်ဝတ်လို့ဖြစ်သည်။ လူမရွေး၊ ဘော်ဒီမရွေး။

ဒီ Skinny ဘောင်းဘီတွေကျတော့ ဝတ်ဆင်မည့်အမျိုးသားများသည် ရုပ်မဖြောင့်တောင် ဘော်ဒီဖြောင့်ဖို့ လိုအပ်သည်။ အရေးအကြီးဆုံး အချက်မှာ လုံးဝအရုပ်ပုံ၍မရ၊ လုံးဝဗိုက်ထွက်၍မရ။ သို့မှသာ Skinny ဘောင်းဘီများနှင့် ဝတ်ဆင်ထားသူမှာ အချိုးအစားကျနကာ လှပနေမည်ဟူသတတ်။ ချစ်သူ၏ ကိုကြီးသည် အဲဒီဘောင်းဘီမျိုးတွေချည်းဝတ်ကာ အမြဲစမတ်ကျနေသောသူဖြစ်သည်။

"ချစ်သူ ဘာတွေ စဉ်းစားနေတာလဲ"

"ဟင် ... သြော် ... ဘာမှမစဉ်းစားပါဘူး"

"ချမ်းနေလား၊ ကော်ဖီသောက်လေ"



သူက ရောက်လာသော ကော်ဖီခွက်ကို ချစ်သူရဲ့ရှေ့သို့ တိုးပေးသည်။ ချစ်သူသည် အစကတော့ အဲဒီလောက်မချမ်းပါ။ အခုမှပဲ ခြေဖျားလက်ဖျားတွေ အေးချင်သလို ဖြစ်လာကာ ရှေ့မှ ကော်ဖီပူပူကို ယူသောက်မိသည်။ အလုပ်မရှိပြောစရာစကားမရှိလေတိုင်း ကော်ဖီတွေချည်း စွတ်သောက်နေသော ချစ်သူကို သူက ...

"ချစ်သူ ကိုယ့်ကို စိတ်ဆိုးနေတာလား"

"စိတ်ဆိုးတာက ဘယ်သူလဲ"

ချစ်သူရဲ့အမေးကို သူက ဟက်ခနဲရယ်သည်။ ပြီးတော့ ကော်ဖီတစ်ငုံကို ယူသောက်ရင်း ...

"စိတ်ဆိုးတာ မဟုတ်ပါဘူးကွာ။ ဘယ်လိုပြောရမလဲ"

"စိတ်ကောက်တာပေါ့"

"အင်း ... စိတ်ကောက်တာလည်း မဟုတ်ပါဘူး။ ကိုယ်ကမင်းကို တကယ့်ခံစားချက်တွေနဲ့ ပြောနေတဲ့အချိန်မှာမင်းက ဟာသလုပ်ပစ်လိုက်တော့ စိတ်ထဲမှာ တင်းသွားတာပေါ့ ...

နည်းနည်းလည်း ခံရခက်သွားတာပေါ့။ ချစ်သူကကိုယ့်ကို နားလည်မပေးဘူး ဆိုပြီး ဝမ်းနည်းသွားတာ Ur so unkind (မကြင်နာတဲ့သူပဲ)"

ချစ်သူက သူ့ကို မျက်စောင်းတစ်ချက် ပို့လွှတ်ရင်းမှ ...

"ဝမ်းနည်းတဲ့သူကလည်း တောက်ခေါက်ပြီး ဖုန်းချသွားတယ်နော်။ ပြီးတော့ ဖုန်းကိုတောင် ပိတ်ထားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကို စိတ်ဆိုးသွားတယ် ဆိုတာ သိသာစေတယ်။ ချစ်သူကို အဲဒီလောက်တောင် စိတ်ဆိုးရက်တယ်နော်"

ချစ်သူက အဲဒီနေရာအရောက်တွင် အသံကို ဘယ်လိုမှ မထိန်းနိုင်ဘဲ တုန်တောင် တုန်လို့သွားလေသည်။

သူက ချစ်သူကို နွေးထွေးသော မျက်လုံးများဖြင့် ငေးကြည့်လာကာ ...

"ကိုယ် ဖုန်းပိတ်တာ မဟုတ်ဘူး ညီမလေး၊ အဲ ... ဖုန်းကို ပိတ်တာတော့ ဟုတ်တယ်၊ ဒါပေမဲ့ ညီမလေးကို စိတ်ဆိုးလွန်းလို့ တမင်ပိတ်ပစ်တာ မဟုတ်ဘူး၊ ဖုန်းချပြီး ဖုန်းကို အိတ်ကပ်ထဲ ထည့်တဲ့အချိန်မှာ Rain Coat က ရေစိုနေတော့ ချော်ပြီး ဖုန်းကလွတ်ကျသွားတာ ...

ရေဝင်သွားလို့ ဖုန်းပျက်မှာစိုးတာနဲ့ ခေါက်ခဲထုတ်ပြီး Power off လုပ်ထားလိုက်ရတာပါကွာ။ မင်း ထပ်ဆက်မှာစိုးလို့ ဖုန်းပိတ်လိုက်တာ လုံးဝမဟုတ်ပါဘူး ...

ကိုယ်က မင်းကို အဲဒီလောက်ထိ လုပ်ပါမလား ညီမလေးရယ်"

ချစ်သူသည် အဲဒီတုန်းက ဘာတွေပဲ သေလုအောင် ခံစားခဲ့ ခံစားခဲ့၊ သူ့အကြောင်းပြချက်က ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ နောက်ဆုံးအပြောလေးတစ်ခုနဲ့တင် ကြေသက်ဆင်းသွားရပြီဖြစ်သည်။ ချစ်သူရဲ့နှလုံးသားတွေဟာ သူ့အပေါ်မှာ ဘာကြောင့်များ မတင်းမာနိုင်ဘဲ ပျော့တော့တော့ ဖြစ်နေရတာပါလိမ့်။ ချစ်သူရဲ့နံဘေးမှာ ပြားပြားဝပ်ပြီး ဝိုင်းဝိုင်းလည်နေသော ယောကျ်ားလေးတွေကို ဘယ်လိုမှ စိတ်မဝင်စားနိုင်ဘဲ သူလို ခပ်



ပြတ်ပြတ်လူတစ်ယောက်ကိုမှ စိတ်ဝင်စားသွားမိတာ၊ ရင်ထဲမှာ နေရာပေးမိတာ ဘာကြောင့်များ ဖြစ်နိုင်မလဲ။

ချစ်သူ တွေးနေတုန်းမှာပဲ ဆိုင်ထဲမှာ သီချင်းသံလေးက စတင်လွှင့်ပျံလာသည်။

"မချစ်တတ်လို့ မဟုတ်ဘူးကွာ ... အချစ်ငတ်လို့ ရှာလည်ခဲ့တာ ... ဒီလောကီသားမို့ ရှောင်လွှဲရန်ခက်လို့ ... တစ်ခါ တလေမှားခဲ့တာ ... ယုံကြည်ပြီးတော့ မင်းသာမြန်ချစ်ရင် ... ကိုယ့်သစ္စာ ထာဝရတည်စေမှာ ...

အခိုက်အတန့် မဟုတ်တဲ့ တွယ်တာခြင်းများ ပေးချင်သူ ... အချစ်နဲ့ မကစားတတ်သူ ... စိတ်အလိုကို မလိုက်ရဲဘူး ... တစ်ဘဝလုံး ချစ်မယ့်သူ ... တစ်ယောက်ဆို တစ်ယောက် ... ထာဝရကြင်နာချင်သူ ...

NG II K အဖွဲ့ သီဆိုထားသော "တစ်ဘဝလုံးချစ်မယ့်သူ"သီချင်းကို သူက ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်ပြီးလျှင် ...

"အဲဒီသီချင်းလေးကို ကိုယ် ဆိုပြနေတယ်လို့ သဘောထားပြီး နားထောင်ပေး ချစ်သူ။ ကိုယ့် ခံစားချက်နဲ့ တော်တော်တိုက်ဆိုင်တယ် သိလား ...

ကိုယ်လည်း မချစ်တတ်တဲ့ကောင် မဟုတ်ပါဘူး ချစ်သူရာ။ ချစ်တတ်လွန်းလို့ ခက်နေတာ။ ချစ်တတ်လို့ တစ်ခုခုဆို အရမ်း Sensitive ဖြစ်တတ်တာ။ အချစ်ငတ်နေလို့ ရှာလည်နေရတဲ့ကောင်ပါ။ ချစ်သူသာ ကိုယ့်ကို နားလည်ပေးရင်လေ တစ်ဘဝလုံး ချစ်မဲ့သူပါ"

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ"

ချစ်သူသည် ပါးစပ်ကသာ ပြောမိပြောရာ ပြောလိုက်ရသော်လည်း အဲဒီအပြောအတွက် ရင်ထဲမှာ ပရမ်းပတာခုန်နေတာကို ကိုယ့်ဘာသာကိုယ်ပဲ သိလေသည်။

"ချစ်သူ ... ကိုယ့်ကို ချစ်လား"

"အာ ... ဘာတွေလာမေးနေတာလဲ"

"ဟာ ... ချစ်သူပဲ ကိုယ့်ကို ပြောထားတယ်လေ။ ကိုယ်ရန်ကုန်ကိုရောက်ရင် အဖြေပေးမယ်လို့။ ချစ်သူနော် ... ကိုယ့်ကို အဲဒီလို အပျော်မကြံနဲ့နော်။ ဒီအခြေအနေရောက်မှတော့ မင်း ကိုယ့်ကို ငြင်းလို့မရဘူးတော့ဘူး။ အားလုံးလွန်ကုန်ပြီ"

"အောင်မယ် ... ဘာဒီအခြေအနေလဲ၊ ပြောပုံကြီးကိုကသူများကြားရင် မဟုတ်က ဟုတ်က ထင်ဦးမယ်"

"ဟုတ်တယ်လေ ... ချစ်သူရဲ့လက်ကိုဆွဲပြီး ကိုယ်တို့ကန်ပေါင်ပေါ်ကနေ ပြေးဆင်းလာတာ လူတိုင်းမြင်တာပဲ။ ဒီနှစ်ယောက်ကို လူတွေက ဘယ်လိုသတ်မှတ်ပေးကြမှာလဲ ...

ဒီဆိုင်ထဲက လူတွေကလည်း ချစ်သူကို အားလုံးသိနေ ကြည့်နေကြတာပဲ။ မိုးချစ်သူ တစ်ယောက်တော့ ရှူတင်ပြီးတာနဲ့ သူ့ကိုကိုနဲ့ အတူတူ Moon Bakery ထဲ ပြေးဝင်လာတယ်လို့ ပြောကြမှာပဲ။ ဒါတွေ ချစ်သူကပိုသိပါတယ်။ ဟုတ်တယ်မှလား ... ပြော"

သူ ပြောတာတွေက ဟုတ်နေသဖြင့် ချစ်သူသည် မျက်စောင်းတစ်ချက်ထိုးလျက် ဘာမှမဆိုင်ဘူးဟူသာ တိုးဖွဖွ



ရေရွတ်မိသည်။ ချစ်သူရဲ့ရင်တွေသည် အင်းလျားရေပြင်က လှိုင်းကြက်ခွပ်တွေလို တလိမ့်လိမ့် တလူးလူးဖြစ်ကာ ငြိမ့်ညောင်းနေသည်။ မျက်နှာချင်းဆိုင်က လာရောက်ရိုက်ခတ်နေသော မျက်ဝန်းတွေရဲ့ဒဏ်ကို ချစ်သူမှာ အလူးအလဲကို တောင့်ခံထားရလေသည်။

"ချစ်သူ အဖြေပေးတော့ကွာ"

"နေပါဦး ကိုကြီးရယ်၊ ချစ်သူ ..."

"အင်း ... ချစ်သူ ဘာဖြစ်လဲ၊ ပြော"

ချစ်သူသည် ဘာပြောရမှန်းမသိ ဖြစ်နေတုန်းမှာပဲ မျက်လုံးက နံရံရှိ စင်ပေါ်တွင် ချိတ်ထားသော TV ကို သွားကြည့်မိသည်။ VCD ထဲတွင် သရုပ်ဆောင်သည့် ကောင်လေးနှင့်ကောင်မလေးက ဘတ်ဒေးကိတ်တစ်လုံးကို အလယ်မှာချကာ ဝိုင်းတစ်ပုလင်းကို ဖောက်နေကြသည်။ ကြည့်ရတာ ကောင်လေးရဲ့မွေးနေ့ ဖြစ်ဟန်တူပါသည်။ ကောင်လေးက ဖယောင်းတိုင်တွေကိုမှုတ်သည်။ မွေးနေ့ပွဲကို ချစ်သူနှစ်ဦးတည်း ကျင်းပနေကြခြင်းဖြစ်သည်။

ချစ်သူသည် အဲဒီပြကွက်ကိုကြည့်ကာ ရင်ထဲတွင်လင်းခနဲ ဖြစ်သွားသည်။ နားထဲတွင်လည်း ဟိုတစ်ရက်က ဦးလင်း ပြောလိုက်သော အသံတို့ကို ကြားယောင်လာသည်။ ရှေ့လတစ်ရက်နေ့ဟာ ဒီကောင့်မွေးနေ့ဟ ဟူသော အပြောသည် ချစ်သူ၏နှလုံးသွေးတွေကို တဒိတ်ဒိတ်နှင့် တိုးလာစေပါသည်။

ကိုကြီးရယ် ... ချစ်ပါတယ်ဆိုတဲ့ တန်ဖိုးရှိသည့် အဖြေလေးကို ဘာဖြစ်လို့ ဒီနေရာမှာပဲ ပြီးစလွယ် ထုတ်ပြောလာ

www.burmeseclassic.com

www.burmeseclassic.com



သွား လမ်းကြုံသဘောမျိုးနဲ့ ပေးခဲ့ရမလဲ။ တစ်သက်တာ
အမှတ်တရဖြစ်စေဖို့ ကိုကြီး မွေးနေ့မှာပဲ ပေးမှာပေါ့။ ချစ်သူသ
အဓိပ္ပာယ်ရှိသော အတွေးစိတ်ကူးလေးနှင့်အတူ နှုတ်ခမ်းတွေ
ကြည်နူးရိပ်တွေဖြင့် တဖြည်းဖြည်းကော့တက်ကာ ပြုံးလာသ

ကြည့်စမ်း ... ကာယကံရှင်တော့ မသိ။ ချစ်သူ
တော့ သူ့ကိုယ်စားတောင် ရင်မှာကြည်နူးစိတ်က ငယ်ထိ
ဆောင့်တက်လာသည်။ ချစ်သူသာ ယောကျ်ားလေးတစ်ယော
ဆိုလျှင်တော့ ကိုယ့်မွေးနေ့မှာ ကိုယ်ချစ်တဲ့ကောင်မလေးက အ
ပေးလိုက်တာလောက် လက်ဆောင်းခတ်စရာ ကောင်းသည့်
မျိုး မရှိတော့ဟု ထင်သည်။ ပြီးတော့ ဒီလိုကိစ္စမျိုးက တမင်လ
သိပ်ဖန်တီးလို့မရ။ နည်းနည်းကြုံခဲ့သော ကိစ္စမျိုးဖြစ်သည်။ ကိ
အဖြေပေးမည့်အချိန်နှင့် သူ့မွေးနေ့ကလည်း တစ်နှစ်လောက်
နေရင်လည်း သိပ်အလုပ်မဖြစ်နိုင်ချေ။

"ချစ်သူ ဘာတွေ စဉ်းစားနေတာလဲကွာ။ ကိုယ့်ကို အ
မလုပ်စမ်းပါနဲ့"

"လုပ်ပါဘူး"

"လုပ်ပါဘူးဆိုရင် ပြောတော့လေကွာ။ ချစ်တယ်ဆ
စကားလေးတစ်ခွန်း ပြောဖို့အရေး ကပ်စေးနဲနေလိုက်တာ

"ဩော် ... ကပ်စေးနဲလို့ မဟုတ်ပါဘူး။ ကဲပါ ... ခု
မပြောချင်သေးဘူး၊ ပလိစ် အဲဒါတော့ ချစ်သူကို နားလ
ပေးကွာ။ ခွတ်ကြီး မပြောပါနဲ့ ...

ကိုကြီး မပြန်ခင် ပေးပါ့မယ်"

"တကယ်နော် ... သေချာလား"



သူက လက်ညှိုးတစ်ချောင်းထောင်ကာ ချစ်သူ့ရဲ့ မျက်ဝန်းတွေထဲသို့ တည့်တည့်စိုက်ကြည့်ရင်း မေးသည်။ ချစ်သူသည် အဲဒီအရည်ပျော်မျက်ဝန်းတွေထဲသို့ လွမ်းမောစွာဖြင့် တရှိုက်မက်မက်ကြည့်ပြီး လွမ်းသမျှကို အတိုးချကာ အလွမ်းဖြေရသည်။ သူ့ကို အစက ချစ်တယ်လို့ပဲ ထင်ခဲ့တာ။ တကယ့်တကယ်တမ်းမှာတော့ ချစ်တယ်လို့ ထင်ရတာ မဟုတ်ဘဲ အရမ်းကိုပဲ ချစ်မိသွားပြီဆိုတာ သိလိုက်ရတာဖြစ်သည်။

ထင်တာနဲ့သိတာ ကြားထဲတွင် အချစ်သည် ကြီးမြတ်စွာ တည်ရှိနေခဲ့ပြီ။

"သေချာပါတယ် ကိုကြီးရယ်"

ချစ်သူရဲ့လှိုက်မောသော ဖြေသံအဆုံးတွင် သူက ဘာမှဆက်မပြောတော့ချေ။ ချစ်သူရဲ့ ရင်ခွင်တစ်ခုလုံးကို နားလည်စွာ သိမြင်သွားသည့်အလား အေးဆေးစွာ ပြုံးကြည့်လာသည်။ အဲဒီနေ့က မိုးသည်းတွေ စဲသွားတော့မှ ချစ်သူတို့နှစ်ယောက် Moon Bakery ဆိုင်လေးထဲမှ ထွက်ခဲ့ကြသည်။ အင်းလျားကန်ပေါင်ပေါ်မှ ထွက်နေသည့် သက်တံကြီးသည် ချစ်သူ့အတွက် အလှပဆုံး အိပ်မက်တစ်ခု ဖြစ်စေသည်။

သူ့ကားကို ကန်ပေါင်အပေါ်ဘက်နားတွင် ရပ်ထားခဲ့သည် ဖြစ်လေရာ အဲဒီကို ပြန်သွားဖို့အတွက် ကားလမ်းကိုပြန်ကူးရသည်။ ကားလမ်းအကူးတွင် ချစ်သူရဲ့လက်လေးတစ်ဖက်ကို ဖျတ်ခနဲ လာရောက်ဆုပ်ကိုင်သော်လည်း ချစ်သူ့မျက်နှာကို မကြည့်ပါ။ ဟိုဘက် ဒီဘက်က အပြိုင်းအရိုင်း မောင်းလာသောကားများကို အန္တရာယ်ကင်း မကင်း ကြည့်ရှုကာနေသည်။ ချစ်သူရဲ့လက်

www.burmeseclassic.com

www.burmeseclassic.com



ကို အသားယူပြီး ကိုင်တာမျိုးထက် ကာကွယ်စောင့်ရှောက်ချ
တဲ့စိတ်နဲ့ဆိုတာ သိရသော ချစ်သူသည် သူ့လက်တွေထဲလည်း
ရုန်းမထွက်တော့ပါ။

ဘယ်ကားကိုမှ မကြည့်တော့ဘဲ ကိုကြီးရဲ့ နော
နားမကျတကျ မျက်နှာကိုသာ ငေးနေမိခဲ့တော့သည်။ တစ်ခါတ
မှာတော့လည်း တရားဝင် ဖွင့်ဟခြင်းမရှိသေးသည့် အချစ်သ
ထွက်စပြုနေသည့် သက်တံတစ်ခုလိုပဲ မချင့်မရဲ လှပနေစေပါသည

❦ ❦ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၀၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



ကဗျာမမီ စာမပီတာ မဟုတ်ဘူး
ကဗျာလည်း မီတယ်
စာလည်း ပီတယ်
နေဝင်ရင် မိုးချုပ်တယ် ဆိုပေမယ့်
လမင်းကိုတော့ ထပ်ဆုံခွင့်ရှိသေးတဲ့ အခြေအနေမှာ
ရင်ထဲကို မင်းရောက်လာတာ
သိပ်အဆန်းကြီးတော့ မဟုတ်ပါဘူး။
တကယ်အံ့ဩဖို့ ကောင်းသွားတာက
မင်းနဲ့မှ ချစ်တတ်သွားတဲ့ ကိုယ့်နှလုံးသားပါ။

www.burmeseclassic.com

www.burmeseclassic.com



# ၉

သူ နိုးထလာသော နံနက်ခင်းသည် ကြည်ကြည်လင်လင် တောက်တောက်ပပကြီး မဟုတ်သော်လည်း သာယာသော နံနက်ခင်းတစ်ခု ဖြစ်ပါသည်။ နှစ်ရက်ဆက်တိုက် မိုးတွေ ရွာထားသဖြင့် နေသိပ်မပွင့်သော်လည်း မိုးလေအေးအေးဖြင့် နေ လို့ထိုင်လို့ကောင်းသော နံနက်ခင်းဖြစ်သည်။ သူက နိုးနေသော် လည်း ချက်ချင်းမထသေးပဲ ထုံးစံအတိုင်း အိပ်ရာထဲမှာ ဟိုလူး ဒီလိမ့် လုပ်နေလိုက်သည်။ ပြီးတော့မှ သူ့ဖုန်းကို သတိရသွား ကာ ခေါင်းအုံးဘေးက လှမ်းယူလိုက်ပါသည်။

ဘာမက်ဆေ့ချ်တွေ၊ ဘယ်လို Missed Calls တွေ များ ဝင်နေလဲဆိုတာ မနက်တိုင်း သူ ဖွင့်ကြည့်နေကြဖြစ်သည်၊ ဖုန်းကိုကြည့်လိုက်လျှင် Missed Calls မရှိဘဲ Message တစ်ခု သာ ဝင်နေပါသည်။ အင်း ... ဘယ်သူ့ဆီကပါလိမ့်။ သူက ဖွင့် ကြည့်လိုက်သည်။ ဖတ်လိုက်ရသော စာသားလေးသည် သူ့မျက် လုံးကို ကျယ်သွားစေပါသည်။



"HAPPY BIRTHDAY KO GYI

BIRTHDAY PRESENT IS ...

I LOVE U"

ဟာ ... ဘာပါလိမ့်။ စာသားတွေက လေးတန်း ကျောင်းသားလေးပင် ဖတ်တတ်သော ရိုးရိုးရှင်းရှင်း စာသားလေး တွေ ဖြစ်သော်လည်း သူသည် အဲဒီစာသားတွေကို မယုံကြည်နိုင် ဖြင့် ထပ်ခါထပ်ခါ ဘာသာပြန်နေမိသည်။ HAPPY BIRTHDAY ဆိုပါလား။

ဒီနေ့ဟာ သူ့မွေးနေ့ ဆိုတာတော့ သူ သိသည်။ နေတာမျိုးတော့ မဟုတ်ချေ။ သို့သော် စိတ်ထဲမှာ မွေးနေ့ရယ် သို့ ထူးထူးခြားခြားကြီး မခံစားရပဲ အမှုမဲ့ အမှတ်မဲ့သာ ကျော် ဖြတ်ခဲ့တာများသည်။ ငယ်ငယ်တုန်းကတော့ သူငယ်ချင်းတွေနှင့် နဲ့သွားစားတာတွေ ဘာတွေ ရှိခဲ့သော်လည်း ဒီအချိန်မှာတော့ အဲဒါမျိုးတွေလည်း စိတ်မဝင်စားတော့။

ဒါပေမဲ့ သူ့မွေးနေ့မှာ မွေးနေ့လက်ဆောင်အဖြစ် I LOVE YOU ဟူသော စာသားလေးကတော့ တကယ်ထူးဆန်း အံ့ဩဖွယ်ဖြစ်ကာ ရင်ခုန်စရာ ကောင်းပါသည်။ sender (ပေးပို့ သူ)နေရာကို ကြည့်လိုက်လျှင် သူ့ရင်တစ်ခုလုံး လှိုင့်ခနဲ ဖြစ်သွား သည်။

Chit thu ဟူသော အမည်နာမလေးတစ်ခုကို တွေ့ လိုက်ရလျှင် မျက်လုံးထဲ၌ ချစ်စဖွယ် ပြုံးပြတတ်သော ကောင်မလေး တစ်ယောက်ကို ချက်ချင်းပဲ မြင်ယောင်လို့လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟား ... ချစ်သူက သူ့ကို အဖြေပေးလိုက်တာပေါ့။ သူသည် အိပ်ရာထက်မှ ငေါက်ခနဲထထိုင်ကာ တစ်ယောက်တည်း အော်ရယ်မိသည်။ ကြည့်စမ်း ... ဒီကောင်မလေးထံက အဖြေကို ဒီလိုနေ့မျိုးမှာ ရမယ်လို့ သူ မျှော်လင့်မထားပါဘူး။ စိတ်ကူးလေးတွေကအစ ချစ်ဖို့ကောင်းသော ကောင်မလေးထံ သူက ဖုန်းခေါ်လိုက်သည်။ ဆယ့်ခြောက်နှစ်သား မဟုတ်တော့သော်လည်း သူ့နှလုံးသားတွေမှာ နံနက်ခင်းသစ်နှင့်အပြိုင် နုသစ်လန်းဆန်းလို့နေပါသည်။

ဖုန်းသံငါးချက်လောက် ဝင်သွားပြီးမှ သူမက ဖုန်းဖွင့်ကိုင်သည်။

"ချစ်သူ ညီမလေး၊ တကယ်လား၊ အဲဒါတကယ်လားဟင်"

"ဘာကိုလဲ"

သူမအသံက တစ်ဖက်မှာ ချိုနွဲ့နွဲ့ဖြစ်သည်။ သူသည် သူမထံက အဖြေရပြီဆိုသော်ငြား နှုတ်ဖျားကနေ တရားဝင်ပြောပြသော စကားလေးကိုလည်း ကြားချင်ပါသေးသည်။ ဒီကောင်မလေးရဲ့ ချိုနွဲ့သော ချစ်စကားသံလေးဟာ ဘယ်လောက်များချိုမြိန်မှာပါလိမ့်။

"ကိုယ့်ကို message ပို့ပေးထားတယ် မဟုတ်လား"

"အင်းလေ"

"ကိုယ့်ကို အဖြေပေးတာပေါ့၊ ချစ်တယ်ပေါ့၊ ဟုတ်လား"

"အင်း ... ဘယ်လိုပြောရမလဲ"

"မြန်မာလိုပဲ ပြောကွာ၊ မြန်မြန်ပြော၊ ကြားချင်လှပြီ"



တစ်ဖက်မှ ချစ်သူက သူ့ရဲ့အသည်းအသန်ပုံစံကို ချိုလွင်စွာ ရယ်မောနေသည်။ သူက အသည်းတယားယား ဖြစ်လိုလာပါသည်။ ဒီကောင်မလေးတော့ သူ့နားမှာရှိလျှင် လွယ်မည် မထင်ပါ။

"ချစ်သူ အဲဒီလိုကြီး ညှဉ်းနေမှာလား"

"မညှဉ်းပါဘူး၊ မညှဉ်းလို့လည်း ကိုကြီးအတွက် အမိပ္ပာယ်ရှိတဲ့ မွေးနေ့လေးတစ်ခု ဖြစ်စေခဲ့တာပေါ့"

"အင်း ... အဲဒီအတွက် ဝမ်းသာတယ်။ မင်းကို ကျေးဇူးလည်းတင်တယ်၊ ဒါပေမဲ့ မင်းနှုတ်ခမ်းက ကိုယ့်ကိုချစ်တယ်လို့ ပြောတာကိုလည်း ကြားချင်တယ်၊ ကိုယ့်ကိုချစ်လား"

"အင်း ... ချစ်တယ်"

မဆိုင်းမတွ ပြန်ဖြေလိုက်သော အဲဒီစကားသံလေးမှာ သူ ခဏ္ဍခဏတော့ မျောသွားခဲ့ပါသည်။ နှစ်ဦးကြားသည် ပြောင်းလဲသွားသော အခြေအနေတစ်ခုအောက်မှာ စကားမဆိုမိကြပဲ တိတ်ဆိတ်သွားကြသည်။ ပြီးတော့မှ သူက စကားစပြောမိပါသည်။

"ချစ်သူ အခု ဘယ်မှာလဲ"

"စတူဒီယိုမှာ"

"အင်း ... ကိုယ်ကတော့ ခုတင်ပေါ်မှာပဲ ရှိသေးတယ်။ အခုမှ နိုးတာ၊ နိုးနိုးချင်း ချစ်သူရဲ့ message ကို တွေ့လိုက်ရတော့ အရမ်းပျော်သွားတာပဲကွာ"

"အဲဒီလို ပျော်မယ်ဆိုတာကို သိပြီးသား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း … မင်း ကိုယ့်ကို ပျော်စေနိုင်တဲ့သူပါ၊ ချစ်သူ ညနေဘက် အားလား၊ မင်းကို ကိုယ် ဒင်နာကျွေးမယ်လေ၊ ဘယ်လိုလဲ"

"ညနေဘက်တော့ မအားသေးဘူး၊ ခုနစ်နာရီလောက်မှ အားတာ။ ချစ်သူ ညနေဘက် ထမင်းတော့ မစားချင်ဘူး၊ အကင်ပဲဖြစ်ဖြစ် အဲလိုမျိုး လိုက်ချ်ဖုတ်ဒ်တစ်ခုခု စားချင်တယ်"

"အိုကေ … အိုကေ … မင်းသဘော"

"ကိုကြီးက အခုမှ အိပ်ရာက နိုးတာလား။ ဆယ်နာရီ တောင် ထိုးတော့မယ်၊ ညက ဘယ်နှနာရီမှ အိပ်လို့လဲ၊ ဘယ်တွေလျှောက်သွားနေတာလဲ … ပြော …

အိမ်ပြန်နောက်ကျတယ် မဟုတ်လား"

စပါပြီ။ မိန်းကလေးတို့ရဲ့ ဇာတိစိတ်ကတော့ စပြီး ပြလာပြီ ဖြစ်သည်။ သို့သော် ဒါလေးတွေက ခပ်ပါးပါးဆိုလျှင် တော့ ကြည်နူးခံစားပေးလို့ ရပါသည်။

"အင်း … အိမ်ပြန်တာ နည်းနည်းနောက်ကျတယ်၊ ရောက် တုန်းရောက်ခိုက်ဆိုတော့ သူငယ်ချင်းတွေနဲ့ တွေ့နေတာ လေ၊ အပြင်မှာပေါ့"

"အရက်သောက်ကြတာလား"

ချစ်သူရဲ့အသံက စူကောက်ကောက်နှင့် ထွက်လာလျှင် သူက တဟားဟားပဲ အော်ရယ်မိသည်။ ဒီကောင်မလေး လည်း ဒါမျိုးတွေတော့ နားလည်သားပဲ။



"အင်း … ကိုယ် မင်းကို မညာချင်ပါဘူး။ သောက်တယ်၊ ဒါပေမဲ့ ဟိုလိုကြီး အများကြီး မဟုတ်ပါဘူး။ နည်းနည်း ပေါ့"

"ဟင် … နည်းနည်းလည်း သောက်တာပဲ။ အရက်သောက် တာ မကြိုက်ပါဘူး၊ မသောက်နဲ့"

"ဩော် … အမြဲတမ်းကြီး သောက်တာမှ မဟုတ်တာကွာ။ သူငယ်ချင်းတွေတွေ့လို့ သောက်ဖြစ်တာပါ"

"အမယ်လေး … အဲဒါ အကြောင်းပြချက်ကြီးပါ။ သူငယ် ချင်းတွေနဲ့တွေ့တိုင်း သောက်စရာလား။ ဒီအတိုင်း ထမင်း စားပြီး စကားပြောလည်း ရတာပဲ။ လျှောက်ပြောနေတယ် စကားတတ်တိုင်း"

"ကဲပါကွာ၊ အဲဒါတွေ ပြောမနေပါနဲ့။ ခုချိန်မှာ အဲဒါတွေ ပြောရမယ့်အချိန် မဟုတ်ဘူး။ ချစ်စ ကြင်စ အချိန်မှာ အချစ်အကြောင်းတွေပဲ ပြောမယ် …

ကိုယ့်ကို ချစ်လား"

"ချစ်ဘူး … အရက်သောက်တဲ့လူဆို မုန်းတယ်"

ချစ်သူသည် အဲဒီစကားကို ဘုတောပြောကာ ဖုန်း ကို ရုတ်တရက် ပိတ်ချလိုက်သွားလေသည်။ သူသည် မျက်ခုံးပင့်မိ လျက် သဘောတကျဖြင့် ရယ်မောမိသည်။ ချစ်သူဆိုသော ကလေးမသည် တစ်ခါတလေမှာ နားလည်မှုတွေ အများကြီးနှင့် လူကြီးဆန်သလောက် တစ်ခါတလေကျတော့လည်း တစ်ယုံ ပီဘိကလေးငယ်လေးလိုပဲ ဆိုးတတ်သူလေး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် သူ လိုချင်သော အဖြေတစ်ခုကို ရခဲ့ပြီဖြစ်သည့်အတွက် သူ စိတ်ချမ်းသာရသည်။ ကျေနပ်ရပါသည်။ ချစ်သူသည် သူ့အတွက် ပျော်ရွှင်မှုတွေကို ပေးစွမ်းနိုင်လိမ့်မည်ဟု မျှော်လင့်၍ ရလေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



ချစ်သူရဲ့ နောက်တစ်ရက် နံနက်ခင်းတွေသည် အဓိပ္ပာယ်ရှိသော ချစ်ခြင်းတရားများနှင့် ပြည့်စုံစွာ နိုးထလို့လာခဲ့သည်။ နံနက်ခင်းတွေမှာ နိုးထလာတိုင်း အရင်က သာမန်ပျော်ရွှင်ပြည့်စုံသော နံနက်ခင်းများ ဖြစ်ခဲ့သော်လည်း အခုနံနက်ခင်းတွေကတော့ အချစ်တစ်ခု ရှိခဲ့ပြီဟူသော အတွေးဖြင့် ပျော်ရွှင်ပြည့်စုံရပြီဖြစ်သည်။ ဘဝဟာ အရင်လို မဟုတ်တော့ဘဲ ချစ်ခြင်းတရားတစ်ခုထဲမှာ စီးမျောနေရပြီဟူသော အဖြစ်သည် ချစ်သူ၏ နေ့ရက်တွေကို အဓိပ္ပာယ်ရှိစွာ ပြီးမြောက်စေပါသည်။

ပြောရမယ်ဆိုလျှင် ချစ်သူသည် ကိုယ့်ကိုယ်ကိုယ် အချစ်အတွက် တစ်ဖန်မွေးဖွားခဲ့သူဟု တင်စားချင်သည်။ သူကတော့ ဘယ်လိုနေသလဲတော့ မသိပါ။ တကယ်တမ်းကျတော့ ချစ်သူတို့နှစ်ယောက်သည် ထင်ထားတာထက် ကွာဟမှုများသောလူတွေဆိုတာကို သိလာရသည်။ ချစ်သူက အရာရာကို နားလည်တတ်သော နှလုံးသားဖြင့် ကဗျာဆန်ဆန် ချစ်တတ်သော်လည်း သူက အဲဒီလိုမျိုး မဟုတ်ချေ။ အဲဒီအကြောင်းအရာကို နောက်တစ်ရက်မှာပဲ လက်တွေ့ကြုံပါသည်။ ချစ်သူသည် ရှုံးသွားဖို့ နိုးလာသော နံနက်ခင်းစောစောမှာပဲ သူ့ကိုလှမ်းနှိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနှင့် လှမ်းနှိုးခြင်းဖြစ်ကာ သူက တော်တော်နှင့် ဖုန်းမကိုင်ပါ။ ခဏကြာတော့မှ ဖုန်းဖွင့်ကာ အိပ်ချင်မူးတူးသံဖြင့် ...

"အင်း ... ဘယ်သူလဲကွာ၊ စောစောစီးစီး"

အမယ်လေး ... နံနက် ခုနစ်နာရီခွဲ ကျော်နေပြီကို များ သူက စောစောစီးစီးတဲ့။ ဖုန်းဆာပြောနေသော်လည်း ချစ်သူ မှန်း သိပုံလည်း မရပါ။ ချစ်သူသည် မျက်လုံးထဲတွင် သူ့ရဲ့အိပ်ချင်မူးတူးပုံစံကို မြင်ယောင်ကာ လှစ်ခနဲ ပြုံးမိသည်။

"ဘယ်သူလို့ ထင်လို့လဲ"

"အာ ... မသိဘူးကွာ၊ နောက်မှပြန်ဆက်"

သူက ဖုန်းကို ချက်ချင်းပိတ်ချလို့သွားလျှင် ချစ်သူ သည် ဘာမှတောင် ပြန်မပြောနိုင်ဘဲ ရုတ်တရက် ဆွံ့အကာ ကျန်နေရစ်ခဲ့လေသည်။ ယုံတောင် မယုံနိုင်ချေ။ ချစ်သူ မျှော်လင့် ထားတာက ဒီလိုပုံစံမျိုး မဟုတ်ပါ။ ချစ်သူသည် သူ့ရဲ့အသစ် စက်စက် ချစ်သူတစ်ယောက်၊ ပူပူနွေးနွေး ရည်းစားလေးတစ် ယောက် ဖြစ်သည်။ သူ့ထက်လည်း အသက်ငယ်ကာ သူကတောင် တယုတယ လုပ်ရဦးမည့်ဟာကို။ ကျွတ် ... သေစမ်းဟယ်။

ချစ်သူသည် တနုံ့နုံ့ဖြစ်လာသောစိတ်ဖြင့် သူ့ဖုန်းကို ပြန်ခေါ်မိပြန်သည်။ စိတ်ထဲမှာတော့ သူ့ကို သိပ်မကျေနပ်ချေ။ တကယ်ဆိုရင် ကိုယ့် ကောင်မလေးက လှမ်းနှိုးတာပဲ၊ မောနင်း ဘေဘီတွေ ဘာတွေ လာရမှာပေါ့။ တစ်ယောက်နဲ့တစ်ယောက် တီတီတာတာစကားလေးတွေ ခွေကာ သာယာကြည်နူးသော နံနက်ခင်းလေးဖြစ်ဖို့ ကောင်းတာပေါ့။ အခုတော့ ဘယ်လိုလူ ကြီးလဲ။



ဖုန်းကိုင်တော့ ဝင်သွားပြီ။ သူကလည်း တော်တော် နှင့် ပြန်မကိုင်ပါ။ ချစ်သူမှာ စိတ်ရှည်လက်ရှည်စောင့်ရင်း ရင် ထဲမှာလည်း ကျလိ ကျလိနှင့် အသည်းယားလို့လာသည်။ အသည်းယားတာ နည်းနည်းကြာမှ ဖုန်းကိုဖွင့်တော်မူကာ ...

"အင်း ... ပြောကွာ"

အသံက လျှာလေး အာလေး အိပ်ချင်မူးတူးသံ ဖြစ်ပေမယ့် ကရုဏာသက်ချင်စရာ မကောင်းတော့ဘဲ အမြင်ကတ် ချင်စရာပဲ ကောင်းလို့နေလေသည်။ သို့သော် ချစ်သူက စိတ်ကို လျှော့လိုက်ကာ ...

"မောနင်း ကိုကြီး။ မထသေးဘူးလား"

"အင်း ... အင်း ... မထသေးဘူး။ နောက်မှ ပြန်ဆက် လိုက်မယ်ကွာ၊ ဒါပဲနော်"

ဒီတစ်ခါတော့ ချစ်သူမှာ သည်းမခံနိုင်တော့ချေ။ ကိုယ့်ရည်းစားတစ်ယောက်လုံးဆီက အသံကိုတောင် စောစောစီးစီး မှ နားမဆင်လိုသည့် ယောကျ်ားဟာ ဘယ်လိုယောကျ်ားမျိုးပါ လိမ့်။

"ဘာမှ မဒါပဲနဲ့၊ ကိုကြီး ဖုန်းကိုမချနဲ့နော်။ ချစ်သူ ခဏ ခဏ ပြန်ခေါ်နေမှာ၊ ဘာဖြစ်တာလဲ"

"ဟာ ... ဘာဖြစ်ရမှာလဲ။ ဒီမှာ အရမ်း အိပ်ချင်နေတယ် လေကွာ။ စောစောစီးစီး နိုးသွားရင် ခေါင်းကိုက်တတ် တယ် ...

နောက်မှ ပြန်ဆက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး၊ နောက်မှလည်း ပြန်မဆက်နဲ့။ အခု ဆက်နေရင် အခုပြောရမှာပေါ့၊ ကိုကြီးက ဘယ်လိုရည်းစားကြီးလဲ၊ နှလုံးသားလည်း မရှိဘူး။ မမိုက်လိုက်တာ"

"မမိုက်တာက မင်း။ စာနာစိတ် မရှိဘူးကွာ။ အိပ်နေတာကို အလိုက်ကန်းဆိုး မသိဘူး။ သွားပြီကွာ၊ ဒီနေ့တစ်နေ့လုံးတော့ ခေါင်းကိုက်တော့မှာပါပဲ"

ခေါင်းကိုက်ရင်လည်း သေလိုက်တော့ပေါ့။ ချစ်သူသည် အဲဒီစကားကို ရင်ထဲမှာသာ ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲပြီးနောက် စိတ်ထဲမှာတော့ တွေးမိသော အကြောင်းအရာကို ဖော်ထုတ်လိုက်သည်။

"ခေါင်းက ဘာကိစ္စကိုက်ရမှာလဲ၊ အလကားနေရင်းနဲ့တော့ ကိုက်စရာအကြောင်း မရှိပါဘူး။ ညက သောက်ထားလို့ မဟုတ်လား ... ပြော"

"အာ ... မဟုတ်ပါဘူးကွာ။ ဒုက္ခပါပဲ လာရစ်နေပြန်ပြီ။ တော်ပြီကွာ ချစ်သူ၊ ကိုယ် ဖုန်းချတော့မယ်"

"မချရပါဘူး၊ မချနဲ့ဆို မချနဲ့၊ ဘာတုန်းဟ။ ကိုကြီးနော် အံ့ဩစရာကောင်းလိုက်တာ။ ကိုယ့်ရည်းစားက စောစောစီးစီး ဖုန်းဆက်တာတောင် ပြန်မပြောချင်တဲ့သူ၊ ဒီလိုလူက ချစ်သူကို ဘာချစ်တာလဲ။ ယုံချင်စရာ မရှိဘူး ... လျှောက်ပြောနေတာ"

"ဟား ... သေချင်တာပဲကွာ ချစ်သူရာ။ မင်း ဒီလောက် ရစ်တတ်လားကွာ"



"ရစ်တာက သမီး မဟုတ်ဘူး။ ကိုကြီး ! ကြုံဖူးပါဘူး၊ ချစ်သူကတော့ သူ့ကို လွမ်းလို့ သတိရလို့ ဆက်လိုက်တာကို။ ကိုကြီးက ဘာလို့မပြောချင်ရတာလဲ"

ပြောရင်းနဲ့ ချစ်သူက ဝမ်းနည်းလို့ လာလေသည်။ ချစ်သူသည် ဒီလို တုံ့ပြန်ခံရလိမ့်မည်ဟု လုံးဝမမျှော်လင့်ထားခဲ့ပါ။ ကိုကြီးထံက တီတီတာတာ ချစ်စကားလေးတွေကို နားဆင်ကာ ပျော်စရာကောင်းသော နံနက်ခင်းလေးတစ်ခု ဖြစ်လာလိမ့်မည်ဟု ရင်ခုန်ခဲ့ရတာဖြစ်သည်။ အခုတော့ ပူပူနွေးနွေးရထားသည့် ရည်းစားကိုတောင် သူက ရစ်သတဲ့။ သူ့ကို ချစ်သူက ရစ်သတဲ့။

"ကိုယ် အရမ်းအိပ်ချင်နေတယ်လေကွာ။ ဒီအချိန်က ကိုယ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တဲ့အချိန် ...

ကိုယ်မှ ဖုန်းပြောဖို့ စိတ်မပါဘဲ။ မင်းဖုန်းကို ဖွင့်နားမထောင်တာမှ မဟုတ်တာ။ ဖွင့်ပြီး ကိုယ် ပြောပြတာပဲ။ မင်းက နားလည်မှုမှ မပေးတာ"

ပြောလေ ကဲလေ ဖြစ်နေသော စကားတွေအတွက် ဒီဘက်မှာတော့ ချစ်သူသည် ရင်နင့်၍လာလေသည်။ ဘာမှမပြောချင်တော့သဖြင့် အံတစ်ချက်ကြိတ်ကာ ဖုန်းကိုပိတ်ပစ်လိုက်တော့သည်။ ဖုန်းပိတ်ပြီးတော့မှ ကျွတ် ... ကျက် ... တောက်တွေခတ်ကာ ချစ်သူရဲ့ရင်တွေ နိမ့်ချီ မြင့်ချီ ခုန်လျက်ရှိသည်။

ဘာကြီးလဲ။ နှလုံးသားမရှိတဲ့လူကြီး။ ချစ်သူသည် ဆိုင်ရမလို ထရမလိုဖြင့် ဆယ်မိနစ်ခန့် ပျာယာခတ်သွားသည်။ ပြီးတော့မှ ကိုယ့်စိတ်ကိုယ် ပြန်လျှော့ကာ ရှူတင်သွားဖို့ ပြင်ဆင်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ဖြစ်ချင်တော့ ဒီနေ့ ရှူတာင်ကလည်း ဦးလင်း ရိုက်မည့် ကြော်ငြာတစ်ခု ဖြစ်လေရာ ဦးလင်းက ချစ်သူကို မြင်တာနှင့် တစ်ခုခု စိတ်တိုလာမှန်း ချက်ချင်းရိပ်မိသည်။

"ချစ်သူ ... ရုပ်ကလည်း လောကကြီးကို အစာမကြေတဲ့ ရုပ်နဲ့ပါလား။ ဘယ်သူနဲ့ ဘာဖြစ်လာတာလဲ။ ဟိုကောင်ကတော့ မနေ့က ငါတို့ကို ပွဲပေးတယ်ဗျာ ...

ညည်းတို့ ဖိုင်းသွားကြပြီဆို။ ဒီနေ့တော့ ညည်း ကျွေးရမယ့်အလှည့်ပေါ့"

"ပွဲပေးတယ်ဆိုတော့ ဦးလင်းက နတ်ကတော်မို့လို့လား"

"ဟာ ... အသားလွတ်ကြီး လာဖိုက်နေပါလား။ ဒီအချိန်မှာ ညည်းအတွက် ကမ္ဘာလောကကြီးတစ်ခုလုံးက လှပနေရမှာလေ။ မြင်မြင်သမျှ အရာတိုင်းဟာ အချစ်ဓာတ်နဲ့ထိတွေ့ပြီး ..."

"တော်စမ်းပါ ဦးလင်းရာ။ ဒီမှာ ရေလည်တင်းနေတာနော်။ တကယ်တင်းနေတာ၊ စကားများများ မပြောချင်ဘူး၊ အမှားပါမိမယ်"

"ဟား ... အဆင်ကတော့ နာဂစ်ထက်တောင် ဆိုးနေပါလား။ ဘာတွေဖြစ်တာလဲ၊ ဘယ်သူနဲ့လဲ"

စိတ်ရှိလက်ရှိ အော်လိုက်ရလျှင်တော့ ဒီမေးခွန်းကိုပဲ စောင့်နေတာဟု အော်ရမည်ဖြစ်သည်။ လူ့သဘာဝဆိုတာကလည်း မကျေနပ်တာတွေကို တစ်ယောက်ယောက်အား ရင်ဖွင့်ပြမှ သက်သာသွားကြသည်ဟု ထင်ကြတာ တုံးစံဖြစ်လေရာ ချစ်သူ



သည် ဦးလင်းကိုတော့ သူနဲ့ပတ်သက်သူမို့ ပိုပြီးပြောပြချင်လေသည်။ ဒါကြောင့် ရင်ထဲမှာ ခံစားခဲ့ရသမျှ၊ ကြုံလာရသမျှ အဖြစ်အပျက်တွေကို စီကာပတ်ကုံး ပြောပြမိသည်။ ဦးလင်းက နားထောင်ပြီးလျှင် တဟားဟားနှင့်ရယ်ကာ ...

"သြော် ... ညည်းတို့ကလည်း တစ်ဒုက္ခ။ ဒီကောင် ညက အိပ်ရေးပျက်တယ်ဟ။ တို့နဲ့ လမ်းခွဲသွားတာတောင် တစ်နာရီထိုးနေပြီ ...

ပြီးတော့ ... သူက နဂိုတည်းက အိပ်ရေးအရမ်း မက်တဲ့ကောင်။ အိပ်ရေးမပျက်ရင်တောင် ပုံမှန်ဆိုရင် ဆယ်နာရီလောက်မှ နိုးတတ်တာဟ။ ဆိုက်ထဲမှာက စောစောဝင်ရတော့ ဒီရောက်တုန်း နှပ်တာ နေမှာပေါ့ဟာ ...

ညည်းကလည်း ကိုယ့်ချစ်ချစ်ပဲ နည်းနည်းပါးပါး နားလည်ပေးမှပေါ့"

"ဒီမှာ ဦးလင်း။ ချစ်သူ အဲဒီလောက် မသိမ်ဘူးဆိုတာ ဦးလင်းလည်း သိပါတယ်။ ပြေပြေလည်လည် ပြောရင်လည်း ရတယ် ...

အခုတော့ ဟန်တောင်မဆောင်နိုင်ဘူး။ အိပ်တာများ မအိပ်ဖူးတာ ကျနေတာပဲ၊ နောင် မအိပ်ရမှာ ကျနေတာပဲ။ တကယ်ဆို သြော် ... ညီမလေးလား၊ အေး ... အေး ... မောနင်း၊ နိုးပြီလား၊ ကိုယ်တော့ ညက အိပ်ရေးပျက်လို့ အိပ်ချင်သေးတယ်နော်၊ ဘာညာနဲ့ ကောင်းကောင်းမွန်မွန် ပြောလည်း ရတာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူနဲ့ ဘာမှမဆိုင်တဲ့မိန်းမက ဆက်သလိုပဲ တစ်စက်မှ feel မရှိမှန်း သိသာစေတယ်"

ချစ်သူသည် ပြောရင်းနဲ့မှ အသံတွေတောင် တုန်လာကာ ပူပူနွေးနွေး ထွက်ထားသော ဒေါသတွေက ပြန်ထွက်လို့လာရသည်။ ထိတ်လန့်စွာ တွေးမိသည်မှာ သူ ချစ်သူကိုတကယ်ရော ချစ်ရဲ့လား ဆိုတာကိုပဲ ဖြစ်သည်။ သူနဲ့ ချစ်သူ ရည်စားဖြစ်သွားတာသည် သိပ်မကြာသောအချိန်လေးအတွင်းမှာ ဖြစ်သွားကြခြင်းဖြစ်သည်။ သူ ကိုယ့်ကို တကယ်ချစ်လား မချစ်ဘူးလားဆိုတာကို မဝေဖန် မဆန်းစစ်နိုင်။ ကိုယ်ကတော့ သူ့ကို တကယ်ချစ်သွားတာ သေချာသည်။ သေချာလို့လည်း သူ့အတွက် အဓိပ္ပာယ်ရှိသော မွေးနေ့တစ်ခုကို ဖန်ဆင်းပေးခဲ့တာဖြစ်သည်။

သူ့မှာတော့ နံနက်ခင်း ဖုန်းလေးကိုတောင် မပြောနိုင်။ တောက် … အသည်းနာဖို့ ကောင်းလိုက်တာ။

"ကဲပါ ချစ်သူရယ်။ အဲဒီလောက်ကြီးလည်း ဒေါသထွက် မနေစမ်းပါနဲ့။ မလှဘဲ နေပါဦးမယ် …

ဘာပဲဖြစ်ဖြစ်ပါဟာ၊ မိုးခေါင်က နင့်ကိုတော့ တကယ်ချစ်တာပါ။ အဲဒါကိုတော့ ငါ သိပါတယ်"

ချစ်သူ ဆိုသော အရှုးမသည် အဲဒီစကားကို ကြားတာနှင့် မူတောင်မမူနိုင်ဘဲ ဦးလင်းဆီက သတင်းပြန်အစ်ဖို့ ကြိုးစားမိသည်။ မနေ့ညက သူတို့ အတူတူသောက်ခဲ့ကြတာပဲ။ လူဆိုတာ ထန်းရည်မူးရင် ကျွဲခိုးပေါ်သတဲ့။ မောင်မိုးခေါင်ရဲ့ကျွဲခိုးတွေအကြောင်း ချစ်သူလည်း ကြားချင်လာသည်။

"ဘာသိတာလဲ၊ ဦးလင်းကို သူက ဖွင့်ပြောပြထားလို့လား"



"ငါ့ကိုလည်း ပြောပါတယ်။ မနေ့ကလည်း သူ့ကြည့်ရတာ ပျော်နေတဲ့ပုံပါ။ ဘော်ဒါတွေကိုတောင် ပြောနေသေးတယ်၊ အသည်းလေးနဲ့ အိုကေလို့တဲ့ …

ဒီကောင် ရည်းစားတွေ ထားခဲ့တာ ငါလည်းသိနေတာပဲ။ ရည်းစားရလို့ ကြွေးတယ်ဆိုတာ ထုံးစံမှမရှိတာ။ အခု နင်နဲ့ကျမှ"

ဦးလင်းက ဆက်မပြောတော့ဘဲ မျက်စတစ်ချက်ပစ်ပြလိုက်လျှင် ချစ်သူသည် ဦးလင်းကို မျက်စောင်းတစ်ချက်ထိုးမိသည်။ ဘာပဲပြောပြော အခုနက ဒေါသများသည် ဦးလင်းရဲ့ အပြောတစ်ခုအောက်မှာ အနည်းငယ်တော့ ပြိုကွဲပျက်စီးသွားခဲ့ပြီဖြစ်သည်။

ဦးလင်းက ချစ်သူရဲ့ ဆောင့်ဆောင့်အောင့်အောင့်ပုံစံကိုကြည့်ကာ …

"သူ့ကို နားလည်ပေးလိုက်ပါ ချစ်သူရာ။ ဒီကောင်က ဖွတ်တစ္စတ်ဆန်ပြီး စိတ်မြန်တာကလွဲလို့ စိတ်ထားကောင်းပါတယ် …

သူက ငယ်ငယ်လေးတည်းက အရမ်းအလိုလိုက်အကြိုက်ဆောင်ခံခဲ့ရတော့ နည်းနည်း selfish ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ တစ်ဖက်သားကို ထိခိုက်တဲ့အထိ ဆိုးဆိုးဝါးဝါးကြီးတော့ မဟုတ်ပါဘူး …

သူ့ဟာသူလေး ဖြစ်နေတာပေါ့"

"ဟင်း … သူ့ညီဘက်ကျတော့ cover ပေးတာပေါ့လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... cover ပေးတာ မဟုတ်ပါဘူးဟာ။ ပြောပြတာ ပါ။ အကြောင်းလေးတွေ ရှိတယ်ဆိုတာ သိအောင်လို့ပြော ပြတာ။ နင် မကျေနပ်ရင်လည်း စိတ်ကောက်ထား မခေါ်နဲ့ပေါ့ဟာ၊ ဒီကောင်က အချော့ကျွမ်းပါတယ်။ ... နဲ့တုန်းကဆို ပျော်နေအောင် ချော့ရတာ ... ဟား ဟား"

ဦးလင်းက ဟာသအနေနဲ့ ပြောလိုက်တာ ဖြစ်သော် လည်း အဲဒီစကားက ချစ်သူရဲ့ရင်ကို အောင့်သွားစေသည်။ သူ မှာလည်း အချစ်ဦး ရှိခဲ့သလို ကိုယ့်မှာလည်း အချစ်ဦးရှိခဲ့ဖူး ပဲ။ ဒါပေမဲ့ ကွာတာက ချစ်သူက အချစ်အတွက် တစ်ဖန်ရှာ ဖွားလာသူဖြစ်သည်။ သူ့ကို အချစ်တွေရော အကြင်နာတွေ အများကြီးပေးနိုင်သည်။ နောက်ထပ် ပုံအောပြီးချစ်ဖို့လည်း ... မလေး။ သူကသာ ..."

ဦးလင်းက ချစ်သူရဲ့ ကြက်ကြီးလည်လိမ်ပုံ ကြည့်ကာ ...

"ကဲပါဟာ ... ကောက်တော်မူမနေပါနဲ့။ ခဏနေ စ... မှာ။ မာမီရေ... မာမီ့သမီးကို ကြည့်ပေးလိုက်ပါဦး။ ကဲ ... ကဲ ... သွား ..."

ခဏနေ ဟိုကောင်ကြီး ရောက်လာလိမ့်မယ်"

ဦးလင်းကလည်း သူ လုပ်စရာရှိတာလုပ်ဖို့ ထွ... သွားချိန်ဝယ် ချစ်သူကလည်း ကိုယ့်တာဝန်ကိုယ် ကျေပွန်ဖို့ ... စားရသည်။ ချစ်သူသည် ဒီအလုပ်ကို အသည်းအသန် ... ကြီး မဟုတ်သော်လည်း လမ်းကြောင်းတစ်ခုပေါ်ကို ရောက်... ခဲ့ပြီး ပရိသတ်က အားပေးကြသောအခါ အဲဒီအားပေးမှုကို အ...



အမှတ်ပြုထားသောအားဖြင့် အလုပ်ကို တာဝန်ကျေအောင် ကြိုး စားရသည်။ ပရော်ဖက်ရှင်နယ်တစ်ယောက် ပီသအောင် အလုပ် ပေါ်တွင် အာရုံစူးစိုက်မှုအပြည့် ရှိသဖြင့် တုံ့ပြန်မှုက ပိုကြီးလာ သည်။

ချစ်သူကို ရုပ်ရှင်ရိုက်ဖို့၊ ဗီဒီယိုရိုက်ဖို့ မရပ်မနား လာကမ်းလှမ်းကြသော်လည်း ချစ်သူက ခေါင်းခါငြင်းဆန်စမြဲ ဖြစ်သည်။ စကားကို အကုန်မပြောချင်သော်လည်း မရိုက်ဖြစ်ဖို့ များပါသည်ဟူသော အဖြေကိုသာ မပြောင်းမလဲပဲ ဖြေခဲ့သည်။ ချစ်သူသည် အောင်မြင်မှုကို မမက်မောပါ။ မလိုချင်ဘူးဟုတော့ မပြော။ ဒါပေမဲ့ မမက်မောတာတော့ သေချာသည်။ ဒီထက်ပိုပြီး တော့လည်း မအောင်မြင်ချင်တော့ပါဘူးဆိုလျှင် ကြားရသူတွေက ချစ်သူကို တော်လ်ကီပွားသည်ဟု ထင်ကြမည်။ အကြောင်းသိတွေ ကတော့ ချစ်သူကို နားလည်လေသည်။

ချစ်သူသည် ဘဝကို အေးအေးဆေးဆေးနှင့် ငြိမ်း ငြိမ်းချမ်းချမ်း ဖြတ်သန်းလိုသော သူတစ်ယောက်ဖြစ်သည်။ သရုပ်ဆောင်တစ်ယောက်၏ ဘဝက ပေးဆပ်ရခြင်းတွေများကာ ပင်ပန်းလွန်းလှသည်။ ချစ်သူသည် အဲဒီလောက် အပင်ပန်းမခံနိုင် ပါ။ အောင်မြင်ခြင်း၏ stress တွေကိုလည်း မရယူလိုပါ။ ဘဝ ကို ပေါ့ပါးအေးချမ်းစွာ ဖြတ်သန်းလိုသော ချစ်သူသည် သရုပ် ဆောင်တစ်ယောက်ရဲ့ဘဝသို့ ကူးပြောင်းမှာလည်း မဟုတ်သည့် အတွက် ဒီလောကထဲမှာ ကြာကြာနေမှာလည်း မဟုတ်ပေ။ ဒါကြောင့် ချစ်သူက အခုချိန်မှာ ပညာရေးဘက်ကိုလည်း အချိန် ပေးကာ လုပ်ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ကြော်ငြာကို တစ်နေ့ကုန်အောင် ရိုက်ရ ကာ ညနေမှ ပြီးလို့သွားလေသည်။ သို့သော် ချစ်သူ၏ရည်းစား ပူပူနွေးနွေးထံမှ ဖုန်းလေးတစ်ချက်တောင် ဆက်ဖော်မရပါ။ ဖုန်းမပြောနှင့် Message တောင် ရောက်မလာလေသောအခါ ချစ်သူ ငိုချင်လာသည်။ ရင်ထဲမှာလည်း ပြင်းပြင်းပြပြ ထိခိုက် လို့ လာပါသည်။ ဦးလင်းကလည်း အလိုက်ကန်းဆိုး မသိပဲ "ဖုန်းလာပြီလား"ဟုမေးလျှင် ချစ်သူသည် ဦးလင်းကိုတောင် မျက်စောင်းကြီးတွေ အကြီးအကျယ် ထိုးပစ်မိလေသည်။

တော်ပါပြီ။ ဒီလူတစ်ယောက်ကိုတော့ ချစ်သူ ချစ် မိတာ အတော်ကြီးကိုပဲ မှားပါပြီ။ ချစ်သူသည် အဲဒီအတွေးတွေ နဲ့ ယောက်ယက်ခတ်ကာ အလုပ်ထဲကို မနည်းစိတ်နှစ်ထား သည်။ ဒီအချစ်ကို ချစ်သူ တစ်ယောက် ဘာကြောင့်များ ထပ်ပြီး ရှာဖွေမိတာလဲနော်။ အင်း ... ရှာဖွေတာတော့လည်း မဟုတ်ပါ။ ဘာကြောင့်များ အမှတ်မရှိ ထပ်ချစ်မိတာပါလိမ့်။ ရည်းစားမရှိ ခင်တုန်းများ ချစ်သူရဲ့ဘဝဟာ လွတ်လပ်ပြီး အပူအပင်ကင်းလို့ ဖြစ်သည်။ ခုတော့ ဒီလူကြီးကို ချစ်မိတော့မှပဲ ကိုယ့်ထမင်းကိုယ် စားပြီး စိတ်ဆင်းရဲနေရတော့တယ်။

အဲဒီလိုဖြင့် အတွေးတွေ ဟိုလိုမို့ ဒီလိုမို့ဖြစ်ကာ ညနေငါးနာရီခွဲလောက်တွင် ရှူတင်က ပြီးဆုံးလို့သွားသည်။ ပြန်ရန် ပြင်ဆင်နေသော ချစ်သူကို ဦးလင်းက ပြုံးစစဖြင့် မေး ဆတ်ပြကာ ...

"ချစ်သူ ပြန်တော့မှာလား၊ မိုးခေါင် လာမကြိုဘူးလား"



"ဦးလင်းနော် စိတ်ကို လာဆွမနေနဲ့။ တော်ပြီ ဦးလင်းရာ ဦးလင်းလူက မမိုက်ပါဘူး"

"အေးလေ ... လိမ္မာပါတယ်လို့ ငါ ပြောထားသားပဲ။ သူ မလာလည်း ဖုန်းဆက်ခေါ်လိုက်လေ၊ နင် ခေါ်ရင် လာချင် လာမှာပေါ့"

"မလာဘူး၊ ရေဝေးမှာ သွားအိပ်နေတာ အိပ်ရေးမဝလို့ မလာသေးဘူးတဲ့"

ဦးလင်းက ချစ်သူရဲ့စကားကို တဟားဟားနဲ့အော် ရယ်သည်။ ချစ်သူက ဦးလင်းကို နှုတ်ခမ်းတစ်ချက်မဲ့ပြပြီးနောက် ချာခနဲ လှည့်ထွက်လိုက်လျှင် ပိတ်ရပ်နေသော တစ်စုံတစ်ယောက် နှင့် တိုက်မိမလို ဖြစ်သွားသည်။ ချစ်သူက အဲဒီလူကို မော့ကြည့် လိုက်လျှင် လုံးဝထင်မထားသော သူ ဖြစ်လို့နေသည်။ သူက ချစ်သူကို ခပ်ပြုံးပြုံးဖြင့် စိုက်ကြည့်ကာ ...

"ကိုယ့်ကို တော်တော်ချစ်တယ်နဲ့ တူတယ်နော်။ ရေဝေး တွေ ဘာတွေတောင် စိတ်ကူးထဲမှာ ပို့ပစ်တယ်ပေါ့၊ ဟုတ်လား"

ချစ်သူသည် သူ့ကို ထင်မထားစွာဖြင့် တွေ့လိုက် ရသဖြင့် ရင်ထဲမှာ ဒိုင်းခနဲ ဆောင့်ခုန်သွားကာ ချက်ချင်းပဲ နှလုံး တွေ တုန်သလို ဖြစ်လာသည်။ သူ့မျက်နှာကို မြင်လိုက်တာနှင့် ဒေါသတွေက ဘယ်ကိုလွင့်စဉ်သွားမှန်း မသိဘဲ အပျော်တွေက သာ တစိမ့်စိမ့်ဝင်ရောက်လာတာကလည်း ထူးဆန်းပါသည်။ သူ ချစ်သူကို ဂရုတော့စိုက်သားပဲဟူသော အတွေးသည် နှလုံးသားကို ချမ်းမြေ့စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူသည် ရင်ထဲမှာတော့ အေးချမ်းသွားပေမယ့် အပြင်ဘက်မှာတော့ စူကောက်နေသော မျက်နှာထားဖြင့် ...

"ဘာတွေ လာပြောနေတာလဲ"

"ရှုတင်ပြီးပြီ မဟုတ်လား။ သွားကြရအောင်"

အံမယ် ... ပုံစံက အပီကြီး အပိုင်ကြီးနဲ့။ ချစ်သူသည် သူ့ကို မျက်စောင်းတစ်ချက် ပိတ်ထိုးလိုက်ကာ ...

"ဘယ်ကို သွားရမှာလဲ"

"ဩော် ... တစ်နေရာရာပေါ့။ မုန့်တစ်ခုခု သွားစားမယ်လေ။ ချစ်သူလည်း ဗိုက်ဆာလှရောပေါ့။ မုန့်စားမယ်၊ စကားပြောမယ်လေ"

သူက မနက်ကကိစ္စကို ဘာမှဖြစ်မထားသယောင် ပုံစံဖြင့် ခပ်မြူးမြူး လာပြောနေလျှင် ချစ်သူသည် စိတ်ကောက်ရအခက် စိတ်ဆိုးရအခက် ဖြစ်သွားသည်။ သူ့ပုံစံက သူကတောင် ချစ်သူကို နားလည်ခွင့်လွှတ်ထားပါသည် ဟူသော အချိုးမျိုးဖြစ်ကာ သူ့ဘက်မှ ဘာဖောင်းလ်မှ မရှိသော ဒီဇိုင်းမျိုး ဖြစ်သည်။

အခုချိန်မှာ သွားကောက်ပြနေလျှင် ကောက်ပြသော ချစ်သူကပဲ အဆိုး၊ အလွန် ဖြစ်မည့်ပုံမျိုးပင်။ ချစ်သူသည် စိတ်ကို ဟပ်ခနဲ မြည်အောင် လျှော့ချလိုက်ကာ ...

"သွားမယ် ... သွားမယ်"

သူက လုစ်ခနဲပြုံးကာ ချစ်သူရဲ့ပါးတစ်ဖက်ကို လက်ညှိုးနှင့် လှမ်း၍တောက်လိုက်လေသည်။ ထင်မှတ်မထားသော အပြုအမူကြောင့် ချစ်သူ၏ပါးတစ်ဖက်မှာ ဆစ်ခနဲနာသွားသည်။ နည်းနည်းနာသွားသောကြောင့် ချစ်သူသည် ဒေါသထွက်သွားရကာ ...



"ဘာလုပ်တာလဲ၊ အဲဒါ ဘာလုပ်တာလဲ"

"ဩော် ... ချစ်လို့လေ၊ မင်းပုံစံကို အသည်းယားလာလို့"

"ဟာကွာ ... ဘာချစ်ကြီးလဲ။ နာလိုက်တာ သေတော့မှာပဲနော်။ ဒီမှာ သမီးပါးက နုနုလေး၊ ကျွတ် ... စိတ်ညစ်လိုက်တာ"

သူက ဟက်ခနဲ တစ်ချက်ရယ်ကာ ချစ်သူ့ရဲ့အနားသို့ကပ်၍ လေသံတိုးတိုးဖြင့် ...

"ဟုတ်လား၊ သမီးပါး နုနုလေးဆိုတာ ကိုယ်မှမသိသေးတာ၊ သိအောင် ..."

သူ့စကားတောင် မဆုံးသေး။ ချစ်သူက မျက်လုံးပြူးကြီးဖြင့် မော့ကြည့်လိုက်လျှင် သူက မျက်စိတစ်ဖက်မှိတ်ပြကာ ပြောင်စပ်စပ်ဖြင့် ပခုံးတွန့်ပြသည်။ ချစ်သူသည် အဲဒီပုံစံကို ရယ်ချင်သော်လည်း မရယ်ဘဲ အောင့်ထားကာ ခပ်တည်တည်ဖြင့် သူ့ကားပေါ်သို့ တက်ထိုင်လိုက်သည်။ သူက ဦးလင်းကို နှုတ်ဆက်ပြီးနောက် ကားကို မောင်းထွက်လာပါသည်။

ချစ်သူသည် သူ ကားမောင်းတာကို မသိမသာ ခိုးကြည့်ကာ ရင်ထဲတွင် ဆွတ်ပျံ့မှုတစ်ခုက ဝင်ရောက်လာသည်။ သူသည် ဗေဒါရောင်ရှပ်အင်္ကျီကို ထုံးစံအတိုင်း လက်ခေါက်ဝတ်ထားကာ လက်ချောင်းတွေက အင်ဂျင်နီယာတစ်ယောက်နှင့် မတူစွာ သွယ်ပျောင်းနေပါသည်။ တစ်ချက် တစ်ချက်မှာ သူ သုံးထားသော အမျိုးသားရေမွှေးရနံ့ကလည်း လွင့်ပျံ့လာသေးလေရာ ချစ်သူသည် ရေမွှေးထပ်မဆွတ်မိသော ကိုယ့်ကိုယ်ကိုယ် နောင်တရသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ရှုတင်ရှိတာကို ဘယ်လိုလုပ် သိတာလဲ"

"ဒီမေးခွန်းထက် စိတ်ဝင်စားစရာကောင်းတဲ့ မေးခွန်းမျိုး မေးပါလား။ မင်းရှိတဲ့နေရာကို သိဖို့ ဒီလောက်တော်င် ခဲယဉ်းနေမယ် ထင်လို့လား"

ချစ်သူသည် သူ့ကို မျက်စောင်းတစ်ချက်သာ ပိတ် ထိုးမိသည်။ သူက ကားကိုကျင်လည်စွာ မောင်းနေရင်းမှ "ပန်း စွယ်တော်ကိုပဲ သွားမယ်နော်"ဟု လှည့်ပြောသည်။ ချစ်သူက သူ့ကို ဘာစကားမှ မဆိုမိ။ သူက ကားကက်ဆက်ကို လှမ်းဖွင့် ရင်းမှ ခပ်တိုးတိုး လိုက်ညည်းနေသည်။ ချစ်သူသည် သူ့ပုံစံကို တစ်ချက် တစ်ချက် ခိုးကြည့်မိကာ ရင်ထဲမှာ ငြိမ့်ငြိမ့်ညောင်း ညောင်း ဖြစ်လို့နေသည်။ သူကတော့ ဘယ်လိုနေမလဲ မသိပါ။

အနားမှာ ကိုယ့်ချစ်သူတစ်ယောက် ရှိနေပြီး နွေးထွေး စွာ ခံစားရသော ခံစားမှုလေးဟာ ဘယ်လောက်များ ချိုမြိန်လိုက် ပါသလဲနော်။ သူခေါ်လာသော ဆိုင်လေးမှာ အလုံလမ်းက ပန်း စွယ်တော် ဟူသော ဆိုင်လေးဖြစ်သည်။ ချစ်စဖွယ် မီးလုံးလေး များဖြင့် အနုပညာဆန်ဆန် ခင်းကျင်းထားသော ဆိုင်လေးကို ချစ်သူနှင့်အတူ (ကိုယ့်ကိုယ်ကိုယ်ပြောခြင်းမဟုတ်)လာရောက်ရ တာ ကြည်နူးစရာတော့ ကောင်းပါသည်။

သူနဲ့ ချစ်သူသည် အပေါ်ထပ်ရှိ တော်င့်စားပွဲတစ်ခု တွင် မျက်နှာချင်းဆိုင် နေရာယူမိကြသည်။ သူက စားပွဲခုံကို လက်ညှိုးနှင့် တဒေါက်ဒေါက်ခေါက်ကာ ...

"ချစ်သူ ဘာစားမလဲ။ ကြက်ဆီထမင်း စားပါလား၊ ကောင်းတယ်"



"အင် ... အမျှားကြီး မကုန်ဘူး၊ အီတယ်"

"အမယ်လေး ... မင်းကို ဘယ်သူက အများကြီး ထည့် ပေးမယ် ပြောနေလို့လဲ၊ လက်သီးဆုပ်လောက်လေးပါတာ စားလည်းကြည့်ဦး အမိ။ မကုန်ရင်ပြော၊ စားပေးမယ်။ ကိုယ်ဆို ဝတောင် မဝဘူး"

"သိပါတယ်၊ ဟိုမှာ ‌တေ်သမျှ ဒီမှာ အတိုးချတွယ်တော့ မယ်ဆိုတာ"

သူက ချစ်သူကို မျက်မှောင်တစ်ချက်ကြုတ်ကာ ဝိတ်တာကို ကြက်ဆီထမင်းနှစ်ပွဲ မှာသည်။ ပြီးတော့ သံပရာရည် နှစ်ခွက်မှာပါသည်။ ဝိတ်တာ ထွက်သွားလျှင် သူက ချစ်သူရဲ့ နှုကောက်ကောက်ရုပ်ကို ပြုံးတုံ့တုံ့ဖြင့်ကြည့်ကာ ...

"ချစ်သူ ... မင်း ကိုယ့်ကို တော်တော်ချစ်တယ်နဲ့ တူတယ်နော်။ ကြုံတိုင်း ခွပ်နေတော့တာပဲ၊ ဘယ်ဘဝက အငြိုးတွေလဲဟင်။ ဒီမှာပဲ တစ်ခါတည်း ရှင်းခဲ့ရအောင် ... ပြော"

"ဘာမှလာရှင်းမနေနဲ့၊ ကိုကြီးကို ချစ်သူ မကျေနပ်ဘူး"

ချစ်သူရဲ့စကားကို သူက တဟက်ဟက်နှင့် ရယ် မောသည်။ ချစ်သူက သူ ရယ်နေတာကို မျက်လုံးမှေးစင်းကြည့် ကာ ...

"ရယ်မနေနဲ့၊ တကယ်ပြောနေတာ"

"ရယ်မနေနဲ့၊ ဒါဟာ တကယ့်အဖြစ်အပျက်၊ ရွှေထိုက် ဆိုထားတဲ့ သီချင်းလိုလေ၊ ဟုတ်လား"

"တော်စမ်းပါ၊ ဘာမှလာပြောမနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူရာ ... ကိုယ့်ကို နားလည်ပေးစမ်းပါ။ ပြီးတော့ ဘဝမှာ သိပ်စိတ်ကူးယဉ်မဆန်နဲ့ ညီမလေး။ လမ်းရိုးကြီး အတိုင်း လိုက်မလုပ်နဲ့။ ကိုယ်တို့က လက်တွေ့သမားတွေ ဒီလောက် ကြီးမားခက်ခဲတဲ့ တံတားကြီးတွေကို ဆောက်နေတဲ့သူတွေ၊ နုနေလို့ မရဘူး၊ စိတ်ကူးယဉ်ဆန်နေလို့ မရဘူး ...

ဘဝကို လက်တွေ့ကျကျနဲ့ ရိုးရိုးရှင်းရှင်း ဖြတ်သန်းတာပဲ ကောင်းတယ်"

"ဩော် ... ဘယ်သူက ရုပ်ထွေးပွေလီစွာ ဖြတ်သန်းနေလို့လဲ၊ တံတားဆောက်တာနဲ့ နံနက်ခင်း ဖုန်းပြောတာနဲ့ ဘာဆိုင်လို့လဲ၊ ဇွတ်လာဆွဲစိမနေနဲ့"

"ဆွဲစိတာ မဟုတ်ဘူးလေကွာ၊ ချစ်သူက အဲဒီလို မလုပ်တာနဲ့ပဲ ကိုယ်က မင်းကို တကယ်မချစ်ဘူးလို့ ထင်နေတာ မဟုတ်လား"

သူပြောတာက ကွက်တိမှန်နေသဖြင့် ချစ်သူသည် မျက်လုံးတစ်ချက်သာ လှန်ကြည့်ကာ ဘာမှပြန်မပြောနိုင်ပေ။ သူက သူပြောတာ ဟုတ်တယ် မဟုတ်လားဟူသော ပုံစံဖြင့် မေးတစ်ချက် ဆတ်ပြသည်။

"တချို့အကြောင်းအရာတွေက တိုက်ရိုက်အဓိပ္ပာယ်ကောက်လို့ မရဘူး ညီမလေးရဲ့။ ဒါကြောင့် ဒီလိုဖြစ်တယ် ဒီလိုလုပ်ရင်တော့ ဒီလိုပဲ စသဖြင့် သီအိုရီတွေအတိုင်း တွေးလို့မရဘူး။ ကိုယ်က သီအိုရီအတိုင်း နေတတ်တဲ့သူ မဟုတ်ဘူး ချစ်သူရဲ့ ...



ကိုယ့်အချစ်ကို သီအိုရီတွေအတိုင်း လိုက်တွက်ပြီး အဖြေထုတ်ရင် မင်း မှားသွားလိမ့်မယ်"

"လျှောက်ပြောမနေနဲ့ စကားတတ်တိုင်း။ သီအိုရီအတိုင်း အဖြေမထုတ်လို့ ဘယ်လိုအဖြေထုတ်ရမှာလဲ"

"နှလုံးသားနဲ့ပဲ အဖြေထုတ်ရမှာပေါ့"

ချစ်သူက သူ့ကို မျက်စောင်းတစ်ချက် ထိုးလိုက်ချိန်ဝယ် မှာထားသော စားစရာတွေက ရောက်လာသည်။ သူက ချစ်သူကို စား,ဟူသော သဘောဖြင့် မေးဆတ်ပြကာ ...

"ဘယ်လိုလဲ၊ ကုန်လား။ မကုန်ရင် တစ်ဝက်ခွဲပေး"

"ဟင်း ... အစားကလည်း ပုပ်လိုက်တာ။ သူများတွေဖြင့် ကိုယ့်ရည်းစားမျက်နှာကိုမြင်ရင် ရင်ပြည့်သွားပြီး မစားနိုင်တော့ဘူးပဲ ကြားဖူးပါတယ်။ သူ့ကျမှပဲ သူများထဲကဟာတောင် လိုက်တောင်းနေတယ်"

"ဩော် ... အစ်မက အခုနကတော့ များလို့ မစားနိုင်ဘူးလေး ဘာလေး ပြောထားတာကိုး။ ကိုယ့်ရည်းစားမျက်နှာမြင်တာနဲ့ မစားနိုင်ဘူးဆိုတဲ့ အထဲမှာ ကိုယ်မပါဘူး။ ရည်းစားမျက်နှာကို မြင်ရင် ပိုတောင်စားနိုင်သေးတယ် ...

စိတ်ချမ်းသာပြီး များများစားဝင်တယ်။ ကိုရီးယားကားတွေမှာ ကြည့်ပါလား။ ချစ်သူနှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်ပြီး ပဲခေါက်ဆွဲတွေကို အသားကုန်ဆွဲနေကြတာ။ ဘယ်လောက် လက်တွေ့ကျတဲ့ အချစ်လဲ ...

ကိုယ့်အချစ်ကလည်း အဲဒီလိုမျိုးပဲ ညီမလေးရဲ့"

"ရှင် စာရေးဆရာ လုပ်စားဖို့ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါဘူး။ ကိုယ့်ရင်ထဲက တော်လ်ကီတွေက တစ်နိုင်ငံလုံးဖတ်ဖို့အတွက် ပြောတာမှ မဟုတ်တာ၊ ချစ်သူဖတ်ဖို့အတွက်ပဲ ပြောတာ"

"တော်စမ်းပါ၊ လူချင်းတွေ့တော့မှ လာပွားမနေနဲ့၊ နောက်ကိုကြီးဆီ လုံးဝဖုန်းမဆက်ဘူး။ ဘယ်တော့မှ မဆက်ဘူး၊ တစ်သက်လုံး မဆက်ဘူး"

ချစ်သူက ကြက်ဆီထမင်းတစ်ဇွန်းကို ပါးစပ်ထဲသို့ ပလုတ်ပလောင်း ထိုးထည့်ရင်း မျက်စောင်းတခဲခဲဖြင့် ပြောလျှင် သူက ထမင်းသီးမတတ် အော်ရယ်သည်။ ချစ်သူတို့ စားသောက်နေတုန်းမှာပဲ ဘေးဝိုင်းသို့ ကောင်လေးတစ်အုပ်စုက ရောက်လို့လာလျှင် အသံနည်းနည်း ထွက်လို့လာသည်။ ကောင်လေးတွေက ဘီယာတွေမှာ၊ စားစရာ သောက်စရာတွေ မှာပြီးလျှင် ပတ်ဝန်းကျင်ကို ဂရုပြုမိသွားသည်။ ချစ်သူကိုလည်း မှတ်မိသွားပုံပေါ်ပါသည်။ ကွက်ကြည့် ကွက်ကြည့်လုပ်ကာ သူတို့အချင်းချင်း တိုးတိုးပြောဆိုကြသော်လည်း "ချစ်သူကွ"ဟူသော အသံကတော့ ကြားအောင်ကို ထွက်လာသည်။

အဲဒီအသံကြောင့် ချစ်သူက ဆတ်ခနဲ လှည့်ကြည့်ဖြစ်လို့သွားလျှင် အဲဒီထဲမှ ခပ်ချောချော ကောင်လေးတစ်ယောက်က ချစ်သူကို ပြုံးပြလို့လာသည်။ ရိုးရိုးသားသား ခင်ခင်မင်မင် ပြုံးပြသော အပြုံးမို့ ချစ်သူကလည်း ခေါင်းလေးညွတ်ကာ အသိအမှတ်ပြုသည့်သဘောဖြင့် ပြန်ပြုံးပြလိုက်ပါသည်။ ခဏအကြာတွင် အဲဒီကောင်လေးက ထလာကာ ...



"ချစ်သူ ... ကျွန်တော်က ချစ်သူရဲ့ ပရိသတ်ပါ။ စကားခဏလောက် ပြောချင်လို့ ရမလား"

"အော် ... ဟုတ်ကဲ့၊ ရပါတယ် ပြောပါ"

"ချစ်သူ ဘာဖြစ်လို့ ဗီဒီယိုမရိုက်တာလဲ"

"အင်း ... အဲဒီလောက်ကြီးလုပ်ဖို့ စိတ်ကူးမရှိပါဘူး"

"စီးရီးစ်ရော မထုတ်ဘူးလား၊ အသံကောင်းရဲ့သားနဲ့၊ ပြီးတော့ သီချင်းလည်း ဆိုတတ်တယ်၊ ဟို Live show ထဲမှာ ဂစ်တာတီးတာက တကယ်တီးပြီး ဆိုတာလား"

"အော် ... ဟုတ်၊ တကယ်တီးတာပါ၊ နည်းနည်းပါးပါးပဲ တီးတတ်တာပါ"

"တော်တယ်နော်၊ ကျွန်တော်တို့က ချစ်သူကို ဗီဒီယိုလည်း ရိုက်စေချင်တယ်၊ စီးရီးစ်လည်း ထုတ်စေချင်တယ်၊ အများကြီး အောင်မြင်စေချင်တယ် ...

ချစ်သူက လုပ်ရင် လုပ်သလောက် အောင်မြင်မယ့်သူမျိုးပါ"

"ဟုတ်ကဲ့။ အခုလို အားပေးတာ ကျေးဇူးတင်ပါတယ်"

"နောက်တစ်ခါ Live show တွေမှာ တွေ့ရင် နှုတ်ဆက်မယ်နော်။ ကျွန်တော်တို့ကို မှတ်ထားပေး၊ ကျွန်တော့်နာမည် လွင်တေဇာနိုင်တဲ့"

"ဟုတ်ကဲ့၊ မှတ်ထားပါ့မယ်။ နှုတ်ဆက်ပါ ရပါတယ်"

"အိုကေ ... ခွင့်ပြုဦးနော် ချစ်သူ၊ ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... သင့်ခ်ယူပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်လေးက ခေါင်းညိတ် နှုတ်ဆက်ပြီးနောက် လှည့်ထွက်သွားချိန်ဝယ် ချစ်သူကလည်း ကိုယ့်ထမင်းကိုယ် ဆက်စားမိသည်။ သူ့မျက်နှာကိုလည်း သေချာမကြည့်မိပါ။ စားလိုက်ဂျူစ်လေးသောက်လိုက်ဖြင့် သူ့ကို စကားစမိသည်။

"ကိုကြီး ဘယ်နေ့ပြန်မှာလဲဟင်"

"တော်တော် ပြန်စေချင်တယ်ပေါ့လေ။ မနက်ဖြန်ပဲ ပြန်မယ်"

သူ့လေသံက ဘုဆတ်ဆတ်မို့ ချစ်သူက မော့ကြည့်လိုက်လျှင် သူ့ရုပ်ကပါ မှုန်တင်းလို့ နေလေသည်။

"ဟင် ... တကယ်လား။ မဟုတ်တာနဲ့ အကောင်းမေးနေတာ"

"အကောင်းပြောနေတာပဲလေ။ မင်းက ကိုယ့်ကို ဒီမှာမရှိစေချင်တော့ဘူး မဟုတ်လား"

"ဘာဆိုင်လဲ ... ကိုကြီးကလည်း"

"ဟုတ်တယ်လေ၊ အရင်က မမေးပဲနဲ့ အခု ဟိုကောင်လေး လာစကားပြောပြီးမှ ဘာလို့ ကောက်ကာငင်ကာ ထပြီး မေးလဲ ...

ဒါဟာ မသိစိတ်မှာ မင်း ဖြစ်ချင်နေတဲ့ ဆန္ဒကို ထုတ်ဖော်လိုက်တာပဲလေ"

"ကျွတ် ... မဟုတ်တာကွာ၊ မဆိုင်လိုက်တာ။ ကိုကြီးနော် ပြဿနာမရှာနဲ့၊ ချစ်သူတို့အလုပ်က ဒီလိုပဲ အများနဲ့ပြေပြေလည်လည် ဆက်ဆံရတာပဲ ...



ကိုယ့်ကို တကူးတက လာနှုတ်ဆက်တဲ့သူကို ကောင်းကောင်းမွန်မွန် ပြန်စကားပြောရမှာပေါ့။ ဒီလောက်လေးတောင် နားလည်မပေးနိုင်ဘူးလား"

"ပေးပါတယ်၊ ဘာပြောနေလို့လဲ၊ မင်း မေးလို့ ငါဖြေရတာလေ"

ချစ်သူသည် တစ်မဟုတ်ချင်း ပြောင်းလဲသွားပြန်သော အခြေအနေ တစ်ခုအတွက် ဝမ်းနည်းလာပြန်သည်။

"ကိုကြီးနော် ... ချစ်သူကို မင်းတွေ ငါတွေနဲ့ လာမသုံးနဲ့၊ ပြီးတော့ ချစ်သူကိုဆို ဘယ်တော့မှ မစာနာဘူး ... အမြဲ ရက်ရက်စက်စက် ပြောထွက်တယ်"

"ဟား ... သူကပဲ တစ်ပြန်စီး။ ဒါဆို ဘာလို့ ကိုယ့်ကို ဘယ်တော့ပြန်မှာလဲလို့ ဘလိုင်းကြီး လာမေးနေသေးလဲ"

"ဘာဘလိုင်းကြီး မေးရမှာလဲ။ အဲဒါနဲ့ ဘာမှမဆိုင်ဘူး။ ကိုကြီး ဒီကိုလာတာ ခဏလာတာ မဟုတ်ဘူးလား။ ဒါကြောင့် ပြန်မယ့်ရက်ကို မေးတာပေါ့။ အဝေးကလာတဲ့သူတိုင်းကို ပြန်သွားမှာသိတဲ့ လူတိုင်းက ဒီလိုပဲ မေးကြမှာပဲလေ၊ အဲဒါ ဘာမှားနေလို့လဲ"

"ဟုတ်တယ် ... မင်း မမှားပါဘူး"

သူက အဲဒီစကားကို အေးစက်သောလေသံနှင့် ခပ်တိုးတိုးဆိုလျှင် ဘာမှထူးဆန်းသော စကားမဟုတ်ပါဘဲနှင့် ချစ်သူရင်ထဲ၌ နာကျင်ထုံအောင့်လို့ သွားရသည်။ ပြီးတော့ ဝမ်းနည်းခြင်းက နှလုံးသားထဲတွင် လှိုက်တက်လို့ လာလေသည်။ သူနှင့်သူတို့ နှစ်ယောက်ကြားမှာ ဘာကြောင့်များ ဒီလိုအဖြစ်ဆိုးပျက်

www.burmeseclassic.com

www.burmeseclassic.com



ဆွေက အမြဲလိုလို ဖြစ်ပွားနေရတာပါလိမ့်။ ချစ်သူတို့ကျမ
ဒါမျိုးတွေ ဘာကြောင့် ဖြစ်နေရတာပါလိမ့်။

သေချာတာကတော့ သူ့ရင်ထဲတွင် ချစ်သူအပေါ်
နားလည်စာနာပေးမည့် နှလုံးသားတစ်ခု မရှိနိုင်တာပဲ ဖြစ်နိုင်
သည်။ ချစ်သူသည် အဲဒီအတွေးနဲ့အတူ နာကျင်လာကာ ဘာ
ဆက်ပြောချင်စိတ် မရှိတော့သဖြင့် ထမင်းကိုသာ ဆက်စားနေ
သည်။ စားရတာလည်း အရသာမရှိတော့ပါ။ ဒါကြောင့် သုံး
လေးဇွန်းစားပြီး ဆက်မစားတော့ပေ။

သူကတော့ အေးအေးဆေးဆေးပင် ကုန်အောင်စာ
ကာ ဂျူ့စ်ကိုတောင် စိမ်ပြေနပြေ သောက်နေလိုက်သေးသည်။
ချစ်သူကိုတော့ စကားမပြော။ ချစ်သူသည် ဒီလိုရည်းစားမျိုး
ကမ္ဘာပေါ်တွင် ရှိလားဟု တွေးကာ ရင်ထဲမှာ နာကျင်လာသည်။
ချစ်သူဟာ ကိုယ့်ကိုယ်ကိုယ်မို့ ပြောခြင်းမဟုတ်ပါ။ ချစ်သူသာ
လက်ခံမည်ဆိုလျှင် သေဆိုသေ ရှင်ဆိုရှင် ဘာပဲလုပ်ပေးရ လု
ပေးရဆိုသည့် ယောကျ်ားတွေကြားထဲမှာ စကားလုံးတွေနဲ့တောင်
နူးညံ့ချိုသာမှု မပေးနိုင်သော ယောကျ်ားတစ်ယောက်ကို ဘာမှ
စိတ်မှ မထားဘဲ အချစ်သက်သက်ဖြင့် လက်ခံခဲ့တာဖြစ်သည်။

ငါ အောင်မြင်နေသူပဲဟဲ့ ဆိုတဲ့ မာန်မျိုးနဲ့လည်း
သူ့အပေါ်မှာ ကျောတဲ့စိတ်မျိုး မထားရှိခဲ့ပါ။ ချစ်သူမှာ မာ
တောင်မဟုတ်ဘဲ သာမန်မိန်းကလေးတစ်ယောက်မှာ ရှိတတ်
ခပ်တည်တည်ပုံစံတောင် မရှိသဖြင့် သူတောင် သဘောကျခဲ့ရတာ
ဖြစ်သည်။ ဒီလို မာန်မာနတစ်စက်လေးမှ မရှိသော မိန်းကလေး
ကိုတော့ သူက နားလည်ပေးရကောင်းမှန်း မသိဘဲ သူ့စိတ်ချည်း



ရှေ့တန်းတင်လွန်းတာကိုတော့ ချစ်သူသည် ထိတ်လန့်လို့လာလေ
သည်။

သူဟာ သိပ်အတ္တကြီးတဲ့ ယောကျ်ားမျိုးလား။

"သွားရအောင်"

ချစ်သူမှာ ဘယ်လောက်များ အတွေးနက်နေလဲတော့
မသိချေ။ သူ စားသောက်ပြီး၍ ဘေလ်ရှင်းလိုက်တာတောင် မသိ
လိုက်ရပါ။ သူက သွားမယ်ဆိုမှပဲ ထိုင်ရာက ထဖြစ်တော့သည်။
ကားပေါ်ရောက်တဲ့အထိလည်း သူက စကားမပြောပါ။ ကြည့်ရ
တာ သူကတောင် တပြန်စီး စိတ်ကောက်နေတဲ့ပုံမျိုး ဖြစ်သည်။

ခပ်တည်တည်နှင့် ကားမောင်းနေသော သူ့ပုံစံကို
ကြည့်ကာ ချစ်သူရဲ့နားထဲတွင် ဦးလင်း ပြောသော စကားသံတွေ
ကို ပြန်ပြီးကြားယောင်လာသည်။ သူ့ရဲ့အသည်းကျော် မဒီနဲ့တုန်း
က ဘယ်လိုပျာယာခတ်စွာ ချစ်ခဲ့သလဲ၊ ဘယ်လောက်များ ပျာ
တက်အောင် ချော့ခဲ့ရဖူးလဲ။ ဟိုက နံနက်လေးနာရီ နှိုးလျှင်လည်း
ငေါက်ခနဲ ထပြေးမည့် လူစားမျိုးကြီးပဲ ဖြစ်လိမ့်မည်။ ဟိုက
ဘာပြောပြော နွားပြာကြီး အောက်သွားမရှိသည့် အပြုံးကြီးဖြင့်
သည်းခံခွင့်လွှတ်လိမ့်မည်။

ချစ်သူကိုတော့ ရည်းစားတစ်ယောက်အဖြစ် ပီပီပြင်
ပြင် သတ်မှတ်ထားခြင်း ရှိပါလေစ။

ချစ်သူသည် အဲဒီလို အတွေးတွေနှင့် ရင်ထဲမှာ
မောသီးလို့လာသည်။ လူကို ဂရုမစိုက်သလို အချိုးမျိုး ချိုးထား
သော သူ့ကိုလည်း တစ်ခုခု တုံ့ပြန်ချင်လာလေသည်။ ချစ်သူ
ဟူသော မိန်းကလေးသည် စိတ်ထဲမှာ ခံစားရသည့် တစ်ခုခုကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မျိုသိပ်ထားတတ်သူ မဟုတ်ချေ။ စိတ်ကောက်
မြဲနေတတ်သည့်လူမျိုး မဟုတ်ဘဲ ဖုန်းဒိုင်းကြဲ ရှင်းလင်းတ
သည့် လူစားမျိုး ဖြစ်ပါသည်။

"ကိုကြီး ကားရပ်ပေးပါ"

"ဘာဖြစ်လို့လဲ"

သူက ဘာမှမဖြစ်သလို ပုံစံဖြင့် ခပ်တည်တည်
မေးသည်။

မျက်နှာကတော့ ချစ်သူကို လုံးဝလှည့်မကြည့်
ဘယ်သူမှ ဂရုမစိုက်ဘူးဟူသော အထာသည် ချစ်သူရဲ့နှလုံး
တွေကို ပိုတိုးစေသည်။

"ဘာမှမဖြစ်ဘူး၊ ဆက်မစီးချင်တော့လို့။ ကိုယ့်ဟာကို
ပဲ ပြန်မယ်၊ ကားရပ်ပေးပါ"

"အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းနဲ့ ချစ်သူ"

သူက ငေါက်ဆတ်ဆတ်ဆိုလျှင် ချစ်သူသည် အ
အပြောကို ပိုပြီး ပါးဖောင်းသွားရသည်။

"ဘာလို့အဓိပ္ပာယ်မရှိရမှာလဲ။ လူကို ဂရုမစိုက် အဖ
တန်သလို လုပ်နေတဲ့လူနဲ့ ကျောက်ရုပ်ကြီးလို သွား
တာနဲ့စာရင် ကိုယ့်ဟာကိုယ် Taxi နဲ့ ပြန်တာက ပိုစိ
ချမ်းသာဖို့ ကောင်းတယ် ...
ကားကိုရပ်ပေး ... ဆင်းမယ်"

"ချစ်သူ အဲဒီလို ပေါကြောင်ကြောင် အလုပ်တွေ မ
စမ်းနဲ့ကွာ။ မင်းတင် မဟုတ်ဘူး၊ ကိုယ်လည်း စိတ်
နေတာပဲ"



"ဘာရယ် ... ချစ်သူက ပေါကြောင်ကြောင်လုပ်တယ်
ဟုတ်လား။ ဘယ်သူက မိန်းကလေးတစ်ယောက်ကို ဂရု
စိုက်ဘဲ နေတာလဲ ...

ဘယ်သူက အခုမှ ချစ်ခါစ ရည်းစားကို ပစ်ပစ်ခါခါ
ပြောထွက်ရက်တာလဲ၊ ကိုကြီး ချစ်သူကို ချစ်တယ်ဆိုတာ
ဘာချစ်တာလဲ။ အလကား လျှောက်ပြောတာ"

"ကျွတ် ... မင်း ပြောလေ ကဲလေပါလားကွာ"

"ကဲတယ် ... ကဲတယ်။ ကားကို အခုရပ်ပေးတော့ ကိုကြီး၊
ဆက်ပြောနေရင် ပိုရှုပ်ကုန်မယ်၊ ရပ်ပေးတော့"

"အေး ... မင်း ရပ်ခိုင်းတာနော် ချစ်သူ။ မင်းသဘောနဲ့
မင်း ဖွတ်ဆင်းတာ၊ ပြီးတော့မှ ကိုယ့်ကို အပြစ်လာမတင်နဲ့"

"စိတ်ချ ! တစ်သက်လုံး မတင်ဘူး"

ချစ်သူရဲ့အပြောနှင့်ထပ်တူ သူက ကားကို လမ်း
ဘေးသို့ဆွဲကပ်ကာ ဘရိတ်ကို ခပ်ကြမ်းကြမ်းနင်းရင်း ဆောင့်ရပ်
ပေးလိုက်လျှင် အဲဒီလို တကယ်လုပ်မည်မထင်သော ချစ်သူရဲ့
နှလုံးသားထဲတွင် ပြာတက်သွားသည်။ ရင်ထဲမှာလည်း တစ်ခုခု
ကို ဆွဲထုတ်ခံလိုက်ရသလို ခံစားသွားခဲ့ရပါသည်။ ဘုရားရေ ...
သူ ချစ်သူကို နည်းနည်းလေးလောက်တောင် ချော့ဖို့ စိတ်ကူး
မရှိဘူးလား မသိချေ။ သူ့ထက် အသက်အားဖြင့်လည်း ငါးနှစ်
ငယ်ကာ ချစ်သူရည်းစားတစ်ယောက်လည်း ဖြစ်သေးသော မိန်း
ကလေးတစ်ယောက်ကို သူ ဒီလိုပဲ ပြိုင်ပြီးစိတ်လုပ်တယ်ပေါ့။

ချစ်သူသည် ဆက်တွေးဖို့တောင် အချိန်မရချေ။
သူ့ကားရပ်သွားအခါ ကားပေါ်မှ ဖျတ်ခနဲ ဆင်းလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူ ဆင်းပြီးလျှင်ပြီးချင်း သူက ကားကို ခပ်ကြမ်းကြမ်းပြန်မောင်းထွက်သွားလျှင် လေပွေတွေမှာ ချစ်သူကို ရိုက်ခတ်သွားသလားတောင် ထင်ရလေသည်။ ချစ်သူသည် ပလက်ဖောင်းပေါ်မှာ ထီးထီးကြီး ကျန်ရစ်ခဲ့ရသည်။ လက်ရှိအခြေအနေတွေမှာ ရင်သီးလွန်းအားကြီးသဖြင့် လိုက်လို့တောင် မမီတော့ပါ။

Taxi တစ်စီးက အလိုက်သိစွာဖြင့် အနားသို့ လာထိုးရပ်၍ မေးတာတောင် စကားပြန်မပြောနိုင်ဘဲ နေရာမှာတင် ငုတ်တုတ်မေ့ကာ အသက်ထွက်ချင်သလို ကျန်ရစ်ခဲ့ရလေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



ရင်တစ်ခုန် မြင်ရုံအချစ်ကြောင့်
နှလုံးသားမှာ သွေးရိုပ်တွေ မိုးတိမ်လို ဖွဲ့ခဲ့တာလား
အချစ်မှာ နာကျင်ခြင်းတွေ ပါပေမယ့်
တမင်တကာ ရက်စက်ခြင်းတွေတော့ မပါဘူးထင်တာပဲ။
အချစ်ဆိုတာ လူနှစ်ယောက်အတွက်
ဘယ်လိုချည်တဲ့ကြိုးလဲ
ချည်တဲ့သူက တစ်ယောက်လား
အချည်ခံချင်တဲ့သူက တစ်ယောက်လား
နားလည်မှုအလွဲတွေနဲ့ ရှေ့ဆက်
အချစ်ကြိုးတွေက မချည်ရခင်တည်းက လျော့နေခဲ့ပြီကို။

www.burmeseclassic.com

www.burmeseclassic.com



၁၀

"နင်တို့ဟာကလည်းဟာ၊ စလယ်ဝင် ဖင်မမည်းခင်ကလို ဖြစ်နေပြီ"

ချစ်သူသည် အင်ခန့် စကားကြောင့် အိပ်ရာပေါ် ဝမ်းလျားထိုးမှောက်နေရာမှ ဆတ်ခနဲ့ ခေါင်းထောင်သွားသည်။

"ဘာ ... စလယ်ဝင် ဖင်မမည်းခင်ကလည်း ငါတို့က ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်ရမှာလဲ၊ တွေ့တာနဲ့ သတ်နေကြတာလေ။ သတ်ရာကနေ ပြတ်မလိုတောင် ဖြစ်နေပြီ မဟုတ်လား"

"မပြောစမ်းနဲ့ဟာ၊ စိတ်နာတယ်"

"စိတ်နာရင်လည်း ပြတ်လိုက်တော့။ နင်ကိုက ဒီဂဏ္ဍူးဂျောင်ကို သွားရင်ခုန်နေတာ။ ဒီလူကြီးက လွန်ခဲ့တဲ့ သုံးနှစ် စတွေ့တည်းက နင့်ကို ကျွေးထားတာ သတိရသင့်တယ်"

"ငါက သူ့ကို ချစ်တာကိုး"



ချစ်သူသည် အဲဒီစကားကို ပြောရင်းမှ ရင်ထဲတွင် ဆွတ်ပျံ့လို့သွားသည်။ တစ်ခါတစ်ရံမှာ လူတစ်ယောက်ကို ချစ်တယ်လို့ ဝန်ခံလိုက်ရတာလည်း ကြည်နူးဆွတ်ပျံ့စရာတော့ ကောင်းသည်ဟု ထင်ပါသည်။ အချစ်ဆိုတာ အတ္တတစ်ခု ဆိုပေမယ့် တစ်ခါတစ်ရံမှာ အတ္တနဲ့ လွတ်နေတတ်ပြီး အစစအရာရာ နားလည်ပေးချင်သလို ခွင့်လွှတ်ပေးချင်သလို စိတ်ရှိတာဟာလည်း အချစ်ရဲ့စွမ်းအားတစ်ခုပဲ ဖြစ်ပါမည်။

ဒါပေမဲ့လည်း လူဆိုတာက ပုထုဇဉ်လေ၊ ကိုယ့်ချစ်သူရဲ့ ခွင့်လွှတ်သည်းခံ အလိုလိုက်မှုတွေကိုလည်း ဘယ်သူမဆို လိုချင်မက်မောကြသေးတာပေါ့။

"ဒါဆိုလည်း ပြောသမျှ ငုံ့ခံပြီး ချစ်နေပေါ့ဟာ။ ကျိုင်လတ် မနေနဲ့ပေါ့"

"အိုး ... အဲဒီလိုလည်း မလုပ်ချင်ပါဘူး။ ဒါပေမဲ့ သူလုပ်သွားပုံက ကောင်းလားဟာ။ ငါ့ကို လမ်းလယ်ကောင်မှာ တစ်ယောက်တည်း ထားခဲ့တာ"

"နို့ ... နင်ပဲ ဆင်းမယ်ပြောပြီး ရပ်ခိုင်းတာ မဟုတ်ဘူးလား"

"ဟဲ့ ... ငါ ရပ်ခိုင်းတိုင်း သူ ရပ်ပေးစရာလား။ သူ ချော့တော့ရော ဘာဖြစ်မှာမို့လို့လဲ။ သူများတွေ ဒီလိုပဲ ချော့နေရတာပဲ ..."

သူကိုက သူ့ကို နည်းနည်းလေးမှ လာမကျော့နဲ့၊ အကျော့မခံချင်ဘူးဆိုတဲ့ စိတ်မျိုးကြီး ထားနေတာကိုး။ ကျွတ် ... တော်ပြီဟာ ဆက်ပြောနေရင် ကိုယ့်ပေါင်ကိုယ် လှန်ထောင်းနေသလို ဖြစ်တော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုယ်ပေါင် ကိုယ်ပြန်ထောင်းတော့ အနာသက်သာတာ ပေါ့ဟာ"

ချစ်သူသည် အင်ခန့်စကားကို ဘာမှမပြောမိတော့ပဲ ခေါင်းအုံးထဲသို့ မျက်နှာထိုးထည့်ကာ နစ်ဝင်ငြိမ်သက်နေမိလေသည်။ ပြဿနာတက်ခဲ့တာသည် ဒီနေ့ပါနဲ့ဆိုလျှင် လေးရက်မြောက်သွားပြီဖြစ်သည်။ သူ့ထံမှ ဘာအဆက်အသွယ်မှ မရခဲ့ပါ။ ဖုန်းမပြောနှင့် မက်ဆေ့ချ်လေးတစ်ခုတောင် မရ။ လူကိုယ်တိုင်လာဖို့ဆိုတာတော့ ဝေးလာဝေး။ ချစ်သူသည် နားလည်ရခက်သောရည်းစားအတွက်နှင့် ဦးနှောက်သွေးကြောတောင် ပြတ်ချင်လာသည်။

သူကတောင် ဒီလိုလုပ်ရက်ထားသည့်အတွက် ချစ်သူကလည်း ကိုယ့်ဖောင်းလ်မရှိသဖြင့် သူ့ထံသို့ ဖုန်းလည်းမဆက်၊ မက်ဆေ့ချ်လည်း မပို့မိပါ။ ဖုန်းဆက်ချင်တာကလည်း လက်တွေကိုယားကာ ကိုယ့်လက်ကိုယ် ပြန်ဆိတ်ဆွဲထားရလေသည်။ သူ့အသံကို ကြားချင်သည်မှာ ဖျပ်ဖျပ်ကို လူးနေသည်။ သို့သော်လည်း ကိုယ်မမှားဘူးဟူသော မာနလေးက တင်းခံနေသောအခါ အိပ်ရာပေါ်မှာပဲ လိမ့်နေရတော့သည်။

ဒီကြားထဲ အင်ခန့်က ချစ်သူကိုရွဲ့ကာ L ဆိုင်းဇီရဲ့ သီချင်းကို စောင်းဖွင့်သေးသည်။

"မဆုံနိုင်တဲ့ အကြောင်းလေး ရှိခဲ့ကြတော့ ... တစ်နေ့နေ့ အသင့်ဖြစ်အောင် ပြင်ဆင်ပါ့မယ် ... အကြင်နာဇာတ်လမ်းလေး အလွမ်းပြောင်းရေးဖို့ ... သွေးနည်းနည်းအေးအောင် ... အချိန်ပေးပါဦးကွယ် ...



ကျန်နေခဲ့မှာတွေးရုံနဲ့ ... ကြေကွဲတတ်တော့လည်း ... တကယ့်ဘဝမှာ တို့တွေ ဘယ်လိုဆွေးရမှာလဲ ... မလွမ်းရဲသေးဘူး မောင်ရယ် ... ခဏနဲ့ မထားခဲ့ပါနဲ့ ... ချစ်ရိပ်လေးမှာ အိပ်နေချင်သေးတယ် ..."

"တော်စမ်းပါဟာ ... ပိတ်စမ်းပါ"

"ခံစားချက်တွေ တိုက်ဆိုင်နေတယ်ပေါ့လေ၊ ဟက် ... ဟက် ... ဟက် ... မလွမ်းရဲသေးဘူး ကိုကြီးရယ်၊ ခဏနဲ့ မထားခဲ့ပါနဲ့၊ အဲဒီလိုဆိုပြီး သူ့ဖုန်းထဲကို ပို့လိုက် ... ဟီး ဟီး ဟီး"

"မိအင်ခန့် ... ညည်း တော်တော်မြူးနေတယ်ပေါ့လေ။ ဘာမှ ခံစားပေးဖို့ မရှိဘူး၊ သုံးစားမရတဲ့ အာပလာမ"

"ခံစားပေးစေချင်ရင် ပန်းကန်ပြားပေးလေ ... ဟဲ ဟဲ"

"တော်ပါ၊ ဒီမှာ သတိရလွန်းလို့ သေတော့မှာပဲ၊ အဲဒါ ဘယ်လိုလုပ်ရမှာလဲ၊ အကြံကောင်းလေး ဘာလေး ပေးစမ်းပါ"

"စိုင်းစိုင်း သီချင်း သွားဆိုပြလိုက်ပေါ့ဟာ၊ ဝေးဝေးပြေးတဲ့အချစ်ကို စွဲလမ်းလွန်းလို့ ရင်မှာ နှလုံးသားလေး ကွဲအက်အိုး ... ရှုးတော့မှာပဲ"

အင်ခန့်က တစ်မျိုးပြီးတစ်မျိုး နောက်နေလျှင် ချစ်သူသည် စိတ်မရှည်တော့ဘဲ ဖုန်းကိုကောက်ယူကာ အခန်းထဲမှ ထွက်လာခဲ့တော့သည်။ လက်ရှိအချိန်သည် ညနေခြောက်နာရီခန့်ရှိနေကာ ခြေခင်း လက်ခင်း သာယာလှပသော ညနေတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



[illegible]သည်။ တိမ်မျှင်တွေ သွယ်တန်းနေသော ကောင်းကင် [illegible]ကြီးသည် မိုးသားတိမ်ရိပ်တွေ ကင်းစင်နေကာ အရောင် အဆင်းမဲ့စွာ လှပနေသည်။ ဒီလိုညနေမျိုးမှာ ကိုကြီးနဲ့ ကန်ပေါင်ပေါ်မှာ လမ်းလျှောက်ရရင် ဘယ်လောက်ကောင်းမလဲ။ ဒါမှမဟုတ် တိုးဂိတ်ဘက်ကို ဖြစ်ဖြစ်ပေါ့။ တိုးဂိတ်ဘက်ကတော့ ချစ်သူအတွက် ပိုအဆင်ပြေမည်ဟု ထင်သည်။

ချစ်သူသည် အတွေးတွေနှင့်အတူ အိမ်ရှေ့ထိ ထွက်လာစဉ်မှာပဲ ခြံတံခါးဝမှာ လူတစ်ယောက်က ဖိတ်စာတွေနှင့် ရောက်လာသဖြင့် အပေါက်ဝထိ ထွက်လာခဲ့သည်။ ထိုသူက ချစ်သူရဲ့ လက်ထဲသို့ ဖိတ်စာတစ်စောင် ကမ်းပေးရင်း ...

"အိမ်နံပါတ်(၁၈)ကပါ၊ အန်တီသောင်းတို့ အိမ်က မနက်ဖြန်ညနေ ဘုရားကိုးဆူလုပ်မှာမို့ ဖိတ်ခိုင်းလိုက်တာခင်ဗျ၊ ဆက်ဆက်ကြွပေးပါတဲ့"

"သြော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

ထိုသူက ထွက်သွားချိန်၊ ချစ်သူက ဖိတ်စာကို တစ်ချက်ငုံ့ကြည့်နေစဉ်မှာပဲ လေလိုလျင်မြန်သော ကားတစ်စီးသည် ချစ်သူရဲ့နံဘေးသို့ လျှောခနဲ ထိုးဆိုက်လာသည်။ ချစ်သူက ဖျတ်ခနဲ မော့ကြည့်လိုက်လျှင် လုံးဝထင်မှတ်မထားသော သူတစ်ယောက်ကို အံ့သြဖွယ်ရာ တွေ့ရှိလိုက်ရသည်မှာ ကိုယ့်ကိုယ်ကိုယ်တောင် မယုံကြည်ချင်ပေ။ ဘုရားရေ ... စိတ်စွဲလမ်းလွန်းအားကြီးလို့ မြင်မိမြင်ရာ ထင်မိထင်ရာတွေ ဖြစ်တာတော့ မဟုတ်ပါဘူးနော်။



ကားပေါ်မှ ချစ်သူ၏ ကိုကြီးသည် ချစ်သူကို ခပ်တည်တည်ပဲ လှမ်းကြည့်နေသည်။ ပြီးတော့ အံ့သြနေသောပုံပေါ်သော ချစ်သူကို အရသာခံကာ ကြည့်နေပုံ ပေါ်ပါသည်။

"ချစ်သူ ... ကားပေါ်တက်"

အမယ် ... လေသံကိုက။ သူ့ပုံစံသည် လွန်ခဲ့သော လေးရက်ခန့်က ချစ်သူကို ပလက်ဖောင်းဘေးမှာ ထားခဲ့သောပုံစံ လုံးဝမဟုတ်သလိုပင်။ လက်ရှိအခြေအနေမှာ သူ့ကိုလုံးဝတင်းနေတယ်ဟုသော အထာဖြင့် လှည့်ထွက်သွားရတော့မှာလား။ ဒါမှမဟုတ် အလွမ်းရဲ့ဒဏ်တွေကို ဆက်မခံစားနိုင်စွာဖြင့် သူ့ကားပေါ်တက်လိုက်သွားရတော့မှာလား စသဖြင့် လုံးဝဝေခွဲမရဘဲ ဖြစ်လို့နေသည်။

အခြေအနေက တကယ့်ကို ဆပ်ပရိုက်စ်ပဲ ဖြစ်သည်။ ချစ်သူက အိမ်ထဲမှာတောင် မဟုတ်။ အိမ်အပြင်မှာ ကျားရှေ့သို့ တည့်တည့်၊ အဲလေ ... သူ့ရှေ့သို့ တည့်တည့်ရောက်နေသည်။ ဆုံးဖြတ်ချက်ချရမည့် နာ့ဗ်ကြောများသည် မီးတွေပွင့်ကာ ဟိုဟို ဒီဒီ ပြေးလွှားနေကြသည်။

သူက ချစ်သူရဲ့ပုံစံကို ရိပ်မိသလိုဖြင့် တစ်ချက် ခနီးခနဲ့ပြုံးကာ ... (အဲဒီအပြုံးကြီးကို ချစ်သူ အမြင်ကတ်ပါသည်)

"ဘာတွေ စဉ်းစားနေတာလဲ၊ တက်လေကွာ။ မှောင်သွားလိမ့်မယ်"

ဒီတော့မှ ချစ်သူရဲ့ မိန်းကလေးမာနသည် ဟုန်းခနဲ ခေါင်းပြူပြီး ထွက်လာကာ ...

www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ဘာလို့တက်ရမှာလဲ။ တက်ပါဘူး။ ကိုယ့်ဟာကိုယ်သွား"

ချစ်သူက ပြောပြောဆိုဆို ဖျတ်ခနဲ လှည့်ထွက်လိုက်လျှင် သူက ကားပေါ်မှ ဆင်းလာကာ ချစ်သူရဲ့လက်တစ်ဖက်ကို ဖျတ်ခနဲ လှမ်းဆွဲထားလိုက်သည်။

"ဟယ် ... ဒါ ဘာလုပ်တာလဲ၊ လွှတ်စမ်းပါ"

"ဘာလို့ လွှတ်ရမှာလဲ။ ညီမလေးနော် ... ကိုယ် မင်းအိမ်ထဲအထိ လိုက်လာမှာ"

"အောင်မာ ... လိုက်ပေါ့။ အိမ်ထဲမှာ မေမေ ရှိတယ်"

"ရှိလေ ရှိပေါ့။ ဘာဖြစ်လဲ၊ တစ်ခါတည်းတောင် မိတ်ဆက်ပေးပြီးသားရသေးတယ်။ ပြောလိုက်မယ်၊ ကျွန်တော်က မိုးချစ်သူရဲ့ ရည်းစားပါလို့ ...

ဘာဖြစ်လဲ၊ တကယ်ပြောမှာနော် ချစ်သူ၊ လာ ... သွားမယ်"

သူကပင် ချစ်သူရဲ့လက်ကို ဆွဲကာ အိမ်ထဲသို့ ဦးဆောင်ခေါ်နေလျှင် ချစ်သူသည် တကယ်လုပ်မည့် သူ့ပုံစံကြောင့် အလန့်လန့်အဖျပ်ဖျပ်ဖြင့် သူ့လက်ကို ပြန်ဆွဲထားရသည်။

"ဟာ ... ဟော့ ... ဘာလုပ်တာလဲ၊ မဝင်နဲ့ ... မဝင်နဲ့"

"မဝင်စေချင်ရင် မင်း ကိုယ့်ကားပေါ်ကို တက်လိုက်၊ မတက်ရင် မင်းအိမ်ထဲကို လိုက်ဝင်ပြီး မင်းမေမေနဲ့ မိတ်ဆက်ရလိမ့်မယ် ...

ဒါဆိုရင် အခြေအနေက နည်းနည်းတော့ ရှုပ်ထွေးသွားမယ် ထင်တယ်"



သူက ပိုင်နိုင်သလို အပြောကြီးမျိုးဖြင့် မေးဆတ်ပြနေလျှင် ချစ်သူသည် သူ့ကို မျက်စောင်းတွေထိုးလွှတ်ကာ နှုတ်ခမ်းတွန့်ပြလိုက်သည်။ ပြီးတော့ သူ့လက်ထဲမှ ကိုယ့်လက်ကို ဆောင့်ရုန်းကာ သူ့ကားပေါ်သို့ ဆောင့်ဆောင့်အောင့်အောင့်တက်ထိုင်လိုက်လေသည်။

သူက ဒီလိုမှပေါ့ ဟူသော အပြုံးဖြင့် ကားပေါ်ကို တက်ကာ စက်နှိုးပြီး မောင်းထွက်သည်။ ချစ်သူသည် လက်ထဲမှ ဖိတ်စာကို ဒက်ရှ်ဘုတ်ပေါ် ပစ်တင်ရင်း ...

"ဘာအထာလဲ၊ လူကို ဒီလိုချောင်းပိတ်တာမျိုး အရမ်းမုန်းတယ်နော်၊ အခု ဘယ်ကို မောင်းနေတာလဲ"

"မင်း သွားချင်တဲ့နေရာကိုပေါ့"

"ဘာရယ် ... ဘယ်တုန်းက ပြောလို့လဲ၊ ကျွတ် ... ရှင့်ကို အရမ်းစိတ်နာနေတယ်နော်၊ အရမ်းမုန်းတယ်"

"ရင်ထဲမပါတဲ့ စကားတွေ ပြောမနေစမ်းပါနဲ့ကွာ၊ ကိုယ့်ကို ရိုက်ချင်တယ် ဆိုရင်လည်း အဲဒီရောက်မှပဲ ရိုက်ပေတော့"

"ဘာ ... ဘယ်ရောက်မှလဲ၊ ဘယ်တုန်းက ပြောမိလို့လဲဟဲ့"

"မင်းပါးစပ်က ပြောမှပဲ ကိုယ် သိနိုင်တာမှ မဟုတ်တာ။ မင်းနဲ့ ကိုယ်နဲ့က နှလုံးသားချင်း လဲထားတာလေ ချစ်သူရဲ့။ ကိုယ့်နှလုံးသားက မင်းဆီမှာ မင်းနှလုံးသားက ကိုယ့်ဆီမှာ၊ ဒီတော့ ဘယ်သူ ဘယ်လို ခံစားနေရတယ် ဆိုတာကို သိနိုင်တယ်လေ ...

www.burmeseclassic.com

www.burmeseclassic.com



မင်း ကိုယ့်ကို လွမ်းနေတယ် မဟုတ်လား၊ အမှန်တိုင်းဖြေ"

ချစ်သူသည် ဒီလိုအပြောမျိုးကိုတော့ အသေသာခံလိုက်မည်။ တစ်သက်လုံး မပြောဘူးဟူသော ခံယူချက်ဖြင့် အမောတကော ရှန်တွေ့မိသည်။

"ဘာလို့ လွမ်းရမှာလဲ၊ ဘာလို့လွမ်းရမှာလဲ၊ ဝေးပါသေးတယ်"

"ချစ်သူ မလိမ်ချင်စမ်းပါနဲ့ကွာ၊ မင်း ကိုယ့်ကို မေ့နေတယ်ဆိုတာတော့ လုံးဝမဖြစ်နိုင်ဘူး"

"မလိမ်ဘူး၊ ကိုကြီးကို ချစ်သူ သတိရတယ်၊ ဒါပေမဲ့ စိတ်နာပြီး သတိရနေတာ မုန်းပြီး သတိရနေတာ၊ ဖီးလ်နဲ့ လွမ်းနေတာ မဟုတ်ဘူး ...

ရှင်းပြီလား"

"ရတယ် ... မင်းဘာသာမင်း ဘယ်လိုပဲ သတိရရ မင်းစိတ်ထဲမှာ ကိုယ်ရှိတယ်ဆိုရင် ကျေနပ်ပြီ"

"ကျေနပ်မနေနဲ့၊ ချစ်သူကတော့ ရှင့်ကို လုံးဝမကျေနပ်ဘူး။ ရှင်က သိပ်မုန်းဖို့ ကောင်းတဲ့လူ၊ ချစ်သူအပေါ်မှာ မကြင်နာတဲ့သူ၊ ချစ်သူအပေါ်မှာ ရက်စက်တဲ့သူ၊ မကောင်းတဲ့လူ၊ အတ္တကြီးတဲ့လူ၊ တစ်ကိုယ်ကောင်းဆန်တဲ့လူ၊ ငါးရောင်းတဲ့လူ"

"အင်း ... ပြော ... ပြော၊ ပြောစရာတွေ ကုန်ပြီလား"

"ကုန်သေးဘူး။ မုန်းတယ် အဲဒီစကားကို အကြိမ်တစ်သန်းပြောတယ်လို့ မှတ်ပါ"



သူက ချစ်သူရဲ့စကားကို သဘောကျသွားဟန်ဖြင့် တဟားဟား အော်ရယ်သည်။ ပြီးတော့ ကားမောင်းရင်းမှနေ၍ လက်တစ်ဖက်က ချစ်သူရဲ့ခေါင်းကို အုပ်မိုးလှုပ်ယမ်းလိုက်သည်။ ချစ်သူသည် သူ့ကို အံကြိတ်ကြည့်ကာ ဒေါသထွက်တဲ့ပုံစံ လုပ်ပြသော်လည်း ရင်ထဲမှာတော့ ဘာဒေါသမှ မရှိတော့ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ်ပဲ သိလေသည်။

အဲဒီအချိန်မှာပဲ ဘောင်းဘီအိတ်ကပ်ထဲ ထည့်ထားသော ချစ်သူရဲ့ဖုန်းမှ မြည်သံထွက်ပေါ်လို့လာသည်။ Display ကို ကြည့်လိုက်လျှင် အင်ခန့်ဆီမှ ခေါ်တာဖြစ်သည်။ သွားပြီ ... ဒီမိန်းမကတော့ ချစ်သူကို ရေလည်ဟားတော့မှာပဲ။

"အေး ... ပြော"

"အောင်မာ ... ပြောရမှာက နှင်ဟဲ့။ နေရင်း ထိုင်ရင်းနဲ့ ဘယ်ပျောက်သွားရတာလဲ၊ ငါကတော့ ကော်ဖီလေး ဘာလေး သွားဖျော်နေတာလားလို့ ...

အိမ်ထဲမှာလည်း မရှိဘူး။ ဘယ်ကို ကြွသွားတာလဲ၊ ဟယ်လို ... အမယ်လေး ... ဖုန်းလိုင်းကလည်း ဂလွီဂလွမ် လေတိုးသံတွေနဲ့ ...

သေချာတယ်၊ နှင် ကားပေါ်မှာ မဟုတ်လား၊ နှင်ပါသွားပြီ မဟုတ်လား"

နဂိုကမှ ဒေါသစိတ် မရှိတော့ပဲ ကြည်နူးပီတိတွေသာ ခန္ဓာကိုယ်ထဲသို့ တစိမ့်စိမ့် ဝင်ရောက်နေသော ချစ်သူသည် အင်ခန့်ရဲ့ သူထင်ရာသူပြော တရစပ် သုံးသပ်စကားတွေကြောင့် တဟားဟား အော်ရယ်မိလေသည်။ ချစ်သူ ရယ်နေတာကို သူက

www.burmeseclassic.com

www.burmeseclassic.com



ပြုံးရင်း တစ်ချက်လှည့်ကြည့်သည်။ အဲဒါကို ချစ်သူက မျက်စောင်းထိုးပြလိုက်လျှင် သူက တဟားဟားနှင့် အော်ရယ်လေသည်။

ထိုရယ်သံကြီးမှာ ဖုန်းထဲသို့ ဝင်သွားကာ ...

"ဟင် ... ဒါ နှင့်ဂွတ်ဂွတ်ကြီးအသံ မဟုတ်လား။ အောင်မယ်လေး ... နတ်နေတဲ့ ငါ့ပါးစပ် ထွက်သွားတဲ့စကား တကယ်မှန်နေပြီပေါ့ ...

နင်တို့ ခိုးပြေးနေကြတာတော့ မဟုတ်ပါဘူးနော်။ မိန်းမ ... နင် ဖုန်းဆက်ပြီး လှမ်းခေါ်လိုက်တာ မဟုတ်လား။ ဟား ... မိချစ်သူတို့ကတော့ မနိုင်ဘူးကွာ ...

မိန်းမချေးကို လိုက်ဖျက်နေတဲ့သူပဲ"

"လျှောက်ပြောမနေနဲ့၊ သူက အိမ်ရှေ့ထိ လာခေါ်တာ၊ တိုက်ဆိုင်သွားတာ"

"ဩော် ... ဩော် ... နင်က အခန်းထဲကနေ ဖုန်းယူပြီး ထွက်သွား၊ သူက အိမ်ရှေ့ရောက်လာ၊ တိုက်ဆိုင်သွားတာပေါ့ ဟုတ်လား၊ ကိုရီးယားကားထဲကလိုပေါ့၊ ယုံလောက်အောင်ရှိ မိချစ်သူ"

"ဟား ... နှင့်ဦးနှောက်သာ ဉာဏ်မမီတဲ့ ဦးနှောက်မို့ မတွေးတတ်တာ၊ ငါ သူ့ကို ဖုန်းဆက်ခေါ်ရင် ဒီအချိန်နဲ့ သူ ရောက်လာမလား၊ လမ်းမှာ နာရီဝက်တော့ အနည်းဆုံးကြာမှာပဲ ...

ခေါင်း သုံးစမ်းပါ မိအင်ခန့်ရဲ့။ သင်ပေးထားတာတွေ မေ့နေပြီလား၊ တိုက်ဆိုင်တာပါ သယ်ရင်းရယ် ဟဲ ဟဲ "



"တော်ပြီ၊ တိုက်ဆိုင်တာတွေ အိမ်ပေါင်တာတွေ လာပြောမနေနဲ့။ လေသံနားထောင်ရပုံထောက်တော့ အခုနေ ဟိုက ခိုးပြေးမယ်ဆိုရင်လည်း ပါသွားမယ့် သဘောရှိတယ် ...

အမယ်လေး ... အစကတော့ ဆင်ဖမ်းမယ် ကျားဖမ်းမယ်နဲ့၊ အခုတော့ ဟိုကချော့တောင် မချော့ရသေးဘူး။ ပျော့ရုံတင်မက ကျွတ် ... ငါပြောလိုက်ရ အသံတွေ အင်တာနက်ပေါ် ရောက်ကုန်တော့မယ်"

"ဒါဆိုလည်း ပြောမနေနဲ့တော့၊ မေမေ့ကို ပြောလိုက်ဦး စိတ်မပူနဲ့၊ ခဏပဲလို့"

"အေး ... ခဏပဲဆိုပြီး တစ်ညအိပ်လည်း လုပ်မလာနဲ့ဦး၊ ကျွတ် ... နင်တော့လား၊ ပြန်လာမှ တွေ့မယ်"

အင်ခန့်က ဖုန်းချသွားလျှင် ချစ်သူသည် သဘောတကျဖြင့်ရယ်ကာ ဖုန်းပိတ်လိုက်သည်။ ပတ်ဝန်းကျင် အနေအထားကို ကြည့်ရှုလိုက်လျှင် ကားက ပြည်လမ်းမတစ်လျှောက် ဦးတည်နေကာ တိုးဂိတ်ဘက်သို့ မောင်းနှင်နေတာ ဖြစ်သည်။

"ချစ်သူ ကိုယ့်ကို စိတ်ကောက်ပြေသွားပြီပေါ့နော်"

"အံမယ် ... ဘယ်တုန်းက ပြောမိလို့လဲ"

"ချစ်သူ ရယ်နေတယ်လေ။ ဒါဆို စိတ်မကောက်တော့လို့ပေါ့။ စိတ်တို ဒေါသထွက်နေတဲ့လူက ဘယ်လိုလုပ် ရယ်နိုင်မှာလဲ ...

ဟုတ်တယ် မှလား။ ရင်ထဲမှာ အကြည်ဓာတ်ရှိလို့သာ ရယ်နိုင်တာပေါ့။ ကိုယ့်ကို စိတ်မဆိုးတော့ဘူးနော် ...

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ ... ညီမလေးကကွာ၊ တကယ်နေနိုင်တယ် ကိုယ့်ဆီကို ဖုန်းလေးတစ်ချက်တောင် ဆက်ဖော်မရဘူး တကယ်ကို နေနိုင်သူကြီးပဲ”

ချစ်သူသည် သူ့ကို စိတ်ကုန်တယ်ဟူသော အကြည့် တစ်ချက်ဖြင့်ကြည့်ကာ ဘာမှပြန်မပြောတော့ချေ။ သူကလည်း ဆက်မပြောတော့ဘဲ သီချင်းဖွင့်ကာ ကားမောင်းနေသည်။ သူ မောင်းလာသော ကားလေးဟာ တဖြည်းဖြည်းနှင့် ရန်ကုန်မြို့တွင်း မှထွက်ကာ မြို့ပြင်ဘက်သို့ ရောက်လာသည်။ ကားကတိုးဂိတ်ကို ကျော်လွန်လာပြီးနောက် သူက အရင်နေရာမှာပဲ ကားကိုရပ်သည်။ ကားရပ်သော်လည်း ချစ်သူက မဆင်းချေ။ ချစ်သူ မဆင်းသဖြင့် သူကလည်း မဆင်း။

“ချစ်သူ အောက်မဆင်းဘူးလား”

“ဆင်းပါဘူး”

“အိုကေလေ ... ရပါတယ်၊ ဒါဆိုလည်း မင်းကို ကားပေါ် မှာပဲ နမ်းရတော့မှာပေါ့”

“ဘာ ... ဘာပြောလိုက်တယ်”

“ချစ်သူ ... ကိုယ်က မင်းထက် ငါးနှစ်တောင်ကြီးတယ် နော်၊ ကိုယ် တစ်ခုခုပြောရင် ဘာ ... ဘာနဲ့ မျက်လုံးကြီး ပြူးပြီး ပြန်မပြောစမ်းနဲ့”

“သြော် ... ဒါကျတော့ ငါးနှစ်စာ အရိုသေခံချင်တယ် ပေါ့လေ၊ ချစ်သူကိုကျတော့ ငါးနှစ်စာ သည်းခံခွင့်လွှတ် ဖို့ အလိုလိုက်ဖို့ မစဉ်းစားဘူး မဟုတ်လား”



“ဟား ... ကိုယ်က မင်းကို ဒီ့ထက် သည်းခံရဦးမှာလား”

“အမယ်လေး ... အဟွတ် ... ဟွတ် ... ရှင်က ချစ်သူကို သည်းခံခွင့်လွှတ်တယ် ဟုတ်လား။ အမယ်လေး ... ရှင် နာရလွန်းလို့ သေတော့မယ် ...

အမှန်တရားနဲ့ သိပ်ကင်းကွာတဲ့ စကားမျိုးတွေ မပြောစမ်းပါနဲ့ ကိုကြီး။ ချစ်သူ ရှင်နဲ့ ရန်လည်းမဖြစ် ချင်ဘူး”

“သြော် ... ကိုယ်ကတော့ မင်းနဲ့ ရန်ဖြစ်ချင်နေတယ်၊ မင်းက ရန်စနေတယ်လို့ ဆိုလိုတာပေါ့လေ”

“ရန်စတယ်လို့ ဆိုလိုတာ မဟုတ်ဘူး၊ ဒါပေမဲ့ ကိုကြီးက တစ်ခုခုဆို ကိုကြီးစိတ်ချည်းပဲ၊ သူများကို နားလည်မပေး ဘူး ...

ကြာတော့ စကားတောင် ဟာဟာမပြောရဲလောက် အောင်ပဲ ချစ်သူအပေါ်မှာဆို သိပ်ရက်စက်တယ်။ ရှင် ချစ်သူကို တကယ်မချစ်ပါဘူး၊ အဲဒါကို ဝန်ခံလိုက်ပါတော့။ ကိုကြီး ချစ်သူကို ကြိုက်ကောင်း ကြိုက်လိမ့်မယ်။ စိတ် ဝင်စားလိမ့်မယ်၊ အဲဒါဟာ ချစ်သူ မဟုတ်ပါဘူး။ ကိုကြီး ချစ်သူကို မချစ်ပါဘူး”

ချစ်သူသည် နောက်ဆုံးစကားကို ပြောရင်းနှင့် ကိုယ့်ကိုယ်ကိုယ် ဝမ်းနည်းလို့ လာလေသည်။ ရင်ထဲမှာလည်း မကောင်းပါ။ ကိုယ့်အပေါ်မှာ ကိုယ်ထင်သလောက် မချစ်သော သည့် လူစားမျိုးကို ချစ်ရသည့်အတွက် ရင်ထဲမှာနင့်ပြီးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်ထဲမှာ ဆို့လာသည့်အတွက် မျက်ရည်ဝဲချင်လာတာတောင် မနည်းထိန်းချုပ်ထားရလေသည်။

ကိုကြီးက ချစ်သူကို တစ်ချက်ငဲ့ကြည့်ကာ စိတ်မကောင်းသွားသလိုဖြင့် သက်ပြင်းတစ်ချက်ချသည်။ အဲဒီသက်ပြင်းသံကြောင့် ချစ်သူ ကျေနပ်သွားရပါသည်။

လူတစ်ယောက်ဟာ စိတ်ခံစားမှုတစ်ခုမြင့်မှ သက်ပြင်းချနိုင်တာတဲ့။

"မင်း ဘာဖြစ်လို့ အဲဒီလို ထင်ရတာလဲ ချစ်သူ။ မင်းကို ချစ်တယ် မချစ်ဘူးဆိုတာ ဘာကိုကြည့်ပြီး မင်းက ဝေဖန်ဆုံးဖြတ်ရတာလဲ"

"ဆုံးဖြတ်တာပေါ့။ ဟိုတစ်နေ့က ချစ်သူကို လမ်းဘေးမှာ တစ်ယောက်တည်း ထားခဲ့တာ၊ မချစ်တတ်တဲ့ နှလုံးသားကြီးနဲ့မို့ပေါ့"

"အာ ... အဲဒါ မင်းကစိတ်တွေဆိုးပြီး ဖွတ်ဆင်းမယ် ဖြစ်တာကိုး။ တော်ကြာ ကားမရပ်ပေးလို့ ကားပေါ်ကနေ ခုန်ချသွားရင် ဘယ့်နှယ်လုပ်မလဲ၊ ကျိုးပဲ့ပြီး ဆေးရုံရောက်သွားမှာပေါ့"

ချစ်သူက သူ့ထံသို့ မျက်စောင်းတစ်ချက် ပို့လွှတ်ကာ ...

"ဘာမှ ခုန်မဆင်းဘူး။ အဲဒါ စိတ်ဆိုးတာပဲ၊ စိတ်ဆိုးတဲ့ မိန်းကလေးတစ်ယောက်ကို ချော့မရယ်ဆိုတာ နားမလည်ဘူးလား"

"ချော့ရမှာလား၊ အချော့ခံချင်တယ်ပေါ့"



ချစ်သူသည် သူ့ကို ဒုတိယမွှိ မျက်စောင်းထပ်ထိုးမိပြန်သည်။ ချော့ရမှာလားဟူသော အသံကို ကြားတာနဲ့တင် ချော့စရာမလိုပဲ ကျေနပ်စွာ ပျော့ပျောင်းသွားရသူက ချစ်သူဖြစ်သည်။ သူက ချစ်သူရဲ့ခေါင်းလေးကို ခပ်ဖွဖွပုတ်ကာ ...

"ကိုယ် မင်းကို ချစ်တာပေါ့ ညီမလေးရယ်၊ မချစ်ဘဲနဲ့တော့ ချစ်တယ်လို့ လိမ်မပြောပါဘူး"

"ဒါဖြင့်ရင် ဘာလို့ အဲလိုကြီး ထားသွားလဲ။ ချစ်သူက ကိုကြီးနဲ့ ရွယ်တူတန်းတူလည်း မဟုတ်ဘူး။ ငါးနှစ်တောင်ငယ်တယ်။ ကြီးရင်မှီ ငယ်ရင်ချီတဲ့၊ ချီဖို့နေနေသာသာ တွဲတောင်ခေါ်တာ မဟုတ်ဘူး ...

မုန်းဖို့ ကောင်းတာပေါ့။ လူမှာ Taxi နဲ့ ပြန်ရတယ်"

"ဆောရီးကွာ။ အဲဒီအတွက် ကိုယ် တောင်းပန်တယ်။ တကယ်တော့ ကိုယ်က မင်းကို ချော့မလို့ပဲ ညီမလေးရဲ့။ မင်းကမှ မစောင့်တာ"

"သြော် ... ကျုပ်က အဲဒီလမ်းလယ်ကောင်မှာ ငုတ်တုတ်ထိုင်စောင့်နေရမယ်ပေါ့"

"မဟုတ်ဘူးလေကွာ၊ အဲဒီနေ့က ချစ်သူက ကားဟားတာမြန်သွားတာကိုး။ ကိုယ်ကချပေးခဲ့တာ ကားရပ်ပေးခဲ့တာက မင်းကို နှောက်တာလေ။ ပြီးတော့ ကားကိုကွေ့ပြီး မင်း အံ့သြသွားအောင် လုပ်မလို့ပေါ့။ တကယ်လည်းပြန်ကွေ့လာတာပဲ။ မင်းက မရှိတော့ဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ၊ လျှာရှိုးမရှိတိုင်း လျှောက်ပြောမနေနဲ့"

"ဟား ... တကယ်ပြောတာ၊ မှန်တာပြောရရင် မင်းနဲ့ ညားရပါစေကွာ။ ဒီမှာ ချစ်သူရဲ့၊ ကောင်မလေးတစ်ယောက် စိတ်ကောက်တာကို ချက်ချင်းချော့ရတာ အရသာမရှိဘူး ကွ ...

သူစိတ်ကောက်နေရင် သူ့အရှိန်နဲ့ လွှတ်ပေးထား လိုက်ရတယ် ...

ပြီးတော့မှ တစ်ရစ်ချင်း ဖြုတ်ပေးလိုက်ရင် ပြီးရော။ ဟုတ်တယ် မဟုတ်လား ... ပြော"

သူက ပြော,ဆိုသော စကားနှင့်အတူ ချစ်သူရဲ့မေးဖျားလေးကို ဆွဲပူဖျစ်ညှစ်လိုက်လျှင် ချစ်သူရင်ထဲ၌ ဒိန်းခနဲတစ်ချက် ဆောင့်ခုန်သွားသည်။ သူပြောတာ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ အဲဒီအပြောလေးနဲ့တင် လေးရက်စာ လွမ်းနာကျသမျှဟာ ပိန်းကြာရွက်ပေါ် ရေမတင် ဒီကိုဂျင်(န်)သောက်လိုက် သကဲ့သို့ ပျောက်ကင်း သက်သာသွားပြီဖြစ်သည်။

သူ့မျက်နှာကို တစ်ချက်မော့ကြည့်လိုက်လျှင် သူက ချစ်သူကို ရွှန်းရွှန်းစားစားနှင့် ပြုံးကြည့်နေသည်။ ဒီလိုကျတော့လည်း အဲဒီမျက်ဝန်းတွေထဲမှာ အချစ်တွေကို ရှာဖွေ၍ရသားပဲဟု တွေးမိသွားသည်။ သူက ချစ်သူရဲ့ ဆံနွယ်လေးတွေကို သပ်ဖွပေးကာ ...

"အောက်ဆင်းရအောင် ချစ်သူ၊ Sun Set ကြည့်မယ် ... လာ"



ချစ်သူသည် မငြင်းဆန်တော့ပဲ သူနှင့်အတူ ကားအောက်သို့ ဆင်းလိုက်သည်။

နေလုံးကြီးက ဝင်လုဆဲဆဲဖြစ်ကာ အိပ်တန်းပျံလာသော ငှက်တွေရဲ့ စနစ်တကျ ပျံသန်းပုံသည် ဘယ်သူက သင်ပေးထားမှန်းမသိဘဲ လွန်စွာလှပပါသည်။ ရင်ထဲမှာလည်း အပျော်တွေ စီးနေသလို အပြင်ကမ္ဘာကလည်း သဘာဝတရားနှင့်အညီ မြို့ပြနှင့် ကင်းဝေးလှပလေရာ ချစ်သူရဲ့စိတ်နှလုံးသားသည် အတိုင်းမသိ ချမ်းမြေ့ခြင်းသို့ ရောက်၏။

သူ့ကိုလည်း ထုံးစံအတိုင်း ဟိုဟိုဒီဒီ အရွှတ်အနောက် စကားတွေ ပြောလေရာ လေညင်း၏ ချိုမြိန်မှုသည် ချစ်သူတို့၏ နှလုံးသားချိုမြိန်မှုကို မမီပါ။ မတ်တတ်ရပ်ရတာ ညောင်းလာ၍ ခါးချိုးသော ချစ်သူကို သူက ရုတ်တရက် ခါးမှဆွဲမ,ကာ ကားနောက်ဖုံးပေါ်သို့ တင်ပေးသည်။ ပြီးလျှင် သူကလည်း ဖျတ်ခနဲ ပဲ ခုန်တက်ထိုင်ကာ စကားအတူတူ ဆက်ပြောပါသည်။

ကြာလာသောအခါ ချစ်သူရဲ့ခေါင်းသည် သူ့ပခုံးပေါ်သို့ ရောက်သွား၍ သူ့လက်တစ်ဖက်ကလည်း ချစ်သူရဲ့ပခုံးတစ်ဖက်ပေါ်သို့ ဘယ်လိုရောက်လာသလဲတော့ မပြောတတ်ပါ။ တချို့အခြေအနေတွေဟာ ကာယကံရှင် မသိအောင်ပဲ နူးညံ့စွာ ပြောင်းလဲသွားတတ်ကြပါသည်။ ချစ်သူသည် ချစ်သူရဲ့ပခုံးပေါ်တွင် ခေါင်းမှီတင်ရင်း ကမ္ဘာလောကကြီးတစ်ခုလုံးကို မေ့ထားလိုက်သည်။ သူက စိုင်းစိုင်းရဲ့ သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုးဆိုကာ ချော့သိပ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"နေဝင်ချိန်တွေဆို အတူရှိမယ် ... ကိုယ် တကယ်ချစ်သော မိန်းကလေးနဲ့ အတူရှိတဲ့ဘဝ ဘယ်လောက်များ ကောင်းလိုက်မလဲ"

အိုကေ ! ကောင်းမကောင်း ပရိသတ်ကြီးများ လက်တွေ့စမ်းသပ်ကြည့်ကြပါကုန်။



ချစ်ခြင်းဟူသည်
အချစ်စစ်က
အချစ်မှန်လျှင်
တန်ဖိုးရှိစမြဲ။

ချစ်ခြင်းဟူသည်
အကြည့်တစ်ချက်
မျက်ဝန်းတစ်စုံ
ထိုလောက်နှင့်လည်း
လေးနက်တတ်စမြဲ။

ချစ်ခြင်းဟူသည်
စကားလုံးများ
အထိအတွေ့
မရှိလျှင်တောင်
နှုးညံ့နီးစပ်တတ်စမြဲ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ချစ်သူ ဆိုသော ကောင်မလေးတစ်ယောက်နဲ့ သူ့ရဲ့ချစ်ခြင်းသည် အမြဲတစေ အဆင်ပြေနေခဲ့သည်တော့ မဟုတ်ခဲ့ပါ။ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်ဖြင့် အချစ်တွေကို ရှေ့ဆက်ခဲ့တာဖြစ်သည်။ ပြီးတော့ သူတို့နှစ်ယောက်ကလည်း အမြဲတမ်းတွေ့ရတာ မဟုတ်ချေ။ သူက ဆိုက်ထဲ ပြန်ပြေးလိုက်၊ ခွင့်ရရင်ပဲဖြစ်ဖြစ်၊ အလုပ်ကိစ္စနဲ့ပဲဖြစ်ဖြစ် ရန်ကုန်သို့ ပြန်ပြေးလာလိုက်ရင်းနဲ့သာ ဆုံတွေ့ဖြစ်ကြတာဖြစ်သည်။ ပြောရလျှင်တော့ သူဟာ ချစ်သူကို သိပ်သည်းခံနေတတ်သော လူစားမျိုး မဟုတ်ပါ။ အဲဒါကို သူ့ကိုယ်သူလည်း သိသည်။

သူသည် ရင်ထဲက အချစ်ကို နူးညံ့သော ပြယုဂ်တွေဖြင့် သိပ်မပြတတ်သော လူတစ်မျိုးဖြစ်သည်။ မဒီနဲ့တုန်းကတော့ အဲဒီလို ပြတတ်ခဲ့သည်ဟု ထင်သည်။ တမင်ပြခဲ့ခြင်း တမင်မပြတော့ခြင်းတော့ မဟုတ်ပါ။ ချစ်သူ ဆိုသော ကောင်မလေးကို အဲဒီလို ပြစရာလည်း မလိုဘူးဟု ထင်၍ဖြစ်သည်။ ချစ်သူသည် သူ့ဟာသူကို ပျော်နေတတ်ကာ ကျန်တဲ့လူတွေကို



ပျော်အောင်၊ ဆပ်ပရိုက်စ်ဖြစ်အောင် လုပ်ပေးတတ်သူဖြစ်သည်။ သူမကို ပျော်အောင်လုပ်ပေးစရာ မလို၊ သူမကသာ ဘယ်လိုပျော်ရွှင်မှု ပေးမလဲဆိုတာ စောင့်ကြည့်စရာ ဖြစ်သည်။

တစ်ခါတလေလည်း သူမက အတည်ပေါက်နှင့် အထိတ်တလန့် လုပ်တတ်သူ ဖြစ်သည်။ ထင်မှတ်မထားသော အချိန်မှာ သူ့ဆီသို့ ဖုန်းဆက်ပြီး ...

"ကိုကြီးရေ ... ချစ်သူတော့ ပြဿနာတက်နေပြီ"

သူမလေသံက အထိတ်တလန့်ဖြစ်လျှင် သူက နည်းနည်းတော့ စိုးရိမ်သွားသည်။ ဘယ်တော့မဆို သူမက သူ့ကို "ကိုကြီးရေ"ဟု သာ ချွဲချွဲနွဲ့နွဲ့နှင့် တ,ပြီး ခေါ်တတ်သူ ဖြစ်သည်။ သူသည် ပထမတော့ အဲဒီလေသံကို အမှုမဲ့ အမှတ်မဲ့ဖြစ်ပေမယ့် နောက်တော့ စွဲလာသည်။ ကိုကြီးရေ ဟူသော အသံလေးသည် အားကိုးတကြီးနှင့် ခေါ်လိုက်သလို တော်တော် နားထောင်လို့ကောင်းသည်ဟု ထင်ပါသည်။

"ဘာဖြစ်တာလဲ ချစ်သူ၊ ဘာပြဿနာတက်နေလို့လဲ"

"ချစ်သူလေ ကိုကြီးကို အရမ်းချစ်နေတယ်။ အဲဒီစိတ်ကြောင့် အလုပ်လည်း ကောင်းကောင်း မလုပ်နိုင်ဘူး။ အရမ်းလွမ်း နေတာနဲ့ပဲ သေတော့မယ်။ ကူပါ ... ကယ်ပါ ... ကိုကြီး ရယ် ... ဒါပဲနော်"

"ဟာ ... ဟေ့ ... ဟေ့"

သူ အော်တာကို သူမက မကြားတော့။ သူမဘာသာ ပြောချင်ရာပြောပြီး ဖုန်းချသွားလျှင် သူသည် ခေါင်းတယမ်းယမ်းဖြင့် ပြုံးကာ ကျန်ရစ်ခဲ့ရသည်။ သူမက အဲဒီလိုကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



မှီး ဖြစ်ပါသည်။ အခုလည်း သူနဲ့ သောကြာသည် အလုပ်ကိစ္စဖြင့် ပုသိမ်ကို ခဏရောက်လာခဲ့ရာ ထမင်းဆိုင်မှာ ထမင်းဝင်စားရင်း သူမထံ ဖုန်းခေါ်ဖို့ပြင်သည်။ ထမင်းဟင်းတွေ မလာခင် သူမနဲ့ ဖုန်းပြောဦးမည်ဟု စိတ်ကူးဖြင့် ဖုန်းနံပါတ်များကိုနှိပ်ဖို့ ပြင်နေသော သူ့လက်များသည် နံပါတ်မနှိပ်ခင်မှာပဲ သူ့ဖုန်းက ထမြည်လို့လာသည်။ သူသည် Display ပေါ်မှာ ပေါ်နေသော နံပါတ်ကိုမြင်လျှင် အံ့ဩသွားသည်။ ချစ်သူထံက ဖြစ်သည်။ ချစ်သူသည် သူ့ထံသို့ ဆက်လေ့ဆက်ထ မရှိပါ။ မရှိဆို ဖုန်းလိုင်းမမိသဖြင့် သူကသာ ပုသိမ်သို့ရောက်ဖြစ်မှ ဖုန်းခေါ်ရတာဖြစ်သည်။ အခု ဘာဖြစ်လို့ပါလိမ့်။ သူသည် အံ့ဩစိတ်နှင့်အတူ ဖုန်းကို ဖွင့်ကိုင်လိုက်သည်။

"ဟယ်လို"

"ကိုကြီးရေ"

သူမရဲ့အသံလေးက တမ်းတမ်းတတ ထွက်ပေါ်လို့လာလျှင် သူ့ရင်ထဲ၌ တစ်မျိုး ဆွတ်ပျံ့သွားသဖြင့် ချက်ချင်း စကားပြန်မပြောနိုင်ပါ။ ရင်ထဲက ခံစားချက်သည် ခါတိုင်းနဲ့မတူပဲ အင်မတန် နူးညံ့သိမ်မွေ့လို့နေသည်။

"ဟယ်လို ... ကိုကြီး၊ ကြားလား"

"အင်း ... ကြားတယ်၊ ညီမလေး မဟုတ်လား"

"ဟုတ်တယ်၊ ကိုကြီး ဘယ်ရောက်နေတာလဲ"

"ကိုယ် ပုသိမ်မှာ၊ အလုပ်ကိစ္စနဲ့ ခဏလာတာ။ ညီမလေးက ကိုယ့်ဖုန်းကို ဘယ်အချိန်တည်းက ခေါ်နေတာလဲ"

"အခုမှ ခေါ်လိုက်တာပဲ၊ သိဘူး၊ သမီးလေ နေရင်းထိုင်



ရင်းနဲ့ ကိုကြီးကို အရမ်းသတိရလာတာနဲ့ ကိုကြီး ဖုန်းကို လှမ်းခေါ်လိုက်တာ။ ပုသိမ် ရောက်နေတာသိလို့ ဆက်တာ မဟုတ်ဘူး။ လိုင်းဝင်သွားတော့ အံ့တောင်အံ့ဩနေတာ ... ထူးဆန်းတယ်နော်"

"အေး ... ထူးဆန်းတာပေါ့"

"ဟား ... ကြည့်စမ်း။ ကိုကြီး ညီမလေး အရမ်းလွမ်းနေတာကို ယုံပြီ မဟုတ်လား"

"ယုံပါတယ် ... ယုံပါတယ်"

"ယုံရမှာပေါ့၊ အပြောမဟုတ် လက်တွေ့နဲ့ပဲဟာ။ ကိုကြီးကျတော့ ချစ်သူကို မလွမ်းဘူးပေါ့လေ။ ဖုန်းတောင်မဆက်ဘူး၊ ရပါတယ်"

"ဩော် ... အခု ဆက်မလို့ပဲ။ နံပါတ်နှိပ်မလို့ လက်ကပြင်တုန်း ညီမလေးဆီက ဖုန်းဝင်လာတာ"

"ဟင်း ... ပြောပေါ့။ အခု ဘာလုပ်နေတာလဲ၊ ဖုန်းပြောနေတာလို့ မဖြေနဲ့ ...

ဘယ်နေရာမှာ ရောက်နေလဲ၊ ထမင်းစားပြီးပြီလား"

"ထမင်းဆိုင်မှာ ရောက်နေတာ၊ အခု ထမင်းစားမလို့ပဲ။ ပြောရင်းဆိုရင်း ဟင်းပွဲတွေ လာချနေပြီ။ ဟင်းက ပုစွန်တုပ်ဟင်း၊ ငါးမြင်းဆီပြန်၊ စားဦးမလား"

"စားချင်တာပေါ့၊ အရမ်းစားချင်တာပေါ့၊ ကိုကြီး ရန်ကုန်ပြန်လာခဲ့တော့၊ ညီမလေး အရမ်းလွမ်းနေတယ်၊ သေတော့မယ်"

"မသေသေးပါနဲ့ဦး၊ ပြန်လာတဲ့အထိ စောင့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ခစ် ... ခစ် ... တကယ်လား စောင့်နေမယ်၊ ဒါဆို မြန်မြန်လာခဲ့။ ကဲ ... ဗဲ ... စား၊ ထမင်းကို ဝအောင်စား၊ ညီမလေးကို လွမ်းရင် ပိုစား"

"အေးပါ ... စားမှာပါ၊ အိုကေ ... ဒါပဲနော်"

"ရက်စ် ... ရက်စ် ... အာဘွား ကိုကြီး"

သူမက သူ့ကို ပြောင်စပ်စပ် နှုတ်ဆက်ပြီးလျှင် ဖုန်းချကာ သွားသည်။ သူက ပြုံးရင်းနဲ့မှ ခေါင်းတစ်ချက်ယမ်းကာ ဖုန်းကို အိတ်ကပ်ထဲ ပြန်ထည့်ရင်း ထမင်းစ,စားဖို့ပြင်သည်။ ထမင်းစားနေပြီဖြစ်သော သောကြာက သူ့ကိုခေါင်းတညိတ်ညိတ်ဖြင့် ပြုံးကြည့်ကာ ...

"သူများဘဝတွေများ စိုပြည်လိုက်တာကွာ။ ရောက်တဲ့နေရာ ဖုန်းလေးပြောမယ့်သူနဲ့ အားကျပါတယ်။ မင်းလည်း ငါ့နှစ်လောက် နပျိုသွားသလိုပဲ ...

ငါကတောင် မင်းထက် အိုစာနေသလိုပဲ"

"ထင်လို့ပါ ... ဟဲ ဟဲ"

"ခွေးကောင် ... ရမ်က လောကကြီးကို ကျေနပ်နေတဲ့ ရုပ်ကြီးနဲ့၊ ဘယ်လိုလဲကွ၊ ကိုယ့်ထက်ငယ်တဲ့ ကောင်မလေးနဲ့ ချစ်ရတာ ဘယ်လိုအရသာရှိလဲ။ လူကို နပျိုစေလား၊ ပြောစမ်းပါ၊ မင်း ကြည့်ရတာ အရင်ကနဲ့မတူတော့ ငါတောင် စိတ်ဝင်စားလာပြီ"

"စိတ်ဝင်စားရင် သူ့သူငယ်ချင်းတစ်ယောက် ရှိသေးတယ် မိတ်ဆက်ပေးရမလား"



"တကယ်လား၊ ဆက်ပေးစမ်းကွာ၊ ဒီတစ်ခေါက် မင်းရန်ကုန်ပြန်ရင် ငါ လိုက်ခဲ့မယ်၊ မဟုတ်ရင်တော့ တစ်သက်လုံး ဒီပုံစံကြီးနဲ့ပဲ သောင်တင်နေတော့မှာပဲ၊ အဝေးမှာခွဲနေရပေမယ့် ရည်းစားကိုလွမ်းပြီး လွမ်းနေရတဲ့ အလွမ်းဝေဒနာလေးကို ခံစားဖူးကြည့်ချင်တယ်ကွာ"

အဲဒါကိုတော့ သူ လက်ခံသည်။ တစ်ယောက်နဲ့တစ်ယောက် အရမ်းဝေးကွာတာမျိုး မဟုတ်ဘဲ တာဝန်တွေကြောင့် ခွဲခွာနေရကာ အဝေးက လွမ်းနေရသည့် အလွမ်းတွေဟာသည်း အချစ်ကို လင်းလက်စေသည်ဟု ထင်ပါသည်။ အဲဒီအချိန်မှာပဲ ထမင်းဆိုင်ထဲမှာ ဖွင့်ထားသော VCD အခွေထဲက သီချင်းက သူ့ခံစားချက်တွေနှင့် လာပြီးတိုက်ဆိုင်နေသည်။

"ရေမြေခြားသွားရတော့ မင်းလေးကို ထားခဲ့ရပြီပေါ့ ... မျက်ကွယ်ရာမှာ ကိုယ် စိတ်ချပါရစေ ... ဒါပေမဲ့ ကိုယ့်အတွက်တော့ ယုံကြည်ပြီး စောင့်နေပါနော် ... လွမ်းရက်တွေကို ... တဖြည်းဖြည်း ဖြတ်ကျော်မှာ ...

ကိုယ် ဟိုးအဝေးမှာ နေတဲ့အခါ ... မျက်ဝန်းတွေထဲ မင်းပဲမြင် ... ပြန်ဆုံနိုင်မယ့် နေ့ရက်လေးတွေမရောက်သေးခင် ... ဤမှန်ကန်သော ကိုယ့်ရဲ့သစ္စာတွေကြောင့် ဆုတောင်းပြည့်ခဲ့ရင် ... အချစ်ဆုံးသာ ကိုယ့်အနားရှိစေချင် ..."

သောကြာက သီချင်းနားထောင်ရင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"သီချင်းကလည်း ခံစားလို့ ကောင်းပါ့ကွာ။ ဒါနဲ့ မင်း ချစ်သူက မင်းအပေါ်မှာ နားလည်မှုရှိရဲ့လား"

"သိပ်ရှိတာပေါ့"

အဲဒီစကားကိုတော့ သူက ပိုင်ပိုင်နိုင်နိုင်ကြီးပဲ ဖြေမိလေသည်။ ချစ်သူသည် သူ့ကို စကားနိုင်လုပြောတတ်တာကလွဲလို့၊ အသက်ငယ်၍ ချွဲပြောတာကလွဲလို့ ဆိုးနွဲ့ဗိုလ်ကျခြင်းမရှိသော မိန်းကလေးတစ်ယောက် ဖြစ်သည်။ ပြောရလျှင် သူက သူမကို ပျော်ရွှင်စေတာထက် သူမက သူ့ကို ပျော်ရွှင်စေတာက ပိုပါသည်။

"သူက ဘာဖြစ်လို့ ဗီဒီယိုတွေ ဘာတွေ မရိုက်တာလဲ"

"ဝါသနာမပါဘူးတဲ့"

"သူ့ကြည့်ရတာ အောင်မြင်မှုကို သိပ်မမက်မောသလိုပဲ။ မင်းနဲ့ အပြင်တွေ ဘာတွေ သွားရင်ရော အနှောင့်အယှက်တွေ ဘာတွေ ဖြစ်လား"

"အရမ်းကြီးတော့ မဖြစ်ပါဘူး။ ခုခေတ်က မင်းသားမင်းသမီးတွေတောင် လွတ်လွတ်လပ်လပ် နေကြတာဆိုတော့ သူကလည်း အေးဆေးပဲ ...

လာနှုတ်ဆက်တာတွေ ဘာတွေတော့ ရှိတာပေါ့"

"မင်း သူ့ကို တကယ်ချစ်တာလား၊ လက်ထပ်ဖို့ရော ရည်ရွယ်ထားလား"

"ချစ်တော့ ချစ်ပါတယ်။ ပြီးတော့ သူက ငါ လက်ထပ်ဖို့ သင့်တော်တဲ့ မိန်းကလေးတစ်ယောက်လို့ ထင်တယ်"

"ဟင် ... ချစ်တော့ ချစ်ပါတယ် ဆိုတော့ မင်းဟာကြီးက"



"ဩော် ... အရင်လို သည်းသည်းလှုပ် Crazy မဖြစ်တော့တာကို ပြောတာပေါ့ကွာ။ အရင်ကတော့ အချစ်ဆိုတာ စိတ်လှုပ်ရှားဖွယ် အတိနဲ့ပေါ့။ ခုချိန်မှာတော့ ကိုယ့်စိတ်ချမ်းသာမှု ဆိုတာကို ထည့်တွက်လာရပြီလေ ...

သူက ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်မယ်ဆိုရင်လည်း ရွေးချယ်လို့ ရတဲ့သူပါ။ အဓိက,ကတော့ ငါ့ကို နားလည်ပေးနိုင်မယ့် လူမျိုးမို့လို့ပေါ့ကွာ။ သူက အသက်ငယ်ပေမယ့် နားလည်မှု အများကြီးရှိတဲ့လူလို့ မြင်တယ်၊ သိပ်ညှိစရာ မလိုတဲ့သူပေါ့"

"မင်းအမေရော သိလား"

"မေမေ သိတာပေါ့၊ မေမေကတော့ ငါ့ကို မိန်းမယူစေချင်နေတဲ့သူပဲ၊ ချစ်သူရဲ့အကြောင်းတွေကိုလည်း ကြားထားတော့ သဘောတူပါတယ်၊ မြန်မြန်ယူဖို့ တိုက်တွန်းနေတယ်"

"မင်း အသက်အရွယ်ကတော့ ယူသင့်နေပါပြီ။ ချစ်သူကတော့ နေမယ်ဆိုလည်း နေလို့ရသေးတယ်။ ချောတုန်းလှတုန်း အောင်မြင်နေတုန်း မဟုတ်လား"

"အင်း ... ဒါပေမဲ့ သူက အဲဒါမျိုးတွေ သိပ်စဉ်းစားတဲ့ လူမျိုးတော့ မဟုတ်ပါဘူး"

"ဒါဖြင့်ရင် မင်းက လှုပ်ရှားတော့လေကွာ၊ ဘာကိုစောင့်နေတာလဲ"

"စောင့်နေတယ်လည်း မဟုတ်ပါဘူး။ ဒီလိုပါပဲ သူ့ကိုတော့ သေချာမပြောရသေးဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ပြောတော့လေကွာ၊ ငါလည်း မင်း မင်္ဂလာဆောင်မှာ ပန်းလေး ဘာလေး ကြိုရအောင်"

သူက သောကြာရဲ့စကားကို တဟားဟားနှင့် အော်ရယ်ရင်းမှ မျက်လုံးထဲတွင် ချစ်သူရဲ့မျက်နှာလေးကို မြင်ယောင်ပြီးလာသည်။ နှုတ်ခမ်းထူထူလေးတွေက အမြဲပြုံးနေတတ်ကာ ရယ်လိုက်လျှင် ပါးပြင်လေးတွေ မို့တက်သွားလေ့ရှိသော ကောင်မလေးကို သူရဲ့အိမ်ရှင်မလေးနေရာမှာ ထားကြည့်လိုက်သည်။ တည်ငြိမ်အေးချမ်းသော အိမ်ရှင်လေး အသွင်ထက် ခေတ်မီသွက်လက်နေသော အိမ်ရှင်မလေးတစ်ယောက် ပုံစံကို ပိုပြီးမြင်ပါသည်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ဒီဘက်ခေတ်က ယောကျ်ားလေးတွေရဲ့ အိမ်ထောင်ဖက် ရွေးချယ်မှုမှာတော့ အရင်ခေတ်ကလို ဗိုင်းကောင်းကျောက်ဖိတွေ၊ ရေတတ်သီးညက်တာတွေ မပါဝင်တော့ဘဲ ခေါက်ဆွဲထုပ် ဖောက်ပြုတ်တတ်ရုံနဲ့တင် ကိုယ့်အပေါ်မှာ ခံစားနားလည်ပေးနိုင်သည့် နှလုံးသားရှိပါက လက်တွဲသွားဖြစ်ကြတာ များပါသည်။



ဒီတစ်ပတ်တော့ သူ ရန်ကုန်ကို ခွင့်ရတာက နည်းနည်းကြာပါသည်။ ကြာတယ်ဆိုတာကလည်း အလုပ်ကိစ္စနဲ့ပါဖြစ်သဖြင့် ခွင့်ရက်တွေပေါင်းလိုက်သောအခါ ကြာသွားခြင်းဖြစ်သည်။ ရောက်ရောက်ချင်း အလုပ်ကိစ္စတွေနဲ့ရှုပ်နေသဖြင့် ချစ်သူကို မဆက်သွယ်မိချေ။ ဖုန်းတစ်ချက်လောက်တော့ဆက်ဖို့ စိတ်ကူးမိသော်လည်း လက်တွေ့မှာတော့ အကောင်အထည်မဖော်ဖြစ်ပါ။ နောက်မှပဲ ချစ်သူကို ဆပ်ပရိုက်စ်လုပ်ကာ အေးအေးဆေးဆေးတွေ့တော့မည်ဟူသော စိတ်ကူးဖြင့် အမှုမဲ့အမှတ်မဲ့နေခဲ့တာဖြစ်သည်။

ဒါပေမဲ့ သူက ချစ်သူကို ဆပ်ပရိုက်စ် မလုပ်ခဲ့သော်လည်း ကံကြမ္မာကတော့ ဆပ်ပရိုက်စ်လုပ်ခဲ့သည်။ အဲဒီနေ့က သူသည် အလုပ်ကိစ္စတစ်ခုနှင့် ရုံးကအပြန်မှာ ထင်မှတ်မထားဘွာဖြင့် ရည်းစားဟောင်းတစ်ယောက်နှင့် သွားပြီးဆုံသည်။ မဆုံဖြစ်တာကြာပြီဖြစ်သော ရည်းစားဟောင်းသည် မတွေ့ရတဲ့အချိန်အတောအတွင်းမှာ ပိုပြီးလှလာသည်ဟု ထင်ပါသည်။ ပြီးတော့ သူမကလည်းတစ်ယောက်တည်း သူကလည်းတစ်ယောက်တည်း။ သူမမှာက ကားမပါချေ။ ထို့ကြောင့် သူက မုန့်စားဖို့ခေါ်တော့

www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း မငြင်းပါ။ ဒါနဲ့ သူတို့ဟာ အေးအေးဆေးဆေး
စားသောက်လို့ကောင်းမည့် ဗိုလ်တထောင်က Moon Soon
ရောက်လာကြသည်။

စားပွဲမှာထိုင်ပြီး စားသောက်စရာအချို့ မှာပြီးလျှ
သူက စကားစလိုက်သည်။

"မြတ်နိုးရော ဘယ်လိုလဲ တစ်ယောက်တည်းပဲလား"

သူ မေးခွန်းကို မြတ်နိုးက မျက်ခုံးပင့်ပြီးပြုံးပြက

"အခု ဘယ်နယောက်တွေ့နေလို့လဲ"

"သြော် ... အခုတွေ့တာတော့ တစ်ယောက်တည်းပေ
မြတ်နိုးရယ်။ ဒါပေမဲ့ ဘယ်တော့စားရမှာလဲဆိုတာ သိချ
လို့ မေးတာပါ"

"ဒါကရော တကယ်စားချင်လို့မေးတာလား၊ ဒါမှမဟု
သတင်းအစ်ချင်လို့ မေးတာလား"

"ဟား ... မြတ်နိုးကကွာ၊ ကဲပါ စားချင်လို့မေးတာမဟု
ပါဘူး၊ သိချင်လို့ မေးရုံသက်သက်ပါ"

"သြော် ... သြော် ... ပြောရမှာလား"

အဲဒီ "ပြောရမှာလား"ဟူသော မေးပုံဟာ ချစ်သူ
လက်သုံးစကားဖြစ်သဖြင့် သူဟာ ချစ်သူကိုတောင် မျက်
သတိရသွားလေသည်။ ဒါကြောင့် သူ့မျက်နှာဟာ ချစ်သူ
သတိရစိတ်ဖြင့် ကြည်နူးစွာ လန်းဆန်းသွားသည်။ မြတ်နိ
မျက်နှာကို ချစ်သူရဲ့မျက်နှာအလား ပြုံးစစဖြင့် ငေးကြည့်နေ
မှာပဲ သူ့အနားသို့ တစ်စုံတစ်ယောက် လာရပ်တာကို ခံစားလ
ရသည်။



သူရော မြတ်နိုးရောဟာ လာရပ်သူကို ပြိုင်တူမော့ကြည့်မိကြလျှင် သူတို့ကို အေးစက်သောမျက်လုံးများဖြင့် စိုက်ကြည့်လို့နေသော ချစ်သူကို အံ့သြစွာ တွေ့ရှိလိုက်ရသည်။ အခါများစွာက ပြုံးရွှင်ရယ်မောလို့နေသော ချစ်သူကို ဒီလိုပုံစံနှင့် တွေ့ရတာဟာ ဒါ ပထမဆုံးပဲဖြစ်သည်။ ချစ်သူဆိုသော မိန်းကလေးသည် စိတ်ကောက်နေတာတောင် မျက်လုံးတွေက နွေးထွေးတတ်သော မိန်းကလေးပဲဖြစ်လေသည်။

သူဟာ အံ့သြနေသဖြင့် ချစ်သူကို ရုတ်တရက်စကားမဆိုမိချေ။ ချစ်သူ၏အပြင်အဆင်သည် ခါတိုင်းနှင့်မတူဘဲ ဆံပင်တွေကို အပြောင်သိမ်းကာ ထိပ်ဘက်မှာ စုစည်းထုံးဖွဲ့ထားသဖြင့် အေးစက်နေသော မျက်နှာထားကို အရှင်းအလင်းသား တွေ့မြင်နေရသည်။ ခဲရောင်လက်ပြတ် ဂါဝန်တိုတစ်ထည်ဖြင့် သူ မမှတ်နိုင်လောက်အောင် ခေတ်ဆန်လှပနေသော ချစ်သူကို သူက ပြုံးပြရမည့်အစား မျက်ခုံးပင့်ပြီး ကြည့်မိသည်။

အခြေအနေကို လိုက်မမီသော မြတ်နိုးက သူနှင့် ချစ်သူကို တစ်လှည့်စီကြည့်ကာ ...

"မိုးရဲ့ အသိနဲ့တူတယ်၊ ထိုင်ခိုင်းဦးလေ"

မြတ်နိုးရဲ့စကားက ချစ်သူရဲ့နှုတ်ခမ်းတွေကို ဆတ်ခနဲတွန့်ကွေးသွားစေသည်။ မြတ်နိုးရဲ့စိတ်ထဲတွင် မော်ဒယ် မိုးချစ်သူနဲ့ သူ့ကို ဘယ်လိုမှမသက်ဆိုင်ဟုထင်သဖြင့် အဲဒီလိုပြောလိုက်ခြင်းဟု သူက နားလည်လိုက်သော်လည်း ချစ်သူကတော့ အဲဒီလို နားလည်မည့်ပုံမပေါ်ပါ။ ပြီးတော့ "မိုး"ဟူသော အခေါ်အဝေါ်သည် ချစ်သူရဲ့အာရုံတွေကို နိုးကြားစေပါမည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မြတ်နိုးက သတိပေးတော့မှ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ...

"ချစ်သူ ထိုင်ဦးလေ၊ ဘယ်သူနဲ့လာတာလဲ"

"ချစ်သူ ဘယ်သူနဲ့လာတယ်ဆိုတာက အရေးမကြီးပါဘူး၊ ကိုကြီး ရန်ကုန်ကို ဘယ်တုန်းက ရောက်တယ်ဆိုတာသာ အရေးကြီးတာပါ"

ချစ်သူသည် အဲဒီလေသံနဲ့ မျက်နှာလေးကို သူ့ကို တစ်ခါမှ မသုံးဖူးသဖြင့် သူ့စိတ်ထဲတွင် စပ်ဖျဉ်းဖျဉ်း ဖြစ်သွားရသည်။ အထူးသဖြင့် ရည်းစားဟောင်းတစ်ယောက်ရှေ့မှာ အဲဒီလို အပြောခံရခြင်းသည် သူ့ယောကျာ်းမာနကို စတင်ထိပါးလာပြီဟု ယူဆရပါသည်။

ဒါကြောင့် သူက မျက်မှောင်ကို အတန်ငယ်တွန့်ချိုးကာ ...

"ရောက်တာ သိပ်မကြာသေးဘူး၊ မင်းကရော ဘယ်သူနဲ့ လာတာလဲ"

ချစ်သူက နောက်က မေးခွန်းကို စိတ်ဝင်စားဟန်မတူပါ။ ရှေ့ကအဖြေကြောင့်သာ မျက်လုံးတွေ လက်ခနဲဖြစ်သွားပြီး အခုနကထက် စူးရှတောက်ပြောင်ကာ အေးစက်လာသည်ဟု ထင်သည်။

"ကိုကြီးလို အကန့်မျိုးနဲ့ ရောက်မလာတာတော့ သေချာပါတယ်"

အဲဒီစကားကြောင့် သူနဲ့အတူ မြတ်နိုးပါ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သူကလည်း ရုတ်တရက် ဘာပြန်ပြော



ရမှန်း မသိချေ။ မဟုတ်ဘူး၊ မင်း ထင်သလို မဟုတ်ဘူး။ ဒါ ကိုယ့်သူငယ်ချင်း စသဖြင့် ဖြေရှင်းစကားတွေထုတ်ဖို့ရာ သူ့ဘက်က အောက်တယ်ဟူ၍ထင်သည်။ အထူးသဖြင့် မြတ်နိုးရဲ့ရှေ့မှာ သူ ပို၍ပြီး မပြောချင်ပါ။ ဒါပေမဲ့ အဲဒီအချက်ကပဲ နောင်တစ်ချိန်မှာ ချစ်သူနဲ့ သူ့ရဲ့အခြေအနေကို ပိုဆိုးစေခဲ့တာဖြစ်သည်။

"မိုး"

မြတ်နိုးက လုပ်ဦးဟူသော သဘောဖြင့် သူ့ကို ခေါ်လိုက်တာဖြစ်ပြီး တကယ်တမ်း သူ့နှုတ်က ထွက်သွားသော စကားကတော့ တစ်မျိုးဖြစ်သည်။

"ချစ်သူ ... မင်း သွားလိုက်တော့။ နောက်မှတွေ့ကြမယ်"

အဲဒီစကားသည် ဘာမှ ကြီးကျယ်သောစကားမဟုတ်ဘဲနဲ့ ချစ်သူရဲ့မျက်နှာသည် သွေးဆုတ် ဖြူရော်သွားစေသည်။ သို့သော် အဲဒီအချိန်မှာ တစ်ခဏသာပဲဖြစ်သည်။ ချက်ချင်းပဲ သွေးရောင်လွှမ်းတက်လာကာ အနီရောင်ဘက်သို့ ကူးပြောင်းသွားသည်။ သူ့ကိုကြည့်သော မျက်ဝန်းများသည် အသေတိုက်ခိုက်တော့မည့် မျက်ဝန်းများဖြစ်သည်။

"နောက်မှတွေ့ဖို့မလိုပါဘူး။ အခု တစ်ခါတည်းတွေ့နေပြီပဲ။ ဒီလောက်နဲ့လည်း အခြေအနေတစ်ခုက ပြောင်းလဲသွားဖို့ လုံလောက်ပါတယ် ...

ကိုကြီးကို ဝင်လာတည်းက ချစ်သူ မြင်ပါတယ်။ ဒါပေမဲ့ မယုံဘူး၊ မဖြစ်နိုင်ဘူးဆိုတဲ့ အသိနဲ့ အနေအထိ လာကြည့်တာပါ။ သေချာတာကတော့ အတိအကျဖြစ်နေတာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို နှင်စရာ မလိုပါဘူး။ ထွက်မသွားခိုင်းလည်း ထွက်သွားမှာပါ။ ဒီလောက်ဆို လုံလောက်ပါပြီ။ တကယ်တော့ အစတည်းက ...”

“တော်ပြီ ချစ်သူ။ ဆက်မပြောနဲ့တော့ကွာ”

“ပြောမှာပဲ။ ဒါကြောင့် ရှင် ချစ်သူကို ကြိမ်ဖန်များစွာ ရက်စက်နိုင်တာကိုး။ ဒီလို အကြောင်းအရာတွေကြောင့် ဆိုတာ ချစ်သူ အစတည်းက သဘောပေါက်သင့်တယ်”

အဲဒီစကားကြောင့် သူက ရတ်တရက် ဒေါသထွက်သွားကာ ထိုင်နေရာမှ ဆတ်ခနဲ မတ်တတ်ထရပ်မိသွားသည်။ ဒါကို အရင်တည်းကမှ စိုးရိမ်ကြီးတတ်သော မြတ်နိုးက “မိုး”ဟု လှမ်းခေါ်ကာ သူ့လက်မောင်းတစ်ဖက်ကို လှမ်းဆွဲလိုက်လျှင် အခြေအနေတွေက ထင်မှတ်မထားစွာဖြင့် ရှုပ်ထွေးသွားပြီဆိုတာကို နားလည်လိုက်ရလေသည်။

သူက မြတ်နိုးရဲ့သဘောကို နားလည်သည်။ မြတ်နိုးသည် ဟိုးအရင်တည်းက တစ်ခုခုဆို လူတစ်ယောက်ကို လှမ်းလှမ်းတားတတ်သော အကျင့်လေးရှိသည်။ ယောကျ်ားလေးပဲဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် လက်မောင်းလေးလှမ်းကိုင်တတ်တာကိုက မြတ်နိုးရဲ့အကျင့်ဖြစ်သည်။ ဒီအကျင့်ကို သူက နားလည်သော်လည်း ချစ်သူကတော့ မိုး ဟူသော အခေါ်အဝေါ်နဲ့တင် လောင်ကျွမ်းသွားပြီဆိုတာ သဘောပေါက်နားလည်ရလေသည်။ ဒါပေမဲ့ ဘာမှ မတတ်နိုင်ပါ။ တချို့အဖြစ်အပျက်တွေသည် အစီအစဉ်တကျ လွဲချော်တတ်ပါသည်။



ချစ်သူသည် သူ့မျက်လုံးတွေထဲသို့ စိမ်းရှုရှု တစ်ချက်စိုက်ကြည့်သည်။ အဲဒီအကြည့်ကြောင့် သူတောင် တစ်မျိုးဖြစ်သွားရသည်။ အဲဒီအကြည့်စိမ်းမှာ နည်းနည်းတော့ကြာပါသည်။ ပြီးလျှင် ချာခနဲလှည့်ထွက်သွားသည်။ သူသည် ဖြူနုဝင်းပြန့်နေသော ချစ်သူရဲ့ကျောပြင်ကို ငေးကြောင်ကြည့်ကာ ကျန်ခဲ့သည်။ အပြင်ဘက်က ကားတစ်စီးပေါ်တွင် အင်ခန့်က ချစ်သူကို စောင့်နေကာ ချစ်သူ တက်သွားပြီးလျှင် ကားက အပြင်းမောင်းနှင်လို့သွားသည်။

သူသည် ခေါင်းကို ဘယ်ညာ ယမ်းခါကာ ထိုင်ခုံမှာ စိတ်ပျက်လက်ပျက် ပြန်ထိုင်ချလိုက်သည်။ ဟင်းပွဲတွေက လာချသဖြင့် မြတ်နိုးက စကားမပြောသေးဘဲ ခဏနေမှ စကားစပြောသည်။

“သူက မင်းသမီး မိုးချစ်သူလား”

မင်းသမီး မဟုတ်ပါဘူးကွာ ဘာတွေ ငြင်းမနေတော့ဘဲ သူက ခေါင်းကိုပဲ တစ်ချက်ညိတ်ပြလိုက်သည်။ သူ ခေါင်းညိတ်ပြလိုက်လျှင် မြတ်နိုးက စိတ်ဝင်စားမှု ပိုလာသည်။ မော်ဒယ် မိုးချစ်သူကတောင် သဝန်တိုပေါက်ကွဲရတဲ့အဖြစ်ကိုလည်း သူမက တိတ်တဆိတ် ဂုဏ်ယူနေချင်ဟန်ရှိသေးသည်။ သူက အထွေအထူး မပြောဘဲ စတင်စားသောက်ဖို့ပြင်သည်။ မြတ်နိုးကတော့ စားဖို့ သတိတောင်ရမဘဲ ...

“မိုးရဲ့ရည်းစားလား”

“ဆိုပါတော့”

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... မိုးပြောပုံကြီးကလည်း။ ဒါဆို မိုးတို့ ပြဿနာ တက်ကြမှာပေါ့။ ဘယ်လိုဖြစ်တာလဲ၊ မိုးနဲ့ တို့နဲ့ကဖြင့် အခုမှ တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံကြတာ ...

သူက တော်တော်အထင်လွဲသွားပုံရတယ်။ မိုးကို အရမ်းသဝန်တိုတတ်တယ်နဲ့တူတယ်"

"ကိစ္စမရှိပါဘူး၊ စားလေ မြတ်နိုး။ ခေါင်းထဲ ထည့်မထားပါနဲ့၊ ဘာမှ မဖြစ်ပါဘူး"

ခေါင်းထဲ မထည့်ထားပါနဲ့ဆိုသော်လည်း မြတ်နိုးကတော့ ဒီကိစ္စကိုပဲ အသည်းအသန် စိတ်ဝင်စားနေပုံရသည်။ အင်းလေ ... ချစ်သူဟာ လက်ရှိမှာ အရမ်းလူကြိုက်များ အောင်မြင်နေတဲ့၊ ပေါ်ပြူလာဖြစ်နေတဲ့ အဆိုတော်တစ်ပိုင်း၊ မော်ဒယ်တစ်ပိုင်းဖြစ်နေတဲ့ ကောင်မလေးတစ်ယောက်ဆိုတာ သူက မေ့မေ့နေတတ်ပါသည်။

မြတ်နိုးက စားရင်းမှ စကားပြန်စပြန်သည်။

"အကူအညီလိုရင် တို့ကိုပြောနော် အားမနာနဲ့"

"မလိုပါဘူး မြတ်နိုး၊ ကိုယ်တို့က ဒီလိုပဲ ခဏခဏရန်ဖြစ်နေကြပါ"

"သြော် ... ယုံပါတယ်၊ ယုံပါတယ်။ မိုးရဲ့ဒဏ်ကိုတော့ မိန်းကလေးတိုင်းက ခံကြရမှာပါပဲ။ မိုးက First love လောက် ဘယ်သူ့ကိုမှ ဖီးလ်မရှိဘူး ဆိုတာ သိပြီးသားပါ ...

ဒါပေမဲ့ မိုးချစ်သူကတော့ ချစ်ဖို့ကောင်းပါတယ်၊ သူ့ကို မိုး တကယ်ချစ်တယ်ဆိုရင်တော့ သေချာချော့လိုက်



ပါ။ ဒါနဲ့ မိုးက ဘယ်ရောက်နေလို့လဲ၊ သူက တွေ့တွေ့ချင်း တန်းမေးလို့ပါ"

"ကိုယ်က (......)တံတားစီမံကိန်းမှာ တာဝန်ကျနေတာပါ၊ ရန်ကုန်မှာ မရှိတာများတယ်။ ရောက်တာ သိပ်မကြာသေးဘူး။ အလုပ်ကိစ္စတွေ ရှုပ်နေတာနဲ့ သူ့ကို မဆက်သွယ်ဖြစ်သေးတာ"

"သြော် ... ဒါကို သူက အခု တို့နဲ့ တွဲတွေ့မှ မိုး ပြန်ရောက်နေတယ်ဆိုတာကို သိသွားတယ်ပေါ့။ ပြဿနာပဲ မိုးရယ် ဖြစ်ရမယ်"

"ရပါတယ်၊ ကဲ ကဲ ... စားပါ မြတ်နိုး။ စိတ်ထဲမှာ ဘာမှ မထားပါနဲ့၊ ပြဿနာကြီးမဟုတ်ပါဘူး၊ ဒီလိုပါပဲ"

သူက ချစ်သူရဲ့ဖုန်းကို လှမ်းခေါ်လိုက်သည်။ သူထင်ထားတာက ဖုန်းမကိုင်ဘူးဟု ထင်ထားသော်လည်း သူမက ဖုန်းကိုဖွင့်ကာ နားထောင်သဖြင့် သူတောင် တစ်မျိုးဖြစ်သွားရသည်။ ဒါပေမဲ့ သူက ချစ်သူကို ကန်တော်ကြီးထဲသို့ ချိန်းလိုက်လျှင် သူမက ထွေထွေထူးထူး မငြင်းဆန်းပဲ လာခဲ့မယ်ဟု ခပ်ပြတ်ပြတ်ပြောကာ ဖုန်းချသွားသည်။

သူက ချစ်သူရဲ့ စတိုင်လ်ကို ပခုံးတောင်တွန့်မိကာ ညနေဘက်မှာတော့ ကန်တော်ကြီးထဲသို့ အရင်ဦးအောင် သွားဆောင့်နေလိုက်သည်။ သူမနှင့် ချိန်းလေတိုင်း အမြဲနောက်ကျတတ်သော သူသည် ဒီတစ်ခါတော့ ဘာကြောင့်မှန်းမသိဘဲ ဝီရိယပိုနေ ရောက်နေခဲ့သည်။ ချစ်သူကတော့ ချိန်းထားသည့် အချိန်ထက် ငါးမိနစ်လောက် နောက်ကျကာ ရောက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အခုတလော ချစ်သူဟာ ဘာကို ခေတ်ကျနေသလဲ တော့မပြောတတ်ပါ။ ဆံပင်တွေကို ထိပ်မှာ ဖြစ်သလိုစုစည်းထုံးဖွဲ့ထားတတ်သော စတိုင်လ်ကို အမြဲယူထားတတ်သည်။ အဖြူရောင်ရှပ်အင်္ကျီအကျပ်ကို လက်ခေါက်ဝတ်ထားကာ မိန်းမဝတ် လောင်းပန်အရှည်တစ်ထည်အား ဝတ်ဆင်ထားပုံထောက်ရှုတင်တစ်ခုခုမှ ကူးလာပုံမဟုတ်ဟု သတ်မှတ်ရပါမည်။

ချစ်သူသည် သူ့မျက်နှာကို ခပ်တည်တည်ဖြင့်ကြည့်ကာ ...

"ဘာပြောစရာရှိလို့လဲ"

သူသည် အဲဒီအပြောကြောင့် နည်းနည်းတင်းသွားသည်။

အခါများစွာက ပြောင်စပ်စပ်နှင့် မျက်နှာအမြဲချိုတတ်သော ချစ်သူသည် သူ့ကို ပုံစံတစ်မျိုးဖြင့် ပြောရလျှင် ခပ်ကျောကျောဖြင့် ဆက်ဆံနေသည်ဟု ထင်ရ၍ဖြစ်သည်။

"မင်း ကိုယ့်ကို ဘယ်လိုပုံစံနဲ့ ဆက်ဆံနေတာလဲ ချစ်သူ။ မင်း ကိုယ့်ကို စိတ်ဆိုးနေတာလား၊ စိတ်ကောက်နေတာလား ပွင့်ပွင့်လင်းလင်းပြော"

ချစ်သူက ဘေးစောင်းအနေအထားမှ သူ့ကို တစ်ချက်လှည့်ကြည့်သည်။ အဲဒီအကြည့်တွေထဲတွင် စိတ်ဆိုးတာတွေ၊ စိတ်ကောက်တာတွေမပါဝင်ဘဲ အဲဒီထက်လေးနက်သောအကြောင်းတရားတွေ ပါခဲ့လျှင် သူပင် နည်းနည်းမျက်စိလည်ချင်သွားပါသည်။



"ချစ်သူ စိတ်ကောက်တဲ့ စိတ်ဆိုးတဲ့အလုပ်တွေ ဝါသနာမပါဘူး၊ ပြီးတော့ လူတစ်ယောက်ကို စိတ်ဆိုးတယ်ဆိုတာမရှိဘူး၊ စိတ်ကုန်တာပဲရှိတယ်"

"စိတ်ကုန်ရအောင် မင်းကို ကိုယ်က ဘာလုပ်နေလို့လဲ၊ ချစ်သူ ... မင်း ထင်ချင်ရာတွေ လျှောက်ထင်မနေနဲ့"

သူမက သူ့ဘက်သို့ နာကျင်သော မျက်ဝန်းများဖြင့် ငဲ့ကြည့်သည်။

"အဲဒီလိုထင်ဖို့ အခွင့်အရေးကိုပေးခဲ့တာ ကိုကြီးပါ။ ပြဿနာတစ်ခုရဲ့ အမှားအမှန် ဖြေရှင်းဖို့ကို နောက်ထားပါဦး။ အခု ကိုကြီး ချစ်သူကို ဆက်ဆံနေတဲ့လေသံကိုက ကိုယ့်ချစ်သူရည်စား မိန်းကလေးတစ်ယောက်ကို အလျှော့ပေးဆက်ဆံချင်တဲ့လေသံလား၊ ပြောချင်ရာပြော ပြန်ဖိုက်မယ်ဆိုပြီး မောင်းတင်ထားတဲ့လေသံလားဆိုတာ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ဆန်းစစ်ကြည့်လိုက်ပါဦး"

သူမက သူ့ကို တည်ငြိမ်ပြတ်သားသော လေသံဖြင့် ပြောလိုက်လျှင် သူက ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

သူ တစ်ချက်ငြိမ်သွားလျှင် သူမက နင့်သီးနေသော မျက်နှာဖြင့် ဆက်ပြောသည်။

"တကယ်ဆို ဒီကိစ္စမှာ ဖြစ်ရပ်က မှန်နေဦးတော့ ဘယ်ယောကျ်ားလေးမဆို နားဝင်ချိုအောင်တော့ ပြေပြေလည်လည်ပြောကြတာပါပဲ ...

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုကြီးက အဲဒီလိုလေးတောင် မပြောနိုင်ဘူး။ ချစ်သူက ငါးကျပ်ဖိုး စိတ်ဆိုးမယ်ဆိုရင် ကိုကြီးက နှစ်ဆယ်ဖိုးလောက် ပိုတိုပြထားလိုက်တယ် ...

ချစ်သူကို အလျှော့ပေးလိုက်ရတယ်ဆိုတာ ကိုကြီးရာဇဝင်မှာ မရှိဘူး၊ အဲဒီလို အလျှော့ပေးလိုက်လို့ သိက္ခာကျသွားမှာကို တအားကြောက်တယ်"

"ချစ်သူ ... မင်း မဆိုင်တာတွေ မပြောစမ်းနဲ့"

သူ့စကားကို သူမက မဲ့ပြုံးတစ်ချက် ပြုံးပြသည်။

"သိပ်အံ့သြဖို့ကောင်းတဲ့ ရက်စက်သော ဆက်ဆံမှုကြီးပဲနော်။ သဘောကျပါတယ်၊ ဒါပေမဲ့ ဒီနေ့ဟာ ဝင့်ကုန်တဲ့နေ့လို့ သတ်မှတ်ထားပါတယ်၊ ကိစ္စမရှိပါဘူး ကိုကြီးကြိုက်သလို ပြောနိုင်ပါတယ်"

"ဘာရယ် ချစ်သူ၊ မင်း ဆိုလိုတာက မင်းက ငါ့ကို ဖြတ်တယ်၊ ပြတ်ပြီဆိုတဲ့ သဘောလား"

သူမက မဖြေချေ။ နှုတ်ခမ်းကို တစ်ချက်ကိုက်ကာ တစ်ဖက်သို့ လှည့်သွားသည်။

"ချစ်သူ တော်စမ်းကွာ"

သူက အော်လိုက်လျှင် ချစ်သူက သူ့ကို နီရဲနာကျင်သောမျက်ဝန်းများဖြင့် ကြည့်၍လာသည်။

"မတော်နိုင်ဘူး ကိုကြီး။ ချစ်သူမှာတော့ ကိုကြီးကို ဘယ်လောက်ထိချစ်ခဲ့ရသလဲ။ ဘာဖြစ်ဖြစ် အပြစ်မယူနိုင်ခဲ့ဘူး စိတ်မဆိုးရက်နိုင်ဘူး ...



ကိုယ့်ကို ဂရုမစိုက်တာတောင် ဒါဟာ ကိုကြီးရဲ့ နဂိုဗီဇပါ၊ အကျင့်ပါဆိုပြီး နားလည်ပေးခဲ့တယ်။ ရင်ထဲမှာတော့ စစ်မှန်တဲ့အချစ်တစ်ခုရှိမှာဆိုပြီး ကိုယ့်ကိုယ်ကိုယ် ပျားရည်နဲ့ ဝမ်းချပြီး ကျေနပ်ခဲ့ရတယ် ...

ဒါပေမဲ့ ရန်ကုန်ကို ပြန်ရောက်နေတဲ့ကိစ္စမှာ ချစ်သူ ဘာကြောင့် မသိရတာလဲ ...

မသိရုံခြင်းအပြင် မိန်းမတစ်ယောက်နဲ့ အတူတွဲတွေ့ခဲ့ရတဲ့မြင်ကွင်းက ချစ်သူကို ဘယ်လောက်ထိ နာကျင်စေလဲ ကိုကြီး သိရဲ့လား"

"ကိုယ် ပြန်ရောက်တာ မှန်တယ်။ ဒါပေမဲ့ မအားဘူး၊ မအားလို့ မင်းကို မဆက်သွယ်သေးတာ၊ အေးအေးဆေးဆေးမှ"

သူမက နာကြည်းခြောက်ကပ်စွာ ရယ်မောသည်။ အဲဒီရယ်သံကြောင့် သူ တော်တော်စိတ်တိုသွားသည်။ ဒါပေမဲ့ ဘာမှ ပြန်မပြောနိုင်ခင်မှာပဲ ...

"အဲဒီ အကြောင်းပြချက်ကြီးက သိပ်ရိုးစင်းနေပါတယ် ကိုကြီး၊ အဲဒီလိုတွေ ပြောနေမယ့်အစား မဆက်ချင်လို့ မဆက်တာလို့ ပြောလိုက်တာက ပိုသိက္ခာရှိပါတယ်"

"ချစ်သူ ... မင်း ပါးစပ်ကို ပိတ်ထားရင် ကောင်းလိမ့်မယ်"

သူ့အပြောကို သူမက နာကြည်းသွားသော မျက်ဝန်းများဖြင့် ဆတ်ဆတ်ထိမခံ ပြန်အော်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မပိတ်နိုင်ဘူး၊ ချစ်သူ ရင်ထဲမှာ ခံစားရတာတွေများလွန်းလို့ ပေါက်ထွက်တော့မယ်၊ ကိုကြီး ရန်ကုန်ကို ရောက်ရောက်ချင်း ချစ်သူဆီကို ဦးခိုက်ရမယ်လို့ မဆိုလိုဘူးဒါပေမဲ့ ဖုန်းတစ်ချက်ဆက်ဖို့တောင် အချိန်မရဘူးဆိုတာဖြစ်နိုင်တဲ့ယုတ္တိလား ...

ကိုကြီး ထမင်းစားတယ်၊ ရေချိုးတယ်၊ စားသောက်ဆိုင်ထိုင်ချိန်ရတယ် မဟုတ်လား၊ ချစ်သူကို ရင်နာအောင်လာမပြောနဲ့၊ ဒီထက်လည်း မခံစားနိုင်ဘူး"

"မခံစားနိုင်တော့ မင်းက ဘာလုပ်ချင်လို့လဲ"

သူ့မေးခွန်းကို သူမက စကားလုံးများ အပြည့်အသိပ်ပါဝင်သော မျက်လုံးများဖြင့် စိုက်ကြည့်သည်။

"ရှင့်ကို မဒီ ဆိုတဲ့မိန်းမက ဘာကြောင့် စွန့်ပစ်သွားခဲ့တယ်ဆိုတာကို ချစ်သူ သိပြီ။ ရှင်က သိပ်အတ္တကြီးတယ်၊ သိပ်တစ်ကိုယ်ကောင်းဆန်တယ် ...

ဒီမှာ ကိုကြီး၊ ချစ်သူ တစ်ခါတည်း အပြတ်ပြောခဲ့မယ်၊ ဒီတစ်သက်မှာ ရှင် အချစ်စစ်နဲ့ ဘယ်တော့မှ မတွေ့စေရဘူး"

"တောက် ... မင်း"

သူက တက်တစ်ချက်ကို ပြင်းပြင်းထန်ထန် ခေါက်လိုက်သော်လည်း သူမက မမှုသည့်အလား ပခုံးတစ်ဖက်ကိုတောင် တွန့်ပြလိုက်သေးသည်။ ပြီးလျှင် နှုတ်မဆက်ဘဲ ချာခနဲ လှည့်ထွက်လို့သွားလျှင် အဲဒါသည် သူမကို နောက်ဆုံးတွေ့လိုက်ရခြင်းပဲဆိုတာ သူ့ကိုယ်သူ မသိလိုက်ပါ။



အဲဒီအချိန်တုန်းက သူ သိတာသည် ဒေါသတွေလှိုင်းထန်နေတယ် ဆိုတာပဲဖြစ်သည်။ သူ့ကို မပြောစဖူး စကားမာမာတွေပြောသွားသော ချစ်သူကိုရော ရှုပ်ထွေးစွာ ဖန်တီးပေးလိုက်သည့် ကံကြမ္မာကိုရောကို အကြီးအကျယ် ဒေါသထွက်နေခဲ့တာ ဖြစ်ပါသည်။

ချစ်သူရဲ့ ခံစားချက်ကိုတော့ သူ သိပ်မစဉ်းစားဖြစ်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ချစ်သူသည် အသည်းကွဲဖူးသူတစ်ယောက်ဖြစ်သည်။ ဒါပေမဲ့ နောက်တစ်ခါတော့ ကံဆိုးလိမ့်မည်ဟု မထင်မှတ်ထားခဲ့ပါ။ အဖြစ်အပျက်ကို ဆင်ခြင်သုံးသပ်ကြည့်လိုက်လျှင် သူ ကိုယ့်ကို မချစ်ဘူးဟူသော အဖြေကိုသာ တိတိကျကျ ထွက်လာသဖြင့် အသည်းကွဲတာထက် အသည်းနင့်စွာ ခံစားရတာက ပိုပါသည်။ သူ ရန်ကုန်ရောက်နေတာကိုလည်း မသိရဘဲ သူနဲ့ ရွယ်တူမိန်းမတစ်ယောက်နှင့် နေ့လယ်စာစားဖို့ အတူတွဲတွေ့ရသော မြင်ကွင်းသည် ချစ်သူကို တကယ်ပဲ ရှော့ရစေသည်။

အလိပ်လိုက်ထွက်လာသော ဒေါသတွေကို မျိုသိပ်ကာ အတတ်နိုင်ဆုံး ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့ပါလျက်နှင့် သူ ဆက်ဆံပုံကတော့ ချစ်သူကို သူ့ရဲ့ ရည်းစားတစ်ယောက် မဟုတ်သလိုပုံစံဖြစ်သည်။ ဒီလိုကိစ္စမျိုးမှာတောင် အလျှော့ပေးဆက်ဆံဖို့ စိတ်ကူးမရှိသော သူ့ရဲ့ချစ်ခြင်းကို ချစ်သူ တကယ်ပဲ အံ့သြဝမ်းနည်းနာကျင်ရပါသည်။



ကောင်းတော့လည်း ကောင်းသည်။ ဒီလိုဆိုတော့ ချစ်သူဟာ အားလုံးကို စိတ်ပြတ်စွာ စွန့်ခွာလို့သွားလို့ရပြီဖြစ်သည်။ အရင်တည်းက စင်ကာပူမှာ ကျောင်းသွားတက်ဖို့ စာမေးပွဲတွေဖြေ၊ စာတွေကျက်နေသော ချစ်သူအတွက် ခုချိန်မှာ အားလုံး ရယ်ဒီဖြစ်နေပြီဖြစ်သည်။ ထွက်မယ်ဆို အခုထွက်လို့ရနေပြီ။ ဒါပေမဲ့ အလုပ်ကိစ္စလေးတွေ မပြတ်သေးတာရော၊ သူ့ကိုတွေ့ဖို့ စောင့်နေတာကြောင့်ရော မထွက်ဖြစ်သေး။ အခုတော့ တစ်ပတ်နေပြီးလျှင် ချစ်သူ စင်ကာပူမှာကျောင်းသွားတက်ဖို့ အားလုံးအသင့်ဖြစ်နေပြီဖြစ်သည်။

အမှတ်မရှိသေးသော ချစ်သူသည် ဒီလောက်ဖြစ်ထားတာတောင် အမှတ်မရှိသေးဘဲ အဲဒီတစ်ပတ်အတွင်းမှာ သူများရောက်လာလေမလားဟု တိတ်တခိုး မျှော်လင့်နေသေးသည်။ နောက်ဆုံး မနက်ဖြန်လို စင်ကာပူသွားရတော့မည့်အချိန်ထိ မျှော်လင့်စောင့်စားနေခဲ့သော်လည်း သူ့ထံက ဖုန်းလေးတစ်ချက်တောင်မှ ရောက်မလာခဲ့ပါ။

လေယာဉ်ကွင်းသို့ဆင်းသည့် နံနက်မှာတော့ ချစ်သူသည် မီးပွိုင့်မှာ သူ့ကားကို တိုက်တိုက်ဆိုင်ဆိုင် သွားတွေ့ပါသည်။ ချစ်သူမှာ အံ့သြဆို့နင့်နေသော ရင်အစုံဖြင့် သူ့ကို ငေးကြည့်နေမိသည်။ သူကတော့ ချစ်သူကို မမြင်ပါ။ မမြင်ဆို သူ့ဘေးမှာ ကောင်မလေးတစ်ယောက်ပါသည်။ ကောင်မလေးက ခေတ်ဆန်ဆန် ချောချောလေးဖြစ်ကာ တစ်နေ့က Moon Soon မှာ တွေ့ခဲ့သည့် သူနဲ့ရွယ်တူ အမျိုးသမီးတော့ မဟုတ်ချေ။

ချစ်သူရဲ့ နားထဲတွင် သူ့အစ်ကို ဦးလင်း ပြောပြခဲ့သော စကားတို့ကို ပြန်လည်ကြားယောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



[ဒီကောင်က မဒီကို သေကောင်ပေါင်းလဲ ချစ်ခဲ့တာဟ။ မဒီမှ မဒီ။ မဒီက ရေဆိုရင် အပူရော အအေးရော နှစ်ခွက်ခပ်ပြီးသား ...

ဒါပေမဲ့ မဒီက ရက်စက်သွားပြီးတဲ့ နောက်ပိုင်းမှာ အသည်းနှလုံးတွေက မာကျောသွားတယ်၊ အချစ်တွေကို အများကြီး ခံစားတတ်လာတယ်။

ဒါပေမဲ့ နင့်ကိုတော့ တကယ်ချစ်သွားတယ်ထင်ပါတယ် ...]

ဟင့်အင်း ... ဘယ်ကလာ တကယ်ချစ်ရမှာလဲ။ ချစ်သူကိုလည်း သူ မချစ်ပါ။ ဒါပေမဲ့ ချစ်သူသည် သူ ရည်းစားတွေများနေလား မများနေဘူးလားဆိုတာကို သံသယမရှိခဲ့။ ချစ်တာတစ်ခုပဲသိတယ်ဟူသော သီချင်းထဲကလို သူ့ကို ချစ်နေရလျှင် ကျေနပ်နေခဲ့သူဖြစ်ခဲ့သည်။ သို့သော် ဒီအချိန်မှာ သဘောပေါက်နားလည်လိုက်ရတာ တစ်ခုကတော့ သူ ကိုယ့်ကို လုံးဝမချစ်ဟူ၍ပဲ ဖြစ်တော့သည်။

လေယာဉ်ကွင်းသို့ရောက်လျှင် ဖေဖေနဲ့ မေမေက ချစ်သူကို မှာစရာရှိတာ မှာကြားပြီးနောက် မိတ်ဆွေတစ်ယောက်နှင့်ဆုံ၍ စကားသွားပြောနေခိုက် အင်ခန့်က ချစ်သူကို တစ်သက်မှာတစ်ခါ အတည်အတံ့ မျက်ဝန်းများဖြင့်ကြည့်ကာ ...

"နင်က ဘဝမှာ ဘာမဆို အကောင်းဆုံးတွေကိုချည်း ဖြစ်အောင်လုပ်ခဲ့တဲ့သူပါ ချစ်သူ။ ဒီမှာလည်း ရခဲ့တဲ့ အောင်မြင်မှုတစ်ခုကို နင် ရအောင်လုပ်ခဲ့ပြီးပြီ၊ ဟိုမှာလည်း ဆက်ပြီး အောင်မြင်ဖို့ ငါ မျှော်လင့်နေပါ့မယ်"



"စိတ်ချပါ၊ ငါ့အတွက် စိတ်မပူပါနဲ့"

အင်ခန့်က ချစ်သူ့မျက်နှာကို အကဲခတ်သလို တစ်ချက်ကြည့်ကာ ...

"နင်နဲ့ ငါနဲ့ ကြားမှာ ရှက်စရာကိစ္စဆိုတာ မရှိဘူးနော်၊ ငါ့မှာ ဖုန်းပါတယ်၊ နင် နှုတ်ဆက်ချင်ရင် နှုတ်ဆက်လို့ရတယ်"

"ငါက ရှူးနေလို့ နှုတ်ဆက်ရမှာလား၊ အခု ဒီကို လာတာတောင် သူ့ကို မိန်းကလေးတစ်ယောက်နဲ့တွဲပြီး တွေ့ခဲ့တဲ့ ငါ၊ တစ်ခါတွေ့တိုင်း မိန်းကလေးတစ်ယောက်နဲ့ တွဲတွေ့တာမှ အမှတ်မရှိတော့ရင် ငါ့လောက်မိုက်တဲ့မိန်းကလေး ဒီကမ္ဘာမှာ ဘယ်ရှိတော့မလဲ"

"နင် သူ့ကို မေ့နိုင်မှာလား"

"မမေ့နိုင်တောင်မှ လွမ်းစရာရှိရင် နာစရာတွေလည်း ရှိနေတာပဲ"

"တကယ်လို့ သူက နင့်ကို ပြန်ဆက်သွယ်ချင်တယ်ဆိုပြီး ငါ့ဆီ လိပ်စာတွေဘာတွေ လာတောင်းရင် ငါ ပေးရမလား"

"ပေးမနေပါနဲ့တော့"

အင်ခန့်က ချစ်သူကို ခပ်နက်နက်တစ်ချက် စိုက်ကြည့်နေတုန်းမှာပဲ ဖေဖေနဲ့ မေမေက အနားသို့ ပြန်ရောက်လာသည်။ စကားနည်းနည်းပြောပြီး သိပ်မကြာခင်မှာပဲ အထဲဝင်ရတော့မှာမို့ ချစ်သူက မေမေ့ကို ပွေ့ဖက်နှုတ်ဆက်သည်။ ဒီလိုအကြာကြီး တစ်ခါမှမခွဲဖူးတာမို့ ဖေဖေရော မေမေရောပါ မျက်နှာက မကောင်းချေ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကလည်း ကိုယ့်ခံစားချက်နဲ့ကိုယ်မို့ အရင်သောက်မရွှင်လန်းနိုင်။ နောက်ဆုံးတော့ ချစ်သူသည် အားလုံးကို နှုတ်ဆက်ပြီး ထွက်လာခဲ့တော့သည်။ ချစ်ခင်တွယ်တာရသူများနှင့် ဝေးကွာသော နယ်မြေသစ်တစ်ခုတွင် ချစ်သူတစ်ယောက် ဘယ်လိုနှလုံးသားမျိုးနဲ့ ရှင်သန်နေထိုင်ရဦးမှာပါလိမ့်။ ဖေဖေနဲ့ မေမေကတော့ ဘယ်နေရာမှာမဆို လိုက်လျောညီထွေစွာ နေထိုင်တတ်သော ချစ်သူရဲ့စိတ်ကို သိသောကြောင့် သိပ်ကြီးစိတ်မပူကြပါ။ သူတို့ရဲ့သမီးလေးသည် ရောက်တဲ့နေရာမှာ အကောင်းဆုံးဖြစ်အောင် နေမည့်သူဆိုတာ လက်ခံကြသည်။ ကျန်းမာရေးကို ဂရုစိုက်ဖို့လောက်သာ အထပ်ထပ်မှာနေကြသူတွေဖြစ်ပါသည်။

ချစ်သူသည် လေယာဉ်ပေါ်ကမြင်နေရသော ရှုခင်းကို အမှတ်တရအဖြစ် ရင်ထဲမှာ သိမ်းဆည်းထားလိုက်ကာ မျက်လုံးတွေကို မှေးမှိတ်ထားလိုက်သည်။ မျက်ဝန်းတစ်မှိတ် တစ်ခဏမှာပဲ သူ့ပုံရိပ်တွေက မျက်လုံးထဲမှာ လာရောက်ထင်ဟပ်လာပါသည်။ မထီတရီပြုံးကြည့်တတ်သော၊ လူကို ဂရုမစိုက်သလိုနေတတ်သော သူ့ပုံစံတွေကို အပြစ်မယူနိုင်ဘဲ ခပ်မိုက်မိုက်စတိုင်လ်ဟုတွေးကာ သွေးနားထင် ရောက်ခဲ့ဖူးသည်။

တကယ်တော့ အဲဒါဟာ ခပ်မိုက်မိုက်စတိုင်လ် မဟုတ်ဘဲ မချစ်သော စတိုင်လ်ဆိုတာကိုတော့ နှလုံးသားတစ်ခုလုံး လွှန်သွားပြီးမှ သိခွင့်ရခဲ့ပါသည်။

❣ ❥ ❣



သူ့နားထဲတွင် "ကိုကြီးရေ" ဟူသော ခေါ်သံလေးကို မကြားရတာ ကြာလာသောအခါ သူ တကယ်ပင် လွမ်းဆွတ်ကြောင်းကို ဝန်ခံပါသည်။ အဲဒီတုန်းက သူကလည်း ချစ်သူရဲ့နည်းတူ ဒေါသထွက်ခဲ့သော်လည်း အခု သွေးအေးသွားချိန်မှာ ပြန်စဉ်းစားကြည့်လိုက်တော့ သူ နည်းနည်းလွန်သွားတယ်ဟုတော့ ထင်သည်။ ပထမအပြစ်ကတော့ သူ ရန်ကုန်ရောက်နေတာကို မဆက်သွယ်မိခြင်းဖြစ်သည်။ အဲဒါက တမင် မဆက်သွယ်တာမဟုတ်ဘဲ သူ့အကျင့်အတိုင်း သူမကို ဆပ်ပရိုက်လုပ်ချင်တာလည်းပါသည်။

အခါများစွာကလိုပဲ သူမရဲ့ရှုတင်သို့ လိုက်သွားကာ သူမကို မျက်လုံးအဝိုင်းသားဖြင့် အံ့သြသွားအောင်လုပ်ချင်တာလည်းပါသလို ချစ်သူက သူ့ပြောရင် ရပါတယ်ဟူသော အမိုင်တွက်စိတ်ဓာတ်လေးလည်း ပါပါသည်။ ဒီကောင်မလေးဟာ သူ့ထက်ငယ်ပေမယ့် သူမက ဆိုးနွဲ့ခြင်းမရှိဘဲ သူ့ကို ပြုံးပြုံးလေး ပြန်နောက်နေတတ်တာကို အခွင့်ကောင်းယူချင်တာလည်းပါသည်။ သူ့ထက်ငယ်ပြီး အောင်မြင်မှုတစ်ခုကို ရထားသူရယ်လို့ မာန်မာနမထားသော ချစ်သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကိုဆိုလျှင် ပြားပြားဝပ် ဖူးဖူးမှုတ်နေကြသူတွေ အများကြီးရှိတယ်ဟု ဦးလင်းထံမှ သိထားသောကြောင့် သူက အဲဒါတွေကို မှုကွဲအောင် တမင်နေခဲ့ခြင်းလည်းပါသည်။ ချစ်သူကို ဆိုလျှင် ယုယုယယဖြင့် နူးညံ့ချိုသာနေတာမျိုး ရည်းစားသက်တမ်း ရှစ်လလောက် အတွင်းမှာ တစ်ခါမှ မရှိခဲ့ပါ။ ချစ်သူဆိုသော ကလေးမကလည်း အဲဒါကို အုံးမစားချေ။ ဒီတစ်ခါ ပေါက်ကွဲမှုကတော့ သူတို့နှစ်ယောက်ကြားတွင် အပြင်းထန်ဆုံးပဲဖြစ်ပါသည်။

သူ့ကို ဖြတ်စကားဆိုသွားသော ကောင်မလေးကို သူကလည်း ဒေါသထွက်သဖြင့် ချက်ချင်းမဆက်သွယ်ချေ။ အပြေးအလွှားချော့ဖို့လည်း စိတ်ကူးမရှိပါ။ ဒီလောက်တောင်ဖြစ်တဲ့သူဟုဆိုကာ ပစ်ထားလိုက်သည်။ ဒီလိုနှင့် ဆယ်ရက်လောက်ကြာသွားသည်။ ကိုလင်းနဲ့လည်း မတွေ့ဖြစ်သေး။ သူ့တူမလေးဖြစ်သော နေခြည်က ကိုလင်းနှင့် ဓာတ်ပုံရိုက်ဖို့ရှိသည်ဆိုတာကြောင့် လိုက်ပို့ဖြစ်သော နံနက်ခင်းမှာ လမ်းဆုံ၌ ထောင်ထားသော ချစ်သူ၏ Billboard ကြီးကိုမြင်ကာ သတိရလွမ်းဆွတ်သွားသေးသည်။

နေခြည်က ချစ်သူရဲ့ပုံကို လှမ်းကြည့်ရင်းမှ ...

"အန်ကယ်လေး သမီးတို့နဲ့ ချစ်သူနဲ့ မိတ်လည်းဆက်မပေးသေးဘူး၊ မိတ်ဆက်ပေးဦးလေ၊ ချစ်သူက အရမ်းပျော်တတ်တယ်လို့ကြားတယ် ဟုတ်လား"

"အင်း ... တစ်ခါတလေတော့လည်း ပေါလိုပဲ"

သူက အဲဒီလို ပြောရင်းမှ တကယ်ကို ပေါ်ဒီဇိုင်းလုပ်ပြတတ်သော ကောင်မလေးကို သတိရလွမ်းဆွတ်သွားသည်။



Billboard ကြီးကို လှမ်းကြည့်လိုက်လျှင် သူမက အရင်အခြေအနေတွေနဲ့ ခြားနားစွာ ညှို့ရီရီ ပြုံးပြနေသည်။ စိန်ဆိုင်တစ်ဆိုင်ကို ကြော်ငြာပေးထားသော ချစ်သူသည် ဓာတ်ပုံထဲမှာ Free style မျိုးပျောက်ဆုံးကာ တော်ဝင်အလှဖြင့် ခမ်းနားနေသည်။ ဇေဒါရောင် ဂါဝန်ရှည်ဖြင့် မဟာဆန်နေသော ချစ်သူကို ငေးကြည့်ရင်းမှ သူ အရမ်းလွမ်းလာပါသည်။

"အန်ကယ်လေး မီးစိမ်းနေပြီ"

နေခြည်က သတိပေးတော့မှပင် သူက ကားကို မောင်းထွက်ရသည်။ နေခြည်က တဟားဟား ရယ်ရင်း သူ့ကို လှောင်သည်။

"အမယ်လေး ... သူ့ချစ်သူပုံကို ငေးနေတာနဲ့ မီးပွိုင့်တောင် သတိမရတော့ဘူး၊ ကဲ ... ပြော၊ ဘယ်တော့ မိတ်ဆက်ပေးမှာလဲ"

"အေးဆေးပေါ့ဟာ"

"အေးဆေးမနေနဲ့။ သူက နိုင်ငံခြားထွက်တော့မှာလို့ကြားတယ်၊ တော်ကြာ မစားရဘဲနေဦးမယ်၊ မြန်မြန်တွေ့ပေးတော့"

"ဘာရယ် ... နိုင်ငံခြားထွက်မယ်၊ နင့်ကို ဘယ်သူကပြောလဲ"

"ဟင် ... ကြားတာပေါ့။ အန်ကယ်လေးက ကိုယ့်ရည်းစားဖြစ်ပြီး မသိဘူးလား၊ သူက အလုပ်တစ်ဖက်နဲ့ တိုဖယ်လ်တွေ ဘာတွေ ဖြေနေတာပဲလေ။ စပီကင်တွေ ဘာတွေရော အားလုံးအောင်ထားပြီးသား"

www.burmeseclassic.com

www.burmeseclassic.com



သူ တိတ်ဆိတ်သွားသည်။ အဲဒါတွေကို သူ တကယ်ပဲ မသိခဲ့ပါ။ မသိဆို သူက သူမနဲ့ပတ်သက်ပြီး သိပ်လည်းမမေးခဲ့ချေ။ သူမကို မော်ဒယ်မိုးချစ်သူလောက်သာ သိထားခဲ့ပြီး သူမရဲ့ ဝါသနာအစစ်အမှန်၊ ဘဝအပေါ်သဘောထား၊ ခံယူချက် စတာတွေကို တစ်ခါမှမမေးဖူးခဲ့။ သူမ ဘယ်လိုပညာရပ်တွေကို ဆက်လက်လေ့လာနေသလဲ။ ဘဝအတွက် ဘာတွေစိတ်ကူးထားသလဲ။ သူ တကယ်ပဲ မသိခဲ့ပါ။ သူသည် သူမနှင့်ပတ်သက်လာလျှင် အမှုမဲ့ အမှတ်မဲ့ နေခဲ့တာက များပါသည်။

သူက နှုတ်ဆိတ်စွာဖြင့် ကားကို ဆက်မောင်းလာခဲ့သည်။ ကိုလင်းရဲ့စတူဒီယိုသို့ရောက်လျှင် ကိုလင်းက သူ့ကို မြင်မြင်ချင်း လှမ်းနောက်သည်။

"ဘယ်လိုလဲ လွမ်းနေပြီလားဟေ့"

ကိုလင်းရဲ့အမေးကြောင့် သူ့စိတ်ထဲတွင် တစ်မျိုးဖြစ်သွားသည်။ သူက ကိုလင်းရှိရာသို့ လျှောက်လာချိန်ဝယ် နေခြည်က မိတ်ကပ်ဆရာနှင့် မိတ်ကပ်လိမ်းဖို့ အခန်းထဲဝင်သွားသည်။ အခုမှ အိပ်ရာကနိုးဟန်တူသော ကိုလင်းက ဆိုဖာပေါ်တွင်ထိုင်ကာ ကော်ဖီခွက်ကြီးတစ်ခွက်နှင့် ထမင်းကြော်ကို အားရပါးရလွေးနေသည်။

သူက ကိုလင်းနဲ့ မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်လျှင် ကိုလင်းက ထမင်းကြော်ကိုဝါးရင်းမှ ...

"မင်း လေယာဉ်ကွင်း လိုက်ပို့သေးလား"

"ကိုလင်း ပြောတာတွေ ကျွန်တော် နားမလည်ဘူး"



"ဘာကို နားမလည်တာလဲ၊ ဒီနေ့ ချစ်သူ စင်ကာပူကို သွားတယ်လေ"

သူ့ရင်ထဲတွင် ဒုတ်ခနဲ မြည်သွားသည်ဟုထင်သည်။ သို့သော် ဒီခေတ်ကြီးထဲမှာ မင်းသမီးတွေ မော်ဒယ်တွေက စင်ကာပူလောက် ဖန်ကောက်လောက်ကိုလည်း ပေါ့ပေါ့ပါးပါး ဈေးဝယ်ထွက်ကြတာကိုလည်း သူက သိထားပါသည်။

"ရှော့ပင်းလား"

သူ့အမေးကို ကိုလင်းက မျက်မှောင်တစ်ချက်ကြုတ်ကာကြည့်သည်။ ပြီးတော့ လက်ထဲမှ ပန်းကန်ကို စားပွဲပေါ်သို့ တင်ကာ ...

"မင်းနဲ့သူ ပြဿနာတစ်ခုခုများ ဖြစ်ထားလား"

သူက စကားနဲ့မဖြေဘဲ ခေါင်းကိုသာ တစ်ချက်ညိတ်ပြလိုက်သည်။

ကိုလင်းက ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းနေရာမှ ...

"ဒါဆိုရင်တော့ မင်းတို့ရေးက အကြီးကြီးပဲနဲ့တူတယ်၊ ချစ်သူက ပြီးခဲ့တဲ့နှစ်ရက်လောက်တည်းက ငါ့ဆီကို လာပြီး နှုတ်ဆက်သွားတယ်ကွ ...

သူ စင်ကာပူမှာ ကျောင်းသွားတက်မှာတဲ့၊ ငါက မင်းတို့ အေးဆေးပဲထင်လို့ ညည်း ခွဲနိုင်လို့လားလို့တောင် နောက်လိုက်သေးတယ် ...

သူကတော့ ပြုံးပြုံးလေးပဲ။ အခုလည်း ခွဲနေရတာပဲ မဟုတ်လားလို့ ပြန်ပြောတော့ ငါကလည်း ဒီအတိုင်းပဲ

www.burmeseclassic.com

www.burmeseclassic.com



အင်တာပေါ့။ ဒါပေမဲ့ ဒီကောင်မလေး အရင်ကလောက်တော့ မသွက်ဘူးလားလို့ စိတ်ထဲမှာ ထင်တော့ထင်သား ...

ဘယ်လိုဖြစ်တာလဲ မင်းတို့ကလည်း၊ ချစ်သူတစ်ယောက်လုံး စင်ကာပူသွားတာတောင် မင်းက မသိဘူးဆိုတော့ ..."

သူက ဘာမှ မပြောချင်တော့ဟန်ဖြင့် ခေါင်းကို တစ်ချက်ခါယမ်းလိုက်ကာ ...

"ဘယ်တုန်းက သွားတာလဲ"

"ဒီနေ့မနက်လေ"

သူ့ရင်ထဲမှာ ဟိုက်ခနဲဖြစ်သွားသည်။ ဒီအဖြစ်အပျက်ကြီးကို သူ မယုံပါ။ မဖြစ်နိုင်တော့ဘူးဟုပဲ ထင်သည်။ ချစ်သူဟာ သူ့ကို ဒီလောက် ရက်စက်သွားနိုင်လား။ သူတို့ဖြစ်ခဲ့တဲ့ပြဿနာဟာ အရင်လိုပဲ သူ ချော့စရာမလိုဘဲ ပြီးသွားတဲ့ပြဿနာမျိုး မဟုတ်ဘူးလား။ ဘယ်လောက်ပဲ စိတ်ဆိုးရန်တွေဖြစ်ဖြစ် သူမနဲ့ တစ်ပတ်လောက်မတွေ့ဘဲ သူမရှေ့မှာ ရုတ်တရက် ဇိုယ်ထင်ပြလိုက်လျှင် မျက်လုံးဝိုင်းကာ ပြီးမှ မျက်စောင်းထိုးတတ်သော အဖြစ်အပျက်မျိုးကို သူ ထပ်မကြုံရတော့ဘူးလား။

"မင်းတို့ ဘာဖြစ်ကြတာလဲ"

သူက မပြောရင် မဖြစ်သဖြင့် အဖြစ်အပျက်တွေကို အစအဆုံး ပြောပြလိုက်သည်။ ကိုလင်းက သူ ပြောသမျှကို တစ်လုံးမှ ဝင်မထောက်ဘဲ သေချာနားထောင်ကာ သူ့စကားဆုံးသွားလျှင်တော့ ခေါင်းတွေကိုပဲ ယမ်းနေတော့သည်။ အဲဒီပုံစံကိုမြင်လျှင် သူ့ရင်ထဲ၌ နည်းနည်းသွေးပျက်ချင်သလို ဖြစ်လာလေသည်။



"အပျက် အပျက်နဲ့ နှာခေါင်းသွေးထွက်တယ်ဆိုတာ မင်းတို့လိုဟာမျိုးတွေကို ပြောတာပဲ။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စမှာ မင်း မှားတယ်လို့ ငါ ထင်တယ်"

"ကိုလင်းကဗျာ"

"ကိုလင်းက မဗျာနဲ့။ မင်းက ... မင်းကို သူက ချစ်တယ်ဆိုတာသိလို့ ဇွတ်မိုက်ကျနေတာကိုး။ တစ်ခါတလေ မင်းပုံစံကို ကြားထဲက ငါတောင် အမြင်ကတ်တယ် ...

ဘယ်မိန်းကလေးမဆို အယုအယ အချော့ကြိုက်တဲ့မိန်းကလေးတွေချည်းပဲကွ၊ ပြီးတော့ သူက မင်းထက်လည်းငယ်သေးတယ်၊ အခုကိစ္စမှာ မင်း ပြန်ရောက်တာကို သူ့ကို အသိမပေးတာကိုကမှားနေပြီ။ ပြီးတော့ Moon Soon မှာ မြတ်နိုးနဲ့ တွဲတွေ့တော့လည်း မင်းအနေနဲ့ သူ့ကို လိုက်လိုက်လဲ့လဲ့ဖြစ်သင့်တယ်လေ၊ မြတ်နိုးကို မဟ္လာပ်တိုင်တက်မပြချင်ရင်တောင်မှ ချစ်သူကိုတော့ အသိအမှတ်ပြုတဲ့ပုံစံမျိုး လုပ်သင့်တာပေါ့ ...

ဘယ်တုန်းက ရောက်လဲဆိုရင် မနေ့ကမှ ရောက်တာ၊ ချစ်သူဆီလာမလို့ လမ်းမှာ သူငယ်ချင်းနဲ့တွေ့တာနဲ့ မုန့်လိုက်ကျွေးတာ ဘာညာဆိုရင်လည်း ချစ်သူက အဲဒီလောက်ကြီး တင်းခံနေမယ့် မိန်းကလေးမျိုးမဟုတ်ပါဘူး။ ချက်ချင်းပဲ ဟင်းဟင်းဟဲဟဲ ဖြစ်သွားမယ့်သူပါ။ အခုတော့ မင်းက အဲဒီလိုလုပ်ရမှာကို အောက်တယ်လို့ ထင်တဲ့ပုံ။ မလုပ်နိုင်ဘူးဆိုတဲ့ မာနမျိုးထားတာ ငါကတော့ မကြိုက်ဘူးကွာ ...

www.burmeseclassic.com

www.burmeseclassic.com



သမီးရည်းစားတွေရဲ့ တချို့ပြဿနာတွေမှာ ကိုယ်က မှန်နေရင်တောင် အလျှော့ပေးရသေးတာပဲ။ ဒီကိစ္စမှာ မင်းက အခြေအနေအရ မှားနေတဲ့သူ။ ပြေပြေလည်လည် ချော့ချော့မော့မော့ ဖြေရှင်းသင့်တယ်။ ထားတော့ ...

Moon Soon မှာတုန်းက မဖြေရှင်းချင်ဦး ကန်တော်ကြီးထဲမှာ နှစ်ယောက်တည်း တွေ့တုန်းက မင်း သူ့ကို ချော့သင့်တာပေါ့။ ဘယ်သူမှ ရှိတာမှမဟုတ်တာ။ အဲဒီတုန်းကသာ မင်း ပြေပြေလည်လည် ပြောပြခဲ့ရင် ဒီလောက်ထိ အခြေအနေတွေက ဆိုးရွားသွားမှာမဟုတ်ဘူး ...

မင်းတို့နှစ်ယောက်မှာ ချစ်သူဟာ မာနမထားဘူး မိုးခေါင်။ မင်းကသာ မာနကွေထားနေခဲ့တာ။ မင်းရဲ့မာနတွေကြောင့်ပဲ မင်းတို့ ဝေးသွားကြတာ။ ချစ်သူလို မိန်းကလေးမျိုးက မာနကြီးနိုင်တဲ့ အခြေအနေမျိုးမှာတောင် ဘယ်သူ့အပေါ်မှာမှ မာနကြီးခဲ့တဲ့သူ မဟုတ်ပါဘူး။ မင်းအပေါ်ဆို ပိုတောင်မကြီးခဲ့သေးတယ် ...

ဒီလို မိန်းကလေးမျိုးက ရေခြားမြေခြားကို ထွက်သွားတာတောင် မင်းကို နှုတ်မဆက်ခဲ့ဘူးဆိုတော့ သူ မင်းကို တော်တော်စိတ်နာသွားပြီ”

ကိုလင်းရဲ့ အဆုံးသတ်စကားသည် သူ့နှလုံးသားကို ဓားတုံးတုံးဖြင့် ကြိတ်လှီးလိုက်သလို မချိမဆန့်ဝေဒနာကို ခံစားသွားရစေပါသည်။

ဒီရေဒီမြေမှာ ချစ်သူ မရှိတော့ဘူးဟူသော အသိနှင့် သူ့ကို စိတ်နာသွားသည် ဟူသောအသိက နှလုံးသားတစ်ခုလုံးကို



ထုတ်ယူသွားသလို ခံစားသွားခဲ့ရသည်။ ဒါကြောင့် ပြောစကားတစ်ခုကို ကြားဖူးတာ စိတ်ဆိုးအောင်ပဲလုပ် စိတ်နာအောင်မလုပ်ပါနဲ့တဲ့။

သူဟာ ချစ်သူကို ကြိမ်ဖန်များစွာ စိတ်ဆိုးအောင် လုပ်ခဲ့တာလား ...။ စိတ်နာစရာ အကြောင်းသေးသေးလေးတွေကို ခဏခဏ လုပ်ခဲ့တာလား ... စသဖြင့် ဒီအချိန်မှာ သူ မဝေခွဲနိုင်တော့ပါ။ သူသည် ဆိုဖာပေါ်တွင် အရုပ်ကြိုးပြတ် ပြေလျော့ရင်း နားထဲတွင် ချစ်သူရဲ့ အသံလေးကို ကြားယောင်ပြီးလာသည်။

“ကိုကြီးရေ ... ကိုကြီးရေ ...”

“ကိုကြီးရေ ... ကိုကြီးရေ ...”

အဲဒီအသံလေးသည် နီးလိုက် ဝေးလိုက်ဖြင့် သူ့နားအနားတွင် ရစ်ဝဲကာနေသည်။ သူ့ရင်ခွင်တစ်ခုလုံးသည် ဗလာကျင်းထားသလို ဘာမှမရှိတော့ဘဲ တုန်ဟိုက်နေသည်။ ချစ်သူတစ်ယောက် သူ့ကို ထားခဲ့ကာ တကယ်ထွက်သွားခဲ့ပြီ ဟူသောအသိသည် ဘာနဲ့မှမတူသော ဆုံးရှုံးမှုကြီးတစ်ခု စတင်ပြီဆိုတာ သိလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ရဲ့ တန်ဖိုးကို အဲဒီလူ အနားမှာမရှိတော့သည့် အချိန်ကျမှ သိရတယ်ဟူသော စကားမှာ တကယ်ပဲမှန်ပါသည်။ သူသည် ချစ်သူ မရှိတော့သည့် အချိန်ကျမှ ချစ်သူရဲ့တန်ဖိုးကို နားလည်သိမြင်ခဲ့ရသည်။ ရှိခဲ့စဉ် သူမက သူ့ကို သည်းသည်းလှုပ် ချစ်ပြခဲ့စဉ်တုန်းကတော့ သူဟာ အဲဒီအချစ်တွေကို ဂရုစိုက်ရကောင်းမှန်း တုံ့ပြန်ရကောင်းမှန်း မသိခဲ့။ အခု သူက ကြင်နာစွာ တုံ့ပြန်ချစ်ပြချင်သည့် အချိန်ဝယ် ချစ်သူက အနားမှာ မရှိတော့ပြီ။

လူတစ်ယောက်ကို တွေ့ခွင့်မရတော့ဘူးဆိုမှ ပိုတွေ့ချင်တာဟာ လူ့သဘာဝလားတော့ မပြောတတ်ပါ။ အဲဒီတစ်ယောက်ရဲ့ ရယ်သံ၊ မျက်နှာ၊ စကားပြောသံ စတာတွေကို အသည်းအသန် ရူးသွပ်စွာ စွဲလမ်းရသော အဖြစ်အပျက်သည် နှလုံးသားကို ပင်ပန်းကြမ်းရှစေပါသည်။ သူသည် ချစ်သူ၏ သူငယ်ချင်း အင်ခန့်ထံသို့သွားကာ ချစ်သူရဲ့လိပ်စာကို တောင်းခဲ့သေးသည်။ ဟိုကလည်း အိုက်တင်မခံ ပဲမများပဲ ပေးခဲ့ပါသည်။ သို့သော် သူ ဆက်သွယ်လေသော စာများသည် တုံ့ပြန်ခြင်းကင်းမဲ့သော စာများသာ ဖြစ်ခဲ့သည်။



သူ တောင်းပန်ထားသော စာများအတွက် ချစ်သူသည် တုံ့ပြန်မှု တစ်စုံတစ်ရာမှ မပေးခဲ့ပါ။ ချစ်သူရဲ့နှလုံးသားသည် သူ့အတွက်တော့ အေးခဲတိတ်ဆိတ်သွားခဲ့ပြီဟု ထင်ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထောက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူသည် ကျောင်းကနေ မောမောပန်းပန်းဖြင့် ပြန်လာပြီးနောက် အိမ်ရှေ့ရှိ စာပုံးလေးကိုမြင်လျှင် ရင်တစ်ချက် ခုန်သွားသည်။

သော့ကိုထုတ်ကာ စာပုံးကို ဖွင့်လိုက်လျှင် စာလေး စောင် ထွက်လာသည်။ ကျန်သုံးစောင်က သူငယ်ချင်းရဲ့စာတွေ ဖြစ်ပြီး တစ်စောင်ကတော့ ချစ်သူအတွက်စာဖြစ်သည်။ ကိုကြီး ထံမှ ချစ်သူသို့ စာတွေက နှစ်ပတ်ကို တစ်ခါလောက် လာပါ သည်။

ချစ်သူသည် အိမ်ထဲတောင် မဝင်နိုင်တော့ဘဲ အိမ် ရှေ့ကခုံလေးမှာတင် ထိုင်ကာ သူ့စာကို ဖောက်ဖတ်လိုက်သည်။ သူ့စာက ရှည်ရှည်ဝေးဝေးကြီး ရေးထားတာ မဟုတ်ပါ။

"ချစ်သူ ...

ကိုယ့်ကို အခုထိ စိတ်နာလို့ကောင်းနေတုန်းပဲလား။ ဘာပဲဖြစ်ဖြစ် မင်း ကိုယ့်ကို မဆက်သွယ်ပေမယ့် ကိုယ် အမြဲတမ်းမျှော်နေပါတယ်။

မင်း ပြန်လာမယ့်အချိန်ကို စောင့်နေပါတယ်။



ကိုယ့်ချစ်သူလေးရဲ့နှလုံးသားက မိုးခေါင်နေတာ ကြောင့် မလန်းဆန်းနိုင်ပေမယ့် မိုးရွာပေးမယ့်နေ့ကို စောင့် နေပါတယ် ...

ညီမလေးရယ် ...

ပြန်လာခဲ့ပါ"

ချစ်သူသည် စာကိုဖတ်ပြီးနောက် ပြုံးမိသည်။ ချစ်သူ မညာချင်ပါ။

သူ့ကို အရမ်းစိတ်နာသွားခဲ့တာ မှန်သော်လည်း မမုန်းနိုင်သေးတာတော့ သေချာသည်။

သူ့ကို ဘာကြောင့်ဒီလောက်ထိ ချစ်မိသွားလဲတော့ မပြောတတ်ပါ။

ဒါပေမဲ့ ဒီအချိန်မှာတော့ ချစ်သူသည် ရင်ထဲက အချစ်ကိုရော သူ့ကိုရော ဥပေက္ခာပြုထားလိုက်သည်။

ချစ်ခြင်း မုန်းခြင်းတွေ ကင်းဝေသောဘဝမှာ ခဏ လောက်တော့ ကွန်းခိုချင်ပါသေးသည်။

သူကတော့ စာထဲမှာ သူ့ချစ်သူရဲ့ နှလုံးသားက မိုးခေါင်နေတယ်တဲ့။ ချစ်သူကတော့ အဲဒီလို မထင်ပါ။ ချစ်သူရဲ့ နှလုံးသားထဲမှာ မိုးခေါင် ဆိုသော လူတစ်ယောက်ရှိနေပါသည်။ အဲဒါကိုတော့ အခုချိန်မှာ သူ သိဖို့မလိုအပ်သေးဟု ထင်သည်။ သူ ပြောသလို ချစ်သူရဲ့နှလုံးသားမှာ မိုးခေါင်နေတယ် ဆိုခြင်း လည်း ဒါဟာ နောင်တစ်ချိန်မှာ ရွာချဖို့ ငွေ့ရည်ဖွဲ့နေတဲ့အချိန် ဟုပဲ ဆိုချင်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံတွင် အချစ်သည် အချိန်ကို စောင့်တတ်သလို အချိန်ကလည်း အချစ်ကို မှတ်ကျောက်တင်ဖို့ စောင့်ကြည့်တတ်ပါသည်။

ဆုမြတ်မွန်မွန်

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com